
တက္ကသိုလ်
ငှက်လင်းကြော်
အချစ်နှင့်စစ်ဇာတ်
ပထမတွဲ

# တက္ကသိုလ်နေလင်းအောင်

---

## အနစ်နာခံ ထိပ်မှာခံ

## ပထမတွဲ


စာမူခွင့်ပြုချက်အမှတ် - ၁၈၇ / ၂၀၀၃ (၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၁၅ / ၂၀၀၃ (၃)

ပထမအကြိမ်
၂၀၀၃-ခုနှစ်၊ ဇွန်လ
အုပ်ရေ-၅၀၀၊ တန်ဖိုး - ၂၅၀ ကျပ်

**ထုတ်ဝေသူ**
ဦးထင်ရှိန် (စန်းရောင်ရှိန်စာပေ)
အမှတ်-၄/၁၇၇၊ မေခလမ်း၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**
ဒေါ်တင်တင်ဌေး (၀၄၆၈၁)၊ ပန်းကြာခိုင်ပုံနှိပ်တိုက်
၅၆/ပြည်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

အထက်မြန်မာပြည်ဖြန့်ချိရေး - **နဂါးစာပေ** (မန္တလေးမြို့)

**ဖြန့်ချိရေး – ကိုမျိုး (ပန်းကြာခိုင်)**

**ရွှေပဒုမ္မာစာပေ**
၁၅၈(က)၊ ၃၇-လမ်း၊ ရန်ကုန်မြို့။

## အခန်း (၁)

### အလုပ်တူသမျှ ရှားဝေစု

ဟုန်ကျန်း။

ဟုန်ကျန်းဆိုသော လူငယ်လေးတစ်ယောက်၊ အသက်ဆယ့်ရှစ်နှစ်သာရှိသေးသဖြင့် အရွယ်ကောင်း ရုပ်ချော လူငယ်လေးတစ်ယောက် ဖြစ်ပါသည်။

သို့သော် သူ့အသွင်အပြင်မှာ သူတောင်းစားသာသာမျှ ရှိသည်။ သူတောင်းစား အသွင်အပြင် ရှိသော်လည်း သူတောင်းစား မဟုတ်ပေ။

သူ့အဝတ်အစားများမှာ သာမန်အရပ်သူများထက် ပို၍ ညှိုးနွမ်းနေ၏။ ဤတစ်ခုတည်းသော ဝတ်ရုံကို ဖာထေးဝတ်

ဆင်ခဲ့သည်မှာ ကြာပြီဖြစ်၍ မူလက မည်သည့်အရောင်အဆင်း ရှိသည်ကိုပင် သူ မမှတ်မိတော့ပေ။

သူ့အား သူတောင်းစားဟုသင်ကြ၏။ သို့သော် သူသည် မည်သူ့ထံမှ လက်ဖြန့်မတောင်းခဲ့ပေ။

ဤသို့ဖြင့် ကျင်းနုနယ်၊ ဝူးလိမ်မြို့ လူစည်ကားရာ ရပ်ကွက်၌ သူသည် ဟိုဒေးသည်ဒေးဖြင့် လမ်းလျှောက်နေခဲ့၏။

ရည်ရွယ်ချက်မရှိဘဲ လမ်းလျှောက်နေသူဖြစ်၍ တစ်ခါတစ်ရံ တစ်လမ်းတည်းကိုပင် နှစ်ကြိမ်သုံးကြိမ်မျှလမ်းလျှောက်ခဲ့ပြီးဖြစ်၏။

သူသည် စားသောက်ဆိုင်များကို ငေးမောကြည့်မိသည်။ စားသောက်ဆိုင်များ၌ ဥဒဟိုဝင်ထွက်နေသည်။ ထိုသူများ၏ ရယ်မောသံ၊စားသောက်သံများသည် ဆိုင်အပြင်သို့ လျှံထွက်နေ၏။

ထိုရယ်မောသံ၊ စားသောက်သံများသည် သူ့ကို သွေးခြောင်သတဲ့သို့ရှိသည်။

အဘယ်ကြောင့်ဆိုသော် သူသည် နှစ်ရက်ခန့်ကစ၍ ယခုအချိန်အထိ ဘာမျှ မစားသောက်ရ သေးသောကြောင့် ပင်တည်း။

သူသည် ထိုလမ်းများကို အစအဆုံး ခေါက်တုံ့ ခေါက်ပြန် လျှောက်နေခဲ့သဖြင့် ခြေသလုံးကြွက်သားများမှာ တောင့်တင်းစ ပြုလေပြီ။

သို့သော် သူ့အတွက် နံနက်စာစားရန် မျှော်လင့်ချက် မရှိသေးပေ။



ယခင်ရက်များကမူ ထမင်းနပ်ကျော် စားသောက်ခဲ့ရသေးသည်။

သူသည် သူတောင်းစားမဟုတ်ပေ။ လမ်းတကာဝင်ထွက်၊ အိမ်တကာဝင်ထွက်ပြီး တစ်နပ်စာ စားသောက်ရေးအတွက် ထင်းခွဲ၊ ရေခပ် စသည့်အလုပ်ပေါင်းစုံ လုပ်ကိုင်ပေးသည်။

သူ့အလုပ်များမှာ ပင်ပန်းလှသည်။သို့သော် သူက ထမင်းရှင်များကို ကျေးဇူးတင်သည်။

မည်မျှပင်ပန်းသည်ဖြစ်စေ ဒုံးခွေညွတ်ကျပါစေ၊ သူသည် သူ့အားပေးသည့် အလုပ်တာဝန်ကို ပြီးပြတ်အောင်လုပ်ကိုင်ပေးသည်။

ဟုန်ကျန်း၌ မိဘနှစ်ပါးမရှိတော့ပေ။ အကယ်၍ရှိသည့်တိုင် ဟုန်ကျန်းသည် သူ့မိဘနှစ်ပါးကို မသိတော့ပေ။

သူ လူမှန်းသိတတ်စကပင် သူသည် မိဘမဲ့ဖြစ်ခဲ့ရသည်။

သူသည် ခြေသလုံးအိမ်တိုင်ဘဝဖြင့် သူ့ဘဝကို ရုန်းကန်လှုပ်ရှားခဲ့ရ၏။

သူသည် ဘုရားကျောင်းပျက်တွင် ညအိပ်သည်။ ဘုရားကျောင်းပျက်၌ သူ့လို ခြေသလုံးအိမ်တိုင်လေးယောက် လာအိပ်စက်ကြသည်။

မည်သူ့မည်သူမျှ ဂိုလ်မကျပေ။ ကောင်းစွာ အိပ်စက်နိုင်သည်။

နံနက် မိုးလင်းသောအခါ ထပြီး အရပ်ဆဲ၌ လက်ဘို လက်ခတောင်း အလုပ်ရှာဖွေသည်။

အစားအသောက် ကောင်းကောင်း၊အရက်ကောင်းကောင်း ကြိုက်တတ်သူတို့သည် ဤညမွှေးပန်းစားသောက်ဆိုင်ကြီးသို့ လာရောက်ကြသည်။

ကြေးရတတ်လူကုံထံသားသမီးများ၊မင်းမှုထမ်းများသည် ညမွှေးပန်း စားသောက်ဆိုင်ကြီးဆီသို့ လာရောက် သုံးဖြုန်းကြသည်။

အကောင်းဆုံး အစားအသောက်များကို မှာကြား စားသောက်ကြသည်။

ညမွှေးပန်းစားသောက်ဆိုင်၏ စားသောက်ခမှာ လွန်စွာ ဈေးကြီးသည်။

သို့သော် ဆိုင်ထဲ၌ လူပြတ်သည်ဟု မရှိခဲ့ပေ။

နှစ်ရက်လုံးလုံး ဘာမျှ စားသောက်ရသေးသည့် လူငယ် တစ်ယောက်သည် ညမွှေးပန်းစားသောက်ဆိုင်ရှေ့၌ တရစ် ဝဲဝဲဖြစ်နေ၏။

ထိုသူကား အသက် ဆယ့်ရှစ်နှစ်ခန့်ရှိ ဟုန်ကျန်းသာ တည်း။

ဟုန်ကျန်းသည် စားသောက်သူများကို ကြည့်လိုက်၏။

စားသောက်နေသူများမှာ မြိန်ရေရှက်ရေ ရှိလှသည်။ ဟုန်ကျန်းသည် တံတွေး မျိုချမိလေ၏။

သူသည် မယောင်မလည်ဆိုင်၏အနောက်ဘက်သို့လျှောက် သွားသည်။

သူသည် သူတောင်းစား မဟုတ်သကဲ့သို့ ရှုးသွပ်နေသူ လည်း မဟုတ်ပေ။



အလုပ်က ရှားပါးလှချေပြီ။ အစဉ်အမြဲ အလုပ်ဟူ၍မရ ချေ။

ထို့ကြောင့် တော်တစ်လှည့် ပြတ်တစ်လှည့်သာ နေ နေရ သည်၊

အလုပ်ရသည့်အခါ စားသောက်ရပြီး အလုပ်မရသည့် အခါ ဗိုက်မှောက်ရေသောက်နေရသည်။

ယခုဆိုလျှင် ဟုန်ကျန်းသည် နှစ်ရက်ခန့်မျှ ဗိုက်မှောက် နေခဲ့ရပြီဖြစ်၏။

နှစ်ရက်လုံးလုံး သူသည် ကွန်းခိုရာစခန်း ဘုရားကျောင်း ဟောင်းသို့ မပြန်နိုင်ခဲ့ပေ။

ထမင်းတစ်နပ် စားရရေးအတွက် နှစ်ရက်လုံးလုံး တစ် လမ်းဝင် တစ်လမ်းထွက် အလုပ်ရှာနေရသည် မဟုတ်ပါ လား။

သူသည် စားသောက်ဆိုင်များ၌လည်း အလုပ်တောင်းခဲ့ သည်။

သူလိုလူမျိုး များစွာရှိသဖြင့် သူ့ခမျာ မောင်းထုတ်ခံရ သည်သာ အဖတ်တင်သည်။

သူသည် စားသောက်ဆိုင်များ၏ ပတ်ဝန်းကျင်တွင် အိပ်ပဲ စက်သည်။ သူ့အခြေအနေမှာ တစ်နေ့တခြား ဆိုးရွားလာ ပေသည်။

ညမွှေးပန်း....

ညမွှေးပန်းအမည်မှာ နာမည်ကြီးစားသောက်ဆိုင်တစ်ခု ၏ အမည်ပဲဖြစ်၏။

သို့သော် သူ့ပုံကိုကြည့်ပြီး သူတောင်းစားဟု ထင်မည့်သူကလည်း ထင်မိလိမ့်မည်။ အချို့က အရူးဟု ထင်ပေလိမ့်မည်။

စားသောက်ဆိုင်နောက်ဘက်တွင် စားကြွင်းစားကျန် စွန့်ပစ်ထားသော ပုံးကြီးတစ်လုံးရှိနေသည်။

ပန်းကန်ခွက်ယောက်ဆေးသော အလုပ်သမားကြီးသည် စားကြွင်းစားကျန်များကို ပုံးထဲသို့ပစ်ထည့်လိုက်၊ ပန်းကန်များကို ဆေးကြောလိုက်ဖြင့် အလုပ်ရှုပ်နေလေ၏။

ဟုန်ကျန်းသည် စွန့်ပစ်ထားသောပုံးကြီးကို ကြည့်လိုက်သည်။

ပုံးထဲတွင် အရိုးများနှင့် စားကြွင်းစားကျန်များကို တွေ့ရသည်။

ဟုန်ကျန်းအဖို့ လူတကာရှေ့၌ လက်ဖြန့်တောင်းခံရမည့်အစား စွန့်ပစ်ထားသောပုံးထဲမှ စားကြွင်းစားကျန်များကို နှိုက်ယူစားသောက်ခြင်းက ပိုဂုဏ်ရှိသည်ဟုမှတ်ယူထားသည်။

သူသည် ပုံးထဲမှ စားကြွင်းစားကျန်များကို လှမ်းယူရန် ဟန်ပြင်လိုက်၏။

သူသည် နှစ်ရက်လုံးလုံး ဘာမျှမစားမသောက် နေခဲ့ရသည် မဟုတ်ပါလား။ ကြိုက်ခရက်ငတ်မရက်ဟုပြောကြသည် မဟုတ်ပါလော။

သို့သော် သူ့လက်သည် ပုံးထဲကိုမရောက်ပေ။ အဘယ်ကြောင့်ဆိုသော် ခွေးတစ်ကောင် ပြေးလာပြီး သူ့လက်ဦးအောင် ပုံးထဲမှစားကြွင်းစားကျန်များကို ဟပ်စားလိုက်သောကြောင့်ပေတည်း။



သူသည် သူ့လက်ကို ပြန်ရုပ်သိမ်းလိုက်ရသည်။

ထိုမြင်ကွင်းကို ကြည့်နေသူကား ပန်းကန်ဆေး လုပ်သားကြီး ဖြစ်သည်။

လုပ်သားကြီးသည် ခွေးဝင်စားနေသည်ကိုလည်း မြင်၏။ လူငယ် တန့်သွားသည် ကိုလည်း မြင်သည်။

ဟုန်ကျန်းသည် သူ့အစားကို လာရောက်လုစားသော ခွေးကို အပြစ်မတင်ပါ။

ခွေးလည်း သူ့လို ဆာလောင်နေသည်မဟုတ်ပါလား။

“ဟေ့....လူငယ်”

ပန်းကန်ဆေး အလုပ်သမားကြီးက လှမ်းခေါ်လိုက်၏။

“ခင်ဗျာ”

ဟုန်ကျန်းက လန့်ဖျပ်သွားပြီး မျာမျာသလဲထူးလိုက်သည်။ သူသည် ပန်းကန်ဆေးအလုပ်သမားကြီးကို လှမ်းကြည့်လိုက်သည်။

အလုပ်သမားကြီးက....

‘မင်း ဒီပုံးထက စားကြွင်းစားကျန်တွေကို ကြည့်နေတာမဟုတ်လား

‘ဟုတ်ပါတယ်ခင်ဗျာ”

“ဘာလုပ်မလို့လဲ”

“စားချင်လို့ပါဗျာ”

အလုပ်သမားကြီးသည် ဤကဲ့သို့ငတ်ပြတ်နေသော လူရွယ်ပေါင်းများစွာကို တွေ့ဖူးသည်။ သို့သော် ဤကဲ့သို့ ဝန်ခံလေ့ မရှိကြပါ။

"ဟေ"

"ဒါပေမယ့် ခွေးက ကျွန်တော့်ထက်ဦးသွားတယ်၊ သူလဲ ဆာလောင်နေတာကိုး"

အလုပ်သမားကြီးသည် ဟုန်ကျန်းကို ငေးကြည့်နေမိလေ၏။ ဤလူငယ်ကား အမှန်အကန်ကို ပြောနေလေသည်တကား။

သို့သော်၊ သူသည် ဤလူငယ်ကို စစ်ဆေးကြည့်ရန်လိုမည်ဟု ထင်သည်။ သူ့အဝတ်အစားများသည် သူတောင်းစားထက်ပင် စုတ်ပြတ်နေသည်။ သို့သော် သူသည် တောင်းစားပုံ မရ။

"မင်း သူတောင်းစားလား"

ဟုန်ကျန်းက ခေါင်းယမ်းသည်။

"မဟုတ်ပါဘူးခင်ဗျာ"

"စိတ်ကော ကောင်းရဲ့လား"

"ကောင်းပါတယ် ခင်ဗျာ၊ ဦးလေးက ကျွန်တော့်ကို အရူးလို့ ထင်နေလို့လား"

"စားကြွင်းစားကျန် ပုံးထဲကို သူတောင်းစားတောင် မနှိုက်ဘူးကွ"

"သူတောင်းစားက သူတောင်းစားပဲ၊ ကျွန်တော်က ကျွန်တော်ပဲ"



"ဟား....ဟား....ဟား....မင်းစကားက သူတောင်းစားထက် မင်းက ပိုပြီးဂုဏ်ရှိနေပုံပဲ"

ပန်းကန်ဆေးအလုပ်သမားကြီးသည် သူဆေးရမည့် ပန်းကန်များကို မဆေးတော့ဘဲ ဟုန်ကျန်းနှင့် စကားပြောရန် ရှေ့သို့တိုးလာလေ၏။

ဟုန်ကျန်းသည် ခွေးစားနေသော စားကြွင်းစားကျန်ပုံးကြီးကို ကြည့်လိုက်သည်။

ခွေးသည် ဘယ်နှစ်ရက်က ငတ်ပြတ်နေသည့် ခွေးမှန်း မသိ၊ စားကြွင်းစားကျန်ထဲ၌ စား၍ရသမျှကို အကုန်စားသွားသည်။

ဟုန်ကျန်းသည် တံတွေးမျိုချရင်း အလုပ်သမားကြီးနှင့် ရင်ဆိုင်လိုက်၏။

"ဦးလေး ဘာပြောတာလဲ"

"ဒီပုံးထဲက မသတီစရာပါကွာ၊ ဘာဖြစ်လို့ စားဖို့ကြံရတာလဲ"

အလုပ်သမားကြီးက နှာခေါင်းရှုံ့ရင်း ပြောလေ၏။

ဟုန်ကျန်းက....

"ဦးလေးကို ကျွန်တော် တစ်ခုလောက်ပြောပါရစေ"

"ငါ့မှာ စကားပြောဖော် မရှိဘူးဖြစ်နေတယ်၊ တစ်ခု မဟုတ်ဘူး နှစ်ခုပြော နှစ်ခုပြော"

"ဓားပြတိုက်စားတဲ့ အလုပ်ဟာ ကောင်းသလား ဦးလေး"

''ဟ....ဘယ်ကောင်းပါ့မလဲကွ၊ ဒီအလုပ်ကို မကောင်းဘူးလို့ လူတိုင်းသတ်မှတ်ထားတာပဲ''

''ခိုးစားတဲ့အလုပ်ကော''

''ဒါလဲ မကောင်းဘူးကွ''

ဟုန်ကျန်းက ခေါင်းညိတ်၏။

''ဦးလေးတို့က အသုံးမကျတော့လို့ စွန့်ပစ်ထားတဲ့ အစားကို ယူစားတာ အပြစ်ရှိပါသလား ဦးလေး''

အလုပ်သမားကြီး တွေဝေသွား၏။ ရုတ်တရက် စကားမပြန်နိုင်ဘဲ ရှိလေ၏။

အတန်ကြာမှ....

''ဒါတော့ အပြစ်ရှိတယ်လို့ ဘယ်ပြောနိုင်မလဲ''

ဟုန်ကျန်းသည် ခေါင်းညိတ်လိုက်၏။

''ကျွန်တော်ဟာ ခိုးပြီတိုက်မစားပါဘူး၊ ခိုးမစားပါဘူး၊ အပြစ်ကင်းတဲ့ စွန့်ပစ်တဲ့ပုံးထဲက စားကြွင်းစားကျန်ကို ယူစားလို့ ကြတာပါ''

အလုပ်သမားကြီးက စိတ်ပျက်စွာပင် ခေါင်းကိုယမ်းလိုက်သည်။

''မဟုတ်သေးပါဘူးကွာ၊ ဒီလိုစားမယ့်အစား တောင်းစားတာက တော်ဦးမယ်ကွာ၊ အဲဒါ ငါပြောချင်တာပါ''

ဟုန်ကျန်းသည် အဝေးကို မျှော်ကြည့်လိုက်၏။ သို့သော် အဝေးမှအရာများကို သူ မြင်ဟန်မရှိပါ။



''ကျွန်တော် တောင်းစားတာကို ဝါသနာမပါပါဘူး၊ တောင်းစားတာဟာ ဂုဏ်နိမ့်တဲ့အလုပ်ပါ၊ တောင်းစားတာကို ကျွန်တော် ရွံတယ်''

အလုပ်သမားကြီးသည် ဟုန်ကျန်းကို လေးစားသွား၏။

''ဒါထက် မင်းအမျိုးအနွယ်က ဘာလဲ''

ဟုန်ကျန်းသည် အလုပ်သမားကြီးကို စူးရှစွာပင် ကြည့်လိုက်သည်။

''ဦးလေးက ကျွန်တော့်ကို ဘာဖြစ်လို့ ဒီလိုမေးတာလဲ....''

''ဟ....မင်းရဲ့စိတ်ဓာတ်ကို လေးစားလို့မေးတာပေါ့ကွ၊ မင်းဟာ ခိုးဆိုးလုလို့လဲ မစားချင်ဘူး၊ တောင်းလဲမစားချင်ဘူးဆိုတော့ မင်းရဲ့စိတ်ဓာတ်က မွန်မြတ်တဲ့ စိတ်ဓာတ်ပေါ့ကွ....''

ဟုန်ကျန်းသည် ခပ်ယဲ့ယဲ့ပြုံးလိုက်သည်။

''ကျွန်တော်ဟာ ဘယ်ဇာတ်သားမှန်းလဲ မသိပါဘူး၊ ကျွန်တော့်ကိုယ်ကျွန်တော်လဲ ဘာကောင်မှန်းလဲ မသိပါဘူးဗျာ''

အလုပ်သမားကြီးသည် အလွန်စိတ်ပျက်နေသော ဟုန်ကျန်းကို ငေးကြည့်နေမိလေသည်။

အတန်ကြာမှ....

''မင်းက ရုပ်ရည်လဲမဆိုးဘူး၊ ခန္ဓာကိုယ်အနေအထားလဲ မဆိုးဘူး၊ အလုပ်တစ်ခုခု လုပ်ပါလားကွာ''

ဟုန်ကျန်း၏မျက်လုံးများသည် အရောင်တောက်သွား၏။ သူ အလုပ် လုပ်ချင်နေသည်။

အလုပ်ပေးရန် တစ်မြို့လုံးတစ်ရွာလုံး လက်ဖြန့်တောင်းခံခဲ့သည်။ မည်သည့်အလုပ်မျှ မရခဲ့

ယခုတော့ အလုပ်လုပ်ရန် ပြောနေလေ၏။

ဟုန်ကျန်းက ဝမ်းသာအားရပြောလေ၏။

"ဦးလေး....ကျွန်တော် အလုပ်လိုက်ရှာတာ ခြေတိုနေပါပြီ၊ ဘယ်အလုပ် လုပ်ရမလဲ၊ ဘယ်အလုပ်မဆို လုပ်မယ်ဗျာ၊ ပြောပါ ဦးလေးရာ"

ပန်းကန်ဆေး အလုပ်သမားကြီးသည် ပါးစပ် ပိတ်သွားလေ၏။

သူပင်လျှင် ပန်းကန်ဆေးအလုပ်ကို ခက်ခဲစွာ ခယစွာ တောင်းပန်ပြီး ဝင်လုပ်ခဲ့ရသည် မဟုတ်ပါလား။ အလုပ်ဟူသမျှ ရှားပေစွ။

★

## အခန်း (၂)

### နောက်ထိုးဇာတ်သည်

ချိုင်းဖေ့....

ချိုင်းဖေ့ဆိုသည်မှာ အလုပ်သမားကြီး၏ အမည် ဖြစ်ပေသည်။

သူသည် ဤစားသောက်ဆိုင်၌ ပန်းကန်ဆေးအလုပ်ကို မရရှိမီက အရပ်တကာနယ်လှည့်၍ အလုပ်ရှာခဲ့ရသည်။ ဟုန်ကျန်း ပြောသလို ခြေတိုအောင် အလုပ်ရှာခဲ့ရသည် သာ။

မည်သည့်စားသောက်ဆိုင်သွားသွား၊ မည်သည့်အိမ်သွားသွား အလုပ်မရခဲ့ချေ။

ဤသို့ဖြင့် ချိုင်းဖေ့မှာ တောင်းရမ်းစားသောက်ခဲ့ရ၏။ ငိုက်မရှက် ငေါ်မရှက် မဟုတ်ပါလော။

နောက်ဆုံးတွင် ကံကောင်းထောက်မပြီး ဤစားသောက်ဆိုင်၌ ပန်းကန်ဆေးအလုပ် ရရှိခဲ့သည်။

ဤသည်တို့ကို သူ ပြန်လှန်စဉ်းစားမိသောအခါ အလုပ်ရှာပေးပါဟုပြောလာသော ဟုန်ကျန်းကို သူ ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်သွားခဲ့သည်။

အတန်ကြာ ငေးငိုင်ပြီးမှ ချိုင်းဖေ့သည် ဦးခေါင်း ခါယမ်းလိုက်လေ၏။

"အင်း....အလုပ်ကတော့ မလွယ်သေးပါဘူးကွာ၊ ငါလဲ စုံစမ်းထားပါမယ်၊ ဒီအတောအတွင်း မင်း တခြားနေရာမှာ စုံစမ်းဦးပေါ့"

ဟုန်ကျန်းသည် မဲ့ပြုံး ပြုံးလိုက်၏။

"ကျွန်တော်အလုပ်ရှာတာ ဝူးသိမ်တစ်မြို့လုံး ခြေရာချင်း ထပ်နေပြီ၊ ဘယ်အိမ်မှာ အလုပ်လိုသလဲ၊ ဘယ်ပွဲရုံမှာ အလုပ်လိုသလဲ၊ ဘယ်စားသောက်ဆိုင်မှာ အလုပ်လိုသလဲ၊ ဘယ်နေရာမှ အလုပ် မလိုပါဘူးဗျာ၊ ထမင်း တစ်လုတ်စာကလေး အလုပ်ပေးနိုင်ရင် ပေးကြပါလို့ပြောခဲ့ပေမယ့် ဘယ်မှာမှ အလုပ်မရခဲ့ပါဘူး၊ ကဲ....ကဲ....ကျွန်တော် သွားပါတော့မယ်"

ဟုန်ကျန်းသည် စိတ်ပျက်လက်ပျက်ဖြင့် လှည့်ထွက်သွားလေ၏။

ချိုင်းဖေ့သည် ဟုန်ကျန်းကို များစွာ သနားမိသည်။ သူကိုယ်တိုင်လည်း ဤသို့ အလုပ်ရှာဖွေခဲ့ရသည် မဟုတ်ပါလား။



သူ ကံကောင်းသည်။ ဟုန်ကျန်း ကံမကောင်း။

သူသည် ကိုယ်ချင်းစာစိတ်များ တဖွားဖွားပေါ်လာ၏။

"ဟေ့....သူငယ်"

ချိုင်းဖေ့က လှမ်းခေါ်လိုက်၏။ ဟုန်ကျန်းသည်း ခြေလှမ်းတန့်သွားပြီး လှည့်ကြည့်မိသည်။

"ခဏ"

ချိုင်းဖေ့က လက်ပြပြီး ဆိုင်ထဲသို့ လှစ်ခနဲ ဝင်သွားလေသည်။

ဟုန်ကျန်းသည် ဘာများလဲဟူသောအသိဖြင့် လှမ်းကြည့်နေသည်။

မကြာမီ ချိုင်းဖေ့ လှစ်ခနဲထွက်လာ၏။ သူ့လက်ထဲတွင် အထုပ်ကလေးတစ်ထုပ်။

"ရော့....ဒီစားစရာအထုပ်ကို မင်း ယူသွားပါကွာ"

ဟုန်ကျန်းက မယူဘဲ ချိုင်းဖေ့ကိုလှမ်းကြည့်သည်။

"ဒါ ဘာလဲ ဦးလေး"

"စားစရာပေါ့ကွာ"

ဟုန်ကျန်းက ခေါင်းယမ်းလိုက်၏။

"ကျွန်တော် မယူပါရစေနဲ့"

ဟုန်ကျန်းသည် ဆာလောင်သော်သည်း သူ၏ မာနကို အထိမခံချေ။

သူသည် ငြင်းဆန်လေ၏။

"မင်း သိပ်ဆာနေတယ်ဆို"

ချိုင်းဖေ့က ပြောလေ၏။

ဟုန်ကျန်းက....

"ဟုတ်ပါတယ် ဦးလေး၊ ကျွန်တော် ထမင်းမစားရတာ နှစ်ရက်တောင်ရှိပါပြီ၊ ကျွန်တော့်အူတွေဟာ ဆာလွန်းလို့ မဆာသလိုတောင် ဖြစ်နေပါပြီ၊ ဒါပေမယ့်...."

ဟုန်ကျန်း ဆက်မပြောချေ။ ချိုင်းဖေ့က ဆက်ပြောလာလေသည်။

"ငါ့တူ စိတ်ချမ်းသာလက်ချမ်းသာ ယူစမ်းပါကွာ၊ မင်းက ငါ့ဆီက စားစရာတစ်ခုခု ပေးပါလို့တောင်းသလား၊ ငါက မင်းတောင်းလို့ပေးတာမျိုး မဟုတ်ပါဘူး၊ မင်းကိုခင်လို့ စေတနာသက်သက်နဲ့ ငါစားမယ့်အထုပ်ကို ငါက မစားဘဲ မင်းကိုပေးတာပါ၊ ငါ့ပိုက်ဆံနဲ့ဝယ်ရင် ဒီအထုပ်လောက်ကို အသာကလေးရပါတယ်၊ မင်း ယူသွားပါ"

မိမိက တောင်းရမ်းခြင်း မဟုတ်။

သူက စေတနာအလျောက် ပေးသည့်အထုပ်ကို ယူသင့်သည်ဟု သူထင်သည်။

သူ့ဝမ်းဗိုက်ကလည်း တကြုတ်ကြုတ်နှင့်ဆာလောင်လာသည်။

သူသည် အထုပ်ကို လှမ်းယူလိုက်၏။

"ကျေးဇူးတင်ပါတယ် ဦးလေးရယ်"

"ငါ့နာမည် ချိုင်းဖေ့လို့ ခေါ်တယ်၊ မှတ်ထားပေါ့"

"ဟုတ်ကဲ့....မှတ်ထားပါ့မယ် ဦးလေးချိုင်း"

"ဒါထက် မင်းနာမည်ကရော"

"ဟုန်ကျန်းပါ ခင်ဗျာ"



ချိုင်းဖေ့က ခေါင်းညိတ်လိုက်၏။ ဟုန်ကျန်းသည် ခြေလှမ်း ခပ်သွက်သွက်ဖြင့် ထွက်သွားလေတော့၏။ ချိုင်းဖေ့သည် ဟုန်ကျန်းကို မျက်စိတစ်ဆုံး ငေးကြည့်နေလေ၏။

ဟုန်ကျန်း၏ ခြေလှမ်းများမှာ မြို့ပြင်ဆီသို့ ဦးတည်နေသည်။ သူသည် အလွန်အမင်း ကျေနပ်လျက်ရှိ၏။

သူမတောင်းရဘဲနှင့် ခင်ခင်မင်မင် ပေးလိုက်သည့် ထမင်းထုပ်ကို သူရရှိလာခဲ့သည် မဟုတ်ပါလော။

သုံးရက်မြောက် နေ့၌လည်း သူ ထမင်းမစားရတော့ဟု ထင်သည်။ ရေအဝသောက်၊ ဗိုက်မှောက် အိပ်ရတော့မည်ဟု ယူဆခဲ့သည်။

ယခု သူထင်သလိုမဟုတ်တော့၊ သူ ယူဆသလိုမဖြစ်တော့၊ စားစရာ အထုပ်တစ်ထုပ် ရလာသဖြင့် ခင်ထဲ၌ လှိုက်၍ဝမ်းသာနေသည်။

ဟုန်ကျန်းသည် သူ၏ကွန်းခိုရာ ဘုရားကျောင်းပျက်ဆီသို့ တန်းတန်းမတ်မတ်ပင် ပြန်လေသည်။ ထိုဘုရားကျောင်းပျက်ဆီ၌ သူ့လို မှီခိုသူ နှစ်ဦးသုံးဦးရှိတတ်သည်။ တစ်ခါတစ်ရံ၌လည်း သူမှတစ်ပါး မည်သူမျှ မရှိချေ။

သူသည် ဘုရားကျောင်းပျက်ဆီတို့ အပြေးအလွှား ထက်လာသည်။ သူနေထိုင်ရာ အခန်းသို့ ရောက်လာသောအခါ ဖျာစုတ်တစ်ချပ်ပေါ်၌ အကျအန ထိုင်လိုက်၏။ ထို့နောက် သူသည် ချိုင်းဖေ့ပေးလိုက်သည့် အထုပ်ကို ဖြေကြည့်လိုက်သည်။

မွှေးကြိုင်သော ခေါက်ဆွဲကြော်နံ့က သူ၏ နှာညွှန့်ကို ချူလေ၏။ သူသည် အလွန်ကံထူးသူဖြစ်၍ ခေါက်ဆွဲကြော်ကို စားရခြင်းဖြစ်သည်ဟု သူယုံသည်။

"ချွတ်...."

အသံတစ်သံသည် သူ့နားထဲသို့ ဝင်လာ၏။ သူသည် အသံကြားရာသို့ လှမ်းကြည့်လိုက်သည်။ သူ့စိတ်ထင် ကြွက်တစ်ကောင် ပြေးသွားသည်ဟုသာ ထင်မိသည်။ သို့သော် သူကြည့်လိုက်သောအခါ သူထင်သလို မဟုတ်ကြောင်း တွေ့ရသည်။ သူ့မျက်လုံး ပြူးကျယ်သွားသည်။

သူမြင်လိုက်ရသည့်အရာကား မိန်းမငယ်တစ်ဦး ဖြစ်နေသောကြောင့်တည်း။

ဟုန်ကျန်းသည် အံ့ဩမှင်တက်စွာ မိန်းမငယ်ကို စိုက်ကြည့်နေ၏။

မိန်းကလေးမှာ အခန်းထောင့်တွင် ခပ်ကုပ်ကုပ်ကလေး ထိုင်နေသည်။ တစ်ဦးဦးကိုကြောက်ရွံ့နေသော အမူအရာမျိုး ဖြစ်သည်။

ဟုန်ကျန်းသည် မိန်းကလေးဆီသို့ လျှောက်သွားလေ၏။

"မင်းဘယ်သူလဲ၊ ဘာဖြစ်လို့ ဒီမှာ လာပုန်းနေရတာလဲ"

ဟုန်ကျန်းက ခပ်ကျယ်ကျယ်မေးလိုက်၏။

မိန်းကလေးသည် ဟုန်ကျန်းဘက်သို့ မျက်နှာလှည့်လိုက်၏။ သူမသည် ကြောက်ရွံ့နေသည်။ တုန်ယင် လှိုက်လှဲစွာ ပြောသည်။



"ကျွန်မ... ကျွန်မကို မသတ်ပါနဲ့ရှင်"

ဟုန်ကျန်းမှာ သူ့ကိုယ်သူ စိတ်ပျက်သွား၏။ သူသည် မိန်းကလေး ကြောက်ရလောက်အောင် ရုပ်ဆိုးနေပြီလော။ သူ့မှာ ရုပ်ဆိုးပုံမပေါက်ပါ။ အနုညာတပုံသာ ပေါက်ပါသည်။ ဒါကို သူသိပါသည်။

ဟုန်ကျန်းသည် မိန်းကလေးကို ပြန်ကြည့်ရင်း....

"ဒီမှာ...."

"ကျွန်မ... ကျွန်မကိုမသတ်ပါနဲ့ရှင်၊ ချမ်းသာ ပေးပါ"

"မဟုတ်သေးပါဘူး၊ ကျုပ်ဟာ လူဆိုးမဟုတ်ပါဘူး"

"ဟုတ်...ဟုတ်ကဲ့အစ်ကိုကြီး၊ ကျွန်မ....ကျွန်မတာဝတာ"

မိန်းကလေးသည် တစ်ပိုင်းတစ်စဖြင့် ရပ်သွား၏။

ဟုန်ကျန်းသည် မိန်းကလေးကို ငုံ့ကြည့်လိုက်သည်။ မိန်းကလေးကို သနားသွားသည်။ ဤဘုရားကျောင်းပျက်သို့ လာရောက် ခိုလှုံသူမှာ သူကဲ့သို့ အတိဒုက္ခရောက်နေသူတစ်ဦးဦးသာ ဖြစ်လိမ့်မည်ဟု သူယုံကြည်မိသည်။ ထို့ကြောင့် သူသည် လေသံကို အချိုသာဆုံးဖြစ်အောင် ပြောလိုက်၏။

"ကဲ ကဲ....ဒါဖြင့်လဲ အဲဒီ ထောင့်ထဲက ထွက်ခဲ့ပါတော့ဗျာ၊ ကျုပ်ဟာ လူဆိုးသူခိုး မဟုတ်ပါဘူး၊ ဓားပြလဲမဟုတ်ပါဘူး၊ လူကောင်း တစ်ယောက်ပါ၊ ဘယ်သူ့ကိုမှ ဒုက္ခ မပေးပါဘူး"

ဟုန်ကျန်းသည် စုတ်နေသော ဖျာပေါ်သို့ ပြန်ထိုင်လိုက်၏။ မိန်းကလေးကိုမူ လှမ်းကြည့်နေမိသည်။ မိန်းကလေးသည် ဖြည်းဖြည်းချင်း ထလာ၏။

ထိုအခါမှ ဟုန်ကျန်းသည် မျက်လုံးပြူးသွားလေ၏။

အဘယ်ကြောင့်ဆိုသော် မိန်းကလေးသည် သာမန်လူကောင်းတစ်ယောက်ကဲ့သို့ လျှောက်လာခြင်းမဟုတ်ဘဲ မျက်မမြင် တစ်ဦးကဲ့သို့ ဟိုမေး သည်စမ်း လျှောက်လာသောကြောင့် ပေတည်း။

မိန်းကလေးမှာ မျက်မမြင် ဒုက္ခိတတစ်ဦး ဖြစ်နေလေသည် တကား။

"အို....လက်စသတ်တော့ မင်းက မျက်စိမှ မမြင်ဘဲကိုး"

ဟုန်ကျန်းသည် လွှတ်ခနဲ နှုတ်မှ ပြောလိုက်မိလေသည်။ သူသည် ခုန်ထလိုက်၏။ မိန်းကလေး ဆီသို့ ကပျာကယာ သွားကာ ဖျာစုတ်ဆီသို့ လက်တွဲခေါ်ဆောင်လာ၏။

သူသည် ဖျာစုတ်ပေါ်၌ မိန်းကလေးကို ထိုင်စေလိုက်၏။

"ဒီ ဘုရားကျောင်းပျက်မှာတော့ ဒီ ဖျာစုတ်ဟာ မြကမ္ဗလာပဲ"

သူလည်း ထိုင်ချသည်။

မိန်းကလေးက....

"အစ်ကိုက ဘယ်သူလဲဟင်"

မိန်းကလေးမှာ ကြောက်စိတ် ပြယ်သေးဟန် မတူချေ။ ဤသည်ကိုကြည့်၍ မိန်းကလေးသည် လူကောင်းသူကောင်း များနှင့် တွေ့ခဲ့ဟန် မတူချေ။

"အစ်ကိုက လူပါ အဲ.... လူကောင်း တစ်ယောက်ပါ၊ အစ်ကို့ကို ယုံယုံကြည်ကြည် စိတ်ချသက်ချ ဆက်ဆံပါ"

မိန်းကလေးသည် သက်ပြင်းချလိုက်လေ၏။



"တော်ပါသေးရဲ့"

"ဘာတော်ပါသေးရဲ့လဲ"

"ကျွန်မ....ကျွန်မ ကံကောင်းလို့ပါ အစ်ကိုရယ်"

"ဒီလိုဆို မင်း ဒီကိုမရောက်ခင်က ကံဆိုးလာတယ်လို့ ပြောရမလိုဖြစ်နေပြီ"

"ကျွန်မနောက်ကို လူဆိုးတွေလိုက်နေလို့ပါ"

ဟုန်ကျန်းသည် မိန်းကလေးကိုကြည့်လိုက်၏။

"နေပါဦး၊ မင်းလို မျက်မမြင်ဒုက္ခိတတစ်ယောက်နောက်ကို ဘယ်ကလူဆိုးတွေက လိုက်ရမှာလဲ"

မိန်းကလေး အဖြေရခက်သွားသည်။ ငိုင်သွားသည်။

အတန်ကြာမှ....

"သူတို့က ကျွန်မကို အနိုင်ကျင့်ချင်လို့ဖြစ်မှာပေါ့ အစ်ကိုရယ်"

"ဟင်း"

ဟုန်ကျန်းသည် စိတ်မသက်မသာဖြင့် သက်ပြင်းရှည်ကြီး ချလိုက်မိလေသည်။

★

## အခန်း (၃)

## ဝန်ထုပ်ဝန်ပိုး

သူ ဆက်ပြင်းချသည်မှာ မျက်မမြင်ဒုက္ခိတမငှလးကို အနိုင်ကျင့်ချင်သောလူများ ရှိပါသေးကလားဟု တွေးမိသောကြောင့် ဖြစ်လေ၏။

"ဒီလောကကြီးဟာ မတရားတဲ့ လောကကြီးပဲ၊ ငါ့ကိုကြည့်၊ အလုပ်လုပ်ချင်လွန်းလို့ ခြေတိုအောင်ရှာပေမယ့် ဘာအလုပ်မှမရဘူး၊ ဟော...အခုကြည့်စမ်း၊ မျက်မမြင်ဒုက္ခိတကလေးကို အနိုင်ကျင့်ချင်တဲ့လူတွေက ရှိသေးတယ်၊ ဟင်း...တကယ့်လောကကြီးပဲ"



သူသည် မိန်းကလေးကို အသေအချာ ဂရုစိုက်၍ကြည့်မိသည်။ မိန်းကလေး၏ ကြည်လင်သန့်ရှင်းသောမျက်နှာကလေးမှာ ကြွေရုပ်ကလေးအလား အလွန်လှပနေ၏။

မျက်လုံး၊ မျက်တောင်၊ နှာတံစင်းနေပုံမှာ ထက်မြား ခါလောက်သည်။ ကိုယ်လုံးကလေးမှာလည်း သွယ်သွယ်ကလေးနှင့် လှနေသည်။

အကယ်၍ ထိုမိန်းကလေး၏ မျက်လုံးကလေးများသာ အကောင်းပကတိ ရှိမည်ဆိုပါက လွန်စွာကျက်သရေရှိသည့် မိန်းကလေးဖြစ်ပေလိမ့်မည်။

မိန်းကလေး ဝတ်ဆင်ထားသော အဝတ်အစားများမှာ သာမန်အဝတ်များသာ ဖြစ်သည်။ သစ်လွင်တောက်ပသော နန်းတွင်းသူ အဝတ်အစားများ ဝတ်ပေးလိုက်ပါလျှင် ရွှေမင်းသမီးကလေးဟု ထင်မှတ်ရပေလိမ့်မည်။

ဟုန်ကျန်းသည် လွန်စွာ ချောမောလှပလျက် မျက်မမြင်ဒုက္ခိတဖြစ်နေရှာသည့် မိန်းကလေးအား ရင်ထဲမှ လွန်စွာသနားမိလေ၏။ သူ့အဖြစ်ကိုသူ သနားရန် မေ့လျော့နေသည်။

သည်ကြားထဲ မျက်မမြင်ဒုက္ခိတာမလေးကို စော်ကားမည့်သူများက ရှိနေပေသေးသည်။ သည်လူတွေကို သူ အမုန်းခြေချင်သည်။ မြေနိမ့်ရာလှံစိုက်သူများကို သူ သတ်ပစ်ချင်သည်။

ဟုန်ကျန်းသည် မိန်းကလေး၏ဘဝအား မေးမြန်းစုံစမ်းရန် ကြံစည်မိသည်။ သူ့ဘဝလောက်တော့ ဆိုးမည်ဟု သူ မထင်မိပါ။

သို့သော် ယခုမေး၍တော့ မဖြစ်သေး။ သူ၏ ဆာလောင်မွတ်သိပ်နေသော ဝမ်းဗိုက်ကို ဖြည့်ရဦးမည်။ သူသည် ခေါက်ဆွဲထုပ်ကို ဆွဲယူလိုက်၏။

သူသည် မိန်းကလေး၏ ထူးခြားသောအပြုအမူကို သတိပြုမိသွား၏။ မိန်းကလေးသည် ခေါက်ဆွဲနံ့ကို ရှူရှိုက်နေခြင်းတည်း။

မိန်းကလေး၏ အမူအရာကိုကြည့်သည်နှင့် မိန်းကလေး အလွန်ဆာလောင်နေသည်ကို သူ သတိပြုမိပါသည်။ သူသည် ဤအပြုအမူမျိုး အကြိမ် ရာထောင်မက ပြုမူခဲ့ပြီး ဖြစ်သည် မဟုတ်ပါလော။

"ဩော်....မင်းလဲ တော်တော်ဆာနေပုံရတယ်"

"ကျွန်မ....ကျွန်မ"

"ပြောပါ မိန်းကလေး"

"ကျွန်မ ဘာမှမစားရဘဲနဲ့ ပုန်းအောင်းနေရတာ သုံးရက်တောင် ရှိပါပြီရှင်"

ဟုန်ကျန်း မျက်လုံးပြူးသွားသည်။

"ဘာ....သုံးရက်တောင်ရှိပြီ ဟုတ်လား"

"ဟုတ်....ဟုတ်ပါတယ်ရှင်"

"ဩော်....သူ့အဖြစ်က ငါ့အဖြစ်လိုပါပဲလား၊ သူက မိန်းကလေးဖြစ်နေတော့ ပိုဆိုးမှာပေါ့"

သူ နှုတ်မှ ပြောလိုက်ခြင်းမဟုတ်ပါ။ စိတ်ထဲမှ ရေရွတ်လိုက်ခြင်းသာ ဖြစ်ပါသည်။



မိန်းကလေးသည် ခေါက်ဆွဲကြော်နံ့ ရသဖြင့် ပါးစပ်တပြင်ပြင် ဖြစ်နေသည်။ သုံးရက်မျှ ဘာမျှမစားသောက်ရသူအတွက် ခေါက်ဆွဲကြော်နံ့မှာ နတ်သုဒ္ဓါသဖွယ်ဖြစ်နေမည်ကို အကြိမ်ပေါင်းစွာတော်ဖူးသော ဟုန်ကျန်း သိရှိပါသည်။

ဟုန်ကျန်းသည် မိန်းကလေး၏ဆာလောင်ခြင်းကို များစွာကိုယ်ချင်းစာမိသည်။ သူသည် သူစားပြီးဟန်နှင့် ခေါက်ဆွဲကြော်ထုပ်ကို မိန်းကလေးရှေ့သို့ ချပေးလိုက်သည်။

"အတော်ပဲ....ဒီမှာ ခေါက်ဆွဲကြော်တစ်ထုပ်"

"အို....အစ်ကိုကလဲ"

"ဟုတ်တယ်၊ ဒါက ခေါက်ဆွဲထုပ်အပိုတစ်ထုပ်ပါ၊ မင်းစားလိုက်"

"အစ်ကိုကော မစားတော့ဘူးလား"

ဟုန်ကျန်း တံတွေးမျိုချလိုက်ရသည်။

"ဟို....ဟို....ကျုပ် စားပြီးပါပြီ ဒီအထုပ်ကလေးက အပိုပါ၊ ရော့....ရော့....စားလိုက်ပါဦး"

ဟုန်ကျန်း၏အူများသည် တကြုတ်ကြုတ် ဖြစ်လာ၏။ သူသည် အလွန်ဆာလောင်လှပါသည်။ သို့သော် သူ မစားပါ။ မိန်းမတို့၏သဘာဝကို သူသိပါသည်။ သူဆာလောင်နေသည်ဟု ပြောလျှင် ထိုမိန်းကလေးသည် ခေါက်ဆွဲကြော်ကို စားတော့မည် မဟုတ်ပါ။ မိန်းကလေးများသည် ယောကျ်ားများထက် အရှက်ကြီးပါသည်။

"မိန်းကလေး....စားလိုက် ကျုပ်က စားပြီးပါပြီ"

ဟုန်ကျန်းသည် ခေါက်ဆွဲကြော်ထုပ်ကို မိန်းကလေးရှေ့သို့ ချပေးလေသည်။ ငိုက်မရှက် တော်မရှက်ဟူသော စကားအတိုင်း မျက်မမြင်ဒုက္ခိတကလေးမှာ ခေါက်ဆွဲကြော်များကို စားသောက်ပါလေတော့သည်။

ဟုန်ကျန်းမှာမူ အခန်းထောင့်၌ထားသော သောက်ရေအိုးကွဲဆီသို့သွားကာ ရေများကိုသာ ဂလုဂလုနှင့်သောက်ချလိုက်ရတော့သည်။

ကြီးကျယ်လှသော မွန်မြတ်သူပေတကား။

* * *

နေလုံးနီနီကြီးသည် အနောက်တောင်စွယ်၌ မေးတင်နေလေပြီ။ နေကွယ်ခါတော့မည်။ နေကွယ်လျှင်အမှောင်ရောက်ပေလိမ့်မည်။

ဟုန်ကျန်းသည် မျက်မမြင်ဒုက္ခိတကလေးကိုကြည့်၍ သက်ပြင်း ချလိုက်သည်။

မိန်းကလေးသည် ခေါက်ဆွဲကြော်တစ်ထုပ်ကိုကုန်အောင် စားသောက်ပြီးသောအခါ အန်ညဲးငယ်နေသာထိုင်သာရှိသွားလေသည်။

ဟုန်ကျန်းက



"မင်း အခု ဘာလုပ်မယ် စိတ်ကူးသလဲ"

မိန်းကလေးသည် ဟုန်ကျန်းဘက်သို့ လှည့်လာသည်။

"ဒီအိမ်ကြီးဟာ အစ်ကို့အိမ်လားဟင်"

ဟုန်ကျန်း ပြုံးမိလေသည်။ သူ့လို ခြေသလုံးအိမ်တိုင်အဖို့ မည်သည့်အိမ် ရှိပါမည်လဲ။

မိန်းကလေးသည် ဘုရားကျောင်းပျက်ပေါ် တက်ရောက်ပုန်းအောင်းမိသည်ဟုမထင်။ အိမ်ကြီးတစ်ဆောင်ပေါ်တက်ရောက် ပုန်းအောင်းမိသည်ဟု ထင်နေဟန်တူသည်။

"အင်း....မင်းပြောမှ ပြုံးချင်တော့တယ်"

"ဘာပြုံးချင်တာလဲ ဟင်"

"ဒီမှာ ကျုပ်အမြဲဘမ်းနေနေလေတော့ ကျုပ်ရဲ့အိမ်လို့ပဲ ပြောရတော့မှာပေါ့"

"အို... အစ်ကို့စကားကြီးက ဘယ်လိုကြီးမှန်းလဲ မသိပါဘူး"

"အစ်ကို မှန်တာကိုပြောတာ ညီမရဲ့"

"ညီမတော့ အစ်ကို့စကားကို ဘယ်လိုအဓိပ္ပာယ်ကောက်ရမှန်း မသိဘူး"

"ဒါဆိုရင်"

"ဘာဖြစ်သလဲဟင်"

"အစ်ကို့အိမ် ဘာင် မကတော့ဘူး"

"ဘယ်သူ့အိမ်ဖြစ်သွားလို့လဲ"

"အစ်ကို့နဲ့ညီမတို့ရဲ့အိမ် ဖြစ်သွားပြန်ရောကွ"

"ရှင်"

"ဟား...ဟား...ဟား...ဘုရားကျောင်းပျက်ဆိုတာ ဘယ်သူမဆို နေနိုင်တာပဲ ညီမရယ်၊ တက်နေတဲ့လူမှန်သမျှ အိမ်ရှင်ပဲပေါ့၊ အစ်ကိုနဲ့ညီမ တက နေတယ်၊ အစ်ကိုနဲ့ညီမဟာ အိမ်ရှင်တွေပေါ့"

ထိုအခါကျမှ မိန်းကလေးမှာ ရယ်မောမိလေတော့၏။

"ဪ...ဒါကြောင့်ကိုး"

ဟုန်ကျန်းက မေးလိုက်သည်။

"ဒါထက် နေပါဦး၊ ညီမက ဘယ်ကိုသွားချင်သလဲ၊ အစ်ကိုက ဘယ်ကိုလိုက်ပို့ပေးရမှာလဲ"

မိန်းကလေးမျက်နှာသည် ချက်ချင်းပင် ညှိုးနွမ်းသွားလေသည်။

"ကျွန်မမှာ သွားစရာမရှိသလို နေစရာလဲ မရှိတော့ပါဘူး အစ်ကိုရယ်"

"ဗျာ"

ဟုန်ကျန်းအံ့ဩသွားလေ၏။ သူသည် မိန်းကလေးကို မမြင်ဖူးသူကဲ့သို့ စိုက်ကြည့်နေမိလေ၏။ မိန်းကလေးသည် ဟုန်ကျန်းရှိရာသို့ လှမ်းကြည့်ပြီး မေးမြန်းလိုက်သည်။

"ဘာ ဘာဖြစ်လို့လဲ အစ်ကို"

"ညီမမှာ နေစရာမရှိဘူး ဟုတ်လား"

"ဟုတ်ပါတယ် အစ်ကိုရယ်"

"ဒါဖြင့် ညီမရဲ့ အစ်ကို မောင်နှမတွေရော"

"မရှိပါဘူး အစ်ကိုရယ်"

"ဟင်"



ဟုန်ကျန်းသည် စိတ်မသက်မသာဖြင့် သက်ပြင်းချလိုက်မိလေ၏။

"ဟင်း...နေစရာမရှိ၊ သွားစရာလဲမရှိ၊ မိတ်ဆွေမျိုးလဲ မရှိဘူး၊ စားစရာလဲမရှိဘူး၊ ညီမမှာ ဘာများ ရှိသေးလဲဟင်"

"ညီမမှာ ရှိပါသေးတယ်ရှင်"

ဟုန်ကျန်း အံ့ဩသွားမိ၏။ သူ၏မျက်လုံးများ မြင့်တက်သွားသည်။

"ဘာများရှိသေးလို့လဲ ညီမ"

"ညီမနောက်ကို လိုက်နေတဲ့ ရန်သူတွေရှိတယ်လေ"

သူမသည် မပွင့်တပွင့်ပြောပြီး ခေါင်းငုံ့သွားလေ၏။

ဟုန်ကျန်းသည် မိန်းကလေးကို စိတ်ပျက်သက်ပျက်ဖြင့် ကြည့်မိလေ၏။

"အစ်ကိုတော့ ဘာမှနားမလည်တော့ဘူး ညီမရယ်"

"ဘာကိုနားမလည်တာလဲ အစ်ကို"

"ညီမမှာ ဆွေမရှိ မျိုးမရှိ စားစရာမရှိ၊ ဒီကြားထဲ မျက်စိက မမြင်သေးဘူး၊ အဲဒီလိုလူကို ဒုက္ခပေးတဲ့လူတွေ ရှိနေတယ်ဆိုတော့ အင်း...အစ်ကို ဘာကိုနားလည်ရတော့မှာလဲ"

မိန်းကလေးသည် မသိမသာ သက်ပြင်းချလိုက်၏။

"ဘာမှနားမလည်တာဘဲ ကောင်းပါတယ် အစ်ကို"

ဟုန်ကျန်းက....

"ဘာမှနားမလည်တာကောင်းပေမယ့် မစဉ်းစားဘဲမေ့လို့ မရတာတစ်ခုတော့ရှိတယ်၊ အဲဒါကမှ တကယ့်အခက်ပဲ"

ဟုန်ကျန်း၏စကားကြောင့် မိန်းကလေးသည် ခေါင်းမော့လာလေ၏။ မျက်စိမမြင်သော်လည်း နားစွင့်နေသည်။

ဟုန်ကျန်းသည် စကားပြောခက်နေသဖြင့် တော်တော်နှင့် စကားမပြောတော့ပေ။

"ဘာများလဲအစ်ကို"

"ညီမနဲ့အစ်ကို ဒီမှာနှစ်ယောက်တည်း နေလို့မဖြစ်ဘူး ညီမ"

မိန်းကလေးသည် တွေဝေသွား၏။ အတန်ကြာမှ မိန်းကလေးက လေသံတိုးတိုးဖြင့် ခေါ်သည်။

"အစ်ကို"

ဟုန်ကျန်းသည် မျက်မမြင်မိန်းကလေးကို ငေးကြည့်နေလေ၏။

ဤမျှလှပသောမိန်းကလေးနှင့်အတူနေ၍ မဖြစ်ပါ၊ ဒါကို သူသိပါသည်။

"အစ်ကိုဟာ ညီမကိုအစားအသောက်ကျွေးမွေးတဲ့ ကျေးဇူးရှင် တစ်ယောက်ပ၊"

ဟုန်ကျန်း ဘာမျှမပြောပါ။ ပါးစင်ပိတ်နေပါသည်။

"နောက်ပြီး အစ်ကိုဟာ ရိုးသားတည်ကြည်တဲ့ လူတစ်ယောက် ဖြစ်တယ်ဆိုတာကို ညီမသိပါတယ်၊ ဘယ်လိုသိသလဲ လို့ မမေးပါနဲ့၊ ညီမအခွင့်ကြုံရင် ပြောပြပါမယ် အစ်ကို့ စိတ်ထားကို ညီမသိနေတယ်ဆိုတာ အစ်ကိုယုံပါ"



"အင်း....ဆက်ပြောပါဦး"

"ဒီနေရာလေးဟာ အေးချမ်းတိတ်ဆိတ်တယ်၊ လှလှကင်းဝေးတယ်၊ ဒါကြောင့် ညီမခိုအောင်းလို့ အကောင်းဆုံးနေရာလို့ ထင်မိပါတယ် အစ်ကို"

ဟုန်ကျန်းသည် မိန်းကလေးကိုကြည့်ကာ တစ်စုံတစ်ခုကို ဆုံးဖြတ်ချက် ချလိုက်လေ၏။

"ကောင်းပြီ....ဒါဖြင့် အစ်ကို တခြားကို ထွက်သွားပေးပါမယ်"

"အို...."

မိန်းကလေးက ပျာပျာသလဲ ရေရွတ်လိုက်သည်။

"မအိုနဲ့ညီမ၊ ဒီကျောင်းပျက်ကြီးထဲမှာ ညီမနဲ့အစ်ကို နှစ်ယောက်တည်းနေလို့ ဘယ်သင့်တော်ပါမလဲ၊ ဒါကြောင့် အစ်ကိုထွက်သွားမယ်လို့ ပြောတာပါ"

မိန်းကလေးသည် ဟုန်ကျန်း၏သဘောထားမှန်ကိုသိသွားသည်။ သူ မနေချင်၍မဟုတ်ဘဲ အများအမြင်တွင်မသင့်သော်၍ ဖြစ်ပေသည်။ မိန်းကလေးသည် သက်ပြင်းချပြီး ပြောလေ၏။

"အစ်ကိုရယ်....ဒီလို လူမရှိသူမရှိတဲ့နေရာမျိုးမှာ ညီမလို မိန်းကလေးတစ်ယောက်တည်း နေတာက ပိုပြီးသင့်လျော်မယ်လို့ အစ်ကို ယူဆထားသလားဟင်"

ဟုန်ကျန်း တွေဝေသွားသည်။ မျက်စိလည်းမမြင်၊ အလွန်လည်း လှပသော မိန်းကလေးတစ်ယောက်တည်းကို လူမရှိသူမရှိ ဤနေရာ၌ ထားခဲ့၍ သင့်တော်ပါမည်လော။

ဟုန်ကျန်းသည် မိန်းကလေးကို ကြည့်ပြီး စဉ်းစားနေလေ၏။

ဤမျှလောက် ချောမောလှပပြီး ချစ်စရာကောင်းသော မိန်းကလေးသည် ကျောင်းပျက်ထဲသို့ ဘယ်နည်းဘယ်ပုံရောက်ရှိခဲ့ပါသနည်း။

ရန်သူများသည် သူမနောက်မှ လိုက်နေသည်ဟု သူမက ဆိုသည်။ အဘယ်ကြောင့် ရန်သူများက လိုက်ရသနည်း။ မည်သို့သော ရန်သူအမျိုးအစားနည်း။ သူမအား အနိုင်ကျင့် စော်ကားလိုသည့် ရန်သူများလော။

သို့မဟုတ် ရန်ငြိုးတစ်ခုခု ရှိနေ၍လော။ သူစဉ်းစား၍ လုံးဝမရပါ။

ဆွေမျိုးညာတကာမရှိ၊ စားစရာမရှိ၊ နေစရာမရှိသော ဤ မိန်းကလေးတွင် ရန်သူရှိနေသည် ဆိုခြင်းမှာ စဉ်းစားစရာ ကောင်းလှပါသည်။

ယခုအခြေအနေတွင် မိန်းကလေးအားတစ်ယောက်တည်း ထားပစ်ခဲ့လျှင်လည်း မိမိ လူစိတ်မရှိရာ ရောက်ပေမည်။ သူမ၏ နောက်ကွယ်၌ မည်သို့သော လျှို့ဝှက်ချက် ရှိနေသည်ကို မိမိမသိခြင်းက မိမိအတွက် အခက်ဖြစ်ကြောင်း ဟုန်ကျန်း သိပါသည်။

သူမနှင့် ဘုရားကျောင်းပျက်အတွင်း နေရန်မသင့်လျော်သလို သူမကို စွန့်ပယ်လိုက်ခြင်းမှာ မသင့်လျော်ကြောင်း ဟုန်ကျန်း သိနေပါသည်။



ဟုန်ကျန်းသည် မည်သို့မည်ပုံ ဆုံးဖြတ်ချက်ချရမည်မှန်း မသိတော့ဘဲ စိတ်များ ရှုပ်ထွေးလာသည်။ ကိုယ်တိုင်က စားရမဲ့ သောက်ရမဲ့ ဒုက္ခရောက်နေသည့် ကြားထဲက ဒုက္ခသည်တစ်ဦး၏ ဝန်ထုပ်ဝန်ပိုးက သူ့အပေါ် ကျလာပြီဟုလည်း တွေးနေမိသည်။

ဟုန်ကျန်းသည် မိန်းကလေးကိုငေး၍ကြည့်နေမိသည်။

‘‘အစ်ကို ဘယ်သူဆိုတာ ညီမမသိဘဲနဲ့ ညီမ အစ်ကို့ကို ယုံတယ်ဆိုတာ ညီမညာပြောတာ ဖြစ်နိုင်ပါတယ်’’

မိန်းကလေးက ရှိုက်၍ပြောလေ၏။

‘‘အစ်ကိုဟာ လူဆိုးတစ်ယောက်မဟုတ်ဘူး၊ လူကောင်း တစ်ယောက်ဆိုတာတော့ ညီမသိပါတယ်အစ်ကို’’

သူသည် မိန်းကလေးအား ငေးကြည့်မိပြန်သည်၊ ဤမိန်း ကလေးမှာ သာမန်မိန်းကလေး မဖြစ်နိုင်ပါ။

ဟုန်ကျန်းက....

‘‘ဘာပဲဖြစ်ဖြစ်လေ၊ ညီမက အစ်ကို့ကို ယုံယုံမယုံယုံ အစ်ကို့ဘဝဟာ ညီမဘဝနဲ့ ဘာမှမထူးပါဘူး၊ အဲဒါတော့ ညီမယုံပါ၊ ဒါပေမယ့် တစ်ခုတော့ ကွာခြားတယ်’’

‘‘ဘာကွာခြားတာလဲ အစ်ကို’’

‘‘အစ်ကို့ကို ရန်ရှာအနိုင်ကျင့်မယ့် ရန်သူတော့ မရှိပါဘူး’’

‘‘ညီမမှာတော့ ရှိတယ်အစ်ကို’’

‘‘အစ်ကိုက ဒါတွေကို စဉ်းစားနေတာပေါ့ကွယ်’’

"ညီမ သိပါတယ်၊ အစ်ကိုဟာ တစ်ဖက်သားအပေါ်မှာ တကယ် ကြင်နာသနားတတ်တယ်ဆိုတာ"

ဟန်ကျန်း၏မျက်ခုံးများ မြင့်တက်သွား၏။

"ဘယ်လိုကြောင့် သိတာလဲ"

မိန်းကလေးက ယဲ့ယဲ့ကလေးပြုံးလိုက်၏။

"အစ်ကို မျက်မမြင်ရဲ့သဘာဝတွေကို သိသလား"

"မသိဘူး"

"မျက်မမြင်တွေဟာ မျက်စိမမြင်ရတော့ မျက်စိအစားနားအကြားကို ပိုအားထားရပါတယ်၊ မျက်မမြင်တွေအဖို့ တော်ရုံတန်ရုံအသံကလေးတွေဟာ ကျယ်ကျယ်လောင်လောင် ကြားရတတ်ပါတယ်"

"အင်း....ဆိုစမ်းပါဦး"

"အစ်ကိုဟာ ညီမလိုပဲ အင်မတန် ဆာလောင်မွတ်သိပ်နေတဲ့လူမှန်း ညီမ စားပြီးမှသိခဲ့ရပါတယ်"

"ဘုရားရေ"

"ဟုတ်တယ်၊ ညီမ သိခဲ့ရတယ်၊ ညီမ စားပြီးမှသိရတော့ အင်မတန် စိတ်မကောင်းဖြစ်မိပါတယ် အစ်ကို"

"ဘုရား....ဘုရား"

"ဘုရားမတပါနဲ့ အစ်ကို"

"ညီမ ဘယ်လိုသိတာလဲ၊ အကြောင်းတော့ ရှိမှာပေါ့"

"ညီမ ကြားရတယ်ခရာ၊ အစ်ကို့ဗိုက်ထဲက တကြုတ်ကြုတ် မြည်နေတဲ့အသံကိုပေါ့၊ ညီမနားနဲ့ ဆတ်ဆတ်ကြားရတာပါ၊ နောက်ပြီး အစ်ကိုဟာ ရေချည်းခဏခဏထသောက်



တယ်၊ အကြိမ်ပေါင်း ကိုးခါရေသောက်တယ်၊ ပထမတော့ သတိမထားမိပါဘူး၊ နောက်တော့မှ တဖြည်းဖြည်း သတိထားမိပါတယ်၊ ညီမ သတိထားမိတဲ့အခါတော့ ခေါက်ဆွဲကြော်က ကုန်ပြီ၊ ညီမ စိတ်မကောင်းလိုက်တာ၊ ဒီအခြေအနေမျိုးမှာ ဘယ်သူက ကိုယ်စားမယ့်အစာကို အားလုံးကျွေးပါမလဲ၊ အလွန်ဆုံး တစ်ဝက်ပဲကျွေးမှာပေါ့၊ တစ်ဝက်ကိုတော့ ကိုယ်စားမှာပေါ့၊ ဒါတောင် တကယ်ကျေးဇူးတင်ရမှာပါ၊ အစ်ကိုကတော့ စားပြီးလေဟန်နဲ့ ညီမကို အကုန်ကျွေးခဲ့တယ်၊ ညီမ....ညီမ အသိနောက်ကျခဲ့ပါတယ် အစ်ကိုရယ်"

မိန်းကလေးက မျက်ရည်ကျသွားလေ၏။

ဟန်ကျန်းသည် မိန်းကလေး၏ပါးနပ်မှုကို သိလိုက်သဖြင့် လွန်စွာ အံ့ဩချီးကျူးမိလိုက်သည်။ ဟန်ကျန်းသည် ချီးကျူးမိသော်လည်း မည်သည့်စကားမျှ ပြောမထွက်နိုင်ဘဲ ဖြစ်နေပါသည်။

"အစ်ကို....ညီမပြောတာ ဟုတ်တယ်မဟုတ်လား"

ဟန်ကျန်း သက်ပြင်းချလိုက်သည်။

"ဟင်း....ဟုတ်တယ်လို့ ဝန်ခံရတော့မှာပဲ"

မိန်းကလေး၏မျက်နှာ တည်ကြည်နေသည်။

"ကျေးဇူးတင်ပါတယ် အစ်ကိုရယ်၊ အစ်ကို့စေတနာ၊ အစ်ကို့အကြင်နာတရားတို့ကို ညီမ တစ်သက်လုံးမမေ့ပါဘူး အစ်ကို"

မိန်းကလေး လှိုက်လှဲစွာပြောလေ၏။

“အဲဒါတွေ ထားပါတော့၊ ညီမနာမည် ဘယ့်နှယ်ခေါ်သလဲ”

“ဟုတ်တာပေါ့၊ အစ်ကို ညီမနာမည်ကို သိဖို့လိုတာပေါ့၊ ညီမနာမည် ဝေလင်ယန်းပါ”

“အသက်ကကော”

“ဆယ့်ခြောက်နှစ်ပါ”

“ဘယ်မြို့က လာတာလဲ၊ ဘယ်မှာ နေခဲ့သလဲ”

“အစ်ကို”

မိန်းကလေးက အစ်ကိုဟု တစ်ခွန်းပဲခေါ်သည်။ သူမ ပြောစရာစကားများ ရှိနေပါသည်။ ဟုန်ကျန်းက....

“ညီမ....ဘာလဲ”

“အစ်ကို့ကို ညီမ တောင်းပန်ပါတယ်၊ ခလောလောဆယ်မှာတော့ ညီမကို ဒုက္ခိတတစ်ဦးပဲ ယူဆထားပါဦး အစ်ကိုရယ်၊ တချို့မေးခွန်းတွေကို ညီမ မဖြေပါရစေနဲ့ဦး၊ တစ်ချိန်ချိန်ကျရင်....”

ဟုန်ကျန်း သက်ပြင်းချလိုက်၏။

“အင်းလေ....အစ်ကိုမေးတာတွေ များသွားကောင်း များသွားနိုင်ပါတယ်၊ ညီမ မဖြေချင်လဲရပါတယ်၊ တစ်ခုတော့ အစ်ကို ကတိပေးလိုက်ပါ့မယ်၊ ညီမကို နှမလေးအရင်းတစ်ယောက်လို အစ်ကို စောင့်ရှောက်ပေးပါ့မယ်”

မိန်းကလေးသည် အလွန်တရာ ဝမ်းသာသွားလေ၏၊ ဝမ်းသာပီတိဖြစ်သည့် အရိပ်အယောင်များ မျက်နှာပေါ်၌



ထိသာထင်ရှားစွာ ပေါ်လာသည်။ သူမသည် ဟုန်ကျန်းရှိနေသည့် နေရာသို့ကြည့်ပြီး ဟုန်ယင်စွာပြောလေ၏။

“ဝမ်းသာလိုက်တာ အစ်ကိုရယ်”

ဟုန်ကျန်းသည် ပခုံးကိုသာ တွန့်မိလေသည်။ သူ့၌ ကြီးမားသော စိုးရိမ်ပူပန်မှုကြီး ချက်ချင်း ပေါ်လာတော့သည်။ ယင်းသို့ စိုးရိမ်ပူပန်မှုမှာ လူနှစ်ယောက်စာ အစားအစာကို မည်သို့ရရှိအောင် ကြိုးစားရပါမည်နည်းဟူသော စိုးရိမ်ပူပန်မှုပင် ဖြစ်ပါသည်။

သူတစ်ဦးတည်းအတွက်ပင် ဝတ်တစ်လှည့်ပြတ်တစ်လှည့် ဖြစ်နေရာ ဒုက္ခိတတစ်ယောက် တိုးလာသည့်အတွက် သူ့အဖို့ ဝန်ထုပ်ဝန်ပိုးကြီးတစ်ခု တိုးလာသကဲ့သို့သာ ဖြစ်ကြောင်း သူသိလိုက်မိပါသည်။

သူ့ရင်ထဲ၌ ခဲဆွဲလိုက်သကဲ့သို့ အလွန့်အလွန်လေးလံသွားမိပါတော့သည်။

★

# အခန်း (၄)

## မျောက်ညီနောင်

ထန်းစီးတောင်။

ထန်းစီးတောင်ကြီးသည် အလွန်ရှည်လျားသော တောင်တန်းကြီးဖြစ်ပါသည်။ သစ်ရိပ်ဝါးရိပ် အလွန်ကြီးသည့်တောင်တန်းဖြစ်၏။

ဤတောင်တန်းကြီးသည် ကျန်းနန်နယ် ထန်းစီးမြို့နှင့် နှစ်ရက်ခရီးမျှသာ ကွာဝေးပေသည်။ ထန်းစီးတောင်နှင့် ထန်းစီးမြို့သည် မဝေးကွာလှဟု ဆိုရမည်ဖြစ်သည်။

ထန်းစီးတောင်တန်းသည် သစ်ပင်၊ ဝါးဝင်၊ ချုံနွယ်များ ထူထပ်ပြည့်သိပ်စွာရှိသည်။



ထို့ကြောင့်.... အခြားမှကြည့်လျှင် အခွံခွာထားသည့် ကျောက်စိမ်းတုံးကြီးအလား စိမ်းညို့မှောင်နက်ကာ တည်ရှိသည်။

သပ်ပင်သစ်တောထူထပ်သည့်အလျောက် သားရဲတိရစ္ဆာန်များလည်း ပေါများသည်။ အလွန်နက်ရှိုင်းသော ချောက်ကမ်းပါးကြီးများရှိသည်။ လျှို မြောင်စိမ့်စမ်းများလည်းရှိ၏။

တိတ်ဆိတ်စွာ ဧကစာရီကျင့်လိုသူများ အနှောင့်အယှက်မရှိ သိုင်းပညာ လေ့ကျင့်လိုသူများသည် ဤတောင်တန်းကြီးကို အလွန်နှစ်သက်ကြလေ၏။

ထန်းစီးတောင်တန်းတွင် သတ္တဝါများ အလွန်ပေါ၏။ ထိုသတ္တဝါကား မျောက်သတ္တဝါတို့တည်း။ အခြားတိရစ္ဆာန်များထက် မျောက်က ပိုပေါသည်။ မျောက်အမျိုးမျိုးအစားစား ရှိသည်။

မျောက်သတ္တဝါနှင့် အခြားသတ္တဝါ လုံးဝ မတူပါ။ လူနှင့် နီးစပ်ဆုံးသတ္တဝါကို ပြပါဆိုလျှင် မျောက်သတ္တဝါကို ပြရမည်ဖြစ်ပါသည်။

မျောက်သည် လူတို့၏အပြုအမူအားလုံးနီးပါးကို ခိုးတတ်ကြသည်။ လူလုပ်သမျှ သူတို့ လိုက်လုပ်သည်ချည်း ဖြစ်သည်။

ထို့ပြင် မျောက်သတ္တဝါများသည် အလွန်လှုပ်ရှားသော သတ္တဝါများဖြစ်သည်။

မျောက်များသည် အလွန်ဆော့၏။ ငြိမ်ငြိမ်သက်သက်နေသည့်အခါဆိုသည်မှာ မျောက်သတ္တဝါများအတွက် အလွန်ရှားပါးလှ၏။

မျက်စိနောက်လောက်အောင် လှုပ်ရှားဆော့ကစားတတ်သည့် သတ္တဝါများပေတည်း။

မျောက်များတွင် စွမ်းရည်တစ်ခုရှိသည်။ ထိုစွမ်းရည်ကား သစ်ပင်ထိပ်ဖျားမှနေ၍ တောတစ်ခုလုံးကို ကူးသန်း သွားလာနိုင်ခြင်းတည်း။

တစ်တောလုံးသည် သူတို့၏ခြေဖျားအောက်တွင် ပြားပြားဝပ်နေသည်။

သူတို့သည် အမြင့်တွင်နေရသူများ ဖြစ်သည့်အလျောက် အခြားတိရစ္ဆာန်များလည်း မကြောက်ချေ။ သူတို့ ကြောက်သည်မှာ မြွေကြီးများကိုသာတည်း။

မျောက်နှစ်ကောင်သည် ကြီးမားသောသစ်ပင်ကြီး လှုပ်ရှားယိမ်းထိုးအောင် ဆော့ကစားလျက်ရှိ သည်။

ခုန်လိုက်ဆင်းလိုက်ပြုလုပ်နေပုံမှာ ကြည့်သူတို့ကို မျက်စိရှုပ်စေသည်။

မျောက်ဖြူသည် သစ်ပင်ကြီးတစ်ပင်၏ ပင်စည်ကိုဖက်ကာ အလွန်လျင်မြန်စွာတက်သွား၏။ သစ်ပင်ပေါ်တွင် မျောက်နီတစ်ကောင်ရှိနေသည်။

မျောက်နီ၏လက်ထဲတွင် ရှည်လျားသော ငါးလုံးလေးတစ်လုံးကို ကိုင်ထား၏။

မျောက်ဖြူ သည် မျောက်နီထိုင်နေသည့် သစ်ကိုင်းပေါ်သို့ တစ်ဟုန်ထိုး လှမ်းကူးလိုက်၏။

"ဖြန်း"



ငါးလုံးသည် မျောက်နီပေါ်သို့ ကျရောက်လာ၏။ မျောက်ဖြူက ငါးလုံးနှင့် ရိုက်လိုက်ခြင်းတည်း။

သို့သော် ငါးလုံးမှာ မျောက်နီ အားမရိုက်မိပါ။ မျောက်နီသည် ငါးလုံးကိုဖမ်းဆွဲကာ တစ်ပတ်ကျွမ်း ပစ်လိုက်ပါ၏။ တစ်ဆက်တည်း မျောက်ဖြူကို ကန်ထုတ်ပစ်လိုက်သည်။

လျှပ်တစ်ပြက် ကန်ချက်ကြောင့် မျောက်ဖြူမှာ သစ်ကိုင်းပေါ်မှ ကျသွားလေ၏။

မျောက်ဖြူသည် မြေပြင်ပေါ်သို့ ရောက်သွားသည့်အခါ မျောက်နီကို မော့ကြည့်လေ၏။

မျောက်နီသည် သစ်ပင်ပေါ်မှ ခုန်ချလာပြီး မျောက်ဖြူနှင့် ယှဉ်ရပ်လိုက်သည်။

မျောက်နီက မျောက်ဖြူကိုကြည့်ကာ....

"မင်းရဲ့ ရိုက်ချက်က အားအပြည့်ပါပေမယ့် ရိုက်တဲ့အနေအထားက မှားနေတယ်၊ မင်းက မိုးပြီးရိုက်တော့ မင်းငါးလုံးကို အလွယ်တကူဖမ်းနိုင်တာပေါ့ ငါးကဖြတ်ရိုက်ချင် အလွယ်တကူ မဖမ်းနိုင်တော့ဘူး၊မင်းရိုက်ပုံမှားနေတဲ့အတွက် မင်းအကန်ခံလိုက်ရတာပဲ"

မျောက်ဖြူသည် မျောက်နီ၏ စကားများကို နားစိုက်ထောင်နေလေ၏။

မျောက်ဖြူနှင့်မျောက်နီကို ဘာကသ့်သတ္တဝါဟု ထင်နေကြပါသလား၊ တကယ့်မျောက်သတ္တဝါဖြစ်လျှင်သူတို့လူစကား ပြောနိုင်ကြမည် မဟုတ်ပါ။

လူစကားပြောခြင်းကြောင့် သူတို့လူဖြစ်သည် ဆိုခြင်းကို အခြားသက်သေပြရန် မလိုတော့ချေ။

ထိုမျောက်ဖြူနှင့် မျောက်နီတို့မှာ သိုင်းသမားညီအစ်ကို ပင်။

အဖြူရောင် ဝတ်ဆင်ထားသူမှာ ဖုစံဖြစ်ပြီး ညီဖြစ်လေ၏။

အနီရောင်ဝတ်စုံဝတ်ဆင်ထားသူမှာ ဖုထန်းဖြစ်ပြီးအစ်ကို ဖြစ်လေ၏။

သူတို့ညီအစ်ကိုသည် မျောက်သိုင်း၌ အလွန်ကျော်ကြားသူများဖြစ်ကြသည်။

သိုင်းလောကတစ်ခုလုံးက သူတို့ကို မျောက်ညီနောင်ဟု ခေါ်ဆိုသမုတ်ကြသည်။

ဖုစံနှင့်ဖုထန်းတို့မှာ ဓားသိုင်းတွင် လွန်စွာလျင်မြန်သွက်လက်သူများ ဖြစ်လေ၏။

သူတို့၏ ဓားသိုင်းသွက်လက်သည်မှာ အကြောင်းရှိ၏။ သူတို့၏ ဓားသိုင်းကွက်တွင် မျောက်သိုင်းကွက်ကို ဖြည့်ကာ တိုက်ခိုက်သောကြောင့်ဖြစ်သည်။

ဖုစံနှင့်ဖုထန်းတို့ တီထွင်ထားသည့် ဓားသိုင်းပညာနှင့် မျောက်သိုင်းပညာကို ရေးယူက်လိမ်ထွေးထားခြင်းပင်ဖြစ်သည်။ ဤသို့ ရောယှက် လိမ်ထွေးထားသဖြင့် တစ်ဖက်ရန်သူမှာ မျက်စိနောက်ပြီး မည်သို့ ခုခံရမည်မှန်း မသိတော့ချေ။

သူတို့၏ သိုင်းပညာသည် ထူးခြားမှု ရှိသည်ကတော့ အမှန်ပင်။



ထို့ကြောင့် သိုင်းလောက၌ ထိုညီနောင် နှစ်ယောက် ထိုက်ထိုက်တန်တန် နေရာရရှိလာခြင်းဖြစ်သည်။

သူတို့နှစ်ဦး၏ဆရာမှာလည်း လွန်ခဲ့သည့် ဆယ့်ငါးနှစ်က သိုင်းလောကတွင် လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သူ ဖြစ်သည်။ သူသည် အလွန်တီထွင်သူ ဖြစ်၏။

မျက်စိနှင့်နားကို အလကားထားသူမဟုတ်ပေ။

သူသည် မျောက်များ၏ သဘာဝကိုလေ့လာကာ တိုက်ကွက်အမျိုးမျိုးကို ဖန်တီးခဲ့သူဖြစ်၏။

သူ့တီထွင်ချက်မှာလည်း ပေါက်မြောက်အောင်မြင်သည်။ ထိုသိုင်းကွက်များဖြင့် ထိပ်တန်း သိုင်းပညာရှင် တော်တော်များများကို အနိုင်ယူခဲ့သည်။

ဖုစံနှင့်ဖုထန်းတို့ ညီအစ်ကိုသည် ထိုပညာကို လိုချင်လွန်းသဖြင့် ဆရာ့ကို ခြေဆုပ်လက်နယ်ပြုကာ ငါးနှစ်လုံးလုံးပင် အပင်ပန်း အဆင်းရဲခံပြီး သင်ကြားခဲ့ကြသည်။

ဆရာကလည်း သူတို့ညီနောင်ကို တပည့်အဖြစ်လက်ခံပြီး သင်ကြားပေးသည်။

မျောက်သိုင်း ပညာရှင်မှာ မျောက်များကို အလွန် ချစ်ခင်မြတ်နိုးသူ ဖြစ်၏။

သူ့ပညာရပ်သည် မျောက်သတ္တဝါများကိုမှီပြီး ကြီးပွားတိုးတက်ခဲ့ရသည် မဟုတ်ပါလား။

သူသည် သူချစ်ခင်မြတ်နိုးသော မျောက်များကို မျက်ခြည်မပြတ် အကဲခတ် အတုခိုးသော၏။

အဟိတ်တိရစ္ဆာန်ပင် ဖြစ်သော်လည်း ရန်သူအား ခုခံကာကွယ်ရာတွင် စည်းစနစ်ရှိသည်ကို တွေ့ရှိရသည်။

ထိုတွေ့ရှိချက်မှ ထူးခြားသည့် မျောက်သိုင်း ပညာကို တီထွင်ခဲ့ခြင်းဖြစ်သည်။

မျောက်သတ္တဝါများ၏ အခြေခံကာကွယ်ချက်ကို မူတည်၍ လူ၏စိတ်ကူး တီထွင်ချက်တို့ ပေါင်းစပ်လိုက်သောအခါ ထူးခြားထက်မြက်သည့်ပညာ ဖြစ်လာတော့သည်။

မျောက်ညီနောင်ဟု အမည်ရသော ဖုစံနှင့်ဖုထန်းတို့သည်လည်း မျောက်သတ္တဝါ အလွန်ပေါသည့် ဤ ထန်စီးတောင်တန်းကြီးကို အလွန်နှစ်သက်လေသည်။

သူတို့သည် မျောက်များနှင့် နီးနီးကပ်ကပ် နေထိုင်ပြီး သိုင်းပညာအမျိုးမျိုးကို လေ့လာတီထွင် နေကြခြင်းဖြစ်၏။

ထိုညီအစ်ကိုနှစ်ဦး တိုက်ခိုက်နေပုံကို အဝေးမှကြည့်မည်ဆိုလျှင် မျောက်နှစ်ကောင် တိုက်ခိုက်နေသကဲ့သို့ ကြည့်မြင်ကြရမည်ဖြစ်သည်။

သူတို့၏ပုံဟန်မှာ မျောက်များ၏ ပုံပန်းသဏ္ဌာန်အတိုင်းပင် ဖြစ်သည်။

အနီရောင် ဝတ်စုံဝတ် ဖုထန်းက အဖြူရောင်ဝတ်စုံဝတ်ဖုစံကို လေ့ကျင့်သင်ကြား ပေးနေခြင်းဖြစ်သည်။

မှားကွက်ဟာကွက်များကို ဖုထန်းက ထောက်ပြနေခြင်းဖြစ်သည်။

ညီအစ်ကိုနှစ်ဦး အမောဖြေနေကြစဉ် ခြေသံတစ်သံကို ကြားလိုက်ရလေ၏။



ဖုစံနှင့် ဖုထန်းတို့သည် ခြေသံ ကြားလိုက်ရသောအခါ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေ၏။ အစ်ကိုဖြစ်သူ ဖုထန်းက ညီဖြစ်သူ ဖုစံအား ကြည့်လိုက်သည်။ အသံ မထွက်ရန် အချက်ပြသည်။ ညီဖြစ်သူဖုစံက ခေါင်းညိတ် ပြလေ၏။

"ဖတ်"

ထိုအချိန်မှာပင် လူတစ်ယောက်သည် သူတို့ရှေ့သို့ ခုန်ပျံရောက်ရှိလာလေ၏။

ထိုသူအားတွေ့သည်နှင့် ဖုစံ၏နှုတ်မှ လွှတ်ခနဲ ရေရွတ်မိသည်။

"လိုဖန့်"

လိုဖန့်ဟု အခေါ်ခံလိုက်ရသူမှာ အသက် ငါးဆယ်ခန့်ရှိပြီး ခန့်ညားသူ လူထွားကြီးတစ်ဦး ဖြစ်သည်။ ထိုလူကြီးက အသာအယာပြုံးရင်း ခေါင်းညိတ်သည်။

"မင်းတို့ ဘယ်ဆိုးလို့လဲ၊ ငါ့ကိုတော့ မှတ်မိသားပဲ"

ထိုစဉ်မှာပင် အညိုရောင်ကိုယ်ကျပ်အင်္ကျီများ ဝတ်ဆင်ထားသော လူနှစ်ယောက်သည် လိုဖန့်၏နောက်မှ ထွက်ပေါ်လာကြလေ၏။

လိုဖန့်၏ လက်ရုံးတပည့်များဖြစ်သည်။ လိုဖန့် သေရေးရှင်ရေး ကြုံရသောအခါ ထိုတပည့်များက အသက်ကိုပင်ခေါန မထားဘဲ ဝင်ရောက်ကူညီလေ့ရှိကြသည်။

ဖုထန်းနှင့် ဖုစံတို့မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြလေ၏။ သူတို့မျက်နှာများမှာ လိုဖန့် ရောက်လာသည့်အတွက် အံ့အားသင့်နေသည့်ပုံစံမျိုး ဖြစ်နေသည်။

လိုဖန့်က ခပ်ပြုံးပြုံးကြည့်ရင်း....

"ဘယ့်နှယ်လဲ မျောက်ညိုခနောင်"

"ဘာများလဲခင်ဗျာ"

"ငါတို့ ဆူဆူပူပူမလုပ်ကြဘဲ အေးအေးဆေးဆေး ဆွေ
နွေးရင် ကောင်းမယ်ထင်တယ်"

ဖုစံက ယောင်တီးယောင်တဖြင့် ခေါင်းညိတ်လေ၏။

"ဟုတ်...ဟုတ်ကဲ့၊ အစ်ကိုကြီးက ဘာလိုချင်လို့လဲ"

လိုဖန့်၏မျက်နှာသည် တင်းမာခက်ထန်သွား၏။

"ဘယ်မှာလဲ ကောင်မလေး"

"ဗျာ"

ဖုစံ ပါးစပ်အဟောင်းသား ဖြစ်သွားလေ၏။

သူသည် ကြောင်အမ်းအမ်းဖြစ်သွားသဖြင့် ဘာပြန်ပြေ
ရမည်ကို မသိနိုင်အောင်ဖြစ်သွားသည်။

လိုဖန့်သည် ဖုစံနှင့်ဖုထန်းတို့၏မျက်နှာကို စေ့စေ့စပ်
အကဲခတ်လိုက်၏။

"ဘာ ဗျာနေတာလဲ၊ ခု မင်းတို့က ငါ့လိုလူတစ်ယော
ကို လိမ်လို့ညာလို့ ရမယ်ထင်သလား၊ ဘယ်တော့မှ လိမ်
ညာလို့ မရဘူးကွ"

ဖုစံက ရှေ့တိုးလိုက်၏။

"ကျုပ်တို့က အစ်ကိုကြီးပြောတဲ့စကားကို ဘာမှ နာ
မလည်လို့ပါခင်ဗျာ၊ စိတ်မဆိုးပါနဲ့"

ဖုစံ၏အပြောက ချိုသာလွန်းလှသည်။ လိုဖန့်က မဲ့ပြ
လေးဖြင့်....



"မင်းတို့ကို ငါပြောမယ်၊ ငါ့စကားကို သေသေချာချာ
နားထောင်၊ မင်းတို့ အသက်ရှည်ရှည်နေချင်တယ်ဆိုရင် ငါ့
ကို ဇွတ်လည်ကြောင်ပတ်မလုပ်နဲ့၊ ငါ ဒါပဲပြောချင်တယ်"

လိုဖန့်၏အသံက အေးစက်မာကျောလှသည်။ သူ့စကား
များက ခြိမ်းခြောက်သည့်စကားများဖြစ်သည်။

ဖုထန်းက ဖုစံကို လှမ်းကြည့်သည်။ ဖုစံက ပခုံးတွန့်ပြ၏။
လိုဖန့်ပြောသည့်စကားများကို သူ ဘာမျှမသိဟူသည့် ပုံစံမျိုး
ပင်။

"အစ်ကိုကြီးပြောတဲ့ ကောင်မလေးဆိုတာ ဘယ်သူပါ
လိမ့်ခင်ဗျာ၊ ကျွန်တော်တို့ လုံးဝ သဘောမပေါက်ကြပါ
ဘူး၊ အစ်ကိုကြီး ရှင်းပြမှသိမှာပါ"

ဖုထန်းက တောင်းတောင်းပန်ပန်ပြောလိုက်သည်။ လိုဖန့်
က မျက်မှောင်ကုတ်ပြီး....

"ဘယ်က ကောင်မလေးလဲ၊ ဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော်တို့ လုံးဝစဉ်းစားမရ
လို့ပါ၊ တမင်ပြောနေတာ မဟုတ်ပါဘူး"

"ဒါဖြင့်ရင် မင်းတို့ကို အချိန်ပေး စဉ်းစားခိုင်းရတော့
မှာပေါ့ကွာ၊ ဟိုး လွန်ခဲ့တဲ့ငါးနှစ်က မိုးသည်းည တစ်ညကို
မင်းတို့ ပြန်စဉ်းစားလိုက်စမ်း"

"မိုးသည်းသည်းည၊ ဟုတ်လား"

ဖုစံသည် သူ့အတွေးများကို လွန်ခဲ့သည့် ငါးနှစ်ဆီသို့
ဖြန့်ကြက်လိုက်၏။

"ဘာလဲ...မင်းတို့ မမှတ်မိတော့ဘူးလား"

လိုဖန်က ခပ်ငေါက်ငေါက်မေးလိုက်လေ၏။

ဖုစ်နှင့်ဖုထန်း ပျာပျာသလဲဖြစ်သွား၏။

"ဟုတ်...ဟုတ်ကဲ့၊ မှတ်မိပါတယ်၊ မှတ်မိပါတယ်"

သူတို့သည် လွန်ခဲ့သောငါးနှစ်ဆီက အဖြစ်အပျက်များကို ပြန်လည်မှတ်မိလိုက်ကြလေ၏။

★

## အခန်း (၅)

## အတိတ်ထိုက်ခွဲ

ငါးနှစ်....

လွန်ခဲ့သည့် ငါးနှစ်။

မိုးသည်းထန်စွာ ရွာသွန်းနေ၏။ လေသည်လည်း တဟီးဟီး တိုက်ခတ်နေ၏။

မိုးများ တဝုန်းဝုန်းရွာနေသဖြင့် မိုးကြီးပြိုကျလာပြီလားဟု ထင်မှတ်မှားရသည်။

ပတ်ဝန်းကျင်တစ်ခုလုံး မည်းမှောင်နေသည်။ မိုးသံလေသံများကသာ လွှမ်းခြုံထားသည်။

မြို့စားကြီးကျိမင်း၏ ဂေဟာမှာ မိုးလေအကြားၐွ် ထီးထီးမားမားကြီး ရပ်နေသည်။ ပြင်ပၐွ် တဝုန်းဝုန်းတဗိုင်းဗိုင်း

ဆူညံနေသော်လည်း မြို့စားကြီး၏ဂေဟာအတွင်း၌မူမီးရောင်များ ထိန်ထိန်ညီးနေ၏။

"ဝုန်း"

"ဂျိမ်း....ဂျလိမ်း....ဂျိုင်း"

မိုးခြိမ်းသံနှင့် လျှပ်ပြက်မှုများ မြိုးမြက်ခနသည်။

"ဝှီး"

"ဝှစ်....ဝှစ်"

"ရှမ်း....ရှမ်း....ရှမ်း"

မိုးခြိမ်းသံနှင့်အတူ ခုတ်ထစ်တိုက်ခိုက်သံများ ထွက်ပေါ်လာလေ၏။

မြို့စားကြီးနှင့်အတူညစာသုံးဆောင်နေကြသော မိတ်ဆွေတစ်စုသည် ခြေဦးတည့်ရာ ကစဥ့်ကလျား ပြေးလွှားသွားရတော့၏။

နာမည်ကျော်ကြားသည့် မြို့စားကြီးဂေဟာမှ ထိပ်သီးသိုင်းသမားများသည် ရန်သူများ ဝင်မလာစိမ့်သောငှာ အသက်ကို ပဓာနမထားဘဲ ရှုပ်ရှုပ်ချုံချုံ ခုခံနေကြလေသည်။

ဂေဟာမှာ မြနှင့်ဝင်းနှင့် အုတ်တံတိုင်းနှင့် ဖြစ်သည်။ အဝင်အဝတံခါးမကြီးတွင် ထိပ်သီးသိုင်းသမားခုနစ်ယောက်သည် ရန်သူများကို အသေအခကျ ခုခံကာကွယ်နေကြရ၏။ မိုးသီးမိုးပေါက်များကလည်း မညှာမတာ သူတို့အပေါ်သွန်ချနေသည်။

သို့သော် ရန်သူများကိုအိမ်ရှင်သိုင်းပညာရှင်များကမခုခံနိုင်ပါ။



အဘယ်ကြောင့်ဆိုသော် ရန်သူသိုင်းသမားများများပြားလွန်းသောကြောင့် ထက်မြက်သော သိုင်းပညာရှင်များကဦးဆောင်ပါလာသည်။

သူတို့သည် မည်သို့မျှခုခံကာကွယ်နိုင်ခြင်း မရှိကြ။မြို့စားကြီး ဂေဟာမှ အစောင့်များမှာ တစ်ယောက်ပြီးတစ်ယောက် လဲကျသေဆုံးကုန်ပါသည်။

"ဝေါ....ဝေါ....ဝေါ"

"ဂျိမ်း....ဒလိမ်း....ဂျိမ်း"

မိုးကတော့သဲသဲမဲမဲရွာသွန်းနေဆဲပါ။မြို့စားကြီးဂေဟာမှ သိုင်းသမားများ၏ သွေးများသည် မိုးရေနှင့်အတူ စီးမျောပါသွားကြသည်။

ရန်သူများသည် အဝင်တံခါးမကြီးကို ကျော်လွန်လာသောအခါ ဂေဟာအဝတွင် စောင့်နေသော ကိုယ်ရံတော်များနှင့် ရင်ဆိုင်မိကြ၏။

ကိုယ်ရံတော်တပ်သားများသည် ဓားကိုယ်စီ ဆွဲထုတ်ပြီး ကြံ့ကြံ့ခံ ရပ်နေကြသည်။ သူတို့သည် သစ္စာရှိ သူရဲကောင်းများ ဖြစ်သည်။

အသက်သေပါစေ၊ အရှက်နှင့် အသက်ရှင်မည့်သူများ မဟုတ်ကြပါချေ။

မြို့စားကြီး၏သက်ရှိုး မြို့စောင့်တပ်မှူး အောင်ချန်းသည် အခြေအနေ သိပ်ပြီး ပုံမပေါ်သည်ကို တွေ့ရှိရပြီး ဖြစ်ပေသည်။

တံခါးဝမှ အစောင့်များက အားလုံးကျကုန်ပြီ။ ဝင်လာသည့် ရန်သူသိုင်းသမားများမှာ သိုင်းပညာထက်မြက်လှပါသည်။

ဒါတွေကို အောင့်ချွန်းသိသည်။

သူသည် မြို့စားကြီးထံသို့ အလျှင်အမြန် ပြေးဝင်သွားလေ၏။

မြို့စားကြီးသည် အိမ်သူအိမ်သားများနှင့်အတူ သီးသန့်ခန်း၌ စုဝေးနေနေသည်။

အောင့်ချွန်းသည် ကမန်းကတန်းဝင်လာ၏။

မြို့စားကြီးက....

''အခြေအနေ ဘယ်လိုလဲဟေ့''

အောင့်ချွန်းက....

''အခြေအနေ သိပ်မကောင်းပါဘူး မြို့စားကြီး၊ ကျွန်တော့်အနေနဲ့ အကြံပေးချင်တာ တစ်ခုရှိပါတယ်ခင်ဗျာ''

မြို့စားကြီးသည် မျက်မှောင်ကြုတ်ပြီး မေးလိုက်သည်။

''ပြော''

''မြို့စားကြီးတို့မိသားစုတွေ ဒီက အမြန်ဆုံးရှောင်ထွက်သွားပါခင်ဗျာ၊ ကျွန်တော်တို့ အသေခံ တိုက်ထားပါ့မယ်''

မြို့စားကြီးသည် အောင့်ချွန်းအား ဒေါသထွက်သွားလေသည်။

''ဘာပြောတယ်''

''ဒီ....ဒီဂေဟာက....''

''ငါက ရှောင်ထွက်သွားရမယ် ဟုတ်လား''



မြို့စားကြီး၏အသံသည် ဟိန်းထွက်သွား၏။ အောင့်ချွန်းခေါင်းငုံ့သွားသည်။

''ကျွန်တော်....ကျွန်တော် စိုးရိမ်....''

''နေစမ်းပါဦး၊ ဒီကောင်တွေက ဘာအတွက်လာတိုက်ကြတာလဲ၊ ဒီအကြောင်းရင်းများ ငါသိစမ်းပါရစေဦး''

အောင့်ချွန်းက အကြိတ်ရင်း ပြောလိုက်၏။

''လိုဖန့်ကိုယ်တိုင်ဦးစီးလာတယ် ဆိုကတည်းက ဘယ်သူ့စနက်လဲဆိုတာ မြို့စားကြီး သိနိုင်ပါတယ်ခင်ဗျာ''

''မန်ချူး''

''ဟုတ်ပါတယ်ခင်ဗျာ၊ မြေကြီးလက်ခတ်မလွဲ မန်ချူးတွေရဲ့ စနက်ပဲဖြစ်ပါလိမ့်မယ်၊ ဒီကောင်တွေဟာ မြို့စားကြီးရဲ့မိသားစုအားလုံးကို ဒုက္ခပေးပါလိမ့်မယ်''

အောင့်ချွန်းက သူ့ထင်မြင်ချက်ကို ပြောပြလေ၏။ မြို့စားကြီးသည် ဇနီးဖြစ်သူ လျှူအန်းကို လှမ်းကြည့်လိုက်လေသည်။

ထို့နောက် အောင့်ချွန်းဘက်သို့ ခေါင်းပြန်လှည့်လာသည်။ သူသည် အောင့်ချွန်းအား အမိန့်ပေးလိုက်၏။

''အောင့်ချွန်း''

''ဟုတ်ကဲ့....အမိန့်ရှိပါ''

''သူတို့သားအမိကို ဂေဟာမှူးကြီးနဲ့အတူ ရှောင်တိမ်းပါစေ၊ အစောင့်တစ်ယောက်လဲ ထည့်ပေးလိုက်ပါ''

အောင့်ချွန်း စိတ်မသက်မသာ ဖြစ်သွားသည်။ သူသည် မြို့စားကြီးကို ဘေးမသီရန်မခဖြစ်စေချင်သည်။

အောင်ချွန်းက....

''မြို့စားကြီးခင်ဗျာ၊ ကျွန်တော့်သဘော ပြောရရင်တော့ မြို့စားကြီးကိုယ်တိုင် မရှောင်တိမ်း....''

မြို့စားကြီးသည် လက်ကာပြလေ၏။

''မင်းအကြံပေးတာတွေ တော်စမ်းပါ၊ ငါပြောသလို မင်း လုပ်စမ်းပါ၊ သူတို့နဲ့အတူ မိုးကြိုးဓားနှစ်လက်ကိုပါ ထည့်ပေးလိုက်ပါ''

အောင်ချွန်းသည် ချက်ချင်းပင် နောက်သို့ လှည့်လိုက်၏။

သူ့နောက်တွင် သူ့တပည့်ငါးဦး ခစားနေကြသည်။ ၎င်းဂေဟာရှိ အစောင့်များ အားလုံး သစ္စာရှိကြသည်။

''မျောက်ညီနောင်၊ သခင်မကြီးတို့ သားအမိနဲ့ ဂေဟာမှူးကြီးကို အသက်နဲ့လဲပြီး ကာကွယ်စောင့်ရှောက်လိုက်ပါ၊ ဒါ အမိန့်ပဲ''

မျောက်ညီနောင်ဟု အခေါ်ခံရသူများမှာ ဖုထန်းနှင့် ဖုစံတို့ ဖြစ်ကြသည်။ သူတို့လည်း သစ္စာရှိ တပ်သားများ ဖြစ်ပါသည်။

မျောက်ညီနောင်က ခေါင်းညိတ်၏။

''ဟုတ်ကဲ့....စိတ်ချပါ၊ ကျွန်တော်တို့ အသက်နဲ့လဲပြီး စောင့်ရှောက်လိုက်ပါမယ်''

ဂေဟာမှူးကြီးဝမ်သည် အလွန် အရေးကြီးသော အချိန်အခါ ဖြစ်နေသည်ကို သိသည်။ သူသည် ကတ္တီပါအိတ်နှင့် ထည့်ထားသော ဓားနှစ်လက်ကို ဆွဲထုတ်ယူလာသည်။



မြို့စားကြီးက....

''သိပ်အရေးကြီးတဲ့အချိန် ငါစကားနည်းနည်း ပြောမယ်''

အားလုံး ငြိမ်သက်စွာ နားထောင်နေမိသည်။

''ဒီဓားနှစ်လက်ဟာ ဘယ်လောက်အဖိုးတန်တယ်ဆိုတာ ငါ မပြောလိုတော့ဘူး၊ ငါပြောချင်တာက မင်းတို့ ဒီဓားနှစ်လက်ကို အသက်စွန့်ပြီး ကာကွယ်ကြပါ၊ တစ်နေ့ တိုင်းပြည်ရဲ့ ရန်စွယ်မှန်သမျှကို တွန်းလှန်မယ့် သူရဲကောင်းကို တွေ့ရင် ဒီဓားတွေကို ပေးလိုက်ပါ၊ သူတို့ ဒီဓားနှစ်လက်နဲ့ တိုင်းပြည်ရဲ့ ရန်စွယ်မှန်သမျှကို ချေမှုန်းပါစေ''

မြို့စားကြီး၏စကားလည်းဆုံး တံခါးကြီးလည်း ဝုန်းခနဲ ပွင့်သွားသည်။

''ဝုန်း''

''ဟာ....ရန်သူတွေ''

အောင်ချွန်းက အော်လိုက်သည်။

''ထွက်ပြေးဖို့ ကြိုးစားပါနဲ့ မြို့စားကြီး၊ မြို့စားကြီးကို ကျုပ်တို့လူတွေ ဝိုင်းထားပြီးပါပြီ''

ရန်သူအကြီးအကဲ လိုဖန့်က ပြောလိုက်ခြင်း ဖြစ်ပါ၏။

မြို့စားကြီးသည် ဇနီးဖြစ်သူနှင့် ဂေဟာမှူးကြီး ဝမ်တို့ကို မျက်ရိပ် ပြလိုက်သည်။ စောစောက ပြောထားသည့်အတိုင်း ဆက်လုပ် ဟူသည့် သဘောပင်။

သို့သော် မြို့စားကြီး၏ဇာနီးသည် ခန်းမထဲမှ ထွက်ခွာခြင်း မပြုပေ။ သမီးဖြစ်သူကို ဂေဟာမှူးကြီးဝမ်၏ လက်ထဲသို့ ထည့်လိုက်သည်။

"ရှမ်း"

သူမသည် ဓားတစ်လက်ကို ဆွဲထုတ်လိုက်သည်။ မြို့စားကြီးနှင့်အတူ သေသေရှင်ရှင် တိုက်ပွဲဝင်တော့မည်ကို သူမ အချက်ပြလိုက်သည်။

ထိုအချိန်တွင် ရန်သူများဘက်မှ စစ်ကူ ထပ်မံ ရောက်ရှိလာသည်။ ကြာလျှင် အခြေအနေ ပိုမိုဆိုးရွားလာမည် ဖြစ်ကြောင်း သိလိုက်သည်။

မြို့စားကြီး၏ အစောင့် စစ်သည်ရဲမက်တော် အားလုံးသည် ဓားများကို ဆွဲထုတ်၍ ရန်သူများကို တိုက်ခိုက်တော့သည်။ တိုက်ပွဲခေါ်သံ အော်သံများသည် ပွက်လောညံသွားလေတော့သည်။ ဖုထန်းနှင့် ဖုစံ မျောက်ညီနောင်တို့သည် ထွက်ပေါက်ရရှိရန် အသေအလဲ ခုခံတိုက်ခိုက်ကြသည်။

မြို့စားကြီး၏လက်ရုံးဖြစ်သော အော့ချန်းက လိုဖန့်ကို သဲသဲမဲမဲတိုက်ခိုက်လေသည်။ သို့ရာတွင် လိုဖန့်၏ သိုင်းပညာမှာ ထက်မြက်လှသဖြင့် သူ့အား ဒဏ်ရာအနာတရရရှိစေရန် မည်သို့မျှမတတ်နိုင်ဘဲဖြစ်နေသည်။

လိုဖန့်အားဝိုင်းတိုက်နေသည့် အစောင့်တပ်သားများသာ လဲကျ သေဆုံးကုန်သည်။



လိုဖန့်သည် အခြား အစောင့်များကို တိုက်ခိုက်နေစဉ် ဂေဟာမှူးကြီးဝမ်သည် မြို့စားကြီး၏သမီးကလေးကို ခေါ်ကာ ထွက်ပြေးသွားတော့သည်။

"ဟေ့....တစ်ယောက်မှ မလွတ်စေနဲ့"

လိုဖန့်က လှမ်းအော်လိုက်သဖြင့် ရန်သူများသည် ဂေဟာမှူးကြီး ဝမ် နောက်သို့ တရကြမ်း တိုက်ခိုက်ကြလေတော့၏။

မျောက်ညီနောင်တို့သည် အသက်ကို ပဓာနမထားဘဲ သမီးတော်ကလေး လွတ်မြောက်စေရန် ကာကွယ် တားဆီး တိုက်ခိုက်လေတော့သည်။

လိုဖန့်သည် ကိုယ်တိုင် ဂေဟာမှူးကြီးနောက်သို့လိုက်ချင်သည်။ သို့သော် အော့ချန်းက ပိတ်ဆို့ တိုက်ခိုက်နေသဖြင့် မလိုက်နိုင်ဘဲ ရှိနေရသည်။

လိုဖန့်သည် မြို့စားကြီးရှိရာသို့ လျှပ်တစ်ပြက် ခုန်ဝင်တိုက်ခိုက်ပြီး မြို့စားကြီးကို ချုပ်ကိုင်လိုက်တော့သည်။ ထိုစဉ် အော့ချန်းသည် လိုဖန့်၏နောက်ကျောကို ဓားဖြင့် ဆိုးသွင်းလိုက်သည်။ မျက်စိရှင်သော လိုဖန့်က သူ၏ ဓားရှည်ဖြင့် အော့ချန်းအား ထိုးသွင်းလိုက်သည်။

"အား...."

အော့ချန်း၏ အော်သံကြီးသည် မိုးလေနှင့်အပြိုင် ထွက်ပေါ်လာလေ၏။

မြို့စားကြီး ကျိုမင်းသည် သူ့အတွက် သူ့လက်အော
ငယ်သား အသက်များစွာဆုံးရှုံးရသည်ကို မြင်ရသောအခါ
အကြီးအကျယ် စိတ်မကောင်း ဖြစ်သွားလေ၏။ ဆက်လ
တိုက်ခိုက်လျှင် ပို၍ အကျအဆုံးများတော့မည်ကို သိ
သည်။ ထို့ကြောင့် လက်နက်ချ အဖမ်းခံလိုက်လေတော့
တိုက်ပွဲကား ပြီးဆုံးသွားလေပြီ။

★

## အခန်း (၆)

### မျောက်ညီနောင်၏ တွန်းထုန်ချက်

လိုဖန့်သည် မျောက်ညီနောင်ကို လှမ်းကြည့်လိုက်လေ၏။ မျောက်ညီနောင် စဉ်းစားတွေးတောနေခြင်းကို သူ အချိန်ပေးထား ခြင်းဖြစ်၏။ ယခုလောက်အချိန်ပေးလျှင် လုံလောက်ပြီဟု ယူဆသည်။

"ဘယ့်နှယ်လဲဟေ့....မင်းတို့ ပြန်စဉ်းစားနိုင်လောက်ပြီနဲ့တူတယ်"

ဖုစံက ခေါင်းညိတ်ပြလေ၏။

"ကျွန်တော် သတိရပြီ အစ်ကိုကြီး၊ ဒါပေမယ့် မြို့စားကြီးရဲ့ သမီးလေးနဲ့ ဂေဟာမှူးကြီးဝမ် အဲဒီ အချိန်က တည်းက အစ်ကိုကြီးတို့ ပြန်ဖမ်းမိသွားတယ် မဟုတ်လား"

ဖုစံ၏စကားက လိုဖန့်ကို မျက်မှောင်ကုတ်သွားစေ၏။

"မင်း ဆိုလိုတဲ့ သဘောက မြို့စားကြီးရဲ့ သမီးတော်ကလေးနဲ့ မင်းတို့ အဲဒီအချိန်ကတည်းက ကွဲသွားခဲ့တယ်ဆိုပါတော့၊ ဟုတ်လား"

ဖုစံက ပျာပျာသလဲခေါင်းညိတ်သည်။

"ဟုတ်....ဟုတ်ကဲ့၊ အဲဒီအချိန်ကတည်းက ကွဲကွာသွားတာပါခင်ဗျာ၊ မြို့စားကြီးရဲ့ သမီးတော်ကလေးကို ကျွန်တော်တို့ လုံးဝမတွေ့ကြရတော့ပါဘူး"

လိုဖန့်က ဟက်ဟက်ပက်ပက် ရယ်မောလိုက်၏။ သူသည် မျောက်ညီနောင်တို့၏စကားကို လုံးဝ ယုံကြည်ဟန်မတူပေ။ မယုံကြည်ခြင်းမှာလည်း အကြောင်းရှိသည်။

သူသည် အောချန်းနှင့် မြို့စားကြီးတို့နှင့် တိုက်ခိုက်နေသည့်တိုင် မျက်လုံးများက ဂေဟာမှူးကြီးနှင့် သမီးတော်ကလေးတို့ကို အလွတ်မပေးခဲ့ချေ။ မည်သို့ခိုကပ်နေပုံ၊ မည်သို့ ပြေးထွက်သွားပုံ၊ မျောက်ညီနောင်က မည်သို့ အကာအကွယ်ပေးနေပုံ စသည်တို့ကို မြင်နေရသည်။

သူ၏ ဘက်တော်သားများသည် ဂေဟာမှူးကြီး ဝမ်ကို အပြင်းအထန်တိုက်ခိုက်ရန် ကြိုးစားနေသည့်တိုင် ထိုတိုက်ခိုက်မှုများကို မျောက်ညီနောင်က သက်စွန့်ဆံဖျား တွန်းလှန်ထုတ်နေ၏။ ထို့ကြောင့် တိုက်ကွက်များမှာ အရာမရောက်ဘဲ ဖြစ်နေသည်။



ဂေဟာမှူးကြီးဝမ်ကတော့ သမီးတော်ကလေးကိုသာ ဂရုစိုက်နေသည်။ သူ့အသက် ရှင်ရေးထက် သမီးတော်ကလေး အသက်ရှင်ရေးကိုသာ ဂရုစိုက်နေ၏။

သူသည် ပြေးပေါက်ကိုသာ ကြည့်နေ၏၊ ဤသို့ဖြင့် ဂေဟာမှူးကြီးသည် မျက်စိအောက်မှ ပျောက်သွားခဲ့သည်။

ထို့ကြောင့် လိုဖန့်သည် မျောက်ညီနောင်၏ စကားကို ယုံခြင်းဖြစ်သည်။ မျောက်ညီနောင်တို့သည် လက်နက်ချ ဖမ်းခံသူများထဲတွင်လည်း မပါဝင်ခဲ့ချေ။

သူသည် ရှေ့သို့တိုးသွားလေသည်၊ မျောက်ညီနောင်တို့ မျက်နှာချင်းဆိုင်သောအခါ ရပ်တန့်သွားသည်။

"လိမ်မယ်ဆိုရင် ပိပိရိရိ လိမ်ကြစမ်းကွာ၊ မပိပိရိရိလိမ်တော့ အလိမ်ခံရတဲ့လူက ရယ်ချင်တယ်"

ထိုအခါ စကားတစ်ခွန်းမျှဝင်ရောက်မပြောခဲ့သည့် ဖုထန်း...

"ကျွန်တော်တို့ အမှန်အတိုင်း ပြောနေတာပါခင်ဗျား၊ မြို့စားကြီးရဲ့ ကိစ္စနဲ့ပတ်သက်လို့ ကျွန်တော်တို့ အခုအချိန်ထိတာမှမသိရတော့ပါဘူး နောက်ဆုံး မြို့စားကြီးအဖမ်းခံသွားရတယ် ဆိုတာတော့ မြင်လိုက်ပါတယ်"

လိုဖန့်က....

"အခု မြို့စားကြီးတို့လင်မယား ဘယ်မှာရှိတယ်ဆိုတာ မင်းတို့ သိကြရဲ့လား"

ထိုစကားသည် အံ့သြစရာစကားပင်။ မျောက်ညီနောင်သည် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။

''မြို့စားကြီးတို့ လင်မယားကို အစ်ကိုကြီးပဲ ဖမ်းသွ
တယ် ဟုတ်လား၊ ခုလောက်ဆိုရင် သူတို့နှစ်ယောက် တ
မှာ အသက်ရှင်လျက် ရှိတော့မှာလဲဗျာ၊ အားလုံး အရင်
သိထားကြတဲ့အတိုင်း ရှိတာပဲ''

လိုဖန့်၏မျက်နှာသည် တင်းမာသွား၏။

''မင်းတို့ သိလျက်သားနဲ့ ဘာမသိချင်ယောင် ဆောင်
တာလဲ''

ဖုစံက ပျာပျာသလဲပြောသည်။

''မဟုတ်ပါဘူး အစ်ကိုကြီးရယ်၊ ကျွန်တော်တို့ ကြ
ထားရတဲ့သတင်းကို ပြောတာပါ''

လိုဖန့်သည် မျက်မှောင်ကြုပ်ပြီး စဉ်းစားလိုက်၏။

မျောက်ညီနောင်တို့သည် သိုင်းလောကမှ ပျောက်ကွ
သွားသည်မှာ ကြာပြီ။ သူတို့ သတင်းမရဆိုသည်မှာ မှန်က
နိုင်သ ။

လိုဖန့်က...

''မင်းတို့အရှင်သခင် မြို့စားကြီးမောင်နှံဟာ အသ
မသေသေးဘူးဆိုရင် မင်းတို့ အံ့ဩမလား''

မျောက်ညီနောင်သည် မျက်လုံးများ ဝိုင်းစက် မြူးက
သွားေ ၏။ မန်ချူးတို့သည် ဖမ်းဆီးရမိသော မြို့စား
ထဲပ်တန်းသိုင်းသမားများကို မည်သည့်အခါ မျှ အရှင်မထ
[ဂ.ပေ။ အသေသတ်ကြသည်။

ယခု လိုဖန့်၏စကားကို ကြားရသောအခါ အံ့ဩ
ဖြစ်နေ တေ ည်။



လိုဖန့်ကို အကဲခတ်လိုက်သောအခါတွင်လည်း အဘည်
ပေါက် ပြောနေခြင်းဖြစ်ကြောင်း သူတို့တွေ့ရှိရသည်။ တို့
ကြောင့် ယုံရမည်လား၊ မယုံရဘူးလား ဝေခွဲမရဖြစ်သွား
တော့သည်။

လောလောဆယ်တွင်ကား မမျှော်လင့်သည့် သတင်းကို
သူတို့ ကြားနေရပြီဖြစ်သည်။

ဂေဟာမှူးကြီးဝမ်နှင့် မြို့စားကြီး၏ သမီးကလေးတို့မှာ
ယခုအချိန်အထိ ရန်သူ့ လက်တွင်းမရောက်သေးဆိုသည့်အချက်
ကြားတော့ သေချာနေပေပြီ။ သူတို့ ဖမ်းမမိသေးသည့်အတွက်
လိုဖန့်တို့လူစု လိုက်လံရှာဖွေနေကြခြင်းပင် မဟုတ်ပါလော။

မျောက်ညီနောင်သည် သတင်းထူးများကို ကြားသိနေရ
သဖြင့် လွန်စွာအံ့ဩနေကြသည်။ သူတို့သည် မြို့စားကြီး၏
သမီးလေး လွတ်မြောက်စေရန် ကြိုးစားကာကွယ်ခဲ့ကြသည်
မှာ မှန်၏။

သို့သော် အင်အားချင်း အလွန် ကွာခြားသဖြင့် နှစ်
ယောက်စလုံး ဒဏ်ရာရရှိသွားပြီး ခွေးပြေးဝက်ပြေး ပြေးခဲ့
ရပေသည်။

နောက်ပိုင်းကြားသိရသော သတင်းအရ မြို့စားကြီးနှင့်
မြို့စားကတော်ကြီးတို့မှာ ဖမ်းဆီးခံရပြီး လုပ်ကြံခြင်းခံလိုက်
ရပြီဟုသာ သူတို့ကြားသိခဲ့ရသည်။

သူတို့လည်း ဘာမှမတတ်နိုင်ကြတော့ပေ။

ဤသို့ဖြင့် နေလာခဲ့သည်မှာ ငါးနှစ်ပင် ပြည့်လာခဲ့ပြီဖြစ်
သည်။

ယခု လိုဖန့်နှင့်ပြန်တွေ့မှ အံ့ဩစရာသတင်း ကြားသိ ခြင်းဖြစ်သည်။

လိုဖန့်က မျောက်ညီနောင်ကို စိန်းစိန်းကြည့်ပြီး....

"ဂေဟာမှူးဝမ်နဲ့ သမီးကလေး မင်းတို့ဆီမှာ မဟု လား၊ ဘယ်မှာဝှက်ထားကြသလဲ မှန်မှန်ပြောစမ်း၊ မညာနဲ့

လိုဖန့်က ဟိန်းဟောက်မေးမြန်းသည်။

"မင်းတို့ပျောက်သွားတဲ့အချိန်မှာ မြို့စားကြီးရဲ့သမီး ပျောက်သွားတာပဲ၊ အခု ငါးနှစ်လောက်ရှိပြီ၊ မင်းတို့ကို ပြန်မတွေ့ဘူး၊ မြို့စားကြီးရဲ့သမီးကလေးလဲ ပြန်မတွေ့ဘူ ဒီတော့ မင်းတို့နှစ်ယောက် ဝှက်ထားတာပဲဖြစ်မှာပဲ"

မျောက်ညီနောင်တို့မှာ တစ်ယောက်မျက်နှာတစ်ယော ကြည့်မိကြတော့သည်။

လိုဖန့်သည် ရှမ်းခနဲ ဓားကိုဆွဲထုတ်လိုက်၏။ သူသ ဓမေးမရပါက တိုက်တော့မည်မှာ သေချာသည်။

မျောက်ညီနောင်မှာလည်း လိုဖန့်၏ဟိုက်ခိုက်မှုကိုတုံ့ ရပေတော့မည်။ ဖုစံက....

"ကျွန်တော်တို့ ခွေးပြေးဝက်ပြေး ပြေးခဲ့ရတာပါ အ ကိုကြီး၊ ဂေဟာမှူးကြီးနဲ့ သမီးတော်ကလေးလဲ ဘယ် ပြေးထွက်သွားကြတယ်ဆိုတာ ကျွန်တော်တို့ မသိကြပါ အခုအထိ မသိကြသေးတာပါ၊ အစ်ကိုကြီးတို့ မယုံကြ တာတော့ မသိပါဘူးခင်ဗျာ"

လိုဖန့်က....

"ကဲ....မင်းတို့နဲ့ငါ အပေးအယူတစ်ခုလုပ်မယ်"



"ဘာများလဲခင်ဗျာ၊ ပြောပါ"

"ဂေဟာမှူးဆီမှာ မိုးကြိုးဓားနှစ်လက် ပါသွားတယ် မဟုတ်လား၊ အဲဒီဓားနှစ်လက်သာ ငါတို့လက်ထဲအပ်လိုက်၊ မြို့စားကြီးတို့လင်မယားရဲ့အသက်ကိုရော မင်းတို့ အားလုံး ရဲ့ အသက်တွေကိုရော ငါကချမ်းသာပေးလိုက်မယ် ငါတို့ လိုချင်တာက အဲဒီဓားနှစ်လက်ပဲ၊ မင်းတို့ ဘယ်လိုသဘော ရသလဲ"

လိုဖန့်က အပေးအယူစကားပြောလေ၏။ ဖုစံက ခေါင်း ခါ၏။

"ဂေဟာမှူးကြီးနဲ့ကျွန်တော်တို့ ကွဲသွားတာ ငါးနှစ် လောက် ရှိနေပြီ၊ ဂေဟာမှူးကြီးတို့ ဘယ်ရောက်နေသလဲ ဆိုတာလဲ ကျွန်တော်မသိပါဘူး၊ ဒီတော့ ဓားနှစ်လက် ဘယ်မှာရှိတယ်ဆိုတာ ဘယ်သိနိုင်ပါတော့မလဲဗျာ"

လိုဖန့်၏မျက်နှာကြီးသည် နီသွား၏။ သူ့အကြီးအကျယ် ဒေါသထွက်သွားပေပြီ။

ဤသည်ကို မျောက်ညီနောင်တို့ သိရှိကြ၏။ လိုဖန့်သည် ရက်စက်ပေတော့မည်။

"ရှမ်း....ရှမ်း"

မျောက်ညီနောင်တို့သည် ဓားကိုယ်စီဆွဲထုတ်လိုက်ကြ၏။ အခြေအနေအရ ဓားမထုတ်၍လည်း မဖြစ်တော့ပေ။

လိုဖန့်သည် သူတို့ကို မညှာမတာ တိုက်ခိုက်ပေတော့ မည်။

လိုဖန့်သည် အဆင့်မြင့်သိုင်းသမားဖြစ်သည်။ လိုဖန့်ကို သူတို့အထင်သေး၍ မရပေ။

မျောက်ညီနောင်တို့သည် လိုဖန့်ကို သတိကြီးစွာထား၍ ကြည့်နေရ၏။

အညိုရောင်ဝတ်ဆင်ထားသည့်လိုဖန့်၏တပည့်နှစ်ယောက် ကလည်း ဓားများကို ဆွဲထုတ်ပြီး ဝဲယာမှ ဝိုင်းရံထားလေ၏။

ဖုစံသည် အညိုရောင် ဝတ်စုံဝတ် လူနှစ်ဦးနှင့် တိုက်သည်။

ဖုထန်းကမူ လိုဖန့်နှင့်တိုက်သည်။ ဖုထန်းသည် လိုဖန့်၏ တိုက်ကွက်များကို သူ၏မျောက်တိုက်ကွက်များဖြင့် ချေဖျက်ပစ်သည်။

လိုဖန့်၏ တိုက်ကွက်များမှာ အရှိန်ပြင်းသည်။ ထို့ကြောင့် ဖုထန်းသည် သူ့ခန္ဓာကိုယ်ကို ခုန်ဆွခုန်ဆွလုပ်၍ လှုပ်ရှားသည်။

သူ၏ ဓားဦးသည် လိုဖန့်၏ဓားဆီသို့လှစ်ခနဲ တိုးဝင်သွားသည်။

လိုဖန် မျက်လုံး ပြူးသွား၏။

ဖုထန်း၏တိုက်ကွက်သည် သူ့ကို ဒုက္ခပေးနိုင်သည်မဟုတ်ပါလော။

ယခုပင် လက်မတင်ကလေး ရှောင်တိမ်းနိုင်သောကြောင့် သူဇီဝိန်မကြွေသွားခြင်း မဟုတ်ပါလော။



အကယ်၍ မရှောင်တိမ်းနိုင်လျှင် သူသေသွားမည်မှာ သေချာပါသည်။

ထို့ကြောင့် လိုဖန့်သည် ဖုထန်းကို အထင်မသေးရဲတော့ချေ။

ဖုထန်းနှင့် ဖုစံတို့၏ မျောက်သိုင်းကွက်များ နာမည်ကျော်ကြားခဲ့ခြင်းမှာ အလကား နာမည်ကျော်ကြားခဲ့ခြင်း မဟုတ်ပေ။

သူတို့သည် မျောက်သစ်ကိုင်းရိုက် တိုက်ကွက်များကိုထုတ်၍ တိုက်ခိုက်ခြင်းဖြစ်သည်။

ရန်သူ သိုင်းသမားများသည် သူတို့နှစ်ယောက်၏လျင်မြန်မှုကို မယှဉ်နိုင်သဖြင့် သေဆုံးခဲ့ရခြင်းဖြစ်သည်။

ယခုလည်း ဖုစံသည် ဓားကိုဝှေ့ယမ်းနေ၏။ သူ့ခန္ဓာကိုယ်မှာလည်း အငြိမ်မနေပါချေ။

လှုပ်ခါနေသည်။ တစ်ဖက်ရန်သူများသည် ဖုစံကိုကြည့်ပြီး မူးနောက်နေသည်။

ထို့အတူ လိုဖန့်သည် ဖုထန်းကိုကြည့်ရင်း မူးနောက်နောက် ဖြစ်လာပါသည်။

ထိုစဉ်....

"အား"

ညည်းညူသံတစ်သံ ထွက်ပေါ်လာလေ၏။

လိုဖန့်သည် ညည်းညူသံထွက်ပေါ်လာရာသို့ လှမ်းကြည့်မိသည်။

သူ၏တပည့်တစ်ဦးသည် လဲကျသွားခြင်းဖြစ်သည်။ ထိုတပည့်သည် ရင်ဘတ်မှသွေးများ စီးကျပြီး လဲကျသွားသည်။

ကျန်တပည့်တစ်ယောက်မှာလည်း ပက်လက် လဲကျသွားသည်။

''အလို....တပည့်နှစ်ဦးစလုံး ဆုံးရှုံးပါပေါ့လား''

သို့သော် ပထမလဲကျနေသူသည် ကုန်းရုန်းထလာပြီး ဖုစံကို တိုက်ခိုက်လေ၏။

''ဟူး....တော်သေးတာပေါ့''

လိုဖန့် ထိုသို့ပင် တွေးမိသည်။ သူသည် ဖုထန်းကို သာမန် သိုင်းကွက်ဖြင့် အနိုင်မရနိုင်ကြောင်း သိရှိသွားသည်။ သူသည် တိုက်ခိုက်ပုံကို ပုံစံပြောင်းလဲလိုက်၏။

လိုဖန့်၏တိုက်ကွက်သည် တစ်စထက်တစ်စ ပြင်းထန်လာသလို ပို၍လည်း လျင်မြန်သွက်လက်လာ၏။ ရေရှည်တွင် အသက်ဆုံးရှုံးရတော့မည်ကို နားလည်နေ၏။

ဖုထန်းသည် ညီဖြစ်သူကို လှမ်းကြည့်လိုက်သည်။ လိုဖန့်၏ တပည့်သည် သူ့တိုက်ဖက်တစ်ဦးကျသွားသည့်အတွက် ဖုစံကို သွေးရူးသွေးတန်း တိုက်ခိုက်နေသည်။ ဖုစံလည်း ရေရှည်တွင် မလွယ်ကြောင်း သူသိလာသည်။



ထို့ကြောင့် အခွင့်သာသည်နှင့် ထွက်ပြေးရန် မျောက်သင်္ကေတနှင့် အော်ဟစ် အချက်ပေးလိုက်သည်။

''ဝူး....ဝူး....ဝူး''

လိုဖန့်တို့မှာ ထိုအချက်ပေးသံကို မသိချေ။ လိုဖန့်၏ ခါးကွက်သည် ဖုထန်း၏လက်မောင်းကို ပူခနဲ ဖြစ်သွားအောင် ထိုးသွင်းလိုက်၏။

ဖုထန်း ဒေါသထွက်သွားသည်။ ထိုအခါ သူသည် မျက်စိနောက်လောက်အောင် လှုပ်ရှားပြီး ပြန်လည် တိုက်ခိုက်တော့သည်။

သူသည် အလွန်တရာထက်မြက်လှသော မျောက်မင်းကျွမ်းရိပ် သိုင်းကွက်ကို သုံး၍ တိုက်ခိုက်ခြင်း ဖြစ်သည်။ သူ၏ တိုက်ခိုက်မှု မည်မျှပြင်းထန်သနည်းဆိုသော် လေတိုးသံပင် တဟူးဟူးမြည်နေ၏။

တစ်ချိန်တွင် ဖုထန်း၏တိုက်ခိုက်ပုံပြင်းထန်လှသဖြင့် လိုဖန့်သည် ကျွမ်းပစ် နောက်ဆုတ်သည်။ ထိုအခါ ဖုထန်းသည် မျောက်တစ်ကောင်နှယ် အော်ဟစ်ပြီး သစ်ပင်များအကြား ပြေးလွှားပျောက်ကွယ်သွားလေတော့၏။

ဖုစံကို ကြည့်လိုက်သောအခါတွင်လည်း ဖုစံလည်း မရှိတော့ချေ။

လိုဖန့်သည် မဲ့ပြုံးတစ်ချက် ပြုံးလိုက်၏။ မကျေမချမ်းလည်း ရေရွတ်လိုက်သည်။

''မင်းတို့ ငါ့လက်က လွတ်အောင် မပြေးနိုင်ပါဘူး မျောက်ညီနောင်ရ''

လိုဖန့်သည် လက်ကို ဝှေ့ယမ်းအချက်ပြလိုက်၏။ တစ်ဦးတည်း ကျန်သော တပည့် တစ်ဦးသည် သူ့ဆရာ နောက်မှ လိုက်သွားလေတော့၏။

★

## အခန်း (၇)

### အဆက်အသွယ်

တောကြီးသည် စိမ်းလန်းလျက်ရှိလေ၏။ တောင်ပေါ်မှ စီးကျနေသော စမ်းချောင်းများသည်လည်း အလွန် အေးစိမ့်စွာ စီးဆင်းနေသည်။

တောအထပ်ထပ် တောင်အထပ်ထပ်ကို ဖြတ်ကျော် ပြေးလွှားလာခဲ့ကြသော မျောက်ညီနောင် ဖုထန်းနှင့် ဖုစံတို့မှာ စမ်းချောင်းနံဘေး၌ အနား ယူလျက်ရှိကြလေ၏။

ဖုစံသည် ဖုထန်း၏ လက်မောင်းဒဏ်ရာကို ကြည့်ရှုစစ်ဆေးပြီး ဆေးထည့် ပတ်တီးစည်းပေးသည်။ ပတ်တီးမှာ အလွန် လွယ်သည်။

အင်္ကျီ လက်စရှည်ကို ဆုတ်ဖြဲပြီး ပတ်တီးစည်းပေးခြင်းသာတည်း။

ဖုစံက....

"အစ်ကိုက ပြေး ဆိုလို့သာ ပြေးရတာ၊ ကျွန်တော့်အနေနဲ့ ဒီကောင်တွေကို သူသေကိုယ်သေ တိုက်ခိုက်ချင်တာဗျ၊ အခု တစ်ယောက်ကို သုတ်သင်နိုင်သလောက်တော့ ကျွန်တော် အားမရလိုက်ဘာ"

ဖုထန်းသည် ပြုံးလိုက်၏။

"ငါလဲ မင်းလိုပဲ ညီလေးရာ ဒီကောင်ကြီးကို ငါက အသေသတ်ချင်နေတာပ၊ ဒါပေမယ့် ဒီကောင်ကြီးရဲ့ သိုင်းပညာက ကောင်းနေတော့ ငါ အသေသတ်လို့ မရဘူးကွ"

"ဟာ....အစ်ကိုကလဲ၊ ကျွန်တော် ရန်သူကို အပြတ်ရှင်းပြီးရင် အစ်ကို့ကို ကူညီနိုင်တာပဲ"

"ဒါတော့ဒါပေါ့ကွာ၊ ဒါတွေ အသာထားစမ်းပါဦး၊ ငါတို့ အသေခံတိုက်လို့ မဖြစ်တဲ့အကြောင်းတွေက ဖြစ်လာပြီ ညီလေးရ"

ဖုထန်း၏စကားကြောင့် ဖုစံ မျက်ခုံးများ မြင့်တက်သွားသည်။ သို့သော် သူသည် သူ့အစ်ကို စကားကို ချက်ချင်း သဘောပေါက်သွားသည်။ သူသည် ဆတ်ခနဲ ခေါင်းညိတ်လိုက်၏၊

"အင်း....အစ်ကိုပြောတာကို ကျွန်တော်ထောက်ခံတယ်၊ ဒါပေမယ့် ကျွန်တော်တော့ မယုံဘူးအစ်ကိုရာ"

"မင်းက ဘာမယုံဘာလဲ"



"မြို့စားကြီးနဲ့ မြို့စားကတော်ကြီး အသက်ရှင်လျက်ရှိသေးတယ်ဆိုတာကို ကျွန်တော် မယုံဘူး၊ မဖြစ်နိုင်ဘူးအစ်ကို၊ မန်ချူးတွေအကြောင်းလဲအစ်ကိုသိသားပဲ၊ အသက်ရှင်လျက် မထားဘူးအစ်ကို"

"ဒါပေမယ့် လိုဖန့်ခလိမ်ဘူးကွ၊ သူ အတည်ပြောနေတာကို ငါသိတယ်၊ နောက်ပြီး မြို့စားကြီးရဲ့ သမီးကလေးဟာ ဂေဟာမှူးကြီး ဝမ်နဲ့အတူ ပျောက်ဆုံးနေတယ် ဆိုတာလဲ သေချာတယ်၊ မပျောက်ရင် သူဘာကြောင့်လိုက်မှာလဲကွာ"

ဖုစံ စဉ်းစားပြီး....

"အင်း....ဟုတ်တယ်၊ အခု သူတို့ သဲသဲမဲမဲလိုက်ရှာနေပုံထောက်ရင် လိမ်ညာပြီးပြောတာ မဖြစ်နိုင်ဘူး၊ သူတို့ဟာ ဒီငါးနှစ်လုံးလုံး လိုက်ရှာနေပုံရတယ်"

အစ်ကိုဖြစ်သူ ဖုထန်းက....

"ဘာပဲ ဖြစ်ဖြစ် မြို့စားကြီး မိသားစု ခုအချိန်အထိ အသက်ရှင်လျက်ရှိသေးတယ်ဆိုတာ သိရတဲ့အတွက်ကို တစ်မျိုးတစ်ဖုံ ကြံစည်နိုင်တာပေါ့"

"အစ်ကို ဘာဆက်လုပ်မယ် စိတ်ကူးထားသလဲ"

ဖုထန်းသည် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း စဉ်းစားနေသည်။

အတန်ကြာမှ....

"မြို့စားကြီးကို ဖမ်းဆီးချုပ်နှောင်ထားတဲ့ နေရာဟာ ထန်စီးတောင်တန်းရဲ့ ဟိုဘက်မှာရှိတဲ့ မန်ချူးတွေရဲ့ စခန်းပဲ ဖြစ်မှာပဲ"

''ဒါဆို ကျွန်တော်တို့ သွားကယ်ထုတ်နိုင်တာပေါ့၊ သွားကယ်တင်ရင် မကောင်းဘူးလား''

ဖုစံက အားတက်သရော ပြောလေ၏။ ဖိုထန်းက ခေါင်းယမ်းသည်။

''ဘယ်ဖြစ်ပါ့မလဲ ညီလေးရာ၊ မင်းပဲ စဉ်းစားကြည့်စမ်းပါဦးကွာ၊ လိုဖန့် တစ်ယောက်တည်းကိုတောင် မနိုင်နိုင်တဲ့ ဥစ္စာ၊ မန်ချူးတွေရဲ့စခန်းကို တို့ ဘယ်လိုလုပ်ဝင်နိုင်ပါ့မလဲ၊ မန်ချူးတွေရဲ့စခန်းမှာ ထိပ်သီးသိုင်းသမားတွေ အများကြီး ရှိတယ်ကွ''

ဖုစံ မျက်မှောင်ကြုတ်သွားလေ၏။

''ဒါဖြင့် ကျွန်တော်တို့ ဘယ် ပုံလုပ်ကြမလဲ''

ဖုထန်းသည် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေ၏။ အတန်ကြာမှ....

''တို့ ဝူးလိမ်မြို့စားကြီးနဲ့ သွားတွေ့ရင် ကောင်းမယ်နဲ့ တူတယ်''

ဖုစံ အံ့ဩသွားသည်။

''ဝူးလိမ်မြို့စား ဒီမြို့စားက ဘယ်လိုမြို့စားလဲ''

ဖုထန်းက....

''ဝူးလိမ်မြို့စားဆိုတာ မြို့စားကြီးကျိမင်းနဲ့ အမျိုးတော်တယ်၊ တကယ်တော့ မြို့စားကြီးကျိမင်းကို မန်ချူးတွေဖမ်းသွားတော့ ဝူးလိမ်မြို့စားကြီးက ယာယီအုပ်ချုပ်နေရတာပဲ၊ အခု မြို့စားကြီး မသေသေးဘူးဆိုတာသိရတော့ သူ့မှာ ကယ်တင်ဖို့ တာဝန်ရှိဘာပေါ့၊ အဲဒီတော့ တို့တစ်တွေ ဝူးလိမ်မြို့စားကြီးဆီ သွားအကြောင်းကြားကြစို့''



ဖုစံက ခေါင်းညိတ်၏။

''အင်း....အကြောင်းကြားကြတာပေါ့၊ ဝူး လိမ် မြို့ စားကြီးက မြို့စားကြီးကျိမင်းကို ကယ်တင်ဖို့ လိုသိုလားလားရှိပါ့မလား''

ဖုထန်းက စဉ်းစဉ်းစားစားပြောသည်။

''အဲဒီအချက်ကတော့ စဉ်းစားစရာပဲပေါ့၊ စိတ်ထားကောင်း မကောင်း ဆိုတာတော့ အတော် ပြောရခက်တဲ့ အလုပ်ပဲ၊ တချို့ဆိုရင် ဆွေမျိုးသားချင်းတွေပေါ်မှာတောင် ကောင်းရုံတင်မဟုတ်ဘူး၊ ဆွေမျိုးမဟုတ်တဲ့ သူတွေအပေါ်မှာတောင် ကောင်းတယ်တဲ့၊ မြို့စားကြီးကျိမင်းဟာ မြို့စားကြီး ဝူးလိမ်ရဲ့ညီပဲ၊ သူ့အမျိုးပေါ်မှာ ကောင်းမကောင်း ဆိုတာတော့ ငါတို့ပြောပြီးမှ သိခွင့်ရမှာလို့ထင်တယ်''

ဝူးလိမ်မြို့စားကြီးခမ်းသည် မြို့စားကြီးကျိမင်း၏ အစ်ကိုဝမ်းကွဲ တော်စပ်ပေသည်။

နေပြည်တော်မှကေရဇ်မင်းမြတ်သည် မြို့စားကြီးကျိမင်း အဖမ်းခံရပြီးနောက် ကျိမင်း၏အမျိုးနွယ်လည်းဖြစ်၊ တစ်ချိန်က မြို့စောင့်စစ်သူကြီးတစ်ဦး လည်းဖြစ်ခဲ့သူ ခမ်းကို ကျိမင်း၏နေရာတွင် ခန့်ထားခဲ့လေသည်။

ဘုရင့်အမိန့်ဘွင် ခြွင်းချက်ပါရှိသည်။ မြို့စားကြီးကျိမင်း ဖြစ်စေ၊ ကျိမင်း၏ သမီးကိုဖြစ်စေ ပြန်လည်တွေ့ရှိခဲ့ရလျှင်

မြို့စားကြီးရာထူးကို မူလမြို့စားကြီး သို့မဟုတ် သမီးကို ပြန်လည် ပေးအပ်ရမည်ဖြစ်သည်။

ဤသည်မှာ ကောရာင်မင်း၏ ခြွင်းချက်ဖြစ်သည်။

မြို့စားကြီးခမ်းသည် မြို့စားကြီးကျိမင်း မရှိသည့်အတွက် ယာယီအုပ်ချုပ်ပေးထားရသည့် သဘောမျိုးပင် ဖြစ်သည်။

ထို့ကြောင့်ပင် အချို့သော ကောလာဟလ သတင်းများ ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။ ခမ်းသည် မြို့စားကြီး၏ရာထူးကို လိုချင်သည့်အတွက် မြို့စားကြီးကျိမင်းကို မန်ချူးတို့လက်သို့ ထိုးအပ်ခြင်းဖြစ်သည်ဟု သတင်းထွက်ပေါ်လာခြင်းဖြစ်သည်။

အချို့ သတင်းကတော့ ဤသို့မဆိုပေ။ မြို့စားကြီးကျိမင်းတွင် မိုးကြိုးဓားနှစ်လက်ရှိနေရာ ထိုဓားနှစ်လက်ကြောင့် မြို့စားကြီး ဤသို့အဖမ်းခံသွားရခြင်း ဖြစ်သည်ဟု ဆိုကြ၏။

တကယ်ဖြစ်သည့် အကြောင်းအရာကိုမူ မည်သူမျှ အတိအကျမသိပေ။ ထိပါးစော်ကားချင်သော မန်ချူးများ၏ မိုးရိုးသားသားဘိုက်ခိုက်မှုလည်း ဖြစ်ချင်ဖြစ်နိုင်သည်။ ဖုစံသည် အစ်ကိုဖြစ်သူ ဖုထန်းအား ပြန်လည် စိုက်ကြည့်လိုက်ပြီး ...

''အစ်ကို....ကျွန်တော် တစ်ခုမေးချင်တယ်''

ဖုထန်းက ရယ်လိုက်၏။

'ညီလေးရာ....ခုနးချင်ဘာ မေးစမ်းပါ၊ မင်းနဲ့ငါ့ အကြားမှာ ပလ္လင်ခံစရာ မလိုပါဘူးကွ''

''သခင်ကြီးကျိမင်းရဲ့ မိုးကြိုးဓားနှစ်လက်ဟာ တော်တော် အဖိုးတန်လားဟင်''



ဖုဘန်းက....

''ဒီဓားနှစ်လက်နဲ့ပတ်သက်ပြီး ဘူများတကာတွေ ပြောကြဆိုကြ ဝေဖန်ကြတာတွေကို မင်း မကြားမိဘူးလား''

''ကြားတော့ ကြားမိသားပဲ''

''ဒါနဲ့များ မင်းက ငါ့ကို ဘာဖြစ်လို့ ထပ်မေးနေရတာလဲ ငါ့ညီရာ''

ဖုစံက ပြုံးလိုက်ပြီး....

''ဒီလိုပါ အစ်ကို၊ အစ်ကိုက ကျွန်တော့်ကို အပြစ်တင်မနေပါနဲ့၊ ဒီဓားနှစ်လက်ကို သာမန်လူတွေကိုင်မရဘူးလို့ ကြားဖူးထားတယ်၊ အဲဒါ ဘယ်လိုသဘောလဲဆိုတာ ကျွန်တော် မသိဘူး''

ဖုသန်းက ရယ်ပြီးပြောလေ၏။

''သာမန်လူတွေ မရဘူးဆိုကတည်းက သာမန်ဓားတွေ မဟုတ်ဘူးဆိုတာ ညီလေး သဘောပေါက်လောက်ပါတယ်၊ ဒီဓားနှစ်လက်ဟာ မင်းတို့ငါတို့ ကိုင်ရိုးကိုင်စဉ် ဓားတွေလို မဟုတ်ဘူး၊ သာမန်ဓားတွေထက် ကြီးမားတယ်၊ သာမန်ဓားတွေထက်လဲ ရှည်တယ်၊ နောက်ပြီး အလေးချိန်ကလဲ ပိုတယ်၊ ဒီတော့ လူသာမန်တွေ ဘယ်ကိုင်နိုင်ပါတော့မလဲ၊ အင်မတန်ထွားကျိုင်းတဲ့ လူတွေအတွက် စီမံထားသလို ဖြစ်နေတာပေါ့''

''ခြော်''

''နောက်ပြီး ထူးခြားတာက အဲဒီဓားနှစ်သက်ရဲ့ သဏ္ဍာန် ရောစပ်ပုံပဲ''

"ပြောစမ်းပါ အစ်ကို၊ ညီလေးသိချင်ပါတယ်"

"ငါ့ဓားနှစ်လက်ဟာ ရိုးရိုးသံနဲ့စီမံထားတာမဟုတ်ဘူး၊ ဒါကြောင့် ငါ့ဓားနှစ်လက်ဟာ သာမန်ဓားတွေထက် ထူးခြားနေတာပေါ့၊ နောက်ပြီး ဒီဓားတွေနဲ့ပတ်သက်လို့ ထူးခြားတဲ့ အချက်တစ်ခုရှိသေးတယ်"

"ဟုတ်လား....ဘယ်လိုထူးခြားတာလဲဟင်"

ဖုစံက အံ့သြစွာ မေးလေ၏။

"အေး....အေး၊ ငါမှားသွားတယ်၊ ထူးခြားချက်က တစ်ခုမဟုတ်ဘူး၊ နှစ်ခုကွ နှစ်ခု"

"ဟုတ်လား....ရှင်းပြပါအစ်ကိုရာ"

"ဒီဓားကို ဓထုတ်ဘဲနဲ့ ကိုင်တဲ့သူဟာ ဒီဓားနဲ့ပဲ ပြန်သေရတယ်၊ နောက်တစ်ချက်က ဘယ်လိုဓားမျိုးမဆို မိုးကြိုးဓားနဲ့ ထိတွေ့လိုက်တာနဲ့တစ်ပြိုင်နက် အဲဒီဓားတွေဟာကျိုးပြတ်ထွက်သွားတာပဲ"

"ဒါဆို....အင်မတန်ထူးခြားတဲ့သံ ဖြစ်လို့ပေါ့နော်"

"အေး... ထူးခြားတဲ့သံဖြစ်သလိုကိုင်တဲ့လူဟာလဲထူးခြားရတယ်"

"ဟင်"

"အေး... ကိုင်ဆောင်တဲ့လူဟာ ဒီဓားကိုကိုင်နိုင်ဖို့အတွက် လျှပ်စစ်မိုကြိုးဓားသိုင်းဆိုတဲ့ ပညာရင်ကို သီးသန့်သင်ယူရတယ်၊ နောက်တစ်ခုထူးခြားချက်က အဲဒီဓားကိုင်မယ့်လူဟာ ထူးထူးခြားခြား ကိုယ်ကျင့်တရား ကောင်းရတယ်ကွ အများ



အကျိုးကို ဆောင်ရွက်နိုင်မှ ဒီဓားကိုကိုင်ရတယ်၊ နို့မို့လို့ကတော့ကွာ ဒီဓားက သူ့ကိုပြန်ဒုက္ခပေးတော့တာပဲ"

ဖုစံသည် မျက်မှောင်ကြုတ်သွားလေ၏။

"ဒါနဲ့များ အကျင့်စာရိတ္တပျက်ခနတဲ့ မန်ချူးတွေက ဒီဓားကို ဘာဖြစ်လို့ လိုချင်နေရတာလဲ"

ဖုထန်းက တဟားဟား ရယ်တော့၏။

သူတို့ စကားပြောနေသည့် နေရာမှာ တောထဲတောင်ထဲဖြစ်၍ သူ့ရယ်သံသည် အဝေးသို့ ပျံ့လွင့်သွားလေ၏။

"အင်း....ဒါကတော့ မန်ချူးဗိုလ်ချုပ်ကိုယ်တိုင်မှ သိမှာပဲ၊ ငါစိတ်ထင်ပြောရရင်တော့ သူဘို့ဓားရသွားရင်မြို့စားကြီးကိုတော့ ချမ်းသာပေးမှာ မဟုတ်ဘူး၊ သတ်မှာပဲ"

ဖုစံသည် သက်ပြင်းချလိုက်လေ၏။

"အခု ကျွန်တော်တို့ ဘယ်လိုလုပ်မလဲ၊ မြို့စားကြီးမသေတဲ့အကြောင်း မြို့စားကြီးရဲ့သမီးဟာ ဂေဟာမှူးကြီးဝမ်နဲ့ အတူ လွတ်မြောက်နေသေးတဲ့ အကြောင်းတွေ မြို့စားကြီးခမ်းကို သွားပြောပြမလား"

ဖုထန်း ခေါင်းညိတ်လေ၏။

"အေး....ငါဒီအတိုင်းပဲဆုံးဖြတ်ထားတယ်၊ ဘာဖြစ်လို့လဲဆိုတော့ မြို့စားကြီးခမ်းဟာ လောလောဆယ်ဆယ် အာဏာရှိတဲ့ လူမဟုတ်လား၊ ထိပ်သီးသိုင်းသမား တော်တော်များများလဲ သူ့ဆီမှာရှိနေလေတော့ ဒီကိစ္စကို သူကိုင်တွယ်နိုင်မယ်လို့ အောက်မေ့တာပဲ"

ဖုစံက စဉ်းစဉ်းစားစားဖြင့်ပြောလေ၏။

"အစ်ကို စဉ်းစားနေ၁်၊ မြို့စားကြီးခမ်းဟာ မန်ချူး အလိုတော်ရိ ဖြစ်နေရင်ကော"

ဖုထန်းက ခေါင်းခါယမ်းလေ၏။

"ဒါတော့ မဖြစ်နိုင်ပါဘူးကွာ"

"ဘာဖြစ်လို့ မဖြစ်နိုင်မှာလဲ အစ်ကိုရ၊ ဟိုကောလာဟလ သတင်းကိုလဲ ပြန်တောက်ကြည့်ဦးမှပေါ့"

"ဘာဖြစ်လို့လဲဆိုတော့ ထန်စီးမြို့စားပါကျန်းနဲ့ မအည့် လို့ပဲ"

"အင်း...ထန်စီးမြို့စား ပါကျန်းနဲ့ မတည့်တာတော့ အမှန်ပဲ၊ အဲဒါ ဘာဖြစ်တာလဲ အစ်ကို"

"ဟ...ရှင်းနေတာပဲကွ၊ ဒီထန်စီးမြို့စား ပါကျန်းဟာ မန်ချူးရဲ့ လက်ကိုင်တုတ် တစ်ယောက်ဆိုတာ အားလုံးသိနေ ကြတာပဲ၊ သူ့လုပ်ရပ်တွေဟာလဲ မကောင်းဘူးကွ"

"တောက်"

"အဲဒါကြောင့် ခမ်းမြို့စားဟာ မန်ချူးရဲ့လူ မဖြစ်နိုင် ဘူးလို့ ငါပြောရတာပေါ့၊ သူလဲ မန်ချူးလူဆိုရင် သူတို့ အချင်းချင်း ဖြစ်သွားပြီပေါ့၊ ဘာတည့်စရာရှိသလဲ"

ဖုစံက ခေါင်းညိတ်၏။

"အစ်ကိုပြောတာ မှန်ပါတယ်၊ ဒါပေမယ့် ထွက်ပြေးနေ တဲ့ ဂေဟာမှူးကြီးဝမ်က ဘာဖြစ်လို့ မြို့စားကြီးခမ်းနဲ့ မဆက်သွယ်တာလဲ"



ဖုထန်းသည် ငိုင်သွား၏။

"အေး...ဒီထင်ချက်တော့ ငါမစဉ်းစားမိဘူး၊ ဒါပေမယ့် တစ်နေ့တော့ အဖြေပေါ်လာမှာပေါ့ကွာ၊ တဲ...တို့လုပ်ရမယ့် ပထမဦးဆုံးအလုပ်က မြို့စားကြီးခမ်းဆီ ဆက်သွယ်ဖို့ပဲ"

ဖုထန်းနှင့် ဖုစံဟူသော မျောက်ညီနောင် ညီအစ်ကို နှစ် ယောက်သည် မြို့စားကြီးခမ်းနှင့် ဆက်သွယ်ရန် ထွက်ခွာ သွားကြလေ၏။

★

# အခန်း (၈)

## စားခြထိုက်ခံရခြင်း

မျောက်ညီနောင်တို့သည် စမ်းချောင်းအတိုင်း လျှောက်လာခဲ့ကြရာ နောက်ဆုံးတောင်တန်းကြီးကိုပင် လွန်မြောက်လာကြ၏။ အဘယ်ခရီးသွားနေကြပါသနည်း။ ဝူးလိမ်မြို့စားဆီ သွားနေကြခြင်းပင် ဖြစ်ပါသည်။ သို့သော် သူတို့သည် ဝူးလိမ်မြို့ဆီသို့ ဤပုံစံအတိုင်း သွား၍ မဖြစ်ကြောင်းတော့ သိနေကြသည်။

အဘယ်ကြောင့်ဆိုသော် ဝူးလိမ်မြို့သည် အတော် ဝေးနေသောကြောင့် ဖြစ်ပါသည်။



ထို့ပြင် ဖုထန်းရရှိထားသောဒင်္ဂါးမှ ငွေများ ယိုစီးထွက်လာသောကြောင့် သူတို့သည်သစ်ပင်ကြီးတစ်ပင်အောက် ဝင်နားနေလိုက်ကြပါသည်။

''အစ်ကို....သိပ်နာနေသလား''

ဖုစံကမေးလေ၏။

ဖုထန်းသည် ခေါင်းညိတ်ပြသည်။

ဖုစံ စိုးရိမ်သွား၏။

သူတို့သည် ငါးနှစ်လုံးလုံး တောင်ပေါ်၌ ခိုအောင်းနေစဉ်အတွင်း ဆေးဝါး ဆေးမြစ်များ ရောင်း၍ ငွေစုခဲ့သေးသည်။ ဖုစံသည် ထိုငွေများကိုထုတ်၍ ရေတွက်နေ၏။ သမားတော် တစ်ဦးဦးကို ပြလျှင် ထိုငွေသည် ကုန်သွားမည်ဖြစ်၏။

ဖုထန်းက....

''တို့နှစ်ယောက် မြင်းနှစ်ကောင်ဝယ်ပြီး ဝူးလိမ်မြို့ကို ခရီးဆက်မှ ချောချောမောမော ရောက်မှာကွ၊ မင်း သမားတော်ဆီ ဝင်ပြနေရင် မြင်းဝယ်နိုင်မှာ မဟုတ်တော့ဘူး''

ထိုအခါ ဖုစံက....

''အစ်ကို့ဒဏ်ရာက အရေးကြီးတာပဲ၊ မြင်းက အရေးမကြီးပါဘူး၊ ဒဏ်ရာပျောက်ရင် ကျွန်တော်တို့ ခြေကျင်လျှောက်နိုင်တာပဲ''

''အင်း... ဒီအတိုင်း လုပ်ရတော့မှာပေါ့လေ၊ ဒါထက် ပိုပြီး အရေးကြီးတဲ့အချက်တစ်ချက်ရှိတယ်''

''ဘာများလဲ အစ်ကို''

''တို့ ရုပ်ဖျက်ဖို့ပဲ''

"လိုဖန့်တို့လူစု ကျွန်တော်တို့ကို မတွေ့အောင်လား"

"ဒါပေါ့၊ လိုဖန့်တို့လူစုဟာ နေရာတကာမှာ ရှိနေတာ၊ သူတို့ဟာ တို့ကို စောင့်ကြည့်နေလိမ့်မယ်၊ သူတို့ဟာ တို့ကို တွေ့သွားကြပြီမဟုတ်လား"

ဖုစ်က....

"အစ်ကိုကတော့ မပြောတတ်ဘူး၊ ကျွန်တော်ကတော့ မန်ချူး လက်ကိုင်တုတ်မှန်သမျှကို အကုန် သတ်ချင်တယ်"

ဖုထန်းသည် ဖုစ်၏ စိတ်သဘောကို သိသည်။

"သတ္တိဆိုတာ နေရာနဲ့နေရာ သုံးရတယ် ငါ့ညီရဲ့၊ အလွဲသုံးစားမလုပ်ရဘူး၊ ငါတို့က နှစ်ယောက်တည်း သေချင်သေပါစေဆိုပြီး တိုက်ရင် ငါတို့သေသွားမှာပေါ့၊ ငါတို့ သေသွားရင် ဆက်လုပ်ရမယ့်အလုပ်တွေ ဘယ်သူက လာလုပ်ပေးမှာလဲ၊ အဲဒါ ငါလဲ သေချင်သေပါစေဆိုတဲ့ သဘောမျိုးသာ သတ္တိကို အလွဲသုံးစားလုပ်ရာကျတယ်"

"ကျွန်တော်ကလဲ စကားအဖြစ်ပြောတာပါ အစ်ကိုရာ"

"အေး....ဒါဆို ငါဝမ်းသာပါတယ်၊ ဒါထက် မင်းဆေးမြစ်တွေ သွားရောင်းနေတဲ့ သမားတော်ကြီးက ဘယ်မြို့မှာနေတာလဲ"

"ချီကင်းမြို့မှာပါ"

"အေး....ဒါဆိုရင် တို့ ချီကင်းမြို့ကိုသွားရုံပေါ့"

မျောက်ညီနောင် ချီကင်းမြို့သို့ ဦးတည် ထွက်ခွာကြလေတော့၏။



မကြာခင် သူတို့ဆိုက်ရောက်လာကြသည်။

ချီကင်းမြို့။

ထိုမြို့ကလေးသည် ဝူးလိမ်ကဲ့သို့ မြို့ကြီးပြကြီး မဟုတ်သော်လည်း အတော်အတန် စည်ကားသော မြို့ကလေး ဖြစ်သည်။

အထူးသဖြင့် ချီကင်းမြို့ကလေးသည် ဆေးမြစ်ဆေးဝါးများ ပေါသည့် ထန်စီးတောင်တန်းကြီးနှင့် နီးကပ်စွာတည်ရှိနေသဖြင့် သမားတော်များများစားစား ရှိပေသည်။

သမားတော်ဆိုသည်မှာ ဆေးမြစ်ဆေးဝါးများကိုအမှီပြု ကုသရပေသည်။

သူတို့သည် လွယ်လင့်တကူ ဆေးမြစ်ဆေးဝါးရနိုင်သော ထန်စီးတောင်ကြီးကို မခွာနိုင်ကြပေ။

တစ်ရပ်တစ်ပါးသို့ ဆေးကုထွက်သွားလျှင်လည်း နောက်ဆုံး ချီကင်းမြို့ကလေးသို့သာ ပြန်လည် ရောက်ရှိကြလေသည်။

ထို့ပြင် မြင်းများ၊ လားများကို အထူးမွေးမြူသည့်မြို့လည်း ဖြစ်၏။

မြင်းကုန်သည်၊ လားကုန်သည်များသည် ဤမြို့သို့ ဥဒဟို ဝင်ထွက်နေကြသည်။

ထို့ကြောင့် မြို့လေးငယ်သလောက် လူစည်ကားခြင်း ဖြစ်သည်။

လူစိမ်းအဝင်အထွက်များသဖြင့် တည်းခိုခန်း၊ စားသောက်ဆိုင်များလည်း ပေါများသည်။

တည်းခိုခန်း၊ စားသောက်ဆိုင် များပြားသလောက် တည်းခိုနေထိုင်သူလည်း များသည်။

ချီကင်းမြို့ကလေး၏ အဝင်အဝတွင် စားသောက်ဆိုင်ကလေး တစ်ခုရှိ၏။

ထိုစားသောက်ဆိုင်မှာ အခြား ဆိုင်များနှင့်မတူ၊ အမည်နာမ လုံးဝမရှိပေ။

စားသောက်သူများလည်း အလွန်စည်ကားသည်။ ဆိုင်အမည်မရှိဘဲ ဤမျှလူစည်ကားခြင်းမှာ အစားအစာ အလွန်ကောင်း၍သာ ဖြစ်ပေလိမ့်မည်။

သို့သော် နံနက်ပိုင်းနှင့် နေ့ခင်းပိုင်းများ၌သာ စားသောက်သူများ ရှိတတ်၏။

ညအိပ်တည်းခိုသူများသည် ဝင်ရထွက်ရလွယ်ကူသည့် မြို့လယ် တည်းခိုခန်းများ၌ တည်းခိုကြသောကြောင့် ဖြစ်သည်။

မြို့အဝင်အဝဖြစ်သဖြင့် ညရေးညတာ မြို့ထဲတွင် ထွက်လည်လျှင် အထွက်ရခက်တတ်ပေသည်။

မြို့ထဲ၌လှည့်ပတ်ချင်သူများမှာ မြို့လယ်တည်းခိုဆိုင်များ၌သာ တည်းခိုတတ်ကြသည်။

နောက်တစ်ကြောင်းမှာ မြို့စွန်ဖြစ်၍ သူခိုးဓားပြရန်ကို ကြောက်ရသည်။ ဤမြို့သို့လာသူအများစုမှာ မြင်းကုန်သည်၊ လားကုန်သည်က အများစုဖြစ်နေသည်။ သူတို့သည် များပြားသောငွေများ ပါလာလေရာ သူခိုးဓားပြရန်ကို ကြောက်မည်ဆိုက ကြောက်လောက်ပေသည်။



ဤအကြောင်း နှစ်ချက်ကြောင့် ကုန်သည်အများစုသည် မြို့အဝင်ရှိ စားသောက်ဆိုင်တွင် မတည်းခိုကြခြင်းဖြစ်၏။

မျောက်ညီနောင်တို့ လူအများစုနှင့် မတွေ့လိုသူများဖြစ်၍ ထိုတည်းခိုဆိုင်၌ပင် တည်းခိုလိုက်ကြသည်။ လူအများ တည်းခိုမှုမရှိသဖြင့် တည်းခိုခလည်း ဈေးချိုသည်။ သူတို့ အဖြစ်နှင့်ကတော့ အံကိုက်ပင်ဖြစ်နေသည်။

သူတို့သည် ဆေးလည်းကုသချင်၊ မြင်းလည်းဝယ်ချင်ဖြင့် ငွေမနိုင်သူများ ဖြစ်နေသည် မဟုတ်ပါလော။ သူတို့သည် အထူးချွေတာနေရသူများဖြစ်၍ မြို့အဝင်အဝတည်းခိုဆိုင်၌သာ တည်းခိုကြတော့သည်။

ထိုတည်းခိုခန်း၌ သူတို့ချည်းသာမဟုတ်ပေ။ သူတို့လို ငွေကြေးချို့တဲ့သူ၊ ငွေမလိုက်နိုင်သူ၊ ငွေကြေးကို ချင့်ချိန်သုံးစွဲရသူများလည်း တည်းခိုနေကြသည်။ ထိုသူများမှာ ဆယ်ယောက်ခန့်သာရှိ၍ မများလှဟုဆိုနိုင်သည်။

ဖုထန်းနှင့်ဖုစ်သည် ထိုလူများကို အကဲခတ်ကြည့်သည်။ ကုန်သည်ပွဲစားပုံသဏ္ဍာန်ပေါက်သော်လည်း ငွေအရင်းအနှီး မများသူ ကုန်သည်များဟု ယူဆကြရပေသည်။

တည်းခိုသူဆယ်ယောက်စလုံး အေးချမ်းမှုကို နှစ်ခြိုက်ပုံရသည်။

အတော်ညဉ့်နက်နေသော်လည်း တည်းခိုသူများမှာ မအိပ်ကြသေးပေ။ ကိုယ့်အစုနှင့်ကိုယ် စကားဝိုင်းဖွဲ့ ပြောဆိုနေကြသည်။ ဖုထန်းနှင့် ဖုစ်တို့မှာ စားပွဲတစ်လုံးတွင်ထိုင်ကာ ရှေ့ဖြစ်ပါမည့် အသွားအလာများကို တွေ့တောင့်ကြ၏။

တစ်ဖက်စားပွဲ၌လည်း လူသုံးဦးထိုင်နေသည်။ သူတို့လည်း တိုးတိုးတိတ်တိတ် စကားပြောဆိုလျက်ရှိသည်။ သူတို့ မည်မျှ တိုးတိုးတိတ်တိတ်ပြောသော်လည်း အသံများမှာ တစ်ခါ တစ်ရံ လျှံထွက်လာလေ၏။

ထိုစကားများအရ ထိုလူများမှာ အခရောင်းအဝယ်သမားများသာဖြစ်ကြောင်း သိရှိရသည်။ အားလုံး အသက် ငါးဆယ်ကျော်ခန့်ရှိကြသဖြင့် ငယ်ရွယ်သူများ မဟုတ်ကြတော့ပေ။

နောက်စားပွဲတစ်လုံး၌ ထိုင်နေကြသူများမှာ အမျိုးသမီးတစ်ယောက်နှင့် အမျိုးသားတစ်ယောက်ဖြစ်၍ လင်မယားဖြစ်ဟန်တူသည်။

ထိုလင်မယား ပြောဆိုနေသော စကားသံများကိုကား သဲသဲကွဲကွဲကြားနေရသည်။ ထိုလင်မယား ပြောဆိုနေသည့် စကားအရ သူတို့၏အကြီးအကဲတစ်ယောက် သေဆုံးသဖြင့် ယင်းကိစ္စအတွက် ခရီးထွက်လာခြင်းဖြစ်ကြောင်း မျော ညီနောင် သိရှိကြရသည်။

မည်သို့ပင်ဖြစ်စေ....ဤလူများထဲတွင် သူတို့ညီအစ်ကို စိတ်အနှောင့်အယှက်ဖြစ်စရာလူ တစ်ဦးတစ်ယောက်မျှမပါသဖြင့် ညီအစ်ကိုနှစ်ယောက်စလုံး စိတ်ချမ်းသာနေကြသည်။

ထိုစဉ် မြင်းခွာသံတခွပ်ခွပ်ကို ကြားရလေ၏။ မြင်း တစ်ကောင်၏ ခွာသံမဟုတ်ပေ။ မြင်းတစ်အုပ်လုံး စိုင်းနှင်လာသည့် အသံ ဖြစ်သည်။



ဆိုင်ထဲမှ စကားပြောနေသည့် လူများသည် မြင်းခွာသံကြားရာ အရပ်သို့ ခေါင်းထောင်ကြည့်ကြသည်။ မကြာမီ မြင်းဆယ်ကောင်စလုံးသည် တည်းခိုခန်းရှေ့သို့ ရောက်ရှိလာလေတော့၏။ မြင်းများရပ်သွားသည်နှင့် ဆိုင်ရှင်သည်ကမန်းကတန်း အပြင်သို့ထွက်ကြိုသည်။

ဆိုင်ရှင်သည် လန့်သွားလေ၏။ အဘယ်ကြောင့်ဆိုသော် မြင်းပေါ်မှလူအားလုံးသည် မျက်နှာဖုံးများစွပ်ထားပြီး ဓားကိုယ်စီ ချိတ်ထားသောကြောင့်ပေတည်း။

ထိုသူများကား ခရီးသွားဧည့်သည်များ မဟုတ်ကြပေတကား။

ထိုသူတို့တို့မြင်သည်နှင့် ဆိုင်ရှင်မှာ မျက်စိမျက်နှာ ပျက်သွားလေ၏။ မျက်နှာဖုံး စွပ်ထားခြင်းက လူကောင်းများ မဟုတ်သည်ကို သူ သိရှိပြီးဖြစ်သည်။

ထိုလူများထဲတွင် ဦးခေါင်း၌ အဝတ်ဖြူတစ်ထည် ဖုံးအုပ်ထားသူတစ်ဦး ပါ၏။ ထိုအဝတ်ဖြူတွင် မျက်လုံးအပေါက်ကလေးနှစ်လုံး ဖောက်ထားသည်။ ထိုသူကား ဓားပြခေါင်းဆောင်သာတည်း။

သို့သော် လူအများအနေဖြင့်မူ မည်သည့်ဓားပြကိုမျှ မသိကြပါ။ အားလုံးမှာ မျက်နှာဖုံးများ စွပ်ထားသောကြောင့် ဖြစ်ပါသည်။

ခေါင်းဆောင်သည် ဆင်းပြီး စားသောက်ခန်းထဲသို့ ဝင်လာသည်။ သူ့တပည့်များလည်း ဆင်းလာသည်။ ဆိုင်ရှင်ကား ခေါင်းဆောင်ကို တုန်တုန်ယင်ယင်ဖြင့် တောင်းပန်နေ

သည်။ခေါင်းဆောင်လုပ်သူသည် အခန်းထဲရှိသူများကို လှည့်ပတ်ကြည့်ရှုလိုက်၏။

"ဟေ့....တစ်ယောက်က မီးအိမ်တွေရဲ့မီးစာတွေကို မြှင့်လိုက်ကြစမ်း"

တပည့်တစ်ယောက်သည် မီးစာများကို လိုက်မြှင့် လိုက်သဖြင့် အခန်းထဲ၌လင်းလင်းကျင်းကျင်းဖြစ်သွား၏။ ခေါင်းဆောင်က ဆိုင်ရှင်ဘက်သို့လှည့်ပြီး မေးလိုက်၏။

"ဟေ့....မင်းတို့ဆိုင်မှာ တည်းခိုတာ ဒါအကုန်ပဲလား"

ဆိုင်ရှင်က လူများကို လှမ်းကြည့်လိုက်သည်။

"နှစ်ဦးကျန်ပါသေးတယ်ခင်ဗျာ၊ အခန်းထဲမှာ အိပ်နေကြပြီနဲ့တူပါတယ်၊ တချို့ခရီးသည်တွေဟာ ပင်ပင်ပန်းပန်း လာခဲ့ကြရတော့...."

"တော်....တန်....တော်၊ စကားမရှည်နဲ့၊ သွားခေါ်ခဲ့စမ်း"

ဓားပြခေါင်းဆောင်က ငေါက်လိုက်လေ၏။

ဆိုင်ရှင်သည် အိပ်ခန်းများဆီသို့ ကပျာကယာပြေးလိုက်ရတော့သည်။

ဖုထန်းနှင့်ဖုစံတို့ကား မျက်နှာဖုံးစွပ်ဓားပြများကို မသိမသာ အကဲခတ်နေ၏။ အရောင်းအဝယ်သမား ဖြစ်ဟန်တူသော လူသုံးဦးကလည်း လူဆိုးများကို အကဲခတ်နေကြ၏။ လင်မယားဖြစ်ဟန်တူသူ နှစ်ယောက်ကတော့ ကြောက်နေကြသည်။



ဖုထန်းသည် ဖုစံအား လှမ်းကြည့်လိုက်၏။ အဆင်သင့်ဖြစ်ထားရန် မျက်ရိပ်ပြလိုက်သည်။ တောရုံတန်ရုံ အခြေအနေနှင့်တော့ သိုင်းသမားများဖြစ်ကြောင်း ဖော်ပြမည်မဟုတ်ချေ။ အခြေအနေဆိုးလွန်းမှသာ သူတို့ တိုက်ခိုက်ကြမည်ဖြစ်သည်။

သူတို့ သည်းခံနေကြရမည်ဟု သူတို့ ဆုံးဖြတ်ကြခြင်းမှာ ဤဓားပြများသည် လိုဖန်၏လူများ ဖြစ်နိုင်သောကြောင့်တည်း။ လိုဖန်သည် သူတို့ညီနောင်ကို လိုက်လံ စုံစမ်းမည်မှာ သေချာကြောင်း သူတို့သိရှိကြသည်။

ဖုထန်းက ဖုစံအား မျက်ရိပ်ပြခြင်းမှာ အစစအရာရာ သတိရှိရန်လိုအပ်ကြောင်း အချက်ပြခြင်းပင်ဖြစ်သည်။

ဓားပြခေါင်းဆောင်သည် သူတို့အားလုံးကို စေ့ကြည့်လိုက်၏။

"မင်းတို့အားလုံးထဲမှာ ငါသိချင်တဲ့လူတစ်ယောက် ပါတယ်"

အားလုံး ငြိမ်ကျနေကြ၏။

"ကုန်ရဲကျူးဆိုတာ ဘယ်သူလဲ"

ထိုင်နေကြသူများသည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိလေ၏။

"ဘာငေးနေတာလဲ၊ မင်းတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေတာ လှနေကြလို့လား၊ ငါမေးနေတာကို ဖြေကြစမ်းပါ"

မည်သူ့ထံကမျှ အသံထွက်မလာပါ။ မဒးပြခေါင်းဆော
မှာ စိတ်မရှည်နိုင်တော့ပေ။ သူသည် လင်မယားနှစ်ယော
ထံ လျှောက်သွားလေသည်။

"ကျွန်...ကျွန်တော်တို့ ကုန်ရဲကျူးမဟုတ်ပါဘူးခင်ဗျာ"

"ကျွန်...ကျွန်မ...ကျွန်မတို့ ကုန်ရဲကျူး မဟုတ်ပါဘူး
ရှင်"

မဒးပြခေါင်းဆောင်သည် မျက်နှာ လွှဲသွားလေ၏။ သူ
သည် လူနှစ်ဦးထံသို့ ဆက်လျှောက်လာသည်။

"မင်းတို့က ဘယ်ကလာပြီး ဘယ်ကိုသွားကြမလို့လဲ"

လူတစ်ဦးသည် ကပျာကယာ ဖြေဆိုရင်ပြီး....

"ကျွန်တော်တို့က သူဌေးတွေ၊ ကုန်သည်တွေ မဟုတ်ကြ
ပါဘူးခင်ဗျာ၊ မြင်းလှည်းသမားတွေပါ၊ မြင်းလှည်းဆွဲစား
တဲ့ လူတွေပါခင်ဗျ၊ ကျွန်တော်တို့ မြင်းလှည်းကောင်းကောင်း
လိုက်ရှာရင်းနဲ့ ဒီကိုရောက်လာတာပါခင်ဗျာ"

မဒးပြခေါင်းဆောင်သည် တဟားဟား ရယ်မောလေ
တော့သည်။

"ဟား...ဟား...ဟား...ကောင်းတယ်၊ ကောင်းတယ်၊
မင်းတို့ မြင်းဝယ်ဖို့တော့ ပါမှာပေါ့"

"မပါပါဘူးခင်ဗျာ၊ မြင်းတစ်ကောင်ဝယ်ဖို့တောင် ငွေ
မပြည့်လို့ ကျွန်တော်တို့ အခက်တွေ့နေကြပါတယ်ခင်ဗျာ"

"ဟား...ဟား...ဟား...သနားစရာ သိပ်ကောင်းနေပါ
ကလား၊ မင်းတို့လိုနေတဲ့ငွေကို ငါတို့က ဖြည့်ပေးရမှာပေါ့
ကဲ...မင်းတို့ငွေတွေ ငါ့ကိုပေးကြ"



ထိုအခါ လူများမှာ တွန့်ဆုတ်သွားကြလေ၏။

"မလုပ်ပါနဲ့ခင်ဗျာ၊ ကျွန်တော်တို့မှာ ဒီငွေကလေးပဲ ရှိ
ပါတယ်"

"ဟော့ကောင်တွေ...ငါကောင်းကောင်းတောင်းနေတယ်
နော်"

"ချမ်းသာ ပေးကြပါခင်ဗျာ၊ ကျွန်တော်တို့ မြင်းဝယ်ဖို့
ငွေကလေးပဲ ချမ်းသာတာပါ"

မဒးပြခေါင်းဆောင်သည် တူ့တပည့်များကို အမိန့်ပေး
လိုက်လေ၏။

"သူတို့ဆီမှာပါတဲ့ ငွေတွေကို အကုန် ယူထားလိုက်၊
အသာတကြည် ထုတ်မပေးရင် ဘာတာညာညာ ထုပ်ခနဲ့
သတ်သာပစ်လိုက်၊ သတ်ပစ်ရင် ဘာမှ ပြောမနေနိုင်တော့
ဘူး၊ တို့လိုချင်တဲ့ ငွေအားလုံးကို အေးအေးဆေးဆေး ယူ
နိုင်တယ်၊ သတ်သာပစ်"

ထိုအခါ လူနှစ်ယောက်မှာ တုန်တုန်ယင်ယင် ဖြစ်သွား
ကြပြီး ပါသမျှငွေများကို ထုတ်ပေးကြလေတော့၏။

"အေး....ဒီလိုမှပေါ့"

မဒးပြခေါင်းဆောင်သည် ကျေနပ်စွာပြောပြီး ဖုထန်းနှင့်
ဖုစ်တို့ဘက်သို့ လျှောက်သွားလေတော့၏။

ဖုထန်းနှင့်ဖုစ်တို့သည် မဒးပြများကို မကြောက်သော်
လည်း အခြေအနေမှန်ကို မသိရသေးသဖြင့် မလှုပ်ရှားရဲကြ
သေးချေ။ ခေါင်းငုံ့ပြီးသာ နေကြရလေ၏။

ဓားပြခေါင်းဆောင်သည် သူတို့ရှေ့၌ ခါးထောက်ရပ်လေတော့၏။

ဓားပြခေါင်းဆောင်သည် ဖုထန်းနှင့် ဖုစံတို့ကို အသေအချာကြည့်၏။ ဖုထန်းနှင့် ဖုစံတို့၏ ခါးကြားတွင် ဓားတစ်ချောင်းစီ ချိတ်ဆွဲထားကြသည်ကို တွေ့ရသည်။ နှစ်ဦးစလုံး ခေါင်းငုံ့နေကြသော်လည်း ပုံသဏ္ဌာန်မှာ ပျော့ပျော့ပျောင်းပျောင်း ကြောက်ရွံ့ဟန် မရှိသလို ဖြစ်နေသဖြင့် ဓားပြခေါင်းဆောင်သည် ဘဝင်မကျဘဲ ဖြစ်နေသည်။

★

## အခန်း (၉)

### ကျောချသည့် ဓားပြ

''မင်းတို့က သိုင်းသမားတွေနဲ့တူတယ်''

ဓားပြခေါင်းဆောင်က ခါးထောက်၍ မေးလိုက်လေ၏။

ဖုထန်းက....

''မဟုတ်ပါဘူးခင်ဗျာ၊ ကျွန်တော်တို့က ပျောက်နေတဲ့ ကလေး တစ်ယောက်ကို လိုက်ရှာနေတဲ့ ခရီးသည်တွေပါ။ ကလေးကို ဒီမြို့ထဲမှာ တွေ့တယ်လို့ သတင်းစကား ရလို့ ဒီမြို့ကို ဝင်လာတာပါ၊ ဓားကတော့ လိုရမည်ရ ဆောင်ထားတဲ့ သဘောပါ''

ဓားပြခေါင်းဆောင်သည် မျက်မှောင် ကုတ်သွားလေ၏။

"တကယ်လို့ လိုအပ်မယ်ဆိုရင် ထုတ်သုံးမယ့် သဘော ပေါ့ ဟုတ်လား ပြောစမ်း"

ဖုထန်းက တောင်းတောင်းပန်ပန် ပြောသည်။

"မဟုတ်ပါဘူးခင်ဗျာ၊ ကျွန်တော်တို့က သိုင်းသမား တွေ မဟုတ်ပါဘူး၊ ဓားကို ဓနုဘင်ကြီးတို့ ယူသွားမယ်ဆိုရင် လဲ ပေးလိုက်ပါမယ်ခင်ဗျာ"

ဓားပြခေါင်းဆောင်သည် ဖုထန်း၏ ညီအစ်ကိုအား အထန်ကြာ စူးစိုက်ကြည့်နေ၏။

မှောက်ညီနေဘင်မှာ တထိတ်ထိတ် ရင်ခုန်နေကြရသည်။ ဓားပြခေါင်းဆောင်၏ အဆုံးအဖြတ်သည် အလွန် အရေး ကြီး၏။ သူတို့အား သိုင်းသမားဟု ယူဆပြီး တိုက်ခိုက်လျှင် သူတို့ ခုခံရပေတော့မည်။

"သူတို့ မတိုက်ခိုက်ပါစေနဲ့"

ဖုထန်း၏ ဆုတောင်းသည် ပြည့်သွား၏။

"အေး....ဒါဆိုရင်လဲ ပြီးရော၊ မင်းတို့မှာပါတဲ့ ငွေတွေ ကိုတော့ ငါတို့အလှူခံလိုက်ရမှာပဲ၊ မင်းတို့မှာပါတဲ့ငွေတွေ အကုန်ထုတ်၊ ငါတို့ကို ပေးခဲ့ပေတော့"

"ကျွန်တော်တို့....ကျွန်တော်တို့မှာ"

ဖုစံက ဝင်ပြောလေ၏။

ဓားပြခေါင်းဆောင်က စိတ်ဆိုးသွားသည်။

"တော်တိတ်....တစ်ခွန်းမှ ဆက်မပြောနဲ့၊ ပါသမျှငွေကို ထုတ်ပေး၊ ဆက်ပြောတာနဲ့ မင်းတို့အသက်ပါဖြိုသွားမှာ ပေတော့"



ဓားပြခေါင်းဆောင်၏ ခေါက်ဝမ်းသံသည် ဆိုင်တစ်ဆိုင် လုံး လွှမ်းခြုံသွားလေ၏။ ဖုစံသည် ဘာမျှမပြောဝံ့တော့ပေ။ သူ့အိတ်ထဲမှ ငွေထုပ်ကိုထုတ်ပြီး ဓားပြခေါင်းဆောင်အား လှမ်းပေးလိုက်ရလေ၏။

ဓားပြခေါင်းဆောင်က ဖုထန်းကိုကြည့်ပြီး....

"မင်း ဘာလုပ်နေတာလဲ၊ ငွေထုတ်လေ"

ဖုထန်းက....

"ကျွန်တော်တို့နှစ်ယောက်တာညီအစ်ကိုပါခင်ဗျာ၊ အဲ.... အဲဒါ ကျွန်တော်တို့ ပိုင်တဲ့ငွေ အကုန်ပါပဲ၊ ကျွန်တော့်မှာ တစ်ပြားမှ မရှိတော့ပါဘူး ခင်ဗျာ"

ဖုထန်းသည် အိတ်များကို လှန်လှောပြလိုက်ရလေ၏။ ဓားပြခေါင်းဆောင်သည် ထိုအခါကျမှ ကျေနပ်သွားပြီး ငွေထုပ်ကို သူ၏ နောက်ဘက်ရှိ တပည့်တစ်ဦးဆီသို့ ပစ် ပေးလိုက်လေသည်။

ဓားပြခေါင်းဆောင်နောက်မှ မျက်နှာဖုံးစွပ်တပည့်သည် ငွေထုပ်ကို ဖမ်းယူလိုက်၏။ သူသည် ပထမ ရရှိထားသော ငွေအိတ်များနှင့် ပေါင်းလိုက်ပြီး ဓားပြခေါင်းဆောင် သွား သည့်နောက်သို့ လျှောက်လိုက်ခဲ့တော့သည်။

ဓားပြခေါင်းဆောင်သည် လူသုံးဦးဆီသို့ လျှောက်သွား သည်။ ထိုလူသုံးဦးမှာ ကြောက်ရွံ့သဖြင့် ငြိမ်ကုပ်နေကြ သည်။

ဓားပြခေါင်းဆောင်က....

"မင်းတို့ သုံးယောက်ထဲက တစ်ယောက်ဟာ သူဌေး ကုန်ရဲကျူးဆိုတာ ဖြစ်ရမယ်၊ အဲဒါဘယ်သူလဲ"

သုံးယောက်စလုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေကြ၏။ သူတို့သည် ဘာပြောရမည်မှန်း မသိကြပေ။

"မင်းတို့ မပြောဘူးလား"

သုံးယောက်စလုံး ဘာသံမှ မထွက်ကြပေ။ သူတို့သည် ကြောက်ရွံ့ထိတ်လန့်ပြီး တုန်လှုပ်နေကြသည်။

"ဟေ့....မင်းတို့သုံးယောက်ထဲက တစ်ယောက်ဟာ ကုန်ရဲကျူးဆိုတာ ဖြစ်ရမယ်၊ဒါတော့ ငါသိတယ်၊ ငါတို့ သတင်းအတိအကျရထားလို့ ရောက်လာတာကွ၊ အလကား ရောက်လာတာလို့ မထင်နဲ့"

ဖုထန်းသည် သက်ပြင်းချသိုက်သည်။ ဤသူများမှာ လိုဖန့်၏လူများ မဟုတ်ကြပေ။ သူတို့သည် ကုန်ရဲကျူးဆိုသူအား သတင်းအရ ရှာဖွေနေကြသူများသာ ဖြစ်ကြ၏။

ထိုလူသုံးယောက်သည် မည်သည့်အသံမျှမပြုကြပေ။ ထိုလူသုံးယောက်အနက်မှ အသက်အကြီးဆုံးလူတစ်ဦးသည် ထွက်ပြေးရန် ကြိုးစားလေသည်။ သူထွက်ပြေးသော်လည်း မလွတ်နိုင်ပါ။ ဓားပြခေါင်းဆောင်သည် ခုန်လွှားပြီး ထိုသူ၏ကုပ်ကို ဆွဲခေါ်သာသည်။

"ခင်ဗျား ကုန်ရဲကျူးဆိုတာ မဟုတ်လား၊ ခင်ဗျား ပြေးလို့ မလွတ်ပါဘူး၊ ကျုပ်တို့မှာ ဆယ်ယောက်တောင်ပါတာပဲ၊ ခင်ဗျား ရှေ့က ကိုက်တစ်ထောင်ပြေးတောင် မလွတ်ဘူး၊



ဖြန့်မိမှာပဲ၊ ပေးစမ်း....ခင်ဗျားမှာ ပါလာတဲ့ ရတနာတွေကို...."

ကုန်ရဲကျူးဆိုသူက ကြောက်ကြောက်ရွံ့ရွံ့ဖြင့် မော့ကြည့်၏။

"မပါပါဘူးဗျာ၊ ကျုပ်မှာ ဘာရတနာမှ မပါပါဘူး၊ လက်ချည်း ကိုယ်ချည်းသက်သက်ပါ"

ကုန်ရဲကျူးဆိုသူက ဒူးထောက်၍ ခတောင်းပန်လေ၏။

"ဟဲ....ဟဲ....ကျုပ် တို့ အဖွဲ့ကို ဘာအဖွဲ့ အောက်မေ့နေသလဲ၊ လိမ်လို့မရဘူးဗျ၊ လိမ်လို့မရဘူး၊ ခင်ဗျားရဲ့ မိတအမွေအနှစ်ဖြစ်တဲ့ ရတနာတွေကို ရယူလာတယ်ဆိုတာ ကျုပ်တို့ သတင်းအတိအကျရထားတယ်၊ ဟဲ....ဟဲ....ခင်ဗျား ဘာညာချင်သေးသလဲ"

"ကျုပ်....ကျုပ် ဘာအမွေမှ မရပါဘူးကွာ"

"ဟား....ဟား....ကုန်ရဲကျူး....ကုန်ရဲကျူး၊ ယုံအောင်လဲ လိမ်စမ်းပါ၊ ကျုပ်က မပိုင်ရင် ဘာမှမလုပ်ဘူး၊ ပေးမလား၊ မပေးဘူးလား တစ်ခွန်းပဲပြော"

"မရှိပါဘူးခင်ဗျာ....မရှိပါဘူး၊ ကျုပ်လဲ ဘာအမွေမှ မရပါဘူး"

"ကဲ....ပြောနေကြာတယ်၊ လာစမ်း....တစ်ယောက်၊ ဒီလူဆီမှာ ရှာကြစမ်း"

ဓားပြခေါင်းဆောင်က ခေါ်လိုက်သောအခါ သူ့တပည့်တစ်ယောက်သည် ရှေ့သို့တက်လာပြီး ကုန်ရဲကျူးကို ကန်

ကျောက်ရှာဖွေတော့သည်။ မကြာမီ ခါးကြားမှ အထုပ်တစ်ထုပ်ကို တွေ့ရလေသည်။

“ဟာ….တွေ့ပြီ”

“ဘာလဲ…ဘာလဲ”

“အထုပ်တစ်ထုပ်၊ ရတနာထုပ်လို့ထင်တယ်”

“ပေး…ဒါဒီအထုပ်”

သူသည် အထုပ်ကို လှမ်းယူပြီး ကုန်ရဲကျိုးအား ခြေထောက်ဖြင့် ကန်လိုက်သည်။

“ဝုန်း”

ကုန်ရဲကျိုးသည် လွင့်ထွက်သွားသည်။

ကုန်ရဲကျိုး၏အဖော်နှစ်ဦးသည် တစ်ဦးမျက်နှာ တစ်ဦးကြည့်ကာ ပုန်းခဲ့ပြီး ဓားပြခေါင်းဆောင်ကို ထိုးခုတ်တိုက်ခိုက်ကြတော့သည်။

ဓားပြခေါင်းဆောင်မှာ လွင့်စဉ်သွားလေသည်။ လွင့်သွားရပေမည်။ သူသည် ဤသို့အတိုက်ခံရလိမ့်မည်ဟု လုံးဝ မျှော်လင့်မထား၍ ဖြစ်သည်။ သူ့တပည့်များမှာလည်း အားလုံးကြက်သေ သေနေကြသည်။

ဓားနှင့်မထိုးခုတ်ဘဲ လက်ဝါးနှင့် ခြေထောက်နှင့် တိုက်ခိုက်လိုက်၍သာ တော်တော့သည်။ ဓားနှင့်ဆိုပါက တစ်ခါတည်း အသက်ပါသွားပေမည်။

ခဏကြာမှ ဓားပြခေါင်းဆောင်၏တပည့်များသည် ဝုန်းဝုန်းဒိုင်းဒိုင်း ပြေးဝင်လာပြီး ထိုသူနှစ်ဦးကို တိုက်ခိုက်ကြတော့သည်။



အခန်းထဲတွင် လွှမ်းညှိထားသော မီးအိမ်များမှာ တိုက်ပွဲအတွက် လုံလောက်သောအလင်းရောင် မရပေ။ တိုက်ပွဲသည် ရှုပ်စွာ ဖြစ်ပေါ်နေသည်။

ဖုစံသည် ဝင်ရောက်တိုက်ခိုက်ရန် ဇဝေဇဝါဖြစ်နေသည်။ ဖုထန်းက ဆွဲထားရသည်။ သူက အခြေအနေစောင့်ကြည့်ရန် တိုးတိုးပြောသည်။

ဖုစံသည် မရိုးမရွဖြစ်နေသည်။ သူသည် ဤဓားပြများကို ကောင်းစွာဆုံးမနိုင်သည်ဟု ယုံကြည်နေသည်။ ဖုထန်းက တိုးတိုးပြောလေသည်။

“ညီလေး…စောင့်ကြည့်ပါ၊ ဒီကောင်တွေကို တို့ညီအစ်ကို နိုင်နိုင်ပါတယ်၊ နိုင်နိုင်တဲ့နောက် ဘာဖြစ်လို့ ဇောနေတာလဲ၊ အသာစောင့်ကြည့်ရုံပေါ့”

ဖုစံ ငြိမ်သွားလေ၏။

ကုန်ရဲကျိုး၏ တပည့်နှစ်ယောက်မှာ ဓားမြှောင်များ ထုတ်၍ တိုက်ခိုက်နေကြပါသည်။ ဓားပြများသည် ထိုနှစ်ယောက်ကိုပင် မနိုင်ပါ။ သို့သော် ရေရှည်တွင် အများနှင့် နှစ်ယောက်ဖြစ်၍ သူတို့ ရှုံးနိမ့်မည်မှာ သေချာပါသည်။

ဓားပြခေါင်းဆောင်က လျင်သည်။ ကုန်ရဲကျိုးထံသို့ ခုန်ဝင်သွားပြီး ကုန်ရဲကျိုး၏ရင်ဝကို ဓားဖြင့်ထောက်လိုက်သည်။

“ဟေ့…ရပ်ကြစမ်း၊ မင်းတို့ရပ်ရင် ကုန်ရဲကျိုး သေပြီသာမှတ်တော့၊ ဒီမှာကြည့်စမ်း”

ကုန်ရဲကျိုး၏ တပည့်နှစ်ဦးသည် လှမ်းကြည့်လိုက်သောအခါ ကုန်ရဲကျိုးအား ဓားဖြင့်ထောက်ထားသည်ကို တွေ့လိုက်

ကြရသဖြင့် အားမတန် မာန်လျှော့ကြရလေတော့၏။ သူတို့သည် လက်နက်ချလိုက်ကြရသည်။

“လက်စသတ်တော့ ခင်ဗျားက သိုင်းသမား နှစ်ဦးကို အစောင့်ခေါ်လာတာကိုး”

“ခွပ်”

ဓားပြခေါင်းဆောင်က ကုန်ရဲကျူးအား ဓားနှောင့်နှင့် ဆောင့်လိုက်၏။

ထို့နောက် သူ့တပည့်များအား အမိန့်ပေးလိုက်သည်။

“ဟေ့....အဲဒီနှစ်ယောက်ကို ကြိုးတုပ်လိုက်စမ်း”

ဓားပြများသည် သူတို့ခေါင်းဆောင်၏ အမိန့်အတိုင်း ကုန်ရဲကျူး၏ သိုင်းသမား နှစ်ယောက်အား ကြိုးဖြင့် တုပ်နှောင်လေတော့၏။ သူတို့သည် ကောင်းကောင်း မတုပ်နှောင်ပေ။ ထုထောင်း ရိုက်နှက်ပြီး တုပ်နှောင်ကြ၏။

ဖုထန်းနှင့် ဖုစံတို့ ညီအစ်ကိုသည် အခြေအနေကို အကဲခတ်နေ၏။

လက်ရှိအနေအထားအရ ဓားပြခေါင်းဆောင်က သူတို့အား တော်လှန်တိုက်ခိုက်မည့်သူများသည် ဤလူနှစ်ယောက်သာပဲ ရှိလိမ့်မယ်။ ကျန်လူများက သူတို့အား မတိုက်ခိုက်ရဲတော့ဟု ထင်မှတ်ထားပုံရသည်။

ဓားပြခေါင်းဆောင်သည် ဖုထန်းနှင့်ဖုစံတို့အား ကျောပေးထား၏။

ဓားပြအားလုံးသည် မျောက်ညီနောင်ကို လုံးဝဂရုမစိုက်ကြပေ။



သူတို့မသိသည်မှာ အန္တရာယ်အကြီးမားဆုံး ရန်သူမှာ ဤ မျောက်ညီနောင်တို့ ဖြစ်ကြောင်းကိုတည်း။ ဖုထန်းက သူ့ညီ ဖုစံအား ခေါင်းဆတ်ပြလိုက်၏။ သူတို့သည် ဓားပြခေါင်းဆောင်ဆီသို့ လျှပ်တစ်ပြက် ခုန်ဝင်သွားကြ၏။ သူတို့သည် အလွန်လျင်မြန်ကြရာ ဓားပြခေါင်းဆောင်မှာ ကျောချမှ ဓားပြမှန်း သိရတော့သည်။

★

## အခန်း (၁၀)

### ဆုံးမစကား

"နည်းနည်းလေးမှ မလျှော့ပါနဲ့၊ ငါတို့ဓားက သွေးသိပ်ဆာနေတယ်နော်"

ဖုထန်းက ပြောလိုက်၏။

ဖုံစံကလည်း....

"မင်းမလျှော့နဲ့၊ လျှော့တာနဲ့ ငါတို့ဓားက စွဲခနဲဝင်သွားမှာပဲ၊ မင်းတို့ ပွဲရွားမှုကို အားလုံး ငါတို့မြင်ပြီးပြီ၊ မင်းတို့ဟာ သိုင်းပညာ ကကြီးခခွေးပဲ ရှိသေးတာပဲ"

ဓားပြခေါင်းဆောင်က ကြည့်လိုက်သောအခါ စောစောက သိုင်းသမားများ မဟုတ်ကြပါဟု ပြောသော လူနှစ်ယောက်သည် သူ၏ ခါးတစ်ဖက်တစ်ချက်စီကို ဓားသွား



များနှင့် ထောက်ထားသည်ကို တွေ့ရှိလိုက်ရသည်။ ဓားသွားများသည် သူ၏ ခါးတစ်ဖက်တစ်ချက်စီ၌ စူးနစ်ဝင်နေကြောင်း သူသိလိုက်ရသည်။

ဓားပြခေါင်းဆောင်မှာ သူ့အား ဓားနှင့် ထောက်ထားသည်ကိုတွေ့သောအခါ ဘာလုပ်၍ဘာကိုင်ရမည်မသိအောင် ဖြစ်သွားသည်။ သူသည် ကုန်ရဲကျူးအား ဘာမှမလုပ်နိုင်တော့ပေ။

သူ့အား ဘောမင်းပြည် ပိုနိုင်သည့် လူနှစ်ယောက်က သူ့တစ်ဖက်တစ်ချက်စီ၌ ရောက်နေပြီ မဟုတ်ပါလား။

ဖုံထန်းက....

"ညီလေး၊ ခုန်က ငါတို့ဆီကယူသွားတဲ့ ပိုက်ဆံတွေ၊ ဟို မြင်းဝယ်မယ့်လူဆီက ပိုက်ဆံတွေ၊ ဟို ကုန်ရဲကျူးဆီက ယူထားတဲ့ ရတနာထုပ်တွေ ပြန်ယူလိုက်စမ်းကွာ"

ဖုံစံသည် ဓားပြခေါင်းဆောင်အား ငေါက်ငမ်းလိုက်၏။

"ကဲ....မင်းကြားတယ်မဟုတ်လား၊ အဲဒါတွေ ပြန်ပေးစမ်း၊ မြန်မြန်ပေး၊ မပေးရင် မင်း သေပြီသာမှတ်ပေတော့"

ဓားပြခေါင်းဆောင်မှာ တုန်တုန်ယင်ယင် ဖြစ်လာသည်။ သူသည် ချက်ချင်းပင် ငွေထုပ်များ ရတနာထုပ်များကို ထုတ်ပေးသည်။

ဖုထန်းက သူတို့ငွေထုပ်ကို ယူလိုက်၏။ ကျန်ငွေထုပ်နှင့် ရတနာထုပ်ကို သက်ဆိုင်သည့်လူများအား ပေးလိုက်သည်။

"ရော့....ခင်ဗျားတို့ငွေထုပ်၊ မြင်းဝယ်မယ်ဆိုရင် ဝယ်ဖြစ်အောင် ဝယ်လိုက်"

မြင်းဝယ်မည့်လူများသည် ဝမ်းသာအားရ ငွေထုပ်ကို လှမ်းယူလိုက်သည်။ သူတို့မှာ ငွေပြည့်ပြည့်စုံစုံ မရှိသည်မှာ သေချာ၏။ ဤကဲ့သို့သောတည်းခိုခန်း၌ လာရောက် တည်းခိုသည့်လူများမှာ အဘယ်မှာလျှင် ငွေပြည့်ပြည့်စုံစုံ ရှိပါမည်နည်း။

"ရော့....ခင်ဗျားရဲ့ရတနာထုပ်"

"ကျေး....ကျေးဇူးတင်ပါတယ် မောင်ရင်ရယ်၊ မောင်ရင်တို့ကျေးဇူးကို မမေ့ပါဘူး"

ဖုထန်းသည် ဓားပြခေါင်းဆောင်ဘက်သို့ ပြန်လှည့်လိုက်သည်။

"ကဲ....မင်းကို ငါတို့ သတ်ပစ်လို့ ရတယ်၊ ဒါပေမယ့် မသတ်ဘူး၊ မင်းရဲ့တပည့်တွေကို မင်းပဲ အမိန့်ပေးလိုက်စမ်း၊ ထွက်သွားကြလို့၊ မြို့ပြင်တော်တော်ဝေးဝေးကို ထွက်သွားလို့ အမိန့်ပေးစမ်း"

ဓားပြခေါင်းဆောင်သည် တုန်တုန်ယင်ယင်ဖြင့် အမိန့်ပေးလိုက်သည်။

"ဟေ့ကောင်တွေ၊ မြို့ပြင်အဝေးဘက်ဝေးဝေးကို ထွက်သွားကြစမ်း"

ဓားပြများမှာလည်း မည်မျှ အတွေ့အကြုံရှိသည့် ဓားပြများဖြစ်သည် မပြောတတ်ချေ။ သူတို့ခေါင်းဆောင်က အမိန့်ပေးလိုက်သည်နှင့် အလုအယက် ဆိုင်ပြင်သို့ ထွက်ပြေးကြလေသည်။ မြင်းခွာသံတဖြောင်းဖြောင်း ကြားကြရတော့သည်။ မကြာမီ မြင်းခွာသံများ ပျောက်ကွယ်သွားသည်။



ကုန်ရဲ့ကျူးက ဖုထန်းအနီးသို့ကပ်လာပြီး....

"မောင် မှားပြီနဲ့တူတယ်၊ ဒီဓားပြတွေအားလုံးကိုဖမ်းပြီး မြို့စောင့်တပ်သားတွေဆီ အပ်လိုက်ရင်ရတာပဲ၊ အားလုံး အချုပ်ထဲရောက်မှ အေးမှာကွယ့်"

ဖုထန်းက ခေါင်းယမ်းလိုက်သည်။

"နေပါစေဗျာ၊ ကျုပ် သူတို့ကို ဒီလောက်အရေးမယူချင်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့ဟာ ဓားပြလုပ်ဖူးတဲ့လူတွေ မဟုတ်ဘူးဗျ၊ ဓားပြလုပ်ဖူးတဲ့လူတွေဆိုရင် ခင်ဗျားတပည့်နှစ်ယောက်ကို သတ်ပြီးနေပြီဗျ....

"အခု သူတို့ အတွေ့အကြုံ မရှိဘူးဆိုတာကို ကျုပ်သိတယ်၊ အခု သူတို့ ဆရာအမိန့်ပေးလိုက်တာကိုကြည့်၊ အလုအယက် ဒရောသောပါး ထွက်ပြေးသွားလိုက်တာ၊ ဒီတစ်ခါတော့ ခွင့်လွှတ်လိုက်မယ်ဗျာ"

ဖုထန်းကပြောပြောဆိုဆိုဓားပြခေါင်းဆောင်၏ဦးခေါင်းအုပ်ထားသည့် အဝတ်ဖြူကို ဆွဲချွတ်လိုက်၏။ ထိုအခါ နှုတ်ခမ်းမွေးစစနှင့် ရုပ်ခပ်ဆိုးဆိုး လူရွယ်တစ်ယောက်၏ မျက်နှာသည် ပေါ်လာလေ၏။

ဖုထန်းက....

"ဟား....ဟား....ဟား ရုပ်ကလဲ ဆိုးပါ့ကွာ၊ မင်း ရုပ်မဖျက်တဲ့ ဓားပြတိုက်စားဖို့ ကောင်းတယ်"

ထိုလူရွယ်သည် တုန်လှုပ်နေ၏။

"ကျွန်...ကျွန်တော်...."

"မင်း အမြဲတမ်း ဓားပြတိုက်စားနေတဲ့ကောင် မဟုတ်ဘူးကွ၊ ငါတို့ရဲ့ အတွေ့အကြုံအရ အမြဲတမ်း တိုက်နေတဲ့ကောင်တွေဟာ မင်းတို့လို မဟုတ်ဘူး၊ အင်မတန် လက်ရဲဇက်ရဲရှိတယ်"

ကုန်ရဲကျူးသည် ဖုထန်း၏ စကားကို ကြားလိုက်ရသောအခါ အံ့ဩသွားသည်။

"မောင်ရင် သူ့ကိုသိသလား"

ဖုထန်းက ပြောပြ၏။

"ကျုပ် သူ့ကိုမသိပါဘူး၊ ဒါပေမယ့် ကျုပ်ရဲ့ အတွေ့အကြုံအရ သူတို့ဟာ ဓားပြတွေ မဟုတ်ဘူးဆိုတာ ကျွန်တော် သိနေတယ်၊ သူတို့ဟာ ခင်ဗျား ရတနာတွေ အမွေရလာတယ်ဆိုတဲ့ သတင်းကြားပြီး ခင်ဗျားကို ဓားပြတိုက်ဖို့ ကြံကြတဲ့ လူတွေပါ သူတို့ အပြုအမူတွေဟာ ဓားပြအစစ်တွေနဲ့ ခြားနားပါတယ်"

ကုန်ရဲကျူးက...

"ဓားပြအစစ်နဲ့ အတု ဘယ်လိုခြားနားသလဲ မောင်ရင်၊ ကျုပ်က ဗဟုသုတအဖြစ် သိချင်လို့ မေးတာပါ၊ စကားများတယ်လို့တော့ မထင်ပါနဲ့"

ဖုထန်းက ရယ်လိုက်၏။

"သိရပါတယ်ဗျာ...သိရပါတယ်၊ ကျုပ်ကလဲ ပြောပြချင်ပါတယ်၊ ဓားပြအစစ်တွေဆိုရင် သူတို့ဟာ လုံးဝ ရုပ်ဖျက်မလာကြဘူးဗျ သူတို့ဟာဘယ်သူ့မှလဲ ဂရုမစိုက်ဘူး၊ အခုသူတို့ ရုပ်ဖျက်လာတယ် ဆိုကတည်းက သူတို့ရုပ်ကို



လူမှတ်မိမှာစိုးလို့ပေါ့၊ အဲဒီကတည်းက သူတို့ဟာ သာမန်ရပ်သားတွေဆိုတာ သိသာပါတယ်ခင်ဗျာ၊ အမွေရတယ်ဆိုတဲ့ သတင်းကြားပြီး ချက်ချင်း ထလုပ်ကြတဲ့ ယာယီဓားပြတွေပါ"

"ဟုတ်....ဟုတ်ပါတယ် ခင်ဗျာ"

ဓားပြခေါင်းဆောင်က ဝန်ခံလေ၏။

ကုန်ရဲကျူးက....

"မင်းတို့ကို ဘယ်သူက သတင်းပေးတာလဲကွ၊ မှန်မှန်ပြောစမ်း"

"သတင်းပေးတာကတော့ ခွန်ကျူးဆိုတဲ့ လူတစ်ယောက်ပါ"

ကုန်ရဲကျူးသည် စဉ်းစားနေ၏။ သတင်းပေးခွန်ကျူးကို သူစဉ်းစား၍မရပေ။ ဖုစံက....

"မင်းနာမည် ဘယ်လိုခေါ်သလဲ"

"ယုကန်းပါခင်ဗျာ"

ဖုစံက မေးလိုက်၏။

"မင်းဟာ ကျားညီနောင် သိုင်းသင်တန်းကျောင်းက မဟုတ်လား"

ဖုစံသည် အတပ်သိနေသည့်အလား မေးလိုက်၏။ ယုကန်းသည် အံ့ဩသွားပြီး လှမ်းကြည့်သည်။

"ဟုတ်ပါတယ်"

"အင်း....မင်းရဲ့ တိုက်ခိုက်ပုံကိုကြည့်တာနဲ့ ငါ ရိပ်စားမိတယ်၊ မင်းတိုက်ခိုက်တဲ့ပုံစံက ကျားညီနောင် သင်တန်း

ကျောင်းက တိုက်ခိုက်ပုံမျိုးပဲ၊ မင်းတို့ကျောင်းက သင်ထ
ဆရာတလဲ ကောင်းတဲ့လူမဟုတ်တော့ မင်းလဲ လူကော
ဘယ်ဖြစ်နိုင်တော့မလဲ''

''ဟုတ်ပါတယ် ဆရာရယ်၊ ကျွန်တော်တို့ ကို ဒီအကြံ
ပြီး လွှတ်လိုက်တာဟာ သူပါပဲ၊ ခွန်ကျုံးဆိုတာဟာ
ပါပဲ ခင်ဗျာ''

ယုကန်း၏အမူအရာမှာ ခြေသုတ်ပုဆိုး မြွေဗွယ်ကျိ
ဖြစ်သွားပါပြီ။ စောစောကလို မိုက်မိုက်ကန်းကန်း အမူအ
မျိုး မဟုတ်တော့ပါ။ ကြောင်ရှေ့ရောက်နေသော ကြွက်
သို့ ငြိမ်ကုပ်နေပါတော့သည်။

ဤလို လူဆိုးလူမိုက်မှာ ဤသို့ပင်ဖြစ်ပါသည်။ သူတို့
လျှင် ရက်စက်မည်။ ရှုံးလျှင် ငြိမ်ကုပ်နေမည်။ ဤသည်
သူတို့၏သဘာဝပင်။

ဖုထန်းက....

''ကဲ...မင်းလဲ နောက်ဆိုရင် ဒီလိုအလုပ်မျိုး ဘယ်တေ
မှ မလုပ်မနဲ့တော့၊ မင်းတို့မှတ်ထားဖို့က သိုင်းပညာ သ
တယ်ဆိုတာ ဓားပြတိုက်စားဖို့၊ လုယက်စားဖို့ မဟုတ်ပါ
ကွာ၊ ကိုယ့်ကို စော်ကားလာတဲ့လူကို ကာကွယ်ဖို့၊ တိုင်းပြ
ကို ကျူးကျော်စော်ကားလာတဲ့ ရန်သူတွေကို ခုခံကာကွ
ဖို့ဆိုတာ မြဲမြဲမှတ်ထားပါ....

''ခုတိစွမာ မင်း မကောင်းမြင်လို့ မင်းကို ကျောင်
မောင်းထုတ်ပစ်လိုက်ရင်လဲ ဆရာကောင်း သမားကောင်



ကို ဆည်းကပ်ပြီး ပညာယူပေါ့ကွာ၊ မင်း ငါပြောတာကို
နားလည်သဘောပေါက်ရဲ့လား''

ဖုထန်းက ဆုံးမသြဝါဒပေးလေ၏။

ယုကန်းသည် လုပ်သည်မလုပ်သည်ကို အပယား။ ဖုထန်း
ရှေ့မှာတော့ ခေါင်းတညိတ်ညိတ်ဝန်ခံတော့သည်။

''ဟုတ်....ဟုတ်ကဲ့ပါဆရာ၊ ကျွန်တော့်ကို အင်တန်းက
ထုတ်ပစ်ရင်လဲ ဒီပြင်သိုင်းသင်တန်းကျောင်းတစ်ခုမှာ သွား
တက်ပါမယ်၊ ဆရာ့ကျေးဇူးကို ဘယ်တော့မှမမေ့ပါဘူး''

ဖုထန်းက နှစ်ခြိုက်စွာပြုံးလိုက်သည်။

''ကဲ...ကဲ...ခင်းလဲသွားနိုင်ပြီ''

ယုကန်းသည် ဖုထန်းနှင့် ဖုစ်တို့ကို လက်နှစ်ဖက်ဆုပ်၍
ဂါရဝပြုကာ ဆိုင်ထဲမှ ပြေးယွက်သွားလေ၏။ ကြောမီ မြင်း
ဒွာသံကြားရပြီး မြင်းခွာသံများ ပျောက်ကွယ်သွားလေတော့
သည်။ ယုကန်းကား အမြီးထောင်၍ ပြေးသေပြီ။

★

## အခန်း (၃၁၁)

### ညွှတ်တွင်းမိသူ

မြင်းနှစ်ကောင်သည် ဝူးလိမ်မြို့ဆီသို့ သွက်သွက်ကလေး ပြေးနေတော့၏။ ထိုမြင်းများမှာ အုန်းခွဲရောင်မြင်းများ ဖြစ်သည်။

မွန်ကို စစ်မြင်းကြီးများဖြစ်၍ ခြေဆံလက်ဆ ကောင်းပြီး သွားကျိုင်းလှသည်။ မြင်းကြီးများသည် မြူးကြွနေသည်။

ထိုမြင်းနှစ်ကောင်ကို ဝယ်ပေးသူမှာ သူဌေးကြီး ကုန်ရဲကျူး ဖြစ်သည်။

ကုန်ရဲကျူးသည် ခေါးပြများရန်မှ ကယ်တင်ပေးသော ဖုထန်းနှင့် ဖုစ်တို့ကို အလွန်ပင်ကျေးဇူးတင်လှသည်။

ထို့ကြောင့် သူသည် ချိကင်းမြို့တွင်းမှ အကောင်းဆုံးဆိုသော မြင်းနှစ်ကောင်ကို ဝယ်ယူပြီး မျောက်ညီနောင်တို့အား လက်ဆောင်ပေးလိုက်၏။

ထိုမျှမကသေးပါ။ သူသည် မျောက်ညီနောင်ကို ငွေများများ ပေးလိုက်ပါသေးသည်။ မျောက်ညီနောင်က လက်မခံကြပါ။

သို့သော် အတင်းအဓမ္မပေးနေသဖြင့် နောက်ဆုံး မျောက်ညီနောင်က ယူသွားကြရပါသည်။

ကုန်ရဲကျူးသည် ဝူးလိမ်မြို့၌ ကုန်စုံဆိုင်ဖွင့်ပြီး အသက်မွေးဝမ်းကျောင်း ပြုနေသူဖြစ်၏။

သူ၏မိဘနှစ်ပါးမှာ ဟန်ခုံမြို့မှ သူဌေးကြီးများ ဖြစ်ကြလေ၏။ သူ့မိဘများမှာ အသက်ကြီးလှလေပြီ။

ကုန်ရဲကျူးပင် အသက်ငါးဆယ် ကျော်နေပြီဖြစ်ရာ သူ့မိဘများ၏အသက်ကို ခန့်မှန်းနိုင်ကြပေသည်။ ထို သူဌေးလင်မယားမှာ ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားခဲ့ရာ ကုန်ရဲကျူးသည် မိဘအမွေအားလုံးကို ရခဲ့၏။

ကုန်ရဲကျူးသည် သူ့မိဘပိုင်အိမ်ခြံမြေအားလုံးကို ရောင်းချပြီး အတွင်းပစ္စည်းဖြစ်သည့် ရတနာများကို ယူဆောင်ခဲ့ပြီး ဝူးလိမ်မြို့သို့ပြန်ခဲ့ရာ လမ်းခရီး၌ ယခုကဲ့သို့ ခေါးပြများကို တွေ့ရခြင်းဖြစ်တော့သည်။

ကုန်ရဲကျူးသည် လူဆိုးများလက်ထဲ၌ အဖမ်းခံရပြီး ရတနာများ လုယက်ခံရမည်မှာ သေချာနေသည်။

လူအဖမ်းခံရလျှင် ခေါးပြများ သတ်ချင်လည်းသတ်မည်၊ ရတနာများကိုတော့ မုချယူပေလိမ့်မည်။ ယခုလည်း လူလည်း လွတ်မြောက်ခဲ့သည့်အပြင် ရတနာများလည်း အလုအယက် ခံရမည့်ကိန်းမှ လွတ်လာခဲ့သည်။

သူသည် မျောက်ညိုနောင်အား လွန်စွာကျေးဇူးတင်မိသေသည်။

သူသည် တော်ရုံတန်ရုံကျေးဇူးတင်သည်မဟုတ်ပေ။ သူတို့နှင့် တစ်သက်လုံး အတူလိုက်ပါနေထိုင်ပါရန်ဖိတ်ခေါ်သည်။ ဆရာအလား ညှော်ခန်း၌ ညှော်ကောင်းဆောင်ကောင်းအဖြစ် တစ်သက်လုံးပြုစုပါမည်ဟု ဆိုသည်။

မျောက်ညိုနောင်ကား ရှေ့လုပ်ရမည့် လုပ်ငန်းစဉ်များရှိသေးသဖြင့် လိုက်မနေနိုင်ကြောင်း ပြောရသည်။ ရှေ့လုပ်ငန်းစဉ်များအတွက် မြင်းဝယ်ရမည်ဖြစ်ကြောင်း ပြောသောအခါ ကုန်ရဲကျူးက ထိုမြင်းများကိုဝယ်ပေးခဲ့ခြင်းဖြစ်သည်။ ထိုမျှမကသေးဘဲ လမ်းခရီးတွင် သုံးစွဲရန်ပင် ငွေကြေးများ ပေးလိုက်ပေသေးသည်။

မျောက်ညိုနောင်အဖို့ကား ကုန်ရဲကျူး၏ အကူအညီမှာ လွန်စွာတန်ဖိုးရှိပါပေသည်။ သူတို့၏ ခြိုးခြံထားသော ငွေများကို မသုံးစွဲရတော့ပေ။

ကုန်ရဲကျူး လက်ဆောင်ပေးသည့် ငွေကြေးများကိုသာ လမ်းတစ်လျှောက်လုံး သုံးစွဲသွားကြရခြင်းဖြစ်၏။ သူတို့သည် ဝူးလိမ်မြို့သို့ဦးတည်၍ ခရီးထွက်ခဲ့ကြသည်။



မြင်းများနှင့် ခရီးသွားကြရသဖြင့် ခြေကျင်သွားသည်နှင့် မတူပေ။ ခရီးတွင်ကျသည်။ မကြာမီ သူတို့သည် ဝူးလိမ်မြို့ကြီးကို တွေ့မြင်ကြရလေတော့၏။

* * *

ဝူးလိမ်မြို့....

မြို့ကြီးဖြစ်သဖြင့် အလွန် စည်ကားလှသည်။ ကုန်သည် အဝင်အထွက်၊ ဧည့်သည်အဝင်အထွက် အလွန်များသည်။

အထူးသဖြင့် ညမွှေးပန်းစားသောက်ဆိုင်က လူ အထူး စည်ကားလှသည်။ အဘယ်ကြောင့်ဆိုသော် လောင်းကစားဝိုင်းများ ရှိနေသောကြောင့်ဖြစ်သည်။

ညမွှေးပန်းစားသောက်ဆိုင်ရှိ လောင်းကစားဝိုင်းကြီးမှာ ကျယ်ဝန်းလှ၏။ ကျယ်ဝန်းသလောက်လည်း လောင်းကစားသမားများ ကြိတ်ကြိတ်တိုး စည်ကားလှသည်။ အဆိုးဆုံးမှာ လေးကောင်ဂျင်ဝိုင်းဖြစ်သည်။

ညမွှေးပန်းစားသောက်ဆိုင် ဆူညံလေလေ မြူးလေလေ ဖြစ်နေသော လူတစ်ယောက်ရှိ၏။ ထိုသူကား သူဌေးကြီး ဝမ်တုံတည်း။

ဝမ်တုံသည် ညမွှေးပန်းစားသောက်ဆိုင်၏ ဆိုင်ရှင်ဖြစ်သည်။ သူသည် သူ၏ရွှေသွားကြီးပေါ်အောင် အမြဲပြုံးနေသူ ဖြစ်သည်။

သူ၏ညမွှေးပန်းစားသောက်ဆိုင် ဆူလေလေ သူ့စီးပွားတိုးတက်လေလေဖြစ်သည်။ ယခုလည်း သူဌေးကြီးဝမ်တုံသည် လောင်းကစားနေကြသော ကစားသမားများကို လှည့်ပတ်ကြည့်ရှုရင်း တစ်ဖက်ရှိ စားသောက်ခန်းမထဲသို့ ဝင်သွားလေတော့သည်။

စားသောက်ခန်း၌လည်း စားသောက်သူအပြည့်ပင်။ ညမွှေးပန်း စားသောက်ဆိုင်မှာ လောင်းကစားဝိုင်းကြောင့် နာမည်ကြီးသည် မဟုတ်ပေ။

အစားအသောက် ကောင်းခြင်းကြောင့်လည်း နာမည်ကြီးခြင်း ဖြစ်သည်။ စားသောက်သူများသည် ခေါင်းမဖော်ဘဲ စားသောက်နေကြလေ၏။

သူဌေးကြီးဝမ်တုံက တပြုံးပြုံးပင်။ သူသည် စားသောက်ခန်းထဲ လှည့်ပတ်ကြည့်ရှုနေသည်။

ထိုစဉ် စားပွဲတစ်လုံးတွင် အရက်သောက်နေသူတစ်ဦးကို အမှတ်မထင်တွေ့လိုက်ရသည်။ သူဌေးကြီးဝမ်တုံမှာ မျက်လုံးပြူးသွားလေတော့၏။

သူဌေးကြီးဝမ်တုံ တွေ့လိုက်ရသူကား အခြားသူ မဟုတ်ပေ။ တစ်ချိန်က နာမည်ကြီးခဲ့သော လုံစကြာသိုင်းသမားကြီး ကျင့်ချင် ဖြစ်နေသောကြောင့်ပင်တည်း။



သူဌေးကြီးဝမ်တုံသည် ကျင့်ချင်ရှိရာစားပွဲသို့ ခပ်သွက်သွက်ပင် လျှောက်သွား၏။ သူသည် အနီးကပ်ကြည့်ရှုသည်။ လုံသမားကြီးကျင့်ချင်ဖြစ်ကြောင်း သေချာစွာသိရသောအခါ ဝမ်းသာအားရ နှုတ်ဆက်တော့သည်။

"အိုး....ကျုပ် အသေအချာကြည့်နေတာ၊ မိတ်ဆွေကြီး ကျင့်ချင်ကိုး"

လုံစကြာသိုင်းသမားကြီး ကျင့်ချင်က မော့ကြည့်လိုက်၏။ ထို့နောက် သူသည် မဲ့ပြုံး ပြုံးကာ....

"ခင်ဗျားက ကျုပ်ကို မှတ်မိသေးသကိုး"

သူဌေးကြီးဝမ်တုံက ရယ်လိုက်၏။

"ခင်ဗျားကို ဘယ်မမှတ်မိဘဲ နေလိမ့်မလဲဗျာ၊ မှတ်မိတာပေါ့၊ ခင်ဗျားနဲ့ကျုပ်က သူစိမ်းတွေမှမဟုတ်ဘဲ၊ မိတ်ဆွေတွေပဲ၊ ကျုပ်က ခင်ဗျားသေပြီလို့...."

"ရှူး....တိုးတိုး"

သူဌေးကြီးဝမ်တုံ၏ စကားမဆုံးမီ တိုးတိုးပြောရန် ကျင့်ချင်က ဟန့်တားလိုက်၏။ ထို့နောက် စားသောက်ခန်းထဲသို့ လှည့်ပတ်ကြည့်နေလေ၏။

သူဌေးကြီးဝမ်တုံက ပြုံးလိုက်ပြီး....

"ကျုပ်စားသောက်ဆိုင်မှာ ဘာအန္တရာယ်မှ မရှိပါဘူးဗျာ၊ ကြောက်မနေစမ်းပါနဲ့"

အန္တရာယ်မရှိဟု ဆိုသော်လည်း သူဌေးကြီး၏ လေသံမှာ အော်ကျယ်ဟစ်ကျယ် မဟုတ်ပေ။

လေသံဘိုးသွားသည်။ ကျင့်ချင်သည် ဘဝင်မကျဟန်ဖြင့် မျက်မှောင်ကုတ်လိုက်သည်။

“ခင်ဗျားအနေနဲ့ အန္တရာယ်မရှိဘူးလို့ထင်ပေမယ့် ကျုပ်အနေနဲ့ ရှိချင်ရှိနေမှာပေါ့ဗျာ”

သူဌေးကြီးသည် အနည်းငယ်တွေဝေသွားသည်။ အတန်ကြာမှ ခေါင်းကို ဆတ်ခနဲညိတ်သည်။

“အင်း....ခင်ဗျားပြောတာ မှန်ပါတယ်ဗျာ၊ ကျုပ်က အရပ်သား၊ ခင်ဗျားက သိုင်းသမား၊ ကျုပ်မှာ အန္တရာယ်မရှိပေမယ့် ခင်ဗျားမှာ အန္တရာယ်ရှိချင်ရှိမှာပေါ့၊ ဘာပဲဖြစ်ဖြစ်လေ ကျုပ် ခင်ဗျားကိုတွေ့လိုက်ရတော့ ဘယ်လိုဝမ်းသာသွားမှန်း မသိပါဘူးဗျာ”

“ကျုပ်လဲ ဝမ်းသာပါတယ်”

“ကျုပ်ကြားထားရတာတွေက”

ကျင့်ချင်က စကားဖြတ်၍ မေးလိုက်၏။

“ခင်ဗျားက ဘာတွေကြားထားရလို့လဲ”

“မြို့စားကြီးကို လိုဖန်တို့လူစုဖမ်းသွားကြတုန်းက ခင်ဗျားလဲ ပါသွားတယ်လို့ သိရတယ်၊ အဲဒီနောက် ဘာသတင်းမှ မကြားရတော့ ခင်ဗျားကို အခုလို တွေ့လိုက်ရတော့ ကျုပ်လောက်ဝမ်းသာတဲ့လူ ဘယ်မှာရှိနိုင်ပါတော့မလဲ”

ကျင့်ချင်က ခပ်ယဲ့ယဲ့ပြုံးလိုက်၏။

သူဌေးကြီး ဝမ်တု အား ကျင့်ချင်သည် စူးစူးစိုက်စိုက်ကြည့်မိသည်။



“ကဲ....ပြီးတာတွေလဲ ပြီးခဲ့ပြီ၊ ဘာမှပြန်ပြောမနေပါနဲ့တော့၊ ခင်ဗျားပြောမှ အကြောင်းတွေက အဆစ်ဖြစ်ပြီး ကျုပ် ထပ်ဒုက္ခရောက်နေပါဦးမယ်၊ ဝူးလိမ်မြို့ တစ်မြို့လုံး မန်ချူးတွေရဲ့ဘူလျှိုတွေ ဒလန်တွေ ပြွပ်နေတော့ ဒီစကားကို ဒီလောက်လူစုံတဲ့စားသောက်ဆိုင်မှာ ပြောလို့မကောင်းဘူးဗျ၊ ရှင်းရှင်းပြောရရင် ခင်ဗျားကိုတောင် ကျုပ်မယုံဘူးဗျာ”

လုံ့ကြောသိုင်းသမား ကျင့်ချင်၏ ပွင့်လင်းသော စကားကြောင့် သူဌေးကြီးဝမ်တု၏ မျက်နှာကြီးမှာ မည်းသွားလေ၏။

သို့သော် အတွေ့အကြုံ များသူတစ်ယောက်ဖြစ်၍ သူ့မျက်နှာကို ပြန်ပြင်နိုင်လိုက်သည်။ သူသည် ရယ်ကျဲကျဲဖြင့်....

“ခင်ဗျား ဒီလိုပြောတာ မကောင်းပါဘူးဗျာ၊ ခင်ဗျား မြို့စားကြီး ကျိုမင်းဆီမှာ တပ်မှူးကလေးဘဝနဲ့ နေသောကတည်းက ခင်ဗျားနဲ့ကျုပ်နဲ့ ရင်းနှီးလာခဲ့ကြတာပဲ၊ လည်ပင်းဖက် ပေါင်းသင်းလာခဲ့ကြတာပဲ၊ ကျုပ်အကြောင်း ခင်ဗျားသိလောက်ပါပြီဗျ”

ကျင့်ချင်က ပြန်လည်တောင်းပန်လိုက်၏။

“ကျုပ် စကားပြောလောကြီးသွားဘယ်၊ ကျုပ် စကားနည်းနည်းရိုင်းသွားရင် သည်းခံပါဗျာ”

သူဌေးကြီး ဝမ်တုက လက်ကာပြသည်။

“အိုး…မလိုပါဘူးဗျာ၊ တစ်ယောက်အကြောင်း တစ်ယောက် သိနေပြီပဲဗျာ၊ ပြောမှားဆိုမှားတွေသာ အထအနကောက်နေရင် ဘယ်ပေါင်းလို့ ဖြစ်တော့မလဲဗျာ”

သူဌေးကြီး ဝမ်တုံသည် ယင်းသို့ ပြောပြီးသည်နှင့် ဆိုင်အလုပ်သမား အမျိုးသမီး တစ်ဦးကို လှမ်းခေါ်လိုက်၏။

အပြာရောင်အထက်အောက်ဝတ်စုံကို ဝတ်ဆင်ထားသော အမျိုးသမီးကလေးတစ်ဦးသည် သွက်လက်စွာ ရောက်ရှိလာလေ၏။

သူဌေးကြီး ဝမ်တုံက….

“ကဲ…ကလေးမ၊ ဒါဟာငါ့မိတ်ဆွေတစ်ဦးပဲ၊ အကောင်းဆုံး အရက်တစ်အိုးနဲ့ အမြည်းတစ်ပွဲပေးပါ၊ နောက်ပြီး သူ့ဆီက ပိုက်ဆံမယူဖို့လဲ အရောင်းစာရေးကို ပြောလိုက်”

ကျွင့်ချင်က အားနာပါးနာပြောသည်။

“မဟုတ်တာဘဲ ဝမ်တုံရယ်၊ ကိုယ် စားတဲ့သောက်တဲ့ အရက်ဖိုးတော့ ကိုယ်ပေးပါရစေ”

“ဘာဖြစ်လို့ပေးရမှာလဲ၊ ဒါဟာ ကျုပ်ရဲ့ စေတနာပါ၊ ကျုပ်ရဲ့စေတနာကိုအသိအမှတ်ပြုတဲ့အနေနဲ့ ခင်ဗျားသောက်ရမယ်၊ စားရမယ်၊ ဘာပိုက်ဆံမှ ပေးစရာမလိုဘူး”

ကျွင့်ချင်က ပခုံးနှစ်ဖက်ကို တွန့်လိုက်ပြီး….

“ဒါဆိုလဲ ခင်ဗျားသဘောပဲဗျာ၊ ကျုပ်က ဒါနဲ့မြောက်အောင် စားရသောက်ရတော့မှာပေါ့ဗျာ”

ဝမ်တုံသည် ကျွင့်ချင်ကိုနှုတ်ဆက်ပြီး အခြားစားပွဲများသို့ လိုက်လံကြည့်ရှုနေတော့သည်။



မကြာမီ အပြာရောင်ဝတ်စုံနှင့်အမျိုးသမီးသည်အကောင်းဆုံး အရက်တစ်အိုးကို လာရောက်ချပေးလေ၏။ ထိုအရက်ကား ဝါးစိမ်းအရက်တည်း။ အမြည်းပန်းကန် တစ်ခုကလည်း ပါသည်။

“သုံးဆောင်ပါရှင့်၊ ကျွန်မတို့ သူဌေးက လူတိုင်းကို ဒီအရက်မျိုး မပေးပါဘူး၊ တော်တော်ပိုက်ဆံရှိတဲ့လူ ဒါမှမဟုတ် သူတော်ဟော်ခင်တဲ့ပုဂ္ဂိုလ်ကိုမှ ဒီလိုအရက်မျိုး ပေးတာပါ၊ ဦးလေးကိုတော့ တော်တော်ခင်ပုံ ရတယ်နော်”

ကျွင့်ချင်က ပြုံးလိုက်ပြီး….

“အေး…အေး၊ မိတ်ဟောင်းဆွေဟောင်းတွေပဲ ဆိုပါတော့ကွာ”

အလိုက်သင့်ပြန်ဖြေသောစကားများကို မိန်းကလေးသည် ပြုံး၍ နားထောင်သည်။

မိန်းကလေးသည် ပြုံးပြီး အရက်များကို ခွက်ထဲသို့ လောင်းထည့်လိုက်၏။

“ဒီမှာ အစားအသောက်တွေပါ၊ စားပါ…သောက်ပါရှင်၊ လိုရင် ကျွန်မကို ခေါ်လိုက်ပါ”

ယင်းသို့ ပြောဆိုပြီးနောက် အခြား စားပွဲများဆီသို့ လျှောက်သွားတော့၏။

ကျွင့်ချင်သည် မိန်းကလေးငှဲ့ထည့်ပေးသွားသော အရက်ခွက်ကို မော့သောက်လိုက်၏။

ထို့နောက် စားစရာများကို တူနှင့် တစိမ့်စိမ့် စားနေ၏။

သူသည် နောက်ထပ် တစ်ခွက် မော့သောက်လိုက်ပြန်သည်။

ထိုအခါ ကျင့်ချင်သည် ထူးခြားမှုတစ်ခုကို ရုတ်ခြည်း ခံစားလိုက်မိသည်။

အရက်ပြင်းများကို မနားတမ်းသောက်နိုင်သူ ကျင့်ချင်သည် ယခုအခါ ဝါးရွက်စိမ်းအရက် နှစ်ခွက်မျှသာသောက်မိသောအခါ ဦးခေါင်းတစ်ခုလုံး ချာချာလည် မူးလာလေတော့၏။

အရက်ထဲ၌ အဆိပ်ပါပြီဖြစ်သည်ကို ကျင့်ချင် သိလိုက်မိသည်။

သို့သော်.... သူ့အသိက နောက်ကျသွားပေပြီ။ အဆိပ်က ဝမ်းထဲသို့ ရောက်သွားပေပြီ။

ထိုအချိန်တွင် ဝမ်တုသည် သူရှိရာသို့ ပြန်လည်လျှောက်လှမ်းလာနေပေပြီ။

သူသည် ဝမ်တုံကို လှမ်းကြည့်လိုက်၏။ ဝမ်တုံ၏ မခန့်ပြုံးနေသော မျက်နှာကို သူ ဝိုးတဝါးတွေ့ရတော့၏။ နောက်ဆုံး ဝမ်တုံ၏မျက်နှာသည် တဖြည်းဖြည်း မှုန်ဝါးပျောက်ကွယ်သွားလေ၏။ သူ ဘာကိုမျှ မသိတော့ပေ။

ထွားကျိုင်းသော လူကြီးနှစ်ယောက်သည် ကျင့်ချင်ကို တစ်ဖက်တစ်ချက်မှ ဆွဲခေါ်သွား၏။

ဆိုင်ထဲမှ လူများကား အရက်လွန်ကျူးစွာ မူးနေသူ တစ်ယောက်အား တွဲခေါ်သွားသည် ထင်မှတ်ကြလေ၏။

★

## အခန်း (၁၂)

### မျက်စိဝိတ် နားဝိတ်

ဟုန်ကျန်းသည် ညမွှေးပန်းစားသောက်ဆိုင်၏ နောက်ဖေးပေါက်သို့ ကွေ့ပတ်ပြီး ဝင်လာ၏။ သူသည် ပန်းကန်ဆေးလုပ်သားကြီးနှင့် နောက်ထပ်မတွေ့လိုသော်လည်း ချိုင်းဖေ့နှင့်ပစ်ထားသည့် စာကြွင်းစားကျန်များကိုတော့ သူ ယူလိုပါသည်။ ထို့ကြောင့် နောက်ဖေးသို့ ဝင်လာရခြင်း ဖြစ်ပါသည်။

ချိုင်းဖေ့သည် လက်မလည်အောင် ပန်းကန်များဆေးနေရပါသည်။ နောက်ဖေးသို့ လူတစ်ယောက်ရောက်လာသည်ကို ချိုင်းဖေ့ တွေ့လိုက်ရသဖြင့် ကြည့်လိုက်သည်။ ဟုန်ကျန်းဖြစ်နေလေ၏။

ဟုန်ကျန်းကို ချင်းဖေ့ ကောင်းစွာ မှတ်မိပါသည်။ သူ
မည်သို့မျှ မေ့ချေ။

ထူးခြားသော လူငယ်သည် သူတောင်းစားပုံ ပေါက်
သော်လည်း ရုပ်ရည်သွင်ပြင်က သန့်ပြန့်လှသည် မဟုတ်ပါ
လား။

"ဟော့....မင်း လာပြန်ပြီလားကွ"

သူက နှုတ်ဆက်လိုက်၏။

ဟုန်ကျန်းက ပြုံးပြသည်။

"ကျွန်တော် အလုပ်မရမချင်း လာနေရမှာပဲ ဦးလေး
ဒါပေမယ့် ဦးလေး ချင်းဖေ့ဆီက စားစရာ သောက်စ
တောင်းမလို့ လာတာမဟုတ်ပါဘူးဗျာ၊ ဟိုဖိုးထဲကစားကြွင်း
စားကျန်တွေကို တောင်းဖို့လာတာပါ၊ ကျွန်တော့်ကို အဲဒါ
တွေပဲ ပေးပါ"

ချင်းဖေ့သည် စိတ်မကောင်းခြင်းကြီးစွာဖြစ်သွား၏။

"မင်းဥစ္စာ မဟုတ်သေးပါဘူးကွာ"

"ဟုတ်ပါတယ် ဦးလေးရာ၊ ဒီစားစရာတွေယူတာ ခိုးဆို
လုယက်တာထက် တောင်းစားတာက ဂုဏ်ရှိပါသေးတယ်
ဗျာ...."

"မင်းကို ငါ အလုပ်တစ်ခု အမြန်ရှာပေးမှ တော်တော့
မယ်နဲ့တူတယ်"

"လုပ်စမ်းပါဦးလေးရာ၊ ထမင်းတစ်လုတ်စားဖို့ အလုပ်
ရရင် တော်ပါပြီ၊ ဘာအလုပ်ရယ်လို့ ခွဲခြားမနေပါဘူး။



ကျွန်တော်လဲ ရရာအလုပ် လုပ်ဖို့ ကြိုးစားတာပါပဲ၊ ဘယ်
မှာမှ အလုပ်မရပါဘူးဗျာ"

ဟုန်ကျန်းက အလုပ်ရှာပေးရန် ဝမ်းသာအားရ ပြော
လေ၏။

"မင်း အဲဒီဖိုးထဲက အစားအစာတွေကို မစားပါနဲ့၊
ငါနဲ့ မနက်စာ အတူစားသွား၊ ဟုတ်လား"

ဟုန်ကျန်းသည် ရုတ်တရက် ဘာပြောရမှန်းမသိအောင်
ဖြစ်သွား၏။ သူ ဝမ်းမသာနိုင်ပါ။ သူ့ထံ၌ ဒုက္ခသည်
မိန်းကလေး တစ်ယောက် ရောက်နေသည်ကို ပြောလိုက်ရ
ကောင်းလေမလား ဟု တွေးမိသည်။ သို့သော် ဖွင့်ပြော၍
ဖြစ်သေးပါ။

မိန်းကလေး၌ ရန်သူများ ရှိနေသည်ဟု သိထားရသည်
မဟုတ်ပါလား။ မိန်းကလေး ရှိနေကြောင်း ထုတ်မပြော
ခြင်းက အန္တရာယ်အကင်းဆုံးဟု သူယူဆလိုက်သည်။

"ဟာ...ကျွန်တော့်ပုံက သူတောင်းစား ထက်တောင်
ဆိုးပါသေးတယ် ဦးလေးရာ ဦးလေးနဲ့တော့ အတူမစား
ရစေနဲ့၊ ဦးလေး ဂုဏ်ငယ်သွားပါလိမ့်မယ်"

"ဟား....ဟား....ဟား၊ ငါကလဲ ပန်းကန်ဆေး အလုပ်
သမားပါကွ၊ အထက်တန်းအရာရှိကြီး မဟုတ်ပါဘူး၊ မင်းနဲ့
အတူတူ ထမင်းစားလို့ အထူးဂုဏ်ငယ်မသွားပါဘူး"

"မစားပါရစေနဲ့ဗျာ"

"ဘာဖြစ်လို့လဲကွာ"

"ဘာမှတော့ မဖြစ်ပါဘူး၊ ကျွန်တော်က မနက်စာ ညစာကို ကြက်ယက်သလို လိုက်ရှာနေရတာ မဟုတ်လား၊ မနက်စာလေးရထားတော့ ညစာအတွက် ချန်ချင် ချန်ထားနိုင်တာပေါ့၊ ဒါကြောင့်မို့ပါ"

"အေး....ငါလဲ သိပ်မပိုတော့ မနက်စာညစာလဲ မကျွေးနိုင်ဘူး၊ ဒီတော့ ခဏစောင့်ဦး၊ ဒီပန်းကန် ဆေးပြီးရင် မင်းကိုငါ ထုပ်ပေးလိုက်မယ်"

ဟုန်ကျန်းသည် အလွန်ဝမ်းသာသွား၏။

"ကဲ ဦးလေးချိုင်းဖေ့ကိုကျွန်တော်ဝိုင်းကူဆေးပေးပါ့မယ်၊ ကျွန်တော် မြန်မြန်နဲ့ စင်အောင် ဆေးတတ်ပါတယ်"

ဟုန်ကျန်းသည် ပြောပြောဆိုဆို ချိုင်းဖေ့အားဝင်ရောက်ကူညီပြီး ပန်းကန်ဆေးပေး၏။ ချိုင်းဖေ့သည် တားဆီးသော်လည်း ဟုန်ကျန်းသည် ပန်းကန်များကို လျင်မြန်စွာ ဆေးပေး၏။

ချိုင်းဖေ့သည် အလွန်အလိုက်သိတတ်သော ဟုန်ကျန်းကို ကြည့်ပြီး လွန်စွာ ကြင်နာသနားသွားလေ၏။

ချိုင်းဖေ့က....

"မင်းဟာ ငါ့ဆီက ထမင်းတောင်းစားတဲ့လူတစ်ယောက် မဟုတ်ဘူးကွ"

"ဘာဖြစ်လို့လဲဗျာ"

"ငါ့အလုပ်ကို ဝိုင်းကူပြီးလုပ်ပေးတဲ့ အလုပ်သမားတစ်ယောက် ဖြစ်သွားပြီ မဟုတ်လား၊ ငါလဲ ပန်းကန်ဆေးသမား မင်းလဲပန်းကန်ဆေးသမား၊ ဟား ဟား ဟား..."



ချိုင်းဖေ့သည် စကားဆုံးသည်နှင့် တဟားဟားရယ်တော့သည်။

ဟုန်ကျန်းသည် ပြုံးလိုက်၏။ သူသည် တစ်စုံတစ်ခုကိုမြင်ပြီး အံ့ဩသွားသည်။ အနည်းငယ်လည်း စိတ်ဝင်စားသွားပါသည်။

အခြားမဟုတ်ပေ။ နောက်ဖေးလမ်းကြား၌ မြင်းရထားတစ်စီး ရပ်ထားသောကြောင့်ပေတည်း။

နောက်ဖေးလမ်းဆိုသည်မှာ မြင်းရထားများ၊မြင်းလှည်းများ မသွားကြချေ။

ညမွှေးပန်းဆိုင်၏ အနောက်ဘက်လမ်းမှာ ကျယ်ဝန်းပါ၏။

မြင်းရထားများ၊ မြင်းလှည်းများ ကောင်းစွာ သွားနိုင်ပါ၏။ သို့သော် မည်သည့်မြင်းရထားမျှ မသွားကြချေ။

ယခု မြင်းရထားတစ်စီး ရပ်ထားသည်။

မြင်းရထားသည် အဘယ်ကြောင့် ရပ်ထားရသနည်း။

မြင်းရထားသည် လမ်းကောင်းလမ်းသန့်များ၌သာသွားရသည်။ ယခု နောက်ဖေးလမ်းကြား၌ ရပ်ထားသည်။

အကြောင်းရှိလိမ့်မည်။ မည်သည့်အကြောင်းနည်း။

ဟုန်ကျန်းသည် မျိုးစုံစဉ်းစားလေ၏။ သူသည် ထိုမြင်းရထားကို အထူးစိတ်ဝင်စားနေသည်။ သူသည် သိချင်စိတ်ကို တားဆီး၍မရတော့ပေ။

"ဦးလေးချိုင်းဖေ့....ဦးလေး တွေ့သလား၊ ဆိုင်နောက်ဘက် အပေါက်ဝနဲ့တည့်တည့်မှာ မြင်းရထားတစ်စီး ထာ

ရပ်ထားတယ်မဟုတ်လား၊ အဲဒီမြင်းရထားက ဘယ်က မြင်းရထားလဲဗျ”

ဟုန်ကျန်းအမေးကြောင့် ချိုင်းဖေ့သည် မြင်းရထားကို လှည့်ကြည့်မိ၏။

ထို့နောက် မျက်နှာပျက်သွားသည်။

သူသည် ဟုန်ကျန်းထံသို့ ချက်ချင်းလှည့်လာသည်။

“ဟုန်ကျန်း”

“ခင်ဗျာ”

“မင်း ထမင်းစားချင်တယ် မဟုတ်လား၊ ဒါကြောင့် ငါ့ကို လာကူလုပ်ပေးနေတာပေါ့၊ အေး...အလုပ်ကိုသာ ကူလုပ်ပါကွာ၊ တခြား ဘာညာဘာညာတွေ စပ်စုမနေပါနဲ့၊ စပ်စုရင် ထမင်းမစားရဘူးကွ”

ဟုန်ကျန်းသည် ချိုင်းဖေ့၏စကားကိုတော့ ဘဝင်မကျချေ။ သို့သော် ချိုင်းဖေ့ကိုတော့ ဘာမှ ပြန်မပြောနိုင်ချေ၊ မပြောသာချေ။

သူတစ်ပါးအလုပ်ကို မစပ်စုနှင့်ဟုပြောခြင်းကတော့ မှန်သည်။ သူတစ်ပါး၏ ကြီးမားခံ့ညားသော မြင်းရထားကြီးက နောက်ဖေးလမ်းကြားထဲ လာရပ်နေသည်ကတော့ အလွန်စိတ်ဝင်စားစရာ ဖြစ်နေသည်။

ရုပ်ကုံထံများ စီးနင်းသော မြင်းရထားသည် အဘယ်ကြောင့် နောက်ဖေးလမ်းကြား၌ ရောက်ရှိနေရသနည်း။

သဘာဝနှင့်ဆန့်ကျင်သောဖြစ်ရပ်ဖြစ်နေသဖြင့် ဟုန်ကျန်း စိတ်ဝင်စားနေသည်မှာ အဆိုးမဆိုသာပါ။



စပ်စုလိုသည် စိတ်ဝင်စားနေသည်မှာ သေချာပါသည်။ သို့သော် ချိုင်းဖေ့သည် သူနှင့်ဆိုင်သောကိစ္စ မဟုတ်သဖြင့် စိတ်ဝင်စားမနေပါ။

သူ့အား မစပ်စုပါနှင့်ဟု တားမြစ်လိုက်ပါသေးသည်။ ဟုန်ကျန်းကတော့ စိတ်ဝင်စားနေပါသည်။ သို့သော် ချိုင်းဖေ့သို့၍ မဖြစ်ပါ။

သူသိချင်နေသည်ဆိုပြီး ထပ်မံမေးမြန်းလျှင် သူ့အား ဤနေရာမှ ကန်ထုတ်ပစ်လိုက်မည်သာ ဖြစ်ပါသည်။

ချိုင်းဖေ့ ငြိုငြင်သွားလျှင် ထမင်းတစ်နပ် ငတ်သွားပေမည်။ ဟုန်ကျန်း ထမင်းတစ်နပ် အငတ်မခံနိုင်ပါ။

သူသည် ပန်းကန်များကို ဆေးနေသော်လည်း မျက်လုံးများကမူ မြင်းရထားဆီသို့သာ ရောက်နေသည်။ ဤသည်ကို ချိုင်းဖေ့ တွေ့၍မဖြစ်ပါ။

ချိုင်းဖေ့ မတွေ့စေရန် ခိုးကြည့်ရခြင်းဖြစ်ပါသည်။ ချိုင်းဖေ့ကလည်း ဟုန်ကျန်းကို ကြည့်မနေနိုင်ပါ။ သူ့ပန်းကန်များကိုသာ ဆေးကြောနေရပါသည်။

ထို့နောက် ဆေးပြီးသောပန်းကန်များကို သယ်ပို့နေရပါသည်။

ထိုစဉ် စားသောက်ဆိုင် နောက်ဘက်ရှိ တံခါးတစ်ချပ် ပွင့်ခနဲပွင့်သွားသည်။

ဟုန်ကျန်းသည် ချိုင်းဖေ့မရိပ်မိအောင် မသိမသာအကဲခတ်နေသည်။

ပွင့်နေသော တံခါးအတွင်းမှ လူနှစ်ယောက် ထွက်လာသည်ကို တွေ့လိုက်ရသည်။ ထွက်လာသော လူထွားကြီး နှစ်ယောက်သည် ရှည်မျောမျောအိတ်ကြီးတစ်လုံးကို ရှေ့တစ်ယောက် နောက်တစ်ယောက် မ,၍ထွက်လာသည်။

သူတို့သည် အထုပ်ကြီးကို မ,၍ မြင်းရထားပေါ် တင်လိုက်သည်။ ထို့နောက် တံခါးကို ဂျိုင်းခနဲ ပိတ်လိုက်ပြီး မြင်းရထားသည် ခပ်မှန်မှန်မောင်းထွက်သွားလေတော့သည်၊ ဟုန်ကျန်းသည် ဖြစ်ရပ်များကို မြင်နေရသည်။

"ဟေ့ကောင်...မင်း ဘာတွေငေးနေတာလဲ"

ချိုင်းဖေ့က ရုတ်တရက်မေးလိုက်သောအခါ ဟုန်ကျန်း လန့်သွားသည်။

သူသည် မြင်းရထားကို စိတ်ဝင်စားနေသည် မဟုတ်ပါလော။

"ဘာမှမဟုတ်ပါဘူး ဦးလေးချိုင်းဖေ့"

ဟုန်ကျန်း ကပျာကယာ ပြန်ပြောလိုက်ရသည်။

ချိုင်းဖေ့သည် မြင်းရထားကို သတိရပြီး မြင်းရထားကို လှည့်ကြည့်လိုက်သည်။ မြင်းရထား မရှိတော့ပေ။

သူသည် ပန်းကန်ဆေးခြင်းအလုပ်၌သာ နစ်မြုပ်နေသည် မဟုတ်ပါလား။ သူ အံ့အားတော့သင့်သွားသည်။

"ဘယ်အချိန်က ထွက်သွားပါလိမ့်"

ချိုင်းဖေ့သည် သူ့ကိုယ်သူ ပြောသလိုလို၊ ဟုန်ကျန်းကို ပြောသလိုလို ပြောလိုက်သည်။



ဟုန်ကျန်းသည် လှည့်ကြည့်လိုက်သည်၊ မြင်းရထား မရှိတော့သည်ကို သူသိပြီးဖြစ်ပါသည်။ သို့သော် ထမင်ပင် လှည့်ကြည့်လိုက်ပါသည်။

"ဟာ...မြင်းရထား မရှိတော့ပါလား၊ ဘယ်အချိန်က မောင်းထွက်သွားမှန်းတောင် ကျွန်တော် မသိလိုက်ပါဘူး"

ဟုန်ကျန်းက ဘာဘာမှမသိသယောင် မမြင်သယောင်ပြောလိုက်သည်။

ချိုင်းဖေ့သည် စပ်စုလိုသူ မဟုတ်သည်ကို သူသိသဖြင့် ချိုင်းဖေ့ စိတ်ခံ့ကျေနပ်အောင် ပြောလိုက်ခြင်း ဖြစ်သည်။

ချိုင်းဖေ့သည် သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်လေသည်။

"ခဏလာနားဟဲ့ မြင်းရထားသမား ဖြစ်မှာပါကွာ၊ ကိုယ်နဲ့မဆိုင်တဲ့ကိစ္စ စိတ်မဝင်စားတာ အကောင်းဆုံးပဲ၊ ကိုယ်နဲ့မဆိုင်တဲ့ကိစ္စကို မျက်စိပိတ်နားပိတ်ထားရင် ကိုယ့်ဟာသာ အေးအေးဆေးဆေးနေနိုင်တာပေါ့"

"ဟုတ်ကဲ့...စိတ်မဝင်စားပါဘူးဗျာ"

"အေး....အဲဒါအကောင်းဆုံးပဲ"

ချိုင်းဖေ့သည် မြင်းရထားကြီး မရှိတော့သည်မှာ သူ့ခေါင်းပေါ်မှ ဝန်ထုပ်ဝန်ပိုးကြီးတစ်ခု ကျသွားသလို ထင်မှတ်နေသည်။

သူ့အနေဖြင့် ဤဆိုင်၌ အလုပ်လုပ်လာသည်မှာ သုံးနှစ်ကိုတိုင်ရှိခဲ့လေပြီ။

သူသည် ပန်းကန်ဆေးခြင်း အလုပ်မှ လွဲ၍ မည်သည့်ကိစ္စကိုမှ စိတ်မဝင်စားခဲ့ပေ။

ထို့ကြောင့်လည်း ဤမျှ လုပ်သက်ကြာခဲ့ခြင်းဖြစ်၍ သူ့ ယခင်က အလုပ်သမားများရှိခဲ့သော်လည်း စပ်စုခြင်းကြောင့် ငါးပတ်တစ်ခါ၊ ခြောက်လတစ်ခါ အလုပ်သမားများပြောင်းလဲခဲ့ပေသည်။

သူသည် အခြားကိစ္စများ၌ စိတ်ဝင်စားဟန် အမူအရာ လုံးဝမပြပေ။

ကုန်ကုန်ပြောရလျှင် စားသောက်ဆိုင်ကြီး တစ်ဆိုင်လုံး မီးလောင်လျှင်ပင် သူ့အနေဖြင့် ဘာမျှဝင်ပါနေရန် မလိုပေ။ စကားပြောဆိုခွင့်မရှိပေ။

သူအလုပ်စဝင်သောအခါ သူဌေးကြီးဝမ်တုံက သူ့ကို ခေါ်၍ အမှာစကားပြောသည်။

"မင်း သေသေချာချာနားထောင်၊ မင်းကို အလုပ်ခန့်တာက ပန်းကန်ဆေးဖို့၊ အဲဒီတော့ မင်းအနေနဲ့ ပန်းကန်တွေကို ပြောင်အောင်ဆေး၊ မကွဲမရှအောင် ထိန်းသိမ်း၊ အဲဒါ မင်းရဲ့တာဝန်ပဲ၊ အဲဒါကလွဲပြီး တခြားဘာကိစ္စကိုမှ မင်းစိတ်မဝင်စားပါနဲ့၊ ဝင်မစပ်စုပါနဲ့၊ စိတ်ဝင်စားတဲ့လူ၊ စပ်စုတဲ့လူကို တို့မလိုချင်ဘူး၊ အခုထုတ်ပစ်လိုက်ရတဲ့အလုပ်သမားဟာ သူတစ်ပါးကိစ္စကို စိတ်ဝင်စားလို့ စပ်စုလို့ ထုတ်ပစ်လိုက်ရတာပဲ၊ ကဲ...မင်းအလုပ် လုပ်ပေတော့"



ထိုစကားသည် ချိုင်းဖေ့နားထဲ၌ စွဲနေ၏။ ထိုမျှပြောရုံနှင့် လုံလောက်ပါသည်။

သူတစ်ပါးကိစ္စကို စပ်စုသည့်အလုပ်သမား အလုပ်ထုတ်ပစ်ခံရခြင်း ဆိုသည်နှင့် လုံလောက်နေပါပြီ။ သူသည် အလုပ်ပြုတ် မခံနိုင်ပါ။

ညမွှေးပန်းစားသောက်ဆိုင်ကြီးသည် လူဝင်လူထွက်များ သလောက် စားသောက်သူလည်း များသည်။

ထို့ကြောင့်ပန်းကန်ဆေးရသည်မှာလည်း ဇယ်ဆက်သလို ဆေးနေရပါသည်။

အလုပ်မှာ ပင်ပန်းလှသည်။

သို့သော် ပင်ပန်းသလောက် ဝင်ငွေကောင်းသည်။ ညစာ မနက်စာ ကောင်းကောင်းစားရသည်။

ဤအလုပ်ကို ချိုင်းဖေ့မည်သည့်နည်းနှင့်မျှ လက်လွှတ်မခံနိုင်ပါ။

ချိုင်းဖေ့သည် ကိစ္စများစွာကို မြင်ခဲ့ကြားခဲ့ပါသည်။ သို့သော် မမြင်သယောင် မကြားသယောင် နေခဲ့ပါသည်။ ဤသည်မှာ ဘေးရန်အကင်းဆုံး ဖြစ်သည် မဟုတ်ပါလား။

သူ့အလုပ်သည်း မြဲနေခဲ့သည်။ ယခုဆိုလျှင် သုံးနှစ်ပင် ကျော်ခဲ့သေပြီ။

ပန်းကန်များဆေးကြောပြီးနောက် ချိုင်းဖေ့သည်အထုပ်ကြီးကြီးတစ်ထုပ်ကို ယူလာပြီး ဟုန်ကျန်းကို လှမ်းပေးလေသည်။

ဟုန်ကျွန်းသည် ဦးညွှတ်ဂါရဝပြုလိုက်၏။

''အများကြီး ကျေးဇူးတင်ပါတယ်ဦးလေး''

ဟုန်ကျွန်းသည် ချင်းဖေ့ကိုနှုတ်ဆက်ပြီး ဆိုင်ခန်းနောက်ဖေးမှ ချောခနဲ လှည့်ထွက်ပြေးခဲ့တော့သည်။

သူ့ခြေလှမ်းများကား ဘုရားကျောင်းပျက်ဆီသို့။

★

## အခန်း (၁၃)

### ကယ်ဆယ်ခြင်း

ဟုန်ကျွန်းသည် ဝေ့လင်ယန်းရှိသည့် ဘုရားကျောင်းပျက်ဆီသို့ ခပ်သွက်သွက် လျှောက်လာခဲ့လေ၏။ နေအတော်မြင့်နေပြီဖြစ်၍ ဝေ့လင်ယန်း ဆာလောင်နေပြီ ဖြစ်ကြောင်းကို ဟုန်ကျွန်း သိရှိနေသည်။

သူသည် ဝေ့လင်ယန်းအတွက်သာ စိုးရိမ်ပူပန်နေသည်။ ထို့ကြောင့်ပင် စားစရာအထုပ်ကိုကိုင်၍ ဘုရားကျောင်းပျက်ဆီသို့ ဦးတည်လာခဲ့ခြင်း ဖြစ်လေသည်။

သို့သော် ခြေလှမ်းများသည် ဘုရားကျောင်းပျက်ဆီသို့ ဦးတည်ရာလမ်းကြောင်း ပြောင်းသွားတော့သည်။ အဘယ်ကြောင့်နည်း။

သူ့စိတ်ထဲ၌ နောက်ဖေးလမ်းကြားမှ ထွက်ခွာသွားသည့် မြင်းရထားကို ရုတ်ခြည်းမြင်ယောင်လိုက်မိသောကြောင့် ဖြစ်သည်။

ထိုမြင်းရထား၌ပါသွားသည့် ရှည်မျောမျောအထုပ်ကြီးသည် သူ့စိတ်ကိုစွဲဆောင်နေ၏၊

"ဝေ့လင်ယန်း ဆာနေတာတော့ဟုတ်တယ်၊ ဒါပေမယ့် သူမစားရလို့ သေမသွားပါဘူး၊ မြင်းရထားနောက် ငါ လိုက်ကြည့်မယ်"

သူသည် လမ်းကြောင်းပြောင်းကာ ရထားထွက်သွားသည့်ဘက်သို့ ပြေးလိုက်လေတော့၏။

သူသည် ရှည်မျောမျောအိတ်ကြီးကိုသာ မြင်ယောင်နေသည်။

မြင်းရပုံအရ လူဖြစ်ဟန်တူသည်။ သို့မဟုတ်ပစ္စည်းတစ်ခုခု ဖြစ်နိုင်သည်။

ဟုန်ကျန်းသည် မြင်းရထားလှည်းဘီးရာကို ကြည့်ရှုလျက် ပြေးလိုက်သွားလေ၏။ မြင်းရထားသည် လမ်းမကြီးပေါ်သို့ တက်သွားကြောင်း သိလိုက်ရသည်။ ထို့နောက် သူသည် လမ်းမကြီးပေါ်သို့ ပြေးတက်လေ၏။

လမ်းမကြီးပေါ်၌ လှည်းဘီးရာများကို တွေ့ရပြန်သဖြင့် သူသည် လှည်းဘီးရာနောက်သို့ ဆက်လိုက်လေသည်။သူသည် ဝေ့လင်ယန်းကိုပင် သတိမရတော့ပေ။ မြင်းရထားနောက်သို့သာ ဆက်လိုက်နေသည်။



ရှေ့တွင် ဘယ်ဘက်သို့ချိုးသော လမ်းသွယ်တစ်ခုကိုတွေ့ရသလော။

မြင်းလှည်းဘီးရာသည် ထိုလမ်းထဲသို့ ဝင်သွားကြောင်း တွေ့ရှိရသည်။

ဟုန်ကျန်းသည် မြင်းလှည်းဘီးရာကိုကြည့်ရင်း စဉ်းစားသည်။ထိုလမ်းအတိုင်းသွားပါက စူးစူးအမည်ရှိသောချောင်းသို့ ရောက်ရှိကြောင်း သူသိသည်။ ထိုချောင်းသည် ရေစီးသန်၏။ လှေသမ္ဗန်နှင့်ဖြတ်သော်လည်း တစ်ဖက်ကမ်းသို့ ခက်ခဲစွာ ကူးရသည်။ မြင်းရထားသည် ထိုချောင်းသို့ မည်သည့်ကိစ္စဖြင့် သွားရသနည်း။

သူသည် မြင်းရထား သွားရသည့်အကြောင်းကို စဉ်းစားနေ၏။ သူသည် လမ်းသွယ်အတွင်း ကြည့်၍နေစဉ်မှာပင် မြင်းရထားသည် ချောင်းဘက်မှ ပြန်မောင်းလာသည်ကို တွေ့ရှိလိုက်ရလေသည်။

ဟုန်ကျန်း ထိတ်လန့်သွားသည်။သူသည် ချုံတစ်ခုအတွင်းသို့ တိုးဝင်ပုန်းအောင်းလိုက်ရသည်။ မြင်းရထားသည် လမ်းကြောင်းအတွင်း မောင်းချသွားသည်။

ဟုန်ကျန်းသည် ချုံပုတ်ထဲမှထွက်ကာ မြင်းရထားကို မျက်စိတစ်ဆုံး လိုက်ကြည့်မိလေ၏။ မြင်းရထားပျောက်သွားမှ စူးစူးချောင်းသို့ ခြေသုတ်သွက်သွက်ဖြင့် လျှောက်တော့သည်။

ဟုန်ကျန်းစိတ်ထင် မြင်းရထားပေါ် တက်သွားသည့် လူနှစ်ယောက်သည် ရှည်မျောမျောအိတ်ကြီးအား လာရောက်ပစ်ချခြင်းဖြစ်သည်ဟုသာ ထင်မြင်နေတော့သည်။

သူတို့ပစ်ချသည့် အရာဝတ္ထုသည် မည်သည့်အရာဝတ္ထုဖြစ်သည်ကို ဟုန်ကျန်းသိချင်နေသည်။ ထို့ကြောင့် သူသည် ချောင်းဆီသို့ သုတ်သုတ် သုတ်သုတ်နှင့် လျှောက်သွားတော့သည်။

စူးစူးချောင်းသည် သိပ်မကျယ်လှပေ။ သို့သော် ရေစီးသန်သည်။ ဝူးလိမ်မြို့တောင်ဘက်မှ မြစ်ကြီး တစ်မြစ်အတွင်းသို့ စီးဝင်သွားသည်။

ဟုန်ကျန်းသည် ချောင်းနံဘေးရှိ မြင်းလှည်းရာများကို စစ်ဆေးလေ၏။ ထိုအခါ လူခြေရာများကို တွေ့ရတော့သည်။

"ဟာ....ဟုတ်ပြီ၊ ငါထင်တဲ့အတိုင်းပဲ၊ ဟိုလူနှစ်ယောက်က အောက်ဆင်းရမယ်၊ သူတို့ဟာ အိတ်ကြီးကို ဆွဲချရမယ်၊ ပြီးတော့ အိတ်ကြီးကို ရေထဲပစ်ချရမယ်"

ဟုန်ကျန်းသည် ထိုသို့ပြောလိုက်ပြီး ကမ်းစပ်သို့ ဆင်းလေတော့၏။ ချောင်းစပ်တွင် အိတ်ကြီး တစ်လုံးကို တွေ့လိုက်ရသည်။ ရေများပလုံစီထပြီး အိတ်ကြီးသည် တဖြည်းဖြည်း နစ်မြုပ်နေသည်။

ဟုန်ကျန်းသည် အိတ်ကြီးကို ခဲရာခဲဆစ် ဆွဲတင်ရတော့၏။ သူသည် မောပန်းခြင်းကြီးစွာဖြင့် အိတ်ကြီးကို ဆွဲတင်နိုင်ခဲ့သည်။

သူသည် အမောဖြေပြီးနောက် အိတ်ကြီးကို သေချာစွာ ကြည့်လိုက်၏။ စနစ်တကျ ချုပ်ထားသော အိတ်ကြီးဖြစ်ကြောင်း တွေ့ရသည်။ သူသည် ခက်ခဲစွာ ချည်နှောင်ထားသော ကြိုးကို ဖြေလိုက်ရ၏။ ထိုအခါ အိတ်ထဲမှအရာဝတ္ထုကို သူမြင်ရတော့သည်။ သူသည် လန့်သွား၏။



"ဟာ....လူသေကြီး....လူသေကြီး"

သို့သော် မကြာမီ သူသည် ထိုလူသေကြီးကိုကြည့်လိုက်၏။ ရှင်ဘတ်ကိုစမ်းသပ်ကြည့်သည်။

ထို့နောက် သူသည် အိတ်ကြီးကို အတင်းဆွဲချွတ်တော့သည်။

မကြာမီ ဟုန်ကျန်းသည် အလုပ်ရှုပ်သွားတော့၏။ လုံကြာသိုင်းသမား ကျင့်ချင်။ သူသည် သတိရလာလေ၏။

သူသည် မျက်လုံးဖွင့်ကြည့်လိုက်သည်။ သူ့ရှေ့၌ ထိုင်နေသော လူငယ်တစ်ဦးကို တွေ့ရှိရသည်။

သူသည် ပစ္စုပ္ပန်အခြေအနေကို သဘောမပေါက်ပေ။ သူ ချောင်းနံဘေး၌ရောက်နေသည်ကို သဘောမပေါက်ပေ။ သူ အခန်းထဲ၌ ရှိနေသည်မဟုတ်ပါလား။

လူငယ်အခြေအနေကို ကြည့်သည်နှင့် သူ့ကို ပြုစုနေမှန်းတော့ သိသည်။ ကျင့်ချင်သည် အနည်းငယ် နေသာထိုင်သာ ရှိလာလေ၏။

ကျင့်ချင် သက်သောင့်သက်သာ ဖြစ်လာသည်ကို တွေ့ရသောအခါ ဟုန်ကျန်း ဝမ်းသာအားတက်သွားသည်။ သူသည် လူတစ်ယောက်ကို ကယ်တင်နိုင်လိုက်ပြီ မဟုတ်ပါလား။

"ဦးလေး....သတိရလာပြီနော်"

ဟုန်ကျန်းသည် ကျင့်ချင်ကို သိုင်းသမားမှန်းလည်း မသိပေ။

သူသည် ဟုန်ကျန်းကိုကြည့်လိုက်၏။ လူငယ်တစ်ကိုယ်လုံး စိုရွှဲနေသည်ကို ကျင့်ချင် သတိပြုမိသည်။

ကျင့်ချင်သည် မျက်လုံးမှိတ်ပြီး ပြန်စဉ်းစားလိုက်၏။

"ငါ ဘာဖြစ်ခဲ့တာပါလိမ့်"

ထိုအခါ သူသည် စားသောက်ဆိုင်ထဲရောက်နေပုံကို ပြန်မြင်ပေါ်လာသည်။ စားသောက်ဆိုင်ထဲ၌ထိုင်နေစဉ် သူဌေးကြီးဝမ်တုံနှင့် သူ တွေ့ဆုံရပုံ ပြန်ပေါ်လာသည်။

သူဌေးကြီးဝမ်တုံက သူ့အား အရက်နှင့် စားစရာများ စားပါဟု ပြန်ပြောပုံကို သတိရလာသည်။

သူ အရက်သောက်သည်။ တစ်ခွက်နှစ်ခွက်မျှ သောက်ပြီးနောက် သူ သတိလစ်သွားသည်ကို သတိရလာသည်။

"ဟုတ်ပြီ၊ ဒီကောင် ငါ့ကို အဆိပ်ခတ်တာပဲ"

ကျင့်ချင်သည် အဖြစ်အပျက်အလုံးစုံကို သဘောပေါက်သွားလေ၏။ ထို့ကြောင့် မျက်နှာသည် တင်းမာ ခက်ထန်သွားသည်။

"ဗျာ...အဆိပ်ခတ်တယ်၊ ဟုတ်လား၊ ဦးလေးကို ဘယ်သူက အဆိပ်ခတ်တာလဲ"

ဟုန်ကျန်းက အံ့သြစွာမေးလိုက်၏။ ကျင့်ချင်က မေးလိုက်သည်။

"မင်းနာမည် ဘယ်သူခေါ်သလဲ"

"ကျွန်တော့်နာမည် ဟုန်ကျန်းပါ"

ကျင့်ချင်သည် ဟုန်ကျန်းကိုစိုက်ကြည့်လိုက်ပြီး....

"ဟုန်ကျန်း"

သူသည် တီးတိုးရေရွတ်လိုက်သည်။ သူသည် ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုပြီး ဟုန်ကျန်းကို ပြန်မေးလိုက်၏၊



"တို့ ဘယ်ကိုရောက်နေတာလဲ"

ကျင့်ချင်သည် တသွင်သွင်စီးနေသည့်ချောင်းကိုကြည့်လိုက်သည်။

ဟုန်ကျန်း ဘာကိုမျှပြန်မပြောဘဲ သူ့ဘာသာ ဆက်ပြောနေသည်။

"ငါတို့ ချောင်းနံဘေးကို ရောက်နေတာပဲ"

"ဟုတ်ပါတယ် ဦးလေး၊ အဲဒါ ရှူးရှူးချောင်းလေ၊ ဒီချောင်းထဲက ဦးလေးကို ကယ်တင်ခဲ့တာပါ"

ဟုန်ကျန်း၏စကားကို ကြားရသောအခါ ကျင့်ချင် မျက်လုံး ပြူးသွား၏။ သူသည် ဟုန်ကျန်းကို မျက်လုံးပြူးကြီးနှင့် ကြည့်ပြီး မေးသည်။

"ဘယ်လို....ငါ သဘောမပေါက်ဘူး၊ မင်းက ဘယ်လိုလုပ်ပြီး ငါ့ကို ချောင်းထဲက ဆယ်လာခဲ့တာလဲ"

"ဟုတ်ပါတယ် ဦးလေး၊ သူတို့က ဦးလေးကို ဟောဒီ ဂုန်နီအိတ်ထဲထည့်ပြီး ချောင်းထဲကိုလာပစ်တာပါ"

ကျင့်ချင်သည် စဉ်းစားနေ၏။

"အင်း....ငါ သေကံမရောက်သေးလို့ပါကလား"

သူက ဟုန်ကျန်းကို ကျေးဇူးတင်စကားပြောသည်။

"မင်းရဲ့ကျေးဇူးက ကြီးလှပါလား၊ ငါ မင်းရဲ့ကျေးဇူးကို ဘယ်လိုပြန်ဆပ်ရမှန်းတောင် မသိပါဘူး၊ ငါ့တူ...မင်းရဲ့စိတ်ထားဟာ မွန်မြတ်လှပါကလားကွာ"

ဟုန်ကျန်းက ပြုံးလိုက်၏။

"ဒါကို ကျေးဇူးတင်စရာမလိုပါဘူး ဦးလေး၊ ကျွန်တော့် ကယ်ခွင့်ကြုံလို့ ကယ်ရတာပါ၊ ကယ်ခွင့်မကြုံရင် ဦးလေးနဲ့ ကျွန်တော် ထောင်နဲ့မြောက်ကိုရောက်ပြီး လုံးဝမတွေ့ဘဲ နေကြမှာပါ"

"ဒါထက် ငါ ဒီနေရာကို ဘယ်လိုလုပ် ရောက်လာတာလဲ...'

"ဩော်...ဒါလား၊ ဒီလိုပါဦးလေး"

ဟုန်ကျွန်းသည် သူ ချိုင်းဖေ့နှင့် စတွေ့ပုံ၊ ချိုင်းဖေ့နှင့် ခင်မင်မှုရပုံ၊ ချိုင်းဖေ့က သူ့အား ထမင်းထုပ်ပေးပုံ၊ ထိုငွေ မြင်းရထားတစ်စီးတွေ့ရပုံ၊ ထိုမြင်းရထားထဲသို့ ရှည်မျော မျော အထုပ်ကြီးတင်ထုပ်ထည့်ပုံ၊ ဟုန်ကျွန်း မသင်္ကာပုံ၊ သူ မြင်းရထားနောက်လိုက်ခဲ့ပုံ၊ အထုပ်ကြီးကို ရေထဲဆင်းဆယ်ခဲ့ပုံတို့ကို အပြည့်အစုံ ပြောပြလိုက်လေ၏။

ကျင့်ချင်မှာ ခေါင်းတညိတ်ညိတ်နှင့်ပင် နားထောင်နေလေ၏။

ကျင့်ချင်က နာကြည်းစွာ ရေရွတ်လိုက်၏။

"ဝမ်တုံ...ဝမ်တုံ...မင်းတော့ နေနှင့်ဦးပေါ့ကွာ"

ဟုန်ကျွန်းသည် ကျင့်ချင်ကို ကြည့်လိုက်၏။

"ဝမ်တုံဆိုတာ ဘယ်သူလဲ ဦးလေး"

"ဝမ်တုံဆိုတာ ညမွှေးပန်းစားသောက်ဆိုင် ပိုင်ရှင်လေကွာ၊ အင်း.. ဒါတွေကို မင်း သိစရာမလိုပါဘူးကွာ ဘာပဲဖြစ်ဖြစ် မင်းကို ငါ ကျေးဇူးတင်ရမယ်၊ မင်းကြောင့် ငါ့အသက် မသေရတာ"



ကျင့်ချင်က ဆက်ပြော၏။

"အေး....အဲဒါ ဆေးဆရာစိတ်ထား ခေါ်တယ်ကွ၊ လူတစ်ယောက်ရဲ့ အသက်ကို ကယ်ဆယ်တယ်ဆိုတာ အင်မတန် နှံမြတ်တဲ့ အလုပ်ပါ၊ ဒါထက် မင်းမိဘတွေက ဘယ်သူတွေလဲကွ"

ကျင့်ချင် အမေးစကားသည် ဟုန်ကျွန်း၏ မျက်နှာအား ညှိုးနွမ်းကျစေလေ၏။ သူသည် စိတ်အားငယ်သွားသည်။

ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်သည်။

"ကျွန်တော့်မှာ အဖေ အမေလဲ မရှိပါဘူး၊ နာမည်လဲ မသိပါဘူး"

ထိုအခါ ကျင့်ချင် အံ့ဩသွားလေ၏။

"ဟင်....မင်း အဖေ အမေ မရှိဘူး"

"မရှိပါဘူး ခင်ဗျာ"

"မင်းကို ဒီအရွယ်ထိ ရောက်အောင် ဘယ်သူအုပ်ထိန်းခဲ့သလဲ၊ တစ်ယောက်ယောက်တော့ ရှိရမှာပေါ့"

"ကျွန်တော် ထန်စီးက ဆေးဆရာကြီး ဂူပိန်းနဲ့ ခပ်ငယ်ငယ်ကတည်းက နေလာခဲ့တာပါ"

"သမားတော်ကြီး ဂူပိန်း၊ ဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျာ"

"အခု ဂူပိန်း ဘယ်ရောက်နေလဲ"

"ကျွန်တော် လူမှန်းသိတတ်စအရွယ်ကစပြီး ဘဘဂူပိန်းကို လူဆိုးတွေ ဖမ်းသွားတာ ခုအချိန်ထိ ဘာ သတင်းမှ ကြားရတော့ပါဘူး ခင်ဗျာ၊ ကျွန်တော်လဲ ဘဘဂူပိန်း

မရှိတော့တဲ့နောက်မှာ သောင်ပြင်လွတ်တဲ့ခွေးလို ဖြစ်တော့တာပါပဲ၊ ဒါပေမယ့် ကျွန်တော်ဟာ လူယက်မစားဘူး၊ ခိုးမစားဘူး၊ တောင်းမစားဘူး၊ ကိုယ့်လုပ်အားနဲ့ကိုယ် စားနိုင်အောင် ကြိုးစားခဲ့ပါတယ် ခင်ဗျာ''

ကျော့်ချင်သည် သက်ပြင်းချလိုက်၏။

''ဒါထက် ငါရေမွှန်းနေတာကို သက်သာအောင် မင်းတယ်လိုလုပ်ပေးတာလဲ''

ဟုန်ကျွန်းက ပြုံးလိုက်၏။

''ဒါများ ခက်လွန်းလို့ ဦးလေးရာ''

''မခက်ပါဘူး၊ ပြောမှာသာ ပြောစမ်းပါကွာ၊ ငါသိချင်လို့ပါကွာ''

''ကျွန်တော်လဲ သူများလုပ်တာ မြင်ဖူးလို့ပါ''

''လုပ်စမ်းပါဦး၊ ဘယ်လိုမြင်ဖူးတာလဲ''

''ရေနစ်တဲ့ သူတွေကို သူများတွေက ဖောက်ထိုး ထားပြီး ထမ်းပြေးကြတယ်လေ၊ ဗိုက်ထဲက ရေတွေ အန်ထွက်အောင် လုပ်တာပေါ့၊ ဦးလေးကိုတော့ ကျွန်တော်ထမ်းပြီး မပြေးနိုင်ပါဘူး၊ လမ်းလျှောက်ရတာပေါ့၊ ဒါကြောင့် ဦးလေး ပြန်သတိရလာတာပါ''

''အင်း—မင်းဟာ ကူညီဖို့ကိစ္စတွေကိုတော့ မှတ်သားထက်တာပဲ၊ အဲဒါ လူမိုးလူကောင်းတွေရဲ့ ကျောင့်ပေါ့ကွာ''

ဟုန်ကျွန်းသည် ခေါင်းငုံ့နေလေ၏။

''မင်း အခု ဘယ်သူနဲ့ နေသလဲ၊ ဘယ်မှာ နေသလဲ''



ဟုန်ကျွန်းမှာ ထိုအမေးကို ရုတ်တရက်မဖြေချေ။ မျက်မြင် ဗုက္ကိတမလေး ဝေ့လင်ယန်းကို ယခုမှ သတိရတော့သည်။

ဝေ့လင်ယန်းတစ်ယောက် အလွန်ပင်ဆာလောင်မွတ်သိပ်နေရှာပေတော့မည်။

သူသည် စားစရာအထုပ်ကို သတိရလာပြီး ဟိုဟိုသည်သည် ရှာဖွေမိ၏။

''ဟောဟိုမှာ''

အထုပ်ကလေးသည် ကုန်းကမူလေးတစ်ခုပေါ်တွင်ရှိနေခဲ့သည်။

သူသည် ကျော့်ချင်နှင့်ထိုင်၍ အချိန်မဖြုန်းနိုင်တော့ပေ။ ဘုရားကျောင်းပျက်သို့ အမြန်ဆုံး ပြန်ရပေတော့မည်။

''ဦးလေး''

''ဟေ''

''ကျွန်တော်သွားတော့မယ်''

ဟုန်ကျွန်းသည် ကုန်းကမူလေးဆီသို့ ပြေးလေတော့၏။ ထိုကုန်းကမူလေးပေါ်တွင် သူသည် စားစရာအထုပ်ကလေးကို တင်ထားခဲ့မိသည် မဟုတ်ပါလော။

သူသည် အထုပ်ကလေးကိုပြေး၍ဆွဲသည်။ အထုပ်ကလေးရလာသောအခါ ကျော့်ချင်ကိုမကြည့်ဘဲ ထွက်ပြေးလေတော့သည်။

သူ၏ ပြေးရာ ပန်းတိုင်ကား ဘုရားကျောင်းပျက်သာတည်း။

ကြောင်အမ်းအမ်းနှင့် ကျန်ရစ်သော ကျင့်ချင်သည် ဟုန်ကျန်းအား လှမ်း၍ခေါ်သည်။

"ဟော့....လူလေး....မပြေးနဲ့လေ၊ မင်းဘယ်မှာနေတယ်ဆိုတာကို ပြောသွားပါဦး"

ဟုန်ကျန်းကား ဘာမျှမကြားတော့ပေ။ လှည့်မကြည့်တော့ပေ။ သူ ပြေးလိုရာကိုသာ ပြေးတော့သည်။

"တယ်ခက်တဲ့ ကလေးပဲ"

ကျင့်ချင်က ရေရွတ်လိုက်၏။ ဟုန်ကျန်းကား ဘုရားကျောင်းပျက်ဆီသို့ ပြေးနေလေပြီ။

★

## အခန်း (၁၄)

### ဘုရားကျောင်းပျက်၌ တွေ့ဆုံခြင်း

"ဝေ့လင်ယန်း"

အားရပါးရ စားသောက်နေသော ဝေ့လင်ယန်းသည် ခေါင်းမော့ကြည့်လိုက်၏။

"ရှင်....အစ်ကို"

"စားလို့ကောင်းရဲ့လား"

"ကောင်းပါတယ် အစ်ကို၊ အစ်ကိုရော စားပြီးပြီလားဟင်"

ဝေ့လင်ယန်းက ပြန်လည်မေးမြန်းလေ၏။

ဟုန်ကျန်းသည် ဝေ့လင်ယန်း ကြားနိုင်လောက်အောင် သက်ပြင်းကို ဖြည်းညင်းစွာ ချလိုက်၏။

"အင်း....စားပြီးပါပြီကွယ်"

ဝေ့လင်ယန်းကပြုံးသည်။

"အင်းဆိုပြီး တော်ကြာ ရေတွေချည်း လမသောက်နဲ့နော်"

ဝေ့လင်ယန်း၏စကားကြောင့် ဟုန်ကျန်းသည် အားရပါးရ ရယ်မောလေ၏။ သူရယ်မိပါသည်။

ဝေ့လင်ယန်း ထားသောက်နေသည်ကိုကြည့်ပြီး သူတကယ်ပင် ပျော်ရွှင်မိပါသည်။ နှမလေးတစ်ယောက်စားနေသည့်သို့ သူထင်မှတ်နေပါသည်။

သို့သော် ဝေ့လင်ယန်း မရယ်နိုင်ပါ။ သူစားမည့်ထမင်းကုပ်ကို အောက်သို့ချပြီး အဝေးသို့ မျှော်ကြည့်နေပါသည်။

"ညီမလေး"

ဝေ့လင်ယန်း လန့်သွားပါသည်။

"ရှင်"

"ဘာဖြစ်လို့လဲ ညီမလေးရယ်၊ ညီမလေးမျက်နှာ ညှိုးနေပါလား"

ဟုန်ကျန်း၏လေသံ၌ ကရုဏာတရားအပြည့်အဝပါသည်။ ဝေ့လင်ယန်းအတွက် သူစိုးရိမ်ပူပန်နေကြောင်း သူ့လေသံက ဖော်ပြနေပါသည်။

"ညီမ....ညီမကုသိုလ်ကံ သိပ်ဆိုးပါတယ် အစ်ကိုရယ်"

ဟုန်ကျန်း မျက်မှောင်ကြုတ်သွားသည်။

"ဘာဖြစ်လို့လဲ ညီမရယ်"



ဝေ့လင်ယန်း၏ မျက်လုံးအိမ်မှ မျက်ရည်များ စီးကျလာသည်။

"ညီမ....ညီမရှေ့ဆက်ပြီး ဘယ်လို အသက်ရှင်ရမယ်ဆိုတာ ညီမ မစဉ်းစားတတ်တော့ဘူး အစ်ကိုရယ်"

ဝေ့လင်ယန်းသည် ဆို့နင့်ကြေကွဲစွာပြောလေ၏။ ဟုန်၏။

ဝေ့လင်ယန်း၏ ဘဝမှာ မလွယ်ပါ။

ယခုပင်လျှင်ရေနစ်သူက ကောက်ရိုးမျှင်ကလေးကိုဆွဲထားသလိုသာ ရှိသည်။ ထိုကောက်ရိုးမျှင်ကလေးသည် မည်မျှဆွဲကိုင်နိုင်ပါမည်နည်း။

ဟုန်ကျန်းက....

"အို....ညီမလေးက ဘာတွေ တွေးနေရတာလဲ၊ ဒီအကြောင်းတွေ ဘာမှမတွေးနဲ့၊ ညီမလေးအတွက် အစ်ကိုတစ်ယောက်လုံး ရှိနေပြီပဲ၊ ညီမလေးအတွက် လိုအပ်သမျှကို အစ်ကိုရှာဖွေကျွေးမယ်၊ ညီမလေး ဘာမှမပူပါနဲ့"

ဟုန်ကျန်းက အားပေးနှစ်သိမ့်သည်။

"အစ်ကို မညာပါနဲ့အစ်ကိုရယ်၊ ဒီထမင်းထုပ်တစ်ထုပ်ရဖို့ အစ်ကို ဘယ်လောက် ဆင်းရဲပင်ပန်းခဲ့ရတယ်ဆိုတာ ညီမ တွေးမိပါတယ်"

ဟုန်ကျန်းမှာ ရင်နင့်သွားသည်။ သည်မိန်းကလေး ဒါတွေကို စဉ်းစားမိသလားဟု သူတွေးမိပြီး ပိုသနားကြင်နာသွားသည်။

"ဒီအတွက် မပူပါနဲ့ကွယ်၊ အစ်ကိုမသေသေးသရွေ့ ရှာဖွေကျွေးမယ်ဆိုတာ ညီမလေးယုံပါ"

ဟုန်ကျန်း ဒါပဲ ပြောတတ်သည်။ သူ့ရင်ထဲကတော့ မကောင်းလှပါ။

ဝေ့လင်ယန်းသည် ဟုန်ကျန်းအနီးသို့ တိုးလာ၏။ ဟုန်ကျန်း၏ လက်မောင်းများကို စမ်းသပ်ကိုင်တွယ်သည်။

ထို့နောက် လက်ဖဝါးနုနုကလေးဖြင့် ဟုန်ကျန်း၏ မျက်နှာကို ပွတ်သပ် စမ်းလိုက်သည်။ သူမသည် တိုးညင်းစွာ ပြောလေ၏။

"အစ်ကိုရဲ့ မျက်နှာကို ညီမမြှင်ချင်လိုက်တာ"

ထိုအခါ ဟုန်ကျန်းက ပြုံး၏။

"ဟာ....ညီမ အစ်ကို့မျက်နှာ မြင်ရင် ကြောက်သွားမှာပေါ့၊ အစ်ကိုက အသားမည်းမည်း၊ သွားကျဲကျဲ၊ မျက်လုံးပြူးပြူးနဲ့ တကယ့်ကို ကြောက်စရာကောင်းတယ်၊ အစ်ကိုက သိပ်ရုပ်ဆိုးတယ်"

စိတ်မကောင်းဖြစ်နေသည့် ဝေ့လင်ယန်းသည် ပြုံးလာလေ၏။

"မညာပါနဲ့အစ်ကိုရယ်၊ အစ်ကို့ရုပ်ရည်ကို စမ်းသပ်ကြည့်ပါတယ်၊ ညီမလက်နဲ့ကိုင်ကြည့်ရင် ရုပ်ဆိုးတယ် ရုပ်မဆိုးဘူး သိတာပဲ"

"တယ်တော်တဲ့လက်ပါလား၊ ညီမ စမ်းသပ်ကြည့်ပြီးပြီ၊ ရုပ်မဆိုးဘူးဆိုတာ သိသွားပြီပေါ့"

"အစ်ကိုရယ်....အစ်ကိုနဲ့ညီမခဏနေလိုက်တာနဲ့ အစ်ကို့သဘောထားကို သိသွားတာပဲ၊ အစာငတ်ခံပြီး မျက်မမြင်ဒုက္ခိတလေးကို ထမင်းကျွေးတဲ့လူဟာ ရုပ်ဆိုးနိုင်ပါ့မလား၊



နောက်ပြီး ဒီထမင်းထုပ်ဟာ လွယ်လွယ်နဲ့ရတဲ့ ထမင်းထုပ်မဟုတ်ဘူး၊ ထမင်းတစ်လုတ်စားရဖို့ ဘယ်လောက် ခက်ခဲတယ်ဆိုတာ ညီမသိပါတယ် အစ်ကိုရယ်၊ လောကမှာ ရုပ်လှတာထက် စိတ်လှဖို့က အရေးကြီးတယ်ဆိုတာ ညီမ သိပါတယ်၊ ဒါပေမယ့် အစ်ကိုဟာ ရုပ်လဲလှတယ်၊ စိတ်လဲ လှတယ်"

"ဟင်း....ဒီလောကမှာ အစ်ကို့ကို တန်ဖိုးထားတယ်ဆိုတဲ့လူနဲ့ ပထမဦးဆုံး တွေ့ရခြင်းပဲ"

ဘာကြောင့်မှန်းမသိ၊ ဝေ့လင်ယန်း၏မျက်နှာတွင် သွေးရောင်လွှမ်းသွား၏။ သူမသည် ရှက်သွားခလေ၏။

"အစ်ကို့ကို ဘာဖြစ်လို့ တန်ဖိုးမထားရမှာလဲ၊ လူ ဆိုတာ အထက်တန်းကျတဲ့စိတ် ရှိရမယ် သူတစ်ပါးကို ကူညီချင်တဲ့လူ၊ သနားကရုဏာရှိတဲ့လူ၊ ကိုယ်က ပေးချင်နေတဲ့လူဟာ အထက်တန်းကျတဲ့စိတ် ရှိတာပဲ၊ အစ်ကိုဟာ ဘယ်လောက် ဆင်းရဲနေနေ အထက်တန်းကျတဲ့ လူတစ်ယောက်ဆိုတာ ညီမသိတယ်၊ အဲဒီတော့ ညီမ ဘာဖြစ်လို့ တန်ဖိုးမထားရမှာလဲ"

သူမက ဆက်ပြော၏။

"တစ်လောကလုံးမှာ ညီမအားကိုးရမယ့်လူဆိုလို့ ပြေးကြည့်ရင် အစ်ကိုတစ်ယောက်ပဲရှိတာ၊ ညီမကမှ အစ်ကို့ကို တန်ဖိုးမထားရင် ဘယ်သူက အစ်ကို့ကို တန်ဖိုးထားတော့မှာလဲ"

ဝေ့လင်ယန်း၏စကားများသည် ဟုန်ကျန်း၏ အသည်းနှလုံးများကို ဖျစ်ညှစ်သလို ဖြစ်နေသည်။ သူသည် မိမိကဲ့သို့ အားကိုးရာမဲ့နေသော တစ်ကောင်ကြွက်မလေး ဖြစ်နေပါကလားဟု ဟုန်ကျန်း သိမြင်သွားသည်။ သို့ရာတွင် မိမိက မျက်စိမြင်သူ ဖြစ်နေသည်။ သူမက မျက်စိမမြင်။ လောက အလယ် လွန်စွာ အားငယ်နေရှာပေလိမ့်မည်။

မိမိမှာသည်း မည်သည့်ဆွေမျိုးသားချင်းမျှ မရှိချေ။

သူ့ဘဝသည် လွန်စွာ အထီးကျန်ဆန်ခဲ့လေ၏။ ဝေ့လင်ယန်းနှင့်တွေ့မှသူ့ဘဝသည် ခင်တွယ်သံယောဇဉ်ရှိခဲ့ရသည်။ နွမ်းရော်ခြောက်သွေ့နေသော သူ့ဘဝသည် ယခုမှ နှင်းရည်ဆမ်းသကဲ့သို့ ဖောင်မြင်လာရသည်။ ရှေ့လျှောက်လှမ်းရမည့်ဘဝအတွက် ဝေ့လင်ယန်းသည် အားဖြည့်ပေးသလို ဖြစ်လာသည်။

"ညီမလေး"

"ရှင်"

"ညီမလေး ဘာမှအားမငယ်ပါနဲ့၊ အစ်ကို ညီမလေးကို ဖြူဖြူစင်စင် စောင့်ရှောက်သွားမယ် စားစရာ သောက်စရာကို ရှာဖို့ ခက်တယ်ဆိုတာ အစ်ကိုလက်ခံပါတယ်၊ ဒါပေမယ့် အစ်ကိုတို့မှာ ခြေရှိတယ် လက်ရှိတယ်၊ အစ်ကိုတို့ ကြံနိုင်ဖန်နိုင်ပါတယ်၊ ညီမလေးကို စားစရာ ရှာကျွေးနိုင်ပါတယ်"

"တကယ်ပြောတာလားအစ်ကို"



"တကယ်ပေါ့ ညီမလေးရယ် အစ်ကိုဟာလဲ ညီမလေးလို တစ်ကောင်ကြွက်ပါပဲ"

"ဒါဖြင့် ညီမလေးနဲ့ မခွဲတော့ဘူးပေါ့နော်"

"မခွဲပါဘူး ညီမလေးရယ်"

"အို....ဝမ်းသာလိုက်တာရှင်ရယ်"

ဝေ့လင်ယန်းအသံမှာ တုန်ယင်နေသည်။

"ညီမလေး ဝမ်းသာသွားသလားဟင်"

"မေးမှမေးရက်တယ် အစ်ကိုရယ်"

"အဲ....အစ်ကိုနဲ့ ညီမလေးဟာ မောင်နှမဖြစ်ပြီ၊ တခြားထပ်မပြောနဲ့တော့"

"ဟုတ်ကဲ့"

"ဘယ်သူမေးမေး တို့ဟာ မောင်နှမပဲနော်"

"ဟုတ်ကဲ့"

"မိဘတွေကိုမေးရင် ငယ်ငယ်ကတည်းက ဆုံးသွားကြပြီလို့ ပြောရမယ်နော်"

"ဟုတ်ကဲ့ အစ်ကို"

ထိုစဉ် ဝေ့လင်ယန်းခေါင်းထောင်လာသလေ၏။ အဘယ်ကြောင့်ဆိုသော် သူမသည် ခြေသံတစ်သံကို ကြားမိသောကြောင့်တည်း။ သူမသည် အမြင်အာရုံ ချို့တဲ့နေသူဖြစ်၍ အကြားအာရုံ ပိုကောင်းသည်။ သာမန်လူ မကြားနိုင်သော အသံကို ဝေ့လင်ယန်း ကောင်းစွာကြားနိုင်သည်။ သူမသည် ဟုန်ကျန်း၏နှုတ်ခမ်းကို သူမ၏လက်ကလေးများနှင့် လှမ်းပိတ်ပြီး တီးတိုးပြောလိုက်လေ၏။

''အစ်ကို....လူတစ်ယောက်လာတဲ့ခြေသံကို ကြားနေရတယ်''

ဟုန်ကျန်းသည် ကျောင်းပျက်ကြီး၏ ရှေ့လမ်းပေါ်သို့ ကြည့်လိုက်၏။ ဤနေရာသည် လူသူကင်းပြတ်သောနေရာဖြစ်သဖြင့် တစ်ယောက်ယောက်လာလျှင် ထင်လင်းစွာ သိရှိနိုင်သည်။

လူတစ်ယောက်လာနေသည်မှာ အမှန်ပင်တည်း။ လူ တစ်ယောက်သည် ဘုရား ကျောင်း ပျက် ကြီး ဆီ သို့ စူးစမ်းရင်း လျှောက်လှမ်းလာနေသည်။

နက်မှောင်သော မျက်ခုံးမွေးထူကြီးနှင့်အတူ ထူထဲသော နှုတ်ခမ်းမွေးရှိသည့် ဥပဓိရုပ် ကောင်းသော လူကြီး တစ်ယောက်ဖြစ်ကြောင်း ဟုန်ကျန်း တွေ့ရှိရသည်။

ထိုလူကြီးသည် ကျောင်းပျက်ပေါ်သို့ တန်းတန်းမတ်မတ် လျှောက်လာလေ၏။

ထိုသူသည် ဟုန်ကျန်းတို့နှစ်ယောက်အား စူးစူးစိုက်စိုက် ကြည့်နေသည်။

ဟုန်ကျန်းက....

''ဦးလေး....ဘာကိစ္စရှိလို့ပါလဲ''

ဟုန်ကျန်းက မေးလိုက်၏။

နှုတ်ခမ်းမွေးနှင့်လူသည် ရယ်မောလိုက်လေ၏။

''လူကလေးက ဦးလေးကိုတောင် မမှတ်မိတော့ဘူးနဲ့တူတယ်''



ဟုန်ကျန်းသည် အသံကြားလိုက်ရမှ မည်သူဖြစ်ကြောင်း သိတော့သည်။ ဤလူကြီးမှာ စူးစူးချောင်းအတွင်းမှ ကယ်တင်ပေးလိုက်သည့် လူကြီးသာတည်း။

ဟုန်ကျန်းသည် ထ၍ ကြိုဆိုနှုတ်ဆက်လိုက်သည်။

''ဦးလေးပါလား၊ ဘယ်လိုများ ရုပ်ဖျက်လာတာလဲ ခင်ဗျာ၊ ကျွန်တော် လုံးဝမမှတ်မိပါဘူး''

ထိုလူကား ကျင့်ချင်သာတည်း။ ကျင့်ချင်က နှုတ်ခမ်းကို လက်ညှိုးနှင့်ပိတ်ပြီး ရှူးခနဲလုပ်သည်။ ခပ်တိုးတိုးပြောဟူသည့်သဘော။

''ရှူး....တိုးတိုးပြောပါကွ၊ ဦးလေး ရုပ်ဖျက်ထားတာကို မင်းတို့နှစ်ယောက်ကလွဲပြီး ဘယ်သူမှ မသိစေချင်ဘူး''

''ဟုတ်ကဲ့ ဦးလေး၊ ကျွန်တော် သဘောပေါက်ပါတယ်''

ကျင့်ချင်သည် ဝေ့လင်ယန်းကို အတန်ကြာ ကြည့်ရှုနေသည်။

ဤသည်ကို ဟုန်ကျန်းက မြင်သည်။

''ဒါ ကျွန်တော့်ညီမလေးပါ၊ သူက မျက်စိမမြင်ဘူး ဦးလေးရဲ့''

ကျင့်ချင် အံ့အားသင့်သွားရ၏။

''မင်း စောစော ပြောထားရင် စောစော သိထားရတာပေါ့ကွ''

''ကျွန်တော် စောစောက မပြောတာက နောက်ကျတော့လဲ သိမှာမို့လို့ပါ၊ အခုလဲ သိသွားပြီမဟုတ်လား''

ကျင့်ချင်က....

“ဒါထက် ငါ့အကြောင်း မင်းညီမလေးကို ပြောပြီးပြီလား”

ဟုန်ကျန်းက ခေါင်းယမ်းလိုက်၏။

“မပြောရသေးပါဘူး ဦးလေး”

“ငါ ပြောထားချင်တယ်၊ ငါ့အကြောင်း မင်းညီမလေးကို ပြောချင်ပြောနိုင်တယ်၊ ဒါပေမယ့် တခြား ဘယ်သူ့ကိုမှ မပြောစေချင်ဘူး၊ မသိစေချင်ဘူး၊ ငါ့မှာ အကြောင်းရှိတယ်ဆိုတာ မင်းလဲရိပ်မိမှာပေါ့”

“စိတ်ချပါ ဦးလေးရယ်၊ ကျွန်တော့်နှမလေးပဲ သိစေရပါမယ်၊ တခြား ဘယ်သူမှ မသိစေရပါဘူး”

ကျင့်ချင်က....

“ကဲ....မင်းကို ပိုပြီးရှင်းအောင် ငါပြောမယ်၊ ကျင့်ချင်ဆိုတဲ့လူတစ်ယောက်ဟာ ဂုန်နီအိတ်နဲ့ အတူ ပင်လယ်ထဲရောက်သွားပြီပေါ့၊ ညမွှေးပန်းစားသောက်ဆိုင်က လူတွေအားလုံးလဲ ဒီအတိုင်းပဲသိစေချင်တယ်၊ ရှင်းတယ်မဟုတ်လား”

“ဟုတ်ကဲ့....ရှင်းပါတယ် ဦးလေး”

ဝေ့လင်ယန်းသည် သူတို့ပြောနေသည့် စကားများကို ခေါင်းကလေးမော့၍ နားထောင်နေသည်။ ဘာတစ်ခွန်းမျှ ဝင်မပြောချေ။

ကျင့်ချင်ဆိုသည့်လူကြီးပြောနေသည့် စကားများကိုလည်း ဝေ့လင်ယန်း သဘောမပေါက်ချေ။ အဘယ်မှာလျှင် သဘောပေါက်ပါမည်နည်း။ ဟုန်ကျန်းသည် ထို အဖြစ်အပျက်ကို ပြောမပြထားသောကြောင့် ဖြစ်သည်။



ကျင့်ချင်သည် ဟုန်ကျန်းနှင့် ဝေ့လင်ယန်းကို အကဲခတ်သည်။

ဟုန်ကျန်းသည် မနေတတ်မထိုင်တတ် ဖြစ်နေသည်။ ဝေ့လင်ယန်းကတော့ ဘာမျှမသိချေ။ နားစွင့်၍သာနေသည်။ ကျင့်ချင်က ခေါင်းယမ်းလိုက်၏။

“မင်းတို့နှစ်ယောက်ဟာ မောင်နှမအရင်းတော့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး”

“ဗျာ”

ဟုန်ကျန်းရော ဝေ့လင်ယန်းပါ အံ့ဩသွားကြ၏။

ကျင့်ချင်က ဟုန်ကျန်းတို့ လန့်သွားကြသည်ကို ကြည့်ပြီး ရယ်သည်။

“အခုမှ ပိုပြီး မောင်နှမ မဟုတ်ဘူးဆိုတာ သိသာတယ်၊ ဒါပေမယ့် ထားပါ၊ ဒါက အဓိကအကြောင်း မဟုတ်ပါဘူးလေ”

ဟုန်ကျန်းသည် သက်ပြင်း ချလိုက်လေ၏။ ဘာမှတော့ မပြောပေ။ ဆိတ်ဆိတ်နေခြင်းသည် ဝန်ခံခြင်း မဟုတ်ပါလား။ ကျင့်ချင်က ဆက်၍ပြော၏။

“ဘာပဲဖြစ်ဖြစ် လူကလေးဟာ ငါ့အသက်သခင် ကျေးဇူးရှင်ပဲ၊ မွန်မြတ်တဲ့စိတ်ထားကို ငါ လေးစား တန်ဖိုးထားပါတယ်”

“ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် ဦးလေး”

“ဒါထက် မင်းကို တစ်ခုမေးရဦးမယ်၊ မှန်မှန်တော့ဖြေနော်”

ဟုန်ကျန်း၏မျက်ခုံးများ မြင့်တက်သွား၏။

"ဘာများလဲ ဦးလေး"

"ငါသိနေတယ်၊ မင်းတို့နှစ်ယောက်ဟာ လှည့်လည်ပြီး တောင်းစားနေတဲ့ လူတွေတော့ မဟုတ်ဘူး"

ဟုန်ကျန်းသည် လေးနက်စွာပြောလေ၏။

"မဟုတ်ပါဘူး ဦးလေး၊ ကျွန်တော်တို့ဟာ ဘယ်တုန်းကမှ မတောင်းစားခဲ့ပါဘူး၊ ကိုယ့်လုပ်အားနဲ့ကိုယ်စားဖို့ အမြဲကြိုးစားနေတဲ့ လူတွေပါ"

"ယုံပါတယ်၊ မင်းတို့ရဲ့ ရုပ်ရည်ကိုကြည့်ပြီးတာနဲ့ ဒီလိုတောင်းစားမယ့်လူတွေ မဟုတ်ဘူးဆိုတာ ငါ သိလိုက်မိပါရဲ့...."

"ကျွန်တော်ဟာ အခုအသက်အရွယ်အထိ သူတစ်ပါးဆီမှာ တစ်ခါမှ တောင်းမစားဖူးသေးပါဘူး"

"ငါ ယုံပါတယ်၊ ဒါပေမယ့် မင်းပြောတဲ့အထဲမှာ ချိုင်းဖေ့က မင်းကို ခေါက်ဆွဲကြော်ထုပ် ပေးခဲ့သေးတယ်နော်"

"ဟုတ်တယ်၊ သူပေးတာပါ၊ သူက ကျွန်တော် မတောင်းတဲ့အတွက် သူက တမင်ပေးတာပါလို့ ပြောခဲ့ပါတယ်"

"ဒုတိယအကြိမ် မင်းညီမလေးအတွက် သွားတောင်းတယ် မဟုတ်လား"

"မှားမယ် ဦးလေး"

ဝေ့လင်ယန်းကိုကြည့်ပြီး ကျင့်ချင်ကို တားလိုက်၏။ ဤစကားကို သူ ရှင်းရဦးမည်မဟုတ်ပါလား။



ဝေ့လင်ယန်းသည် ငိုမဲ့မဲ့မျက်နှာကလေးဖြင့် တစ်ဖက်သို့ လှည့်သွားလေသည်။

"အစ်ကိုပြောတော့ အလုပ် သွားလုပ်တယ်ဆို၊ ခုတော့ ညီမလေးစားဖို့ အစ်ကို သွားတောင်းခဲ့တာပေါ့၊ ဟုတ်လား အစ်ကို၊ မတောင်းပါနဲ့၊ ညီမလေးတောင်းပါ့မယ် အစ်ကိုရယ်"

ဝေ့လင်ယန်းက ဝမ်းနည်းစွာပြောလေသည်။

ဟုန်ကျန်းက ရှင်းပြသည်။

"ညီမလေး....ဘာမှ စိတ်မပျက်နဲ့၊ ဘာမှ စိတ်မပူပါနဲ့၊ အစ်ကိုဟာ ဒီအမင်းထုပ်ကိုရယူဖို့ သူ့ပန်းကန်တွေကို ဝိုင်းဆေးပေးခဲ့ရတယ်၊ ဦးလေးချိုင်းဖေ့ဟာ အစ်ကို့စိတ်ဓာတ်ကို သိပါတယ်၊ သူဟာ အစ်ကို့ကို ဘာမှ အလကားမပေးပါဘူး"

ဝေ့လင်ယန်းသည် ငိုနေလေသည်။

"ကဲ...ညီမလေးမယုံရင် ဦးလေးချိုင်းဖေ့ကို ညီမလေး လိုက်မေးကြည့်ရင် ရပါတယ်၊ မငိုနဲ့နော်၊ တိတ်...တိတ်"

ကျင့်ချင်က....

"ကဲ....လူလေး၊ မင်း ဘာလုပ်ချင်တယ်ဆိုတာ ငါ့ကို ပြောစမ်းပါ"

"ဗျာ"

"ဗျာမနေနဲ့၊ မင်းလုပ်ချင်တာကိုသာပြော"

ဟုန်ကျန်းသည် ကျင့်ချင်ကိုသာ ငေးကြည့်နေမိသည်။

အတန်ကြာမှ....

''ဦးလေးက သိုင်းပညာရှင် တစ်ယောက်လားဟင်''

ကျင့်ချင်က ခေါင်းညိတ်သည်။

''အေး...ဟုတ်တယ်၊ ငါ သိုင်းပညာတတ်တယ်၊ ဒါနဲ့ ငါက မင်းကိုမေးနေတာကွ၊ မင်းက ငါ့ကို ဘာဖြစ်လို့ ပြန်မေးနေရတာလဲ''

ဟုန်ကျန်းသည် လက်ဝါးနှစ်ဖက်ကိုပွတ်သပ်၍ ပြောလိုက်သည်။

''ကျွန်တော်က သိုင်းပညာ သိပ်သင်ချင်တာ ဦးလေးရဲ့''

''ဟင်''

ကျင့်ချင်သည် ဟုန်ကျန်း၏စကားကို ကြားရသောအခါ အံ့ဩသွားသည်။ သူသည် ဟုန်ကျန်းကို စေ့စေ့ကြည့်လိုက်သည်။

''မင်း ခဏမတ်တတ်ရပ်စမ်း''

ဟုန်ကျန်းသည် မတ်တတ်ရပ်လိုက်သည်။

ကျင့်ချင်သည် ဟုန်ကျန်း၏ တစ်ကိုယ်လုံးကို အကဲခတ်ကြည့်သည်။ အဆစ်များသည် အလွန်အဆင်ပြေလှသည်ကို ကျင့်ချင် တွေ့ရှိရသည်။ ထို့နောက် ဝေ့လင်ယန်းကို လှမ်းကြည့်လိုက်သည်။

''မင်း သိုင်းပညာကိုသင်ကြားချင်တာကတော့အကြောင်း မဟုတ်ပါဘူး၊ ဒါပေမယ့် မိန်းကလေးအတွက် ဘယ်လိုလုပ်မလဲ''

ဟုန်ကျန်း အံ့ဩသွားသည်။



''ဗျာ...သိုင်းပညာသင်ရင် ကျွန်တော် သူ့ကို ခွဲခဲ့ရမှာလား၊ ဒါဆိုရင်တော့ ကျွန်တော် မသင်ချင်တော့ပါဘူးခင်ဗျာ''

ကျင့်ချင်သည် သက်ပြင်းတစ်ချက် ချလိုက်သည်။

ထိုစဉ် ဝေ့လင်ယန်းက ဝမ်းနည်းစွာ လှမ်းခေါ်လိုက်သည်။

''အစ်ကို''

''ပြော...ညီမလေး''

''ညီမထိုက်နဲ့ ညီမ ရှိပါစေတော့ အစ်ကို၊ အစ်ကိုသာ သိုင်းပညာတို့ ရအောင်သင်ပါ''

''ဟား...ဟား...ဟား...ငါ့ညီမရယ်၊ အစ်ကို ညီမလေးနဲ့ မခွဲရဘူးထင်လို့ သိုင်းပညာ သင်ချင်တယ်လို့ ပြောတာပါ၊ ငါ့ညီမလေးကိုထားခဲ့ပြီး ဘယ်ကိုမှမသွားဘူး၊ စိတ်ချ ညီမလေး...စိတ်ချ''

ဟုန်ကျန်းက ခိုင်မာပြတ်သားစွာ ပြောလိုက်လေသည်။

ကျင့်ချင်သည် ထိုနှစ်ဦးကိုကြည့်ကာ စိတ်မကောင်း ဖြစ်သွားမိသည်။

''ကဲ...ကဲ...မင်းတို့မောင်နှမ ခွဲရမယ့်အတွက် ဘာမှမပူပါနဲ့တော့၊ မင်းတို့အတွက်အကောင်းဆုံးဖြစ်အောင် ဦးလေး စီစဉ်ပေးမယ်''

ဟုန်ကျန်း ဝမ်းသာသွားသည်။

''ကျွန်တော်တို့ သိုင်းပညာ သင်ရတော့မှာပေါ့၊ ဟုတ်လား''

ဟုန်ကျန်းသည် သူတစ်ဦးတည်းအတွက် ပြောခြင်းမဟုတ်ပါ။ ကျွန်တော်တို့ဟူသည့် အများနာမ်စားကို အသုံးပြုပေးလိုက်ခြင်း ဖြစ်ပါသည်။

ဤသည်ကို ကျင့်ချင်က သတိပြုမိပါသည်။ ဟုန်ကျန်း၏ ပါးနပ်မှုကို ကျင့်ချင်သဘောကျသွား၏။ သူကလည်း အများနာမ်စားကိုပင် အသုံးပြုလိုက်ပါသည်။

"စိတ်အေးအေးသာ ထားကြတော့၊ မင်းတို့ကို ငါ့ဆရာဆီ ပို့ပေးမယ်"

ဟုန်ကျန်းသည် ဝမ်းမြောက်လွန်းသဖြင့် ဝေ့လင်ယန်း၏ လက်ကလေးကို ဖမ်းဆုပ်မိ၏။ ဝေ့လင်ယန်းကလည်း ဟုန်ကျန်း၏ လက်မောင်းများကို တုန်ယင်စွာ ဖက်တွယ်ထားမိလေသည်။

★

## အခန်း (၁၅)

### စစ်ဆေးခြင်း အတွေ့အကြုံ

မျောင်ညီနောင်ပင်ဖြစ်သော ဖုထန်းနှင့်ဖုစံတို့သည် ရုပ်ဖျက်ကာ ဝူးလိမ်မြို့ထဲသို့ ဝင်လာကြလေ၏။ မျောက်ညီနောင်တို့ ရုပ်ဖျက်ခြင်းမှာ လိုဖန်၏သက်ချက်မှလွတ်မြောက်ရန်ဖြစ်သည်။ လိုဖန်သည် သူတို့ကို စောင့်ကြည့်နေမှာ သေချာသည်။

သူတို့သည် ဝူးလိမ်မြို့တွင်းသို့ ဝင်လာကြသည်။ သူတို့သည် ခံ့ညားထည်ဝါသော အဆောက်အအုံကြီး တစ်ခုရှေ့တွင် ရပ်လိုက်သည်။

ယင်းအဆောက်အအုံကြီးကား မြို့စားကြီးကျိုမင်း လက်ထက်က မိမိတို့ကိုယ်တိုင် အမှုထမ်းခဲ့သော မြို့စားဂေဟာကြီးပင် ဖြစ်တော့သည်။

ယခုအခါ မြို့စားကြီးကျိမင်း၏ အစ်ကိုတော်စပ်သူ မြို့စားကြီးခမ်းသည် မြို့စားအဖြစ် စိုးမိုးအုပ်ချုပ်လျက် ရှိလေသည်။

မျောက်ညီနောင်တို့အနေဖြင့်မူ မြို့စားကြီးခမ်းသည် ညီဝမ်းကွဲတော်သူ ကျိမင်းအပေါ် သစ္စာရှိလိမ့်မည်ဟုယုံကြည်ကြသည်။

သူတို့သည် သူတို့၏ ထွားကျိုင်းသော မြင်းနှစ်ကောင်ကို စီးကာ မြို့စားကြီးဂေဟာရှေ့ရှိ တံခါးမကြီးရှေ့၌ ရပ်တန့်လိုက်ကြသည်။

''ဘာကိစ္စရှိလို့လဲ''

အညိုရောင် ကိုယ်ကျပ်အင်္ကျီ ဝတ်ဆင်ထားသူတစ်ဦးက တင်းမာသော မျက်နှာထားဖြင့် လှမ်းမေးသည်။ ဖုံစံက ရိုရိုသေသေပင် ပြန်ပြောသည်။

''မြို့စားကြီးခမ်းနဲ့ တွေ့ချင်လို့ပါ''

''မြို့စားကြီးခမ်းနဲ့ တွေ့ချင်တိုင်း တွေ့လို့မရဘူးကွ''

''ကျွန်တော်တို့ကိစ္စက အရေးကြီးလို့ပါ''

''ဘာကိစ္စလဲ''

''အရေးကြီးတဲ့ကိစ္စပါ၊ မြို့စားကြီးက အတွေ့ခံမှာပါ''

''ဒါဖြင့်ရင် နာမည်ပြော''

မျောက်ညီနောင်တို့သည်တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြလေ၏။

သူတို့နာမည်ကို ပြောသင့်မပြောသင့် ချိန်ဆနေခြင်းဖြစ်ပါသည်။



ဖုံစံသည် တံခါးအနီးသို့တိုးကပ်သွားပြီး ပြောလိုက်လေသည်။

''နာမည်မပြောချင်တဲ့လူနှစ်ယောက် အရေးတကြီးတိုစ္စတိုင်ပင်ချင်လို့လို့သာ ပြောလိုက်ပါ၊ မြို့စားကြီးဟာ မုချတွေ့ဆုံပါလိမ့်မယ်''

ခက်ထန်သော တံခါးစောင့်သည် မျောက်ညီနောင်ကို သုန်မှုန်စွာကြည့်ပြီး ချောင်းကြည့် တံခါးပေါက်ကလေးကို ပြန်ပိတ်လိုက်၏။

အတန်ကြာသောအခါ တံခါးမကြီးတစ်ခုလုံး ပွင့်သွားသည်။

''မိတ်ဆွေတို့ရဲ့ မြင်းတွေနဲ့ဓားတွေကို ဒီတံခါးမှာပဲ ထားခဲ့ကြပါ၊ မြို့စားကြီးရှေ့ကို ဘယ်ဓား ဘယ်လက်နက်မှ ယူဆောင်ခွင့်မပြုပါဘူး''

ဖုထန်းက....

''ကောင်းပါပြီခင်ဗျာ၊ ထားဆိုလဲ ထားခဲ့ရမှာပေါ့၊ ထားခဲ့ရတာ ကျွန်တော်တို့အတွက် ဘာမှ အပန်းမကြီးလှပါဘူး''

ဖုထန်းနှင့်ဖုံစံတို့သည် မြင်းပေါ်မှဆင်းပြီးအစောင့်နှစ်ဦး ခေါ်ဆောင်ရာသို့ လိုက်သွားကြရလေ၏။

ညာဘက်သို့ ချိုးကွေ့လိုက်သောအခါ တရားစီရင်ရာခန်းမသို့ရောက်ရှိသွားသည်၊ မျောက်ညီနောင်တို့သည် သူတို့အား အဘယ်ကြောင့် တရားစီရင်ရာခန်းမသို့ ခေါ်ဆောင်လာသည်ကို မသိကြချေ။

အစောင့်တစ်ယောက်က....

“ခင်ဗျားတို့ မြို့စားကြီးနဲ့တွေ့ဖို့တော့ နည်းနည်းစောင့်ရဦးမယ်”

ဖုစ်က အံ့အားသင့်ပြီး မေးသည်။

“ဘာဖြစ်လို့လဲဗျာ”

အစောင့်က....

“အခု မြို့စားကြီး တရားစီရင်တဲ့ခန်းမကြီးထဲမှာ အမှုတစ်ခုကို စစ်ဆေးနေတယ်လေ၊ အဲဒီတော့ မိတ်ဆွေတို့လဲ နားထောင်ရင်းနဲ့ ခဏစောင့်ကြဦးပေါ့”

“ဟုတ်ကဲ့ ...ရပါတယ်ဗျာ၊ အမှုစစ်ဆေးနေတာဆိုတော့ စောင့်ရတာပေါ့”

အစောင့်နှစ်ယောက်သည် တရားစီရင်သည့် ခန်းမကြီးထဲ ရောက်သည်အထိ စောင့်ပေးပြီး ပြန်လှည့်ထွက်သွားတော့သည်။

ခန်းမထဲ၌ အစောင့်စစ်သားများရှိနေသည်။ ထိုအစောင့်များက မျောက်ညီနောင်ကို နေရာထိုင်ခင်းများပေးကြသည်။

မျောက်ညီနောင်တို့လည်း နေရာချထားပေးသည့် နေရာများ၌ ထိုင်လိုက်ကြ၏။

သူတို့သည် ယခင်က သူတို့ ပိုင်ပိုင်နိုင်နိုင်နေထိုင်ခဲ့ရသည့် တရားစီရင်ရာ ခန်းမကို အကဲခတ်ကြည့်လိုက်သည်။

ခေါင်းရင်းဘက်တွင် ခြူးပန်းခြူးနွယ်များဖြင့် ပြင်ဆင်ထားသည့် ကုလားထိုင်ကြီးတွင် မြို့စားကြီးခမ်းက ထိုင်လျက်ရှိနေသည်။



ထွားကျိုင်းကြံ့ခိုင်သော တပ်မှူးကြီးအဆောင်အယောင် ဝတ်ဆင်ထားသူတစ်ဦးသည် အသက်ခပ်ကြီးကြီး လင်မယား နှစ်ယောက်ကို စစ်ဆေးနေသည်။

ဖုထန်းသည် အနီးတွင်ထိုင်နေသော ကိုယ်ရံတော် တပ်သားတစ်ဦးအား စပ်စုမေးမြန်းကြည့်၏။

“ကျွန်တော်မသိလို့ မေးပါရစေဗျာ၊ အဲဒီလင်မယားက ဘယ်ကလဲဗျာ”

ကိုယ်ရံတော်က စိတ်ရှည်လက်ရှည် ပြောပြသည်။

“သူတို့က မြို့ပေါ်ကမဟုတ်ပါဘူး၊ တောထဲကပါ၊ ယာခင်းလုပ်စားတဲ့ လင်မယားနှစ်ယောက်ပါ၊ ယောကျ်ား နာမည်က ရှင်ကျိုတဲ့၊ သူ့မိန်းမက အိဝါးတဲ့”

ဖုထန်းက....

“တောင်သူလယ်သမားတွေပဲ၊ သူတို့မှာ ဘာအဖြစ်ရှိလို့လဲဗျ”

ကိုယ်ရံတော်တပ်မှူးက ပခုံးတွန့်လိုက်သည်။

“နားထောင်ကြည့်လေ၊ အခု အမှုစစ်နေတာပဲ အားလုံး နားထောင်ပြီးရင်တော့ လိပ်ပတ်သည်သွားမှာပါ”

တပ်မှူးကြီးသည် ရှင်ကျိုအမည်ရှိသော အဘိုးအိုကို စေ့စေ့ကြည့်ပြီး....

“လွန်ခဲ့တဲ့ငါးနှစ်၊ အဲဒီလွန်ခဲ့တဲ့ ငါးနှစ်လောက်တုန်းက မိန်းကလေးတစ်ယောက်ကို ခင်ဗျားတို့ မွေးစားထားတယ်ဆိုတာ အမှန်ပဲလား”

ရှင်ကျိုဆိုသော အဘိုးအိုက ခေါင်းညိတ်သည်။

''မှန်ပါတယ်''

''ဘယ်သူ့သမီးကို မွေးစားတာလဲ''

အဘိုးအိုသည် ဇနီးသည်ကို လှမ်းကြည့်လိုက်သည်။

ဇနီးဖြစ်သူမှာ မျက်နှာပျက်နေသည်။ အဘိုးအိုနှင့်အဘွား အိုတို့၏ မျက်နှာများကို တပ်မှူးကြီးက အကဲခတ်သည်။

''ခင်ဗျားတို့ မလိမ်နဲ့၊ ဘယ်သူ့သမီးလဲ''

ရှင်ကျိုက...

''ဘယ်သူ့သမီးလဲဆိုတာတော့ ကျုပ်တို့ မသိပါဘူး၊ ဒီ ကလေးကို ကျုပ်တို့ ကောက်ရတာပါ''

တပ်မှူးကြီးသည် မြို့စားကြီးကို ကြည့်လိုက်၏။ သူသည် ကျေနပ်ပြီး ပြုံးလိုက်သည်။

တပ်မှူးကြီးက ဆက်၍မေးမြန်းလေ၏။

''ဘယ်လိုကောက်ရတာလဲ''

''မိုးသည်းတဲ့ညတစ်ညမှာ ကောက်ရတာပါ''

တပ်မှူးကြီးသည် အားတက်သရောဖြစ်သွားလေ၏။

''ဟုတ်ပြီ၊ ဘယ်နည်းဘယ်ပုံ ကောက်ရတယ်ဆိုတာ ပြောပါ''

ရှင်ကျိုက အဘွားအိုအိမ်ဝါးဘက်သို့ လှည့်ပြီး ပြောလိုက်သည်။

''ကဲ....ကဲ ...မင်းပဲ ဆက်ပြီးပြောလိုက်ပါ''

အိမ်ဝါးသည် မျက်ရည်များစီးကျလာ၏။ ထိုမျက်ရည်များကို သူသည် လက်ဖဝါးဖြင့်သုတ်လိုက်သည်။ ထို့နောက် တုန် ယင်သောအသံဖြင့် ပြောပြလေတော့၏။



''အဲဒီညက မိုးတွေကလဲရွာ၊ လေတွေကလဲတိုက်၊ မိုး ကြိုးတွေကလဲပစ်၊ လျှပ်တွေကလဲလက်၊ တကယ့်ကို သဲကြီး မဲကြီး ရွာနေတာပါပဲရှင်''

''ဟုတ်ပြီ....ဟုတ်ပြီ၊ ဆက်ပြော....ဆက်ပြော''

''ဒါပေမယ့် ကျွန်မ သမီးလေးကို တွေ့ရတာကတော့ မနက်မိုးလင်းမှ တွေ့ရတာပါပဲရှင်''

မြို့စားကြီးခမ်းသည် မျက်မှောင်ကြုတ်သွားမိလေ၏။

''ဘယ်လို....ဘယ်လို၊ မိုးတွေက ညကတည်းက ရွာနေ တယ်၊ ခင်ဗျားက ကလေးကို မနက်မှတွေ့ရတယ်၊ ဒီလိုလား၊ ရှင်းအောင်ပြောစမ်းပါဦး''

အိမ်ဝါးက....

''ဒီလိုပါရှင်၊ ညက လေတွေတိုက်ပြီး သစ်ပင်တွေ ကျိုး ပဲ့ လဲကျကုန်ပါတယ်၊ အဲဒါတွေကို ရှင်းလင်းဖို့ဒ.လာမှာ သစ်ပင်အောက်မှာ သတိမေ့လဲနေတဲ့ သမီးကလေးကို စပြီး တွေ့ရတော့တာပါပဲရှင်''

မြို့စားကြီးသည် အိမ်ဝါးကို ကြည့်နေသော်လည်း သူ့ အတွေးများက ပျံ့လွင့်နေသည်။

''ခင်ဗျား အဲဒီမိန်းကလေးကိုယ်ပေါ်က ဘာပစ္စည်းများ ရှာတွေ့ခဲ့သလဲ''

မြို့စားကြီးက မေးလိုက်၏။

''ဘာမှ မတွေ့ခဲ့ရပါဘူးရှင်၊ ခပ်နွမ်းနွမ်းအဝတ်အစား တွေ ဝတ်စားထားတာကလွဲပြီး တခြား ဘာမှ မပါပါဘူး ရှင်''

"ဒါနဲ့ ကလေးမကို ခင်ဗျားတို့ နာမည်ပေးထားမှာပေါ့၊ နာမည်က ဘယ်သူတဲ့လဲ"

"ဝေ့လင်ယန်းပါ"

မြို့စားကြီးသည် တပ်မှူးကြီးကို ကြည့်လိုက်သည်။

တပ်မှူးကြီးက ဆက်၍ မေးခွန်းထုတ်လိုက်၏။

"အဲဒါ သူ့နာမည်အရင်းပဲလား"

"ဟုတ်ပါတယ်၊ ကျွန်မတို့က နာမည်အသစ်ပေးမလို့ပါ၊ သူ့နာမည်ကို သူမမှတ်မိရင်ပေါ့၊ ဒါပေမယ့် သမီးကလေးက သူ့နာမည်ကို မှတ်မိပါတယ်၊ ဝေ့လင်ယန်းလို့ ခေါ်ပါတယ်"

တပ်မှူးကြီးသည် မြို့စားကြီးကို လှမ်းကြည့်လိုက်၏။

မြို့စားကြီးက ဆက်လက်စစ်ဆေးရန် အချက်ပြလိုက်၏။

"မိန်းကလေးကို စတွေ့တော့ အားလုံးအကောင်းပကတိ နေ့ရဲ့"

အိဝါးက လက်ကာပြ၏။

"မဟုတ်ပါဘူးရှင်၊ မဟုတ်ပါဘူး"

"ဒါဖြင့် ဘာထူးခြားသလဲ"

"သူကလေးဟာ တွေ့တုန်းကပဲ မျက်မမြင်လေး ဖြစ်နေတယ်"

"ခင်ဗျားတို့နဲ့ တွေ့စဉ်မှာ သူက ကန်းနေပြီ ဆိုပါတော့"

"ဟုတ်ပါတယ်၊ ကျွန်မတို့နဲ့တွေ့တော့ သူကလေးဟာ လုံးဝ မျက်စိမမြင်ပါဘူးရှင်"



ထိုအချိန်အထိ တပ်မှူးကြီးကသာ မေးမြန်းနေခြင်း ဖြစ်သည်။ မြို့စားကြီးက ဝင်မမေးချေ။ ယခုအခါ မြို့စားကြီးက ဝင်မေးသည်။

"ကျုပ်ရဲ့ စစ်သည်တော်တွေ ခင်ဗျားတို့အိမ်ထဲ ဝင်ရှာတော့ ခင်ဗျားတို့က ဘာဖြစ်လို့ခုခံရတာလဲ"

ထိုအခါ အဘိုးအိုရှင်ကျိုက ဖြေသည်။

"ကျုပ်တို့လဲ မသိပါဘူး၊ သက်နက်တွေနဲ့ဆိုတော့ သူခိုးဓားပြတွေ အောက်မေ့တာပေါ့၊ မြို့စားကြီးရဲ့ လက်နက်ကိုင်တပ်သားတွေမှန်းသိရင် ဘယ်ခုခံပါ့မလဲ"

"အင်း....ထားပါတော့၊ ခင်ဗျားတို့ရဲ့ မွေးစားသမီးလေးဟာ ခင်ဗျားတို့ ခုခံတုန်း ထွက်ပြေးသွားတယ်ဆိုတာ ဟုတ်သလား"

ရှင်ကျိုက ခေါင်းညိတ်သည်။

"ကျုပ်တို့ လိမ်ပြောသလား မပြောဘူးလားဆိုတာကို သိရအောင် အဲဒီတုန်းက လိုက်လာတဲ့စစ်သည်တွေပဲ မေးကြည့်ပါဦး၊ အဲဒီစစ်သည်တော်တွေနဲ့ ကျုပ်တို့လင်မယား နှစ်ယောက် ရှာလိုက်ကြတာ အဲဒီအနီးအနား တစ်တောလုံး တက်တက်စင်ပြောင်အောင်တာပဲ ဘယ်မှာမှ ရှာမတွေ့ပါဘူး၊ ကျုပ်တို့လဲ မစဉ်းစားဘတ်တော့ပါဘူးဗျာ"

တရားစီရင်သော ခန်းမကြီးတစ်ခုလုံး တိတ်ဆိတ် ငြိမ်သက်သွား၏။

မြို့စားကြီးထိုင်ရာမှထပြီး စကြံလျှောက်နေ၏။ သူစဉ်းစားနေခြင်းဖြစ်သည်။ အတန်ကြာမှ သူလမ်းလျှောက်ခြင်းကိုရပ်သည်။ သူသည် ရှင်ကျိုလင်မယားကိုကြည့်၏။

"ဒီမှာ....ကျုပ်ပြောတဲ့စကားကို နားထောင်ပါ"

"ဟုတ်ကဲ့"

"အဲဒီကလေးမလေးကို ကြိုးစားပြီး ရှာဖွေကြပါ၊ တွေ့တာနဲ့ ကျုပ်တို့ဆီကို လာပို့ပါ၊ တကယ်လို့ အဲဒီကလေးမကလေးဟာ ကျုပ်တို့ပျောက်ဆုံးနေတဲ့မိန်းကလေးမဟုတ်ရင် ခင်ဗျားတို့ကို ပြန်မွေးစားခွင့်ပြုမယ်"

ရှင်ကျိုက....

"အဲဒီကလေးမလေးဟာ တွေ့စတုန်းကလဲ အဝတ်အစားတွေကညံ့ညံ့နွမ်းနွမ်းပဲ၊ မြို့စားကြီးတို့ပျောက်ဆုံးသွားတဲ့ကလေးတော့ မဖြစ်နိုင်ပါဘူး၊ မြို့စားကြီးတို့ရဲ့ ကလေးဆိုရင် အဝတ်အစားတွေက တောက်ပြောင်နေမှာပေါ့"

မြို့စားကြီးက....

"အဝတ်အစား တောက်ပြောင်တာ မတောက်ပြောင်တာက အရေးမကြီးပါဘူး၊ ကျုပ်တို့ကလေး ဟုတ်မဟုတ်ဆိုတာ သိဖို့သာ အရေးကြီးတာပါ၊ ကျုပ် ပြောသလိုသာ ရှာပါ"

ရှင်ကျို ဦးခေါင်းညိတ်လေ၏။

"ဟုတ်ကဲ့၊ မြို့စားကြီးအမိန့်ပေးတဲ့အတိုင်း ဆောင်ရွက်ပေးပါမယ်"



"ကဲ....ခင်ဗျားတို့သွားကြပေတော့၊ ကျုပ်တို့ရဲ့တပ်သားတွေကို မသိလို့ခုခံတဲ့အတွက် ကျုပ်အပြစ်မယူဘူး၊ ကောင်းကောင်းမွန်မွန် လုပ်စားကြပေတော့"

ရှင်ကျိုတို့လင်မယားသည် မြို့စားကြီးကို ဦးညွှတ် အရိုအသေပေးတာ ခန်းမထဲမှ ထွက်ခွာသွားကြလေ၏။

ရှင်ကျိုတို့လင်မယားမှာ တောသူတောင်သားများ ဖြစ်၍ မြို့နေလူတန်းစားတို့၏ အရိုအသေ အလွန်အကျွံ ပေးမှုများကို မသိချေ။ သူတို့သည်မြို့စားကြီးအားဦးညွှတ်၍ ခန်းမထဲမှ ထွက်ခွာသွားကြသည်။

မြို့စားကြီးနှင့် တပ်မှူးကြီးတို့သည် ရှင်ကျိုတို့လင်မယား၏ ကျောပြင်ကို စိုက်ကြည့်နေလေ၏။ တပ်မှူးကြီးက မြို့စားကြီးကို လှမ်းကြည့်လိုက်သည်။ မြို့စားကြီးက ခေါင်းညိတ်ပြလေ၏။

★

## အခန်း (၁၆)

### ကယ်တင်ရန် ကြိုးစားကြခြင်း

မြို့စားကြီးသည် သူ၏ကိုယ်ရံတော်တပ်သားများကိုအပြင် ထွက်သွားရန် အချက်ပြလိုက်၏။ ကိုယ်ရံတော်တပ်သားအားလုံး ထွက်ခွာသွားကြသည်။ ယခုအခါ တပ်မှူးကြီးနှင့်မြို့စားကြီးတို့သာ ကျန်ရစ်ခဲ့ကြတော့သည်။

သို့သော် ဖုထန်းသည် တပ်မှူးကြီး ကို စိတ်မချချေ။ ထို့ကြောင့် မြို့စားကြီးကို သီးသန့်လျှောက်ထားလေ၏။

"မြို့စားကြီး၊ ကျွန်တော်မျိုး မြို့စားကြီးနဲ့ သီးသန့်ဆွေးနွေးပါရစေ"



ထိုအခါ မြို့စားကြီး၏နံဘေးတွင်ရပ်နေသော တပ်မှူးကြီးသည် မျက်နှာကြီး နီမြန်းသွားလေ၏။ သူသည် ဖုထန်းနှင့် ဖုစံတို့ကိုလှမ်းကြည့်ပြီး မေးမြန်းသည်။

"နေပါဦး၊ မင်းတို့နှစ်ယောက်က ဘယ်သူတွေလဲ"

တရားခံများကို စစ်မေးသည့် လေသံဖြင့် အေးမြန်းလေသည်။

ဖုထန်းက ပခုံးတွန့်၍ ဖြေ၏။

"အဲဒီမေးခွန်းကိုလဲ မြို့စားကြီးကမေးမှ ကျွန်တော်မျိုးတို့ ဖြေနိုင်မှာပါ"

တပ်မှူးကြီးသည် လွန်စွာ ဒေါသထွက်သွားလေ၏။ သူသည် မြို့စားကြီးကို လှည့်ကြည့်လိုက်သည်။ ထိုသူများ စော်ကားနေသည်မှာလွန်ပါပြီ မြို့စားကြီးဟု တိုင်တန်းသယောင်ရှိနေ၏။ မြို့စားကြီးကမူ ပြုံး၍ပြောလေ၏။

"မင်းတို့နှစ်ယောက် ဒီအခန်းထဲမှာ စိတ်ချလက်ချ ဆွေးနွေးနိုင်ပါတယ်ကွယ်၊ ဒီက တပ်မှူးကြီးဟာ ငါအင်မတန်စိတ်ချရတဲ့ တပ်မှူးကြီးကွယ့်၊ ငါ့လူယုံတော် ဆိုပါတော့ကွယ်၊ မင်းတို့စိတ်ထဲရှိတာတွေကို ဖွင့်ဆွေးနွေးကြပါ၊ သူ့နာမည်က ချူဖုံးကွယ့်"

ဖုထန်းသည် တပ်မှူးကြီးကို မသိမသာ အကဲခတ်လေ၏။ တပ်မှူးကြီးသည် မြို့စားကြီးကို လွှမ်းမိုးနေသည်ဟု သူထင်မြင်မိလေသည်။ မည်သို့ပင်ထင်မြင်စေ မြို့စားကြီးက သူ့လူယုံတော်ဟု ပြောနေမှတော့ သူတို့ ဆွေးနွေးရုံပဲရှိတော့သည်။ စောဒကတက်နေရန် အကြောင်း မရှိတော့ပါ။

"မြို့စားကြီးခင်ဗျာ၊ ကျွန်တော်မျိုးတို့ ညီအစ်ကို နှစ်ယောက်ရဲ့ နာမည်ကိုတော့ ကြားဖူးမယ် ထင်ပါတယ်"

မြို့စားကြီးသည် သူတို့ညီအစ်ကိုနှစ်ယောက်အား အကဲခတ်လိုက်၏။ မြို့စားကြီးသည် ပြုံးပြီးပြောသည်။

"မင်းတို့က ငါ့ကိုအထင်ကြီးနေကြတာကိုး၊ ငါဟာသိုင်းလောကမှာ ကျင်လည်နေတဲ့ သိုင်းသမားမဟုတ်တော့ မင်းတို့ကို ငါဘယ်သိပါ့မလဲ၊ ကဲ....မင်းတို့ဘယ်သူတွေလဲ"

ဖုထန်းက ခေါင်းညိတ်ပြီး ပြောသည်။

"ကျွန်တော်မျိုးတို့ ညီအစ်ကိုနှစ်ယောက်ဟာ အရင်က မြို့စားကြီးကိုဖမ်းထံမှာ အမှုထမ်းခဲ့တဲ့ သူတွေပါ၊ ကျွန်တော်မျိုးတို့ ညီအစ်ကိုနှစ်ယောက်ကို သိုင်းသမားတွေကတော့ မျောက်ညီနောင်လို့ ပေးခဲ့ကြပါတယ်၊ ကျွန်တော်မျိုးအမည်ကတော့ ဖုထန်းပါ၊ ကျွန်တော်မျိုးရဲ့ညီအမည်ကတော့ ဖုစံပါ"

မြို့စားကြီး၏မျက်ဖင်သည် ကြွသွားလေ၏။

"ဟေ....မျောက်ညီနောင် ဟုတ်လား"

မြို့စားကြီးသည်လွန်စွာအံ့ဩသွားသည်။ သူ့မျက်ခုံးများ မြင့်တက်သွားသည်။ မြို့စားကြီးသည် တပ်မှူးကြီးချူဖုံးအား ကြည့်လိုက်လေ၏။

"ချူဖုံး၊ သူတို့ကို မင်းသိတယ်မဟုတ်လား"

ချူဖုံးသည် မျောက်ညီနောင်ကို ကြည့်၍ ပြုံးလိုက်လေ၏။ သို့သော် လိုက်လိုက်လှဲလှဲပြုံးသည်တော့ မဟုတ်ချေ။



"ဪ....မင်းတို့နှစ်ယောက်က မျောက်ညီနောင်ဆိုတာတွေကိုး"

တပ်မှူးကြီးချူဖုံးသည် ယခုမှ သူတို့ကို အမည်နှင့်လူနှင့် တပ်မိပုံရသည်။

မျောက်ညီနောင်ဆိုသည်ကိုတော့ ကြားဖူးနေပုံရသည်။ မြို့စားကြီးက ဝမ်းသာအားရပြောလေ၏။

"အင်း....မင်းတို့ကို တွေ့ရတာ ဝမ်းသာပါတယ်ကွာ၊ ငါထင်နေတာက မင်းတို့တင်တွေဟာ ငါ့ညီကျိုမင်းနဲ့အတူ ပါသွားပြီး အားလုံးသေဆုံးသွားကြတယ်လို့ပဲ ထင်နေကြတာ"

ဖုထန်းနှင့်ဖုစံတို့သည် ဦးညွှတ် ဂါရဝပြုလိုက်ကြသည်။ ဖုထန်းက....

"ကျွန်တော်မျိုးတို့နှစ်ယောက် မသေပါဘူး မြို့စားကြီးခင်ဗျာ၊ ကျွန်တော်မျိုးတို့ ဝမ်းသာစရာသတင်းကို ကြားသိရလို့ မြို့စားကြီးဆီကို လာရောက်သတင်းပို့ အစီရင်ခံကြတာပါခင်ဗျာ"

"ဟာ....ဘာသတင်းလဲကွ"

"ဂေဟာမှူးကြီးဝမ်နဲ့ သမီးတော်လေး မသေဘူးလို့ သတင်းရပါတယ် မြို့စားကြီး"

မြို့စားကြီးသည် တပ်မှူးကြီးချူဖုံးအား ဖျတ်ခနဲ လှမ်းကြည့်လိုက်လေ၏။

တပ်မှူးကြီးချူဖုံးသည် ဖုထန်းအနီးသို့ လျှောက်လာပြီး ပြောလိုက်သည်။

“အေး....အဲဒီသတင်းကိုတော့ ငါတို့လဲ ကြားပါတယ်၊ ဒါကြောင့်မို့ ဂေဟာမှူးကြီးဝမ်နဲ့ သမီးတော်လေးကို တို့က လိုက်လံစုံစမ်းနေ ကာပေါ့”

ထိုသို့ အပြောအဆို လိပ်ပတ်လည်သွားသော အခါ မျောက်ညီနောင်တို့သည် တပ်မှူးကြီး ချူဖုံးအပေါ် သို့ အဆိုးမမြင်တော့ချေ။

ဖုစံက....

“ဪ....ဒါနဲ့ စောစောက တောသူတောင်သား လယ်ယာသမား ပင်မယားကို တပ်မှူးကြီး စစ်ဆေးနေတာ တွေ့ရပါတယ် အဲဒါ ဘယ်သူတွေပါလိမ့်”

ဖုစံက တပ်မှူးကြီးကို ပြောပြခြင်းဖြစ်သော်လည်း တပ်မှူးကြီးက မပြောမီ မြို့စားကြီးက ဝင်ပြောလေ၏။

“အဲဒါပေါ့ကွ၊ ငါတို့က ကျိမင်းရဲ့သမီးကို လိုက်လံစုံစမ်းနေတာ”

ဖုထန်းက....

“ဗျာ....ဘယ်လို”

မြို့စားကြီး ဆက်၍ရှင်းပြ၏။

“အဲဒီလင်မယားနှစ်ယောက်မှာ အစပထမက ကလေးမရှိဘူး၊ လွန်ခဲ့တဲ့ ငါးနှစ်လောက်က သမီးမိန်းကလေးကို မွေးစားတယ်လို့ ကြားတယ်၊ သွားပြီးစစ်ဆေးတော့ သူတို့က ခုခံကြတယ်၊ မိန်းကလေးလဲ ကြောက်လို့ ထွက်ပြေးသွားတယ်လို့ သူတို့ကပြောတာပဲ၊ ငါ့တပ်သားတွေနဲ့ တောနင်းရှာဖွေတော့လဲ မတွေ့တော့ဘူး”



ဖုထန်းက ဝင်မေး၏။

“မြို့စားကြီးရဲ့ စိတ်ထဲမှာ အဲဒီ မျက်မမြင်မလေးဆိုတာ သခင်ကြီးကျိမင်းရဲ့ သမီးတော်ကလေးလို့ ထင်မှတ်နေလို့ပါလား”

“ဟုတ် မဟုတ်တော့ အသေအချာမသိပါဘူး၊ အဲဒါကို စစ်ဆေးချင်လို့ သွားခေါ်ခိုင်းတာ၊ ကလေးမကလေးက ထွက်ပြေးသွားတယ်ဆိုတော့ ကလေးမကလေးကို မတွေ့ရတော့ပါဘူး”

ဖုစံက ခေါင်းယမ်း၏။

“ကျွန်တော်မျိုးတို့ကတော့ ဒီလိုမထင်ပါဘူး၊ သခင်ကြီး ကျိမင်းရဲ့သမီးတော်ကလေးဟာ မျက်စိကန်းနေတဲ့သူမဟုတ်ပါဘူး၊ နောက်တစ်ခုက ဂေဟာမှူးကြီးဝမ်က သမီးတော်ကလေးကို ဒီလို တစ်ယောက်တည်း ပစ်ထားခဲ့မှာမဟုတ်ပါဘူး၊ သူဟာ သူ့အသက်ထက်တောင် မိန်းကလေးကို စောင့်ရှောက်မှာပါ”

မြို့စားကြီးခမ်းက....

“ဂေဟာမှူးကြီးဝမ်ကို မန်ချူးတွေ ဖမ်းမိသွားတာတော့ မဖြစ်နိုင်ဘူးလား”

ဖုထန်းနှင့်ဖုစံတို့မှာ ဝါးစပ်ပိတ်သွားကြသည်။ အဘယ်ကြောင့်ဆိုသော် မြို့စားကြီးပြောသော စကားများမှာလည်း ဖြစ်နိုင်သောကြောင့်ပေတည်း။

မြို့စားကြီးက ဖုထန်းနှင့် ဖုစံတို့အနီးသို့ လျှောက်လာသည်။

"မင်းတို့နှစ်ယောက်ဟာ သိုင်းလောကမှာလဲ နာမည် မဆိုးပါဘူး၊ ဒါကြောင့် ငါ့တူမလေးကို ဝိုင်းဝန်းပြီး ရှာမပေးနိုင်ကြဘူးလားကွာ"

ဖုထန်းက မြို့စားကြီးအား မော့ကြည့်၏။

"သမီးတော်လေးအတွက်ပဲလား မြို့စားကြီး"

"သမီးတော်လေးအတွက် မဟုတ်သေးရင် ဘယ်သူ့ကို ငါရှာရမှာလဲ"

"သခင်ကြီးကျိမင်းအတွက်ရောပေါ့"

ဖုထန်း၏အမေးစကားသည် မြို့စားကြီးကို မျက်နှာပျက်သွားစေ၏။ မြို့စားကြီးသည် တပ်မှူးကြီးချူဖုံးကိုပါ မသိမသာ ကြည့်လိုက်၏။

တပ်မှူးကြီးချူဖုံးက ရယ်မော၍ ဝင်ပြော၏။

"ဒီမှာ ဖုထန်း၊ မင်း ဘာစကားတွေ လာပြောနေတာလဲ၊ မြို့စားကြီးကျိမင်း လောကမှာ မရှိတော့လို့ ဒီက မြို့စားကြီး အုပ်ချုပ်နေတယ်ဆိုတာ မင်း မသိဘူးလား၊ အေး... တစ်ခုတော့ရှိတယ်၊ မြို့စားကြီးရဲ့သမီးတော်ကလေး အသက် မသေသေးဘူးဆိုရင်တော့ မြို့စားရာထူး ရမှာပေါ့ကွာ၊ မြို့စားကြီးကလဲ သမီးတော်ကလေး အုပ်ချုပ်နိုင်တာနဲ့ မြို့စားရာထူးကို ပြန်ပေးမှာပါ"

ဖုစံက တစ်ချက်ပြုံးလိုက်၏။

"မဟုတ်ပါဘူးခင်ဗျာ၊ ကျွန်တော်တို့ သတင်းအတိအကျ ရထားလို့ပါ"

"ဘာသတင်းရထားတာလဲ"



"မြို့စားကြီးကျိမင်း အသက်မသေဘူးဆိုတဲ့ သတင်းပါ၊ မန်ချူးတွေရဲ့လက်ထဲမှာ ရှိနေပါတယ်"

ဖုထန်းက အခိုင်အမာ ပြောချလိုက်၏။

တပ်မှူးကြီးချူဖုံးသည် ဖုထန်းကို ခပ်စိန်းစိန်းကြည့်ပြီး မေးလိုက်သည်။

"မင်းစကားက အမှန်လား"

"ကျွန်တော် အတိအကျ သတင်းရတာပါ"

တပ်မှူးကြီး ချူဖုံးသည် ဟားဟားဟား ရယ်မောလေတော့၏။

"ဟား....ဟား....ဟား မန်ချူးတွေလက်ထဲမှာ ရှိနေတယ် ဆိုတာကို မင်းသိပြီးပြီ၊ မင်းတို့ ဘာသို့ သွားမကယ်တာလဲ"

ထိုအခါ ဖုထန်းက ပြုံးလိုက်၏။

"ဒီလိုမပြောပါနဲ့ တပ်မှူးကြီး၊ ကျွန်တော်တို့ကလဲ တပ်မှူးကြီးကို ပြန်မေးနိုင်တာပေါ့"

တပ်မှူးကြီးက မှုန်ကုတ်ကုပ်ပြန်မေးလေ၏။

"ဘာမေးနိုင်မှာလဲ"

"ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက် မန်ချူးတွေရှိတဲ့ နေရာကို သွားတိုက်နိုင်မနိုင်ဆိုတာကို မပြောပါနဲ့၊ တပ်မှူးကြီးရဲ့ တစ်တပ်လုံး တိုက်နိုင်ရဲ့လားဆိုတာ ပထမဆုံး စဉ်းစားပါဦး"

ဖုထန်းက မကြောက်မရွံ့ပြန်ပြောလိုက်ရာ တပ်မှူးကြီး ချူဖုံးသည် ဘာမှမပြောနိုင်အောင်ပင် ဖြစ်သွားလေတော့သည်။

မြို့စားကြီးခမ်းမှာ အတန်ကြာ ငေးငိုင်နေသည်။

မြို့စားကြီးသည် စကားမပြော။ တပ်မှူးကြီးလည်း စကားမပြော။ မျောက်ညိုနေခင်လည်း စကားမပြောသဖြင့် ခန်းမကြီးတစ်ခုလုံး တိတ်ဆိတ်နေသည်။

အတန်ကြာမှ မြို့စားကြီးက မေးလိုက်သည်။

"မင်းတို့ ဘယ်လိုလုပ်ချင်သလဲ"

ဖုထန်းက ပြုံးလိုက်၏။

"မြို့စားကြီးအနေနဲ့ သခင်ကြီးကျိမင်းအပေါ် ဘယ်လို သဘောထားရှိသလဲ"

မြို့စားကြီး မျက်မှောင်ကြုတ်သွားလေ၏။

"မင်းက ဘာကိုဆိုလိုဘာလဲ"

"မြို့စားကြီးအနေနဲ့ သခင်ကြီးကျိမင်းကို ကယ်ဆယ်ဖို့ မကြိုးစားတော့ဘူးလား၊ သခင်ကြီးကျိမင်း အသက် ထင်ရှား ရှိနေတယ်ဆိုတာ ကျွန်တော်မျိုးတို့ သတင်းကြားပြီးပြီပဲ၊ နောက်ပြီး မြို့စားကြီးအနေနဲ့ မန်ချူးတွေကိုရော တိုက်ထုတ်ဖို့ မစဉ်းစားတော့ဘူးလား"

"ဟ....မင်းတို့ဘယ်လိုမေးလိုက်တာလဲ"

"ကျွန်တော်မျိုးတို့ဟာ သခင်ကြီး ကျိမင်းအပေါ်မှာ အခုထိ သစ္စာရှိနေတဲ့ လူတွေဆိုတော့ မြို့စားကြီးကို ဒီစကား မမေးချင်ဘဲ မေးရတာပါ၊ ကျွန်တော်မျိုးတို့မှားရင်လဲ သည်းခံပါခင်ဗျာ"

"ငါက မင်းတို့ကို စိတ်မဆိုးပါဘူးကွာ၊ ဘယ်သူပဲဖြစ်ဖြစ် ငါ့ညီအပေါ်မှာ သစ္စာရှိရမှာပေါ့၊ ငါ့ညီကမသေသေး



ဘူးဆိုတာ အသေအချာသိရင် ငါက ငါ့ညီကိုကယ်ဖို့အစွမ်းကုန် ကြိုးစားမှာပေါ့၊ အခုလဲ မင်းတို့အမြင်ပဲ၊ ငါတို့ဘာလုပ်နေတယ်ဆိုတာ အမြင်ပဲမဟုတ်လား၊ တောင်ယာလုပ်တဲ့ လင်မယားနှစ်ယောက်ကို ခေါ်စစ်နေတယ်၊ အဲဒါ ဘာလဲဆိုတော့ ငါတူမလေးကို ငါတို့ ကြိုးစားပမ်းစား ရှာနေတယ် ဆိုတာပါပဲ"

ဖုထန်းက ခေါင်းညိတ်၏။

"ဟုတ်ကဲ့....ဒါတော့ ကျေနပ်စရာရှိပါတယ်"

"ဟာ....ရှာရမှာပေါ့၊ တူမလေးကိုလဲ ရှာရမယ်၊ ငါ့ညီ ကျိမင်းကိုလဲ ရှာရမယ်"

"ဟုတ်ကဲ့....ကျွန်တော်မျိုးတို့လဲ တစ်ဖက်တစ်လမ်းကနေ ကြိုးစားပါ့မယ်၊ ကဲ.... ကျွန်တော်မျိုးတို့ကိုလဲ ပြန်ခွင့်ပြုပါဦး"

"အေး....အေး....ပြန်ကြပါ၊ ပြန်ကြပါ"

မျောက်ညိုနေခင်တို့သည် မြို့စားကြီးနှင့် တပ်မှူးကြီးတို့ကို နှုတ်ဆက်ကာ ဂေဟာအတွင်းမှ ပြန်လည် ထွက်ခွာသွားကြတော့၏။

★

## အခန်း (၁၇)

### အထဲခတ်နေသော လူ

ညမွှေးပန်းစားသောက်ဆိုင်သည် ထုံးစံအတိုင်း စည်ကားနေလေ၏။ လောင်းကစားနှစ်ခြိုက်သူများကလည်း လောင်းကစားအတွက် လာနေကြသည်။ စားစရာအကောင်းကြိုက်သူများကလည်း စားစရာအတွက်လာနေကြ၏။

အခွင်းတက်ကျကျစားပွဲတစ်လုံးတွင် လူနှစ်ယောက်သည် စားစရာသောက်စရာများကို မြိန်ရေရှက်ရေ စားသုံးနေကြလေသည်။ ထိုလူနှစ်ယောက်ကား မျောက်ညီနောင်တို့ပင်တည်း။



သူတို့နှစ်ယောက်သည် မြို့စားကြီး၏ ဂေဟာမှပြန်လာသည့်အချိန်မှစ၍ လူတစ်ယောက်သည် သူတို့အား နောက်ယောင်ခံ လိုက်လာလေ၏။

ထိုသူသည် ခမောက်ကြီးတစ်လုံးကို ငိုက်စိုက်ဆောင်းထားသည်။

ထိုသူသည် မျောက်ညီနောင်အား မျက်ခြည်ပြတ်မခံဘဲ ထက်ကြပ်မကွာ လိုက်ပါလာမိ၏။ ထိုသူသည် နောက်ယောင်ခံလိုက်ရာ၌ ကျွမ်းကျင်ဟန်ရှိသည်။ မျောက်ညီနောင်တို့သည် သူတို့ နောက်ယောင်ခံ အလိုက်ခံနေရသည်ကို စိုးစဉ်းမျှမသိရှိကြပေ။ တစ်လမ်းလုံး အေးအေးဆေးဆေးပင် နောက်ယောင်ခံ လိုက်လာပြီးနောက် စားသောက်သောအခါ သူကလည်း မျောက်ညီနောင်တို့နှင့် မလှမ်းမကမ်း စားပွဲတွင်ဝင်ရောက်စားသောက်နေပေသည်။

ထိုသူသည် အစားအသောက်ကို ကုန်ခြွေရရ စားသောက်နေသော်လည်း မျက်စိကမူ မျောက်ညီနောင်တို့အား တစ်ချက်ကလေးမျှ အလွတ်မပေးချေ။ ဖုထန်းတို့လှုပ်ရှားမှုကို အသေးစိတ် ကြည့်ရှုနေလေ၏။

ဖုစိက အရက်ခွက်ကို မော့သောက် လိုက်ပြီး....

“မြို့စားကြီးရဲ့ စိတ်သဘောထားကို အစ်ကို ဘယ်လိုသဘောရသလဲ”

ဖုထန်းက ခေါင်းကို တဆတ်ဆတ်ညိတ်ရင်း စဉ်းစားပြီးနောက် ဖြည်းညင်းစွာ ပြော၏။

"အဲဒါ ငါလဲ အကဲခတ်နေတာပဲ၊ ဒါပေမယ့် ကောက်ကျစ်တဲ့စိတ်တော့ ရှိပုံမရဘူး"

"ဒါဖြင့် တပ်မှူးကြီးချုပ်ဖုံးကော"

ဖုစံက ဆင့်မေးလေ၏။

ဖုထန်း မျက်မှောင်ကုတ် စဉ်းစားနေသည်။

"အင်း....သူ့ကိုတော့ စဉ်းစားစရာ ကောင်းတယ်ကွ၊ ဒါပေမယ့် မြို့စားကြီးရဲ့စကားတော့ နားထောင်ပုံရပါတယ်၊ မြို့စားကြီးက နိုင်ငံနိုင်နင်းနင်းထိန်းနိုင်ပုံတော့ ရပါတယ်၊ တာပဲဖြစ်ဖြစ် ငါတို့ စောင့်ကြည့်ရမှာပေါ့ကွာ"

ဖုထန်းသည် ထိုစကားကို ပြောပြီးသည်နှင့် အရက် တစ်ပန်းကန်လုံးကုန်အောင် မော့သောက်လိုက်လေ၏။ ဖုစံသည် ဖုထန်းအနီးသို့ကပ်ပြီး....

"အစ်ကို"

"ပြော"

"ရှင်ကျိုတို့လင်မယားမွေးစားတဲ့ မိန်းကလေးဟာ သမီးတော်ကလေး ဖြစ်နိုင်သလား"

ဖုထန်းက ပခုံးနှစ်ဖက်ကို တွန့်လိုက်၏။

"ခက်တာက လွန်ခဲ့တဲ့ငါးနှစ်က ငါတို့ဟာ သမီးတော်ကလေးနဲ့ ရင်းရင်းနှီးနှီးမှမနေခဲ့ရတာ"

"သမီးတော်ကလေးဟာ မျက်စိကန်းနေသလား"

"အေးလေ....ငါလဲ အဲဒီအချက်ကို စဉ်းစားနေတာ"

"အစ်ကိုက ဘာကိုစဉ်းစားနေတာလဲ"



"မင်းကို ငါရှင်းပြမယ်၊ မင်းနဲ့ငါနဲ့ဟာ သခင်ကြီးကျိုခင်းနဲ့ အတူနေတယ်ဆိုပေမယ့် သခင်ကြီးက ငါတို့ကို အတွင်းတော်သား လူယုံလို့ သတ်မှတ်ပေမယ့် မင်းနဲ့ငါက သခင်ကြီးတို့ရဲ့ အတွင်းရေးတော်ကို စိတ်ဝင်စားတဲ့လူတွေ မဟုတ်ခဲ့ဘူး၊ ဒါကြောင့်လဲ ငါတို့ဟာ သခင်ကြီးကျိုခင်းရဲ့ ရန်သူတွေကိုသာ အသေခံတွန်းလှန်မယ်ဆိုပြီး သခင်ကြီးရဲ့အတွင်းဆောင်အထိ မဝင်ဘဲ နေခဲ့ကြတယ် မဟုတ်လား"

"ဒါတော့ ဟုတ်ပါတယ်"

"အဲဒီတော့ မင်းရော ငါပါ သမီးတော်ကလေးနဲ့ မရင်းနှီးကြဘူးလေကွာ၊ ဒီတော့ မျက်စိကန်းသလား မကန်းသလားဆိုတာလဲ မသိ ဘာလဲမသိ ဖြစ်နေတော့တာပေါ့၊ တိုက်ပွဲဖြစ်နေတုန်းက ညကလဲဖြစ်ဖြန် ဂေဟာမှူးကြီးဝမ်က သမီးတော်ကလေးကို မလွတ်တမ်းဖက်ထားပြန်ဆိုတော့ ငါတို့လဲ သဲသဲကွဲကွဲမသိဘူးပေါ့ကွာ၊ အခုတော့ သမီးတော်ကလေးဟာ အပျိုကြီးဖားဖားဖြစ်နေပြီပေါ့"

"ဘုလင်မယားမွေးစားတဲ့ကလေးမကလေးကတော့ မျက်မမြင်လေး ဆိုပါလား"

ဖုထန်းသည် စဉ်းစားရင်း....

"သမီးတော်ကလေးဟာ မျက်မမြင်ဒုက္ခိတတော့ မဟုတ်ဘူးလို့ ငါထင်တယ်"

"အစ်ကို....ကျွန်တော် စဉ်းစားမိပြီ"

ဖုထန်းသည် စိတ်ဝင်စားသွား၏။

"ဘာစဉ်းစားမိတာလဲ"

"ဒါဟာ ရှင်ကျိုတို့လင်မယားရဲ့ လှည့်ကွက်ပဲ ဖြစ်လိမ့်မယ်၊ သူတို့ဟာ ကလေးကို သံယောဇဉ်ရှိနေမယ်၊ အစ်ကိုစဉ်းစားကြည့်လေ၊ မျက်မမြင်မလေးကို ဘယ်သူက ဒုက္ခခံပြီး မွေးမှာလဲ"

"မင်းပြောတာ ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့်...."

ဖုစံ အားမလိုအားမရ ဖြစ်သွားသည်။

"ဆက်ပြောစမ်းပါဦး၊ အစ်ကိုက...."

"မင်းဆိုလိုတာက သူဟာ သမီးတော်ကလေးပဲ ဖြစ်ရမယ်၊ ဘမင် မျက်စိမမြင်ချင်ယောင်ဆောင်တာလို့ မင်းပြောချင်တာ မဟုတ်လား"

"မဖြစ်နိုင်ဘူးလား"

"မဖြစ်နိုင်ဘူး၊ အဲဒီမိန်းကလေးဟာ မြို့စားကြီးရဲ့သမီးတော်ကလေးဆိုရင် ဂေဟာမှူးကြီးဝမ်က ဒီလိုပဲ တာဝန်မရှိသလို မျက်နှာလွှဲထားပါ့မလား"

"ဟာ...ဒါတော့ အစ်ကိုမပြောနဲ့၊ ဂေဟာမှူးကြီးဝမ်ဟာ အဖမ်းခံရလား၊ အသတ်ခံရဘာလားမှ မသိနိုင်တာ"

ဖုထန်းသည် ဘာမှ မပြောတော့ဘဲ အရက်ခွက်ကိုသာ ကောက်မော့လိုက်သည်။

ခမောက်ကိုငုံငိုက်ငိုက်ဆောင်းထားသည့်လူသည် ဖုထန်းတို့ကို မသိမသာ အကဲခတ်ကြည့်ရှုနေ၏။ ဖုစံသည် သေးလေးနက်နက် စဉ်းစားပြီးနောက်

"အစ်ကို....ကျွန်တော်တို့ ရှင်ကျိုတို့လင်မယားဆီသွားပြီး



နည်းနည်းပါးပါး တီးခေါက်မေးမြန်းကြည့်ရင် မကောင်းဘူးလား"

ဖုထန်း၏မျက်လုံးများမှာ တောက်ပလာ၏။ သူသည် ဖုစံ၏ အကြံအစည်ကို လွန်စွာသဘောကျသွား၏။

"မင်းအကြံ မဆိုးဘူး"

လောလောဆယ်အခြေအနေတွင် သူတို့သည် ရှင်ကျိုတို့လင်မယားနှစ်ယောက်ထံ သွားရောက်စုံစမ်းပါက အကောင်းဆုံးဖြစ်ကြောင်း ဖုထန်းက လက်ခံလေ၏။

ခမောက်နှင့်လူက သူတို့အား စူးစူးဝါးဝါး ကြည့်နေသည်ကိုမူ သူတို့ မရိပ်မိပါ။ ထို့ပြင် ခမောက်နှင့်လူသည် အခြားသော မျက်လုံးနှစ်စုံကိုလည်း သတိပြုနေမိပါသည်။ ထိုမျက်လုံးနှစ်စုံသည် မျောက်ညီနောင်အား စူးစူးဝါးဝါး ကြည့်နေသည့် မျက်လုံးနှစ်စုံပေတည်း။

ထိုမျက်လုံးနှစ်စုံပိုင်ရှင်မှာ ခမောက်နှင့်လူက သူတို့အား အကဲခတ်နေသည်ကို မသိရှိကြပါ။ ခမောက်နှင့်လူကသာ မျောက်ညီနောင်ကိုရော ထိုမျက်လုံးနှစ်စုံပိုင်ရှင် နှစ်ယောက်ကိုပါ ခြုံငုံ၍ အကဲခတ်နေပါသည်။ ထိုမျက်လုံးနှစ်စုံပိုင်ရှင်မှာ လူထွားကြီးနှစ်ယောက် ဖြစ်နေ၏။

ထိုအချိန်၌ ဖုထန်းသည်လည်း ဖုစံနည်းတူသုံးခွက်မြောက်အရက်ကို သောက်ပြီးနေလေပြီ။ ထိုသုံးခွက်မြောက်အရက်ကို သောက်ပြီးနောက် ဖုထန်းသည် စိတ်ထဲ၌ ဟာစ်မှိုးကြီး ဖြစ်လာတော့သည်။ ဦးခေါင်းများ နောက်ကျိသာသည်ဟု ထင်မှတ်ရ၏။

သူသည် ဖုစံကို တင်စုံတစ်ခုပြောရန် လှမ်းကြည့်လိုက်၏။ သို့သော် ဖုစံကား စားပွဲပေါ်၌ ဇက်ကျိုးနေလေပြီ။

ဖုထန်းသည် ကြိုးစား၍ ခေါင်းထောင်၏။ သို့သော် ဦးခေါင်းသည် တဖြည်းဖြည်း နိမ့်ကျလာ၏။ သူသည် စားပွဲပေါ်သို့ ဇက်ကျိုးကျသွား၏။ သူသည် ဘာကိုမျှ မမြင်တော့ပေ။

အမှန်တော့ မျောက်ညီနောင်တို့ အဆိပ်မိသွားခြင်းသာ ဖြစ်သည်။ သူတို့သောက်သည့်အရက်ထဲ၌ အဆိပ်ပါသည်။

လူနှစ်ယောက်သည် မျောက်ညီနောင်အနီးသို့ လာရပ်လေ၏။ စောစောက စောင့်ကြည့်နေသောလူထွားကြီးနှစ်ယောက် ပေတည်း။

သူတို့နှစ်ယောက်သည် ဖုထန်းနှင့်ဖုစံတို့ကို မ,ကောက်ချီလိုက်ကြသည်။ ထို့နောက် ဆိုင်အတွင်းမှ ခေါ်ထုတ်သွားကြတော့၏။

သူတို့သည် အခန်းတစ်ခုရှေ့သို့ရောက်သောအခါ အခန်းတံခါးကို ဖွင့်လိုက်သည်။ သူတို့သည် မျောက်ညီနောင်ကို တွဲလျက် ပွေ့ချီကာ ထိုအခန်းထဲသို့ ဝင်သွားကြ၏။

မျောက်ညီနောင်ကား စကားမပြောနိုင်တော့ပေ။ ခေါင်းငိုက်စိုက်ကျကာ ပါသွား၏။ သူတို့သည် ထိုက်သင့်သည့် အသိကလေးရှိသော်လည်း ခြေလက်များ လုံးဝမလှုပ်ရှားနိုင်သဖြင့် ခေါ်သွားသည့်အတိုင်းသာ လိုက်သွားကြရသည်။

ထိုအခန်းသည် လူမရှိသောအခန်း မဟုတ်ပါ။ လူ တစ်ယောက် ရှိနေပါသည်။



ထိုလူသည် လူထွားကြီးနှစ်ဦး ခေါ်သွင်းလာသော မျောက်ညီနောင်တို့ကို ကြည့်နေပါသည်။ မျောက်ညီနောင်တို့မှာ သူတို့ကို မြို့စားကြီးခမ်းမှအပ အခြား မည်သူမှမသိဟု ယုံကြည်ယူဆကြသည့်အလျောက် ညမွှေးပန်းစားသောက်ဆိုင်၌ ရဲရဲတင်းတင်း စားသောက်ခဲ့ကြသည်။ ရဲရဲတင်းတင်း ဆွေးနွေးခဲ့ကြသည်။ သို့သော် ရန်သူများက သူတို့အား သိနေခဲ့ကြသည်။ ယခုတော့ သူတို့ဘဝ ဆုံးပေတော့မည်။

အခန်းထဲ၌ရှိသော လူသည်- လွန်စွာ အိုးတန်လှသော အဝတ်အစားများကို ဝတ်ဆင်ထားသည်။ လက်တစ်ဖက်တွင် ယပ်တောင်တစ်ချောင်းကို ကိုင်ထားပြီး မရပ်မနား ခတ်နေပါသည်။ ထိုသူသည် မည်သူနည်း။

★

## အခန်း (၁၈)

### ခမောက်နှင့်လူ

သူသည် လူထွားကြီးနှစ်ဦး ဆွဲသွင်းလာသော မျောက်ညီနောင်တို့ကို ကြည့်နေ၏။ မျောက်ညီနောင်တို့မှာ အားအင်များ ကုန်ခန်းလျက် လူထွားကြီးပြုသမျှ ခံရမည့်အခြေအနေ ဖြစ်နေပါသည်။

အကယ်၍ လူထွားကြီးနှစ်ဦးကသာ ဖေးမတွဲမထားလျှင် မျောက်ညီနောင်နှစ်ဦးစလုံး ဝုန်းခနဲပြိုလဲကာ မှောက်ကျသွားမည်မှာ သေချာပါသည်။

အကဲခတ်နေသော လူကြီးသည် လွန်စွာကျေနပ်သွား၏။

"မျောက်ညီနောင် မဟုတ်လား"



"ဟုတ်ပါတယ်ခင်ဗျာ"

"အခုတော့လဲ သူတို့ဘာမှ မလုပ်နိုင်တော့ပါကလား"

"ဆရာကြီးနဲ့တွေ့ရင် ဒီလိုပဲ မလှုပ်နိုင်ဘဲ ဖြစ်သွားကြပါတယ်ခင်ဗျာ"

"ကဲ... ထုံးစံအတိုင်းသာလုပ်လိုက်"

ဆရာကြီးဆိုသူက ယပ်တောင်တဖျပ်ဖျပ်ခတ်ရင်းလူထွားကြီးနှစ်ဦးကို အမိန့်ပေးလိုက်၏။ အေးတိအေးစက်နိုင်သော်လည်း သူ့အသံသည် ခြေဇာအပြည့်အဝပါလေ၏။

ထိုအခါလူထွားကြီးနှစ်ယောက်သည် အလုပ်ရှုပ်သွားကြတော့၏။ သူတို့သည် မျောက်ညီနောင်ကို အောက်သို့ချကြရသည်။

အိတ်နှစ်လုံးကိုယူကာမျောက်ညီနောင်တို့အားထည့်သွင်းရသည်။ သေချာစွာအိတ်ကိုပိတ်ပြီးသောအခါ အိတ်တစ်လုံးစီကို ထမ်းလိုက်ကြ၏။ လူထွားကြီးတို့သည် တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ တံခါးဆီသို့ လှည့်လျှောက်ကြသည်။

တံခါးဆီသို့ မရောက်သေးမီလူထွားကြီးနှစ်ဦး၏ခြေလှမ်းများသည် ရပ်တန့်သွား၏။

အဘယ့်ကြောင့်ဆိုသော် လူတစ်ယောက်သည် တံခါးဝ၌ပိတ်ဆို့ရပ်နေသောကြောင့်တည်း။

ထိုလူသည် ခါးထောက်လျက် လူထွားကြီးများကို ကြည့်နေ၏။ ထိုသူကား မျောက်ညီနောင်တို့နောက်သို့ တစ်ချိန်လုံးနောက်ယောင်ခံပြီးလိုက်သော ခမောက်နှင့်လူကြီးပေတည်း။

လူထွားကြီးနှစ်ယောက်သည် ဘာလုပ်ရမှန်း မသိတော့သဖြင့် သူတို့ပခုံးထက်မှ အိတ်များကို အသာပြန်ချထားရတော့သည်။

ခမောက်နှင့်လူသည် တံခါးကိုဖြည်းညင်းစွာ ဆွဲပိတ်ပြီးနောက် အခန်းထဲသို့ တစ်လှမ်းချင်းဝင်လာတော့၏။ ထိုအခါ လူထွားကြီးနှစ်ယောက်သည် ချက်ချင်းလူခွဲလိုက်ကြ၏၊ သူတို့သည် ခမောက်နှင့်လူကို ညှပ်ပူးညှပ်ပိတ် တိုက်နိုင်ရန် နေရာယူလိုက်ခြင်းဖြစ်သည်။

ခမောက်နှင့်လူသည် လူထွားကြီးနှစ်ယောက်ကိုလုံးဝဂရုမစိုက်ပေ။ သူသည် ဆရာကြီးဆိုသူနှင့် မျက်နှာချင်းဆိုင် ရပ်လိုက်၏။ သူ့အမူအရာမှာ လွန်စွာညင်သာလှသည်။ တစ်နည်းအားဖြင့် ပြောရသော် အေးစက်စက်နိုင်လှသည်ဟုဆိုရပေမည်။ လုံးဝကြောက်ရွံ့ပုံမရချေ။

"မင်း ဘယ်သူလဲ"

ခမောက်နှင့်လူက မဖြေ။

"မင်း ဒီကိစ္စမှာ ဘာသာဝင်ရှုပ်တာလဲ"

ခမောက်နှင့်လူက ပြုံးလေ၏။ ဆရာကြီးဆိုသူ၏ လေသံက မာထန်သည်။

ခမောက်နှင့်လူက....

"ကျုပ် လူတစ်ယောက်ပဲ၊ ဝင်ချင်လို့ဝင်လာတာ"

ခမောက်နှင့်လူ၏ အဖြေစကားက အေးစက်စက်ပင်။ သူ့စကားကြောင့် ယပ်တောင်နှင့် ဆရာကြီးဆိုသူသည် တွန့်ခံဖြစ်သွား၏။



ဂူးလိမ်မြို့တစ်မြို့လုံးရှိ ဂုဏ်သရေရှိ လူကြီးလူကောင်းများ၊ လူကုံထံများ၊ သိုင်းအကျော်အမော်များအားလုံးသည် ဆရာကြီးဆိုသူကို ဤကဲ့သို့ မလေးမစား မဆက်ဆံရဲကြပေ။

လူကြည့်တော့ ခမောက်နှင့်၊ အဝတ်အစားများကလည်း ဖျင်ကြမ်းဝတ်စုံမျှသာ။ ဤလိုလူမျိုးက သူ့အား မာရေကျောရေ ပြောလာသဖြင့် ဆရာကြီးဆိုသူမှာ အတော်ပင် အံ့ရခက်သွား၏။

"ဟေ့ကောင်...မင်း ဘယ်လိုကောင်လဲ၊ ငါ့ကို မာရေကျောရေ ပြောရလောက်အောင် မင်းက ကျောထောက်နောက်ခံ ဘယ်လောက်ကောင်းလို့လဲ၊ ပြောစမ်း၊ မင်း ဘယ်က ကောင်လဲဆိုတာ"

ယပ်တောင်ကိုင်သူ ဆရာကြီးဆိုသူ၏အသံသည် ဟိန်းထွက်သွား၏။ ထိုအခါ ခမောက်နှင့်လူက...

"ကျုပ် ထပ်ပြောမယ်၊ ကျုပ် လူပဲ၊ ကျုပ် ဝင်ချင်လို့ ဝင်လာတာ"

ခမောက်နှင့်လူ၏ ပမာမခန့်ဖြေသံသည် ခပ်အေးအေးပင် ထွက်ပေါ်လာသည်။

"မင်း ဒီအခန်းထဲကို ဝင်လာစရာအကြောင်း မရှိဘူး၊ နားလည်လား၊ ပြောစမ်း...ဒီအခန်းထဲကို ဘာဖြစ်လို့ဝင်လာတာလဲ"

"ကိစ္စရှိလို့"

"ဒီအခန်းဟာ ဘယ်သူ့အခန်းဆိုတာကော မင်းသိရဲ့လား"

ခမောက်နှင့်လူက ညီညာသောသွားများပေါ်အောင် ပြုံးလိုက်လေ၏။

"သိပါတယ်လေ....သိပါတယ်"

"သိရင်ပြောစမ်း"

"အင်း....ပြောပါမယ်....ပြောပါမယ်၊ လူကြီးလူကောင်းဟန်ဆောင်ထားတဲ့ မန်ချူးလက်ပါးစေ ညမွှေးပန်းတည်းခိုခန်းပိုင်ရှင် ဝမ်တုံရဲ့အခန်းလေ၊ ကျုပ် ရမ်းပြောလိုက်တာမှားများ မှားသွားသလား မသိဘူး"

ယပ်တောင်ကို ဟန်ပါပါကိုင်ထားသူ ဆရာကြီးဆိုသူကား ညမွှေးပန်းတည်းခိုခန်းပိုင် သူဌေးကြီးဝမ်တုံပင် ဖြစ်လေ၏။

ဝမ်တုံသည် ခမောက်နှင့်လူ၏စကားကြောင့် မျက်စိမျက်နှာ ပျက်သွားလေ၏။ သူ့အကြောင်းကို ခရေစေ့တွင်းကျ သိနေသော ဤခမောက်နှင့်လူသည် နှယ်နှယ်ရရလူတစ်ဦးမဟုတ်ကြောင်း သူသိလိုက်သည်။

"ခင်ဗျား ဘယ်သူလဲဆိုတာ ပြောမပြနိုင်ဘူးလား"

ဝမ်တုံ၏လေသံသည် အနည်းငယ် ပျော့ပျောင်းလာသည်။

"ကျုပ် ဘယ်သူဆိုတာသိဖို့ထက် ဟိုအိတ်ထဲကလူတွေကို အမြန်ဆုံးပြန်ထုတ်နိုင်ဖို့က အရေးကြီးပါတယ်".

ခမောက်နှင့်လူကြီးက အထုပ်နှစ်ထုပ်ကို လက်ညှိုးထိုး၍ ပြောလေ၏။

သူဌေးကြီးဝမ်တုံသည် ခမောက်နှင့်လူကို ကြည့်လိုက်၏။ ဤသူကား အေးအေးဆေးဆေးပြော၍ ရမည့်သူ မဟုတ်



ချေ။ အကြမ်းပတမ်း ဆက်ဆံရမည့်သူ ဖြစ်သည်။ သူသည် တပည့်လူထွားကြီးနှစ်ယောက်အား အချက်ပြလိုက်သည်။

အချက်ပြခြင်းမှာ ခမောက်နှင့်လူပြောသလို အိတ်ထဲမှလူနှစ်ယောက်ကို ထုတ်ပေးရန် အချက်ပြခြင်း မဟုတ်ပါ။ ခမောက်နှင့်လူကို ဝိုင်းဝန်းတိုက်ခိုက်ကြရန် အချက်ပြလိုက်ခြင်း ဖြစ်ပါသည်။

လူထွားကြီးနှစ်ယောက်သည် ကိုင်ပင်ထားသည့်အလားလျှပ်တစ်ပြက် ပြေး၍ တိုက်ခိုက်ကြ၏။ သူတို့ဆရာကြီး၏စကားကို ဦးလည်မသုန် ထမ်းရွက်လိုက်နာကြသူများ ဖြစ်သည်။

လူထွားကြီးနှစ်ယောက် ပြေးဝင် တိုက်ခိုက်လာသည်နှင့် ခမောက်နှင့်လူသည် လျှပ်တစ်ပြက်ထိုင်ချပြီး သူ့လက် နှစ်ဖက်ကို ဆန့်ထုတ်လိုက်၏။

"ဝုန်း"

လူထွားကြီးနှစ်ယောက်မှာ ခမောက်နှင့်လူ ဤမျှမြန်လိမ့်မည်ဟု မထင်ခဲ့ချေ။ ယခုမူ လျှပ်ပြက်သကဲ့သို့ လျင်မြန်နေသည်။ လူထွားကြီးနှစ်ယောက်စလုံး လွင့်စဉ်ထွက်သွားသည်။ ခမောက်နှင့်လူ၏ သိုင်းပညာအဆင့်ကို မြင် လိုက်ရသော ဝမ်တုံသည် သူ၏ သူဌေးအမူအရာများကို ဖျောက်ပစ်လိုက်သည်။

သူသည် ဖျတ်လတ်တက်ကြွသော သိုင်းသမားတစ်ယောက်ဖြစ်သွားသည်။ သူသည် အနောက်ဘက်နံရံဆီသို့ ခုန်ကူးပြီး နံရံ၌ချိတ်ဆွဲထားသော လက်နက်တစ်ခုကို ဆွဲယူလိုက်၏။

နံရံတွင် လက်နက်မျိုးစုံ ချိတ်ဆွဲထားသည်။ ဓားတို၊ ဓားရှည်နှင့် ဓားပြားကြီးများ၊ သံလုံးတပ်ကြိုး၊ သံဆူးကြိုးတပ် သံလုံး၊ ဓားကောက်၊ မြှိန်း၊ ကော်ရင်းခွနှင့် လှံ စသည့်လက်နက်မျိုးစုံ ဖြစ်လေသည်။

ဝမ်တုံဆွဲယူလိုက်သောလက်နက်မှာ အရိုးရှည်ရဲတင်းတစ်လက် ဖြစ်၏။ ထိုရဲတင်းမှာ အသွားတစ်ဖက်တည်း မဟုတ်ချေ။ အသွားနှစ်ဖက်ဖြစ်သည်။

ထိုအချိန်တွင် လွင့်စဉ်သွားသော လူထွားကြီးနှစ်ယောက်သည်လည်း ပြန်လည်တိုက်ပွဲဝင်နေချေပြီ။ ဝမ်တုံက ထိုလူကို ရှေ့မှပိတ်ပြီး တိုက်သည်။ ထို့ကြောင့် ဝမ်တုံနှင့် လူထွားကြီးနှစ်ယောက်တို့သည် ခမောက်နှင့်လူကို ဖိုခုံလောက်ဆိုင် ဝိုင်းရပြီး ဖြစ်ကြလေသည်။

ဘယ်ပြေးမလဲ ခမောက်ရယ်။

ယခုအတိုင်းဆိုလျှင် ခမောက်နှင့်လူ ခံရတော့မည့်ပုံစံပင်။ အများနှင့်တစ်ယောက်၊ ပိတ်ဆို့ထားပုံကလည်း ပြေးမလွတ်။

ခမောက်နှင့်လူသည် သူ၏ ခပ်ငိုက်ငိုက်ဆောင်းထားသော ခမောက်ကြီးကို ဆွဲချွတ်လိုက်သည်။ ထိုအခါ နှုတ်ခမ်းမွေးကားကား၊ မျက်ခုံးထူထူလူတစ်ယောက်၏မျက်နှာ ပေါ်လာသည်။

သို့သော် ဝမ်တုံသည် ထိုလူ၏မျက်နှာကို တစ်ခါမှမမြင်ဖူးချေ။ သူနှင့် တစ်ကြိမ်တစ်ခါမျှ တွေ့ဖူးခြင်းမရှိသော လူတစ်ယောက်က သူ့ဆိုင်ထဲသို့ ကျူးကျူးကျော်ကျော် ဝင်



လာပြီး သူ့အား စော်ကားနေသည်ကို သဘောမပေါက်ချေ။

"မင်းဝင်ရှုပ်တာကို သဘောမပေါက်ဘူး၊ မင်း ဘယ်သူလဲ"

"ဟား....ဟား....ဟား....ငါ့ရုပ်ကို မြင်ပြီးပြီပဲ၊ မင်း မမှတ်မိဘူးလား"

ဝမ်တုံသည် ပြောပြောဆိုဆို ရှေ့သို့ခုန်ဝင်ပြီး ရဲတင်းကြီးကို ယမ်းလိုက်၏။

"ဝှီး....ဝှီး....ဝှီး"

ရဲတင်း၏လေတိုးသံသည် ပေါ်ထွက်လာ၏။ သူ မည်မျှ ပြင်းထန်စွာ ဝှေ့ယမ်းခနေသည်ကို လေတိုးသံက ဖော်ပြနေသည်။

ခမောက်နှင့်လူကလည်း သုံးယောက်ကြားမှ ကျွမ်းကျင်ဖျတ်လတ်စွာ ခုန်ရှောင်သွားသည်။ လူထွားကြီးနှစ်ယောက်သည် ခမောက်နှင့်လူ ခုန်ရှောင်သွားရာသို့ ခုန်လိုက်သွားကြသည်။

ခမောက်နှင့်လူသည် နောက်တစ်ကြိမ် ထပ်ရှောင်ရန် အခြေအနေမပေးတော့ချေ၊ လူထွားကြီးနှစ်ယောက်သည် သူတို့ဆွဲထားသည့် ဓားများကို ကျွမ်းကျင်စွာထိုးသွင်းလိုက်ကြ၏။ တစ်ယောက်က ခမောက်နှင့်လူ၏ရင်ဝသို့ ထိုးသွင်းသလို တစ်ယောက်က လည်ပင်းသို့ ခုတ်ဖြတ်လိုက်၏။

လူထွားကြီးနှစ်ယောက်၏ လှုပ်ရှားမှုမှာ တိကျ၏။ ပြတ်သား၏။ အလွန်လျင်မြန်၏။

"ဗိုး"

"ရှမ်း"

ဓားနှစ်လက်၏ လေတိုးသံများကိုပင် အတိုင်းသားကြား လိုက်ကြရသည်။

ခမောက်နှင့်လူမှာ လွတ်ရန် လမ်းမမြင်တော့ပေ။ နဂါးမူ၍ မြေလျှိုးမည်လော၊ ဂဠုန်မူ၍ မိုးပျံမည်လော။ အလွန်လျင်မြန်လှသော ဓားချက်များသည် ခမောက်နှင့်လူဆီသို့ ပြေးဝင်သွားကြလေ၏။

★

## အခန်း (၁၉)

## တယ်ထင်ခြင်းတာဝန်

ခမောက်နှင့်လူသည် မထင်မှတ်သည့်အလုပ်တစ်ခုကိုလုပ်ချလိုက်၏၊ ပက်လက်လှန် အိပ်ချပိုက်ခြင်းတည်း။ ရင်ဝဆီသို့ ထိုးသွင်းလာသည့်ဓားချက်သည် ဗိုးခနဲချော်သွားလေ၏။ တစ်ဖက်မှဆီးခုတ်လိုက်သောဓားချက်သည် လူထွားကြီး တစ်ယောက်ကို တည့်တည့်ကြီးခုတ်မိသည်။ သူ့ဓား အရှိန်လွန်သွားပြီကို သိသော်လည်း သူသည် အရှိန်မသတ်နိုင်တော့ပေ။

"အား"

လူထွားကြီးတစ်ယောက်မှာ နာကျင်စွာ အော်ဟစ်လိုက်သည်။ အော်သံကြီးသည် ဟိန်းထွက်လာသည်။ အခန်းမှာ

အသံလုံခန်းဖြစ်၍သာ တော်တော့သည်။ သို့မဟုတ်ပါက စားသောက်နေသူများ ထိတ်လန့်သွားပေလိမ့်မည်။

ထိုသို့ ခုတ်မိသည့် တစ်ချိန်တည်းမှာပင် ခမောက်နှင့်လူသည် ခြေထောက်ကို ပက်သက်ကန်လိုက်သည်။ ဓားနှင့်ခုတ်သူ လူထွားကြီး၏ ရင်ဘတ်ဆီသို့ကန်ချက်သည် တည့်တည့်ဝင်သွား၏။

"ဝုန်း"

ကျယ်လောင်သောအသံကြီးသည် မြည်ဟည်းထွက်လာ၏။ လူထွားကြီးသည် ပုံလျက်သား လဲကျသွားတော့သည်။

ခမောက်နှင့်လူသည် အလွန်လျင်မြန်သည်။ ထိုလူ၏ လျင်မြန်ပုံကို တွေ့ရသောအခါ ရဲတင်းကိုင်ပုဂ္ဂိုလ်သည် ဇောချွေးပြန်လာလေတော့၏။ မျက်စိမျက်နှာလည်း ပျက်နေသည်။ ဤသူနှင့် သူသေကံယ်သေ ယှဉ်ပြိုင်ရပေတော့မည်။

ခမောက်နှင့်လူသည် လက်နက်များချိတ်ဆွဲထားသည့် နံရံဆီသို့ လွှားခနဲခုန်ဝင်သွားပြီး လှံတံတစ်ချောင်းကို ဆွဲယူသွားလေ၏။ ထိုသူကား လှံကို လှည့်ပတ်ကစား၏။ လှံသည် အရိပ် ရာထောင်ထွက်လာလေ၏။ ထိုသူ၏ လှံကို ကျွမ်းကျင်စွာ ကိုင်တွယ်နိုင်ပုံမှာ လက်ဖျားခါလောက်၏။ ထိုအခြင်းအရာကို မြင်သောအခါ ဝမ်တုံသည် မျက်လုံး ပြူးသွားလေသည်။

"လှံ....လှံစကြာ ကျင့်ချင်"

ဝင်တုံသည် ကတုန်ကယင်ပြောလိုက်လေ၏။



ခမောက်နှင့်လူကား အခြားသူ မဟုတ်ပေ။ လှံစကြာကျင့်ချင်ဖြစ်သည်။ စူးစူးချောင်းအတွင်း အိတ်တစ်လုံးဖြင့် ပစ်ချခံရသော လှံစကြာကျင့်ချင်ပင် ဖြစ်လေ၏။

လွန်ခဲ့သောတစ်ပတ်ခန့်က ညမွှေးပန်း စားသောက်ဆိုင်တွင် ဝမ်တုံပင်လျှင် ကျင်ချင်ကို အဆိပ်အရက်များတိုက်ပြီး သတိမေ့နေသောအခါ ဝမ်တုံ၏ လက်ရုံးတပည့်နှစ်ဦးဖြစ်သော လူထွားကြီးနှစ်ဦးက စူးစူးချောင်းအတွင်း ပစ်ချခဲ့သည်။

လူထွားကြီးနှစ်ဦးက ဆရာကြီးခိုင်းသည့်အတိုင်း ပစ်ချခဲ့ပါပြီဟု အစီရင်ခံခဲ့ကြသည်။ လူထွားကြီးနှစ်ဦးသည် အလွန်တိကျသေချာသူများ ဖြစ်၏။ သူတို့လုပ်ပြီးခဲ့သည့်အလုပ်တိုင်း သူတို့အစီရင်ခံသလို အသေအချာ ပြီးစီးခဲ့သည်သာဖြစ်သည်။

သို့သော် ယခုတော့....

ချောင်းအတွင်း၌ သေဆုံးခဲ့ပြီဆိုသော ကျင့်ချင်သည် ယခုအခါ သူ့ရှေ့သို့ ရောက်ရှိနေလေ၏။ ဝမ်တုံသည် မယုံကြည်နိုင်သော မျက်လုံးများဖြင့် ငေးမောကြည့်နေမိလေ၏။

"ဟား....ဟား....ဟား"

လှံစကြာကျင့်ချင်က လှိုက်လှိုက်လှဲလှဲ ရယ်မောလေ၏။ အတန်ကြာမှ....

"ဘာလဲ၊ ငါမသေလို့ အံ့သြနေသလား ဝမ်တုံ"

ကျင့်ချင်က မေးလိုက်လေ၏။

"ငါ အံ့သြတယ်"

“မအံ့ဩနဲ့လေ၊ ငါမသေဘူး၊ ရေကူးတတ်တယ်ဆိုတာ ငါပဲ”

“အေး....အဲဒီတုန်းက မင်းမသေဘူး၊ ဒါပေမယ့် မင်းအခုသေရတော့မှာပါ”

ဝမ်တုံက သေချာပေါက်ပြောလေ၏။

ကျင့်ချင်က တဟားဟားရယ်ပြီး....

“အေးလေ....ငါသေမလား၊မင်းသေမလားဆိုတာ ကြည့်ကြသေးတာပေါ့၊ ငါ့စိတ်ထင်တော့ မင်းဟာ ဆန်ကုန်မြေလေးလို့ ထင်တာပဲ၊ ဆန်ကုန်မြေလေးတွေဟာ လောကမှာကြာကြာအသက်မရှင်ကြဘူးကွ၊ သေကြတာချည်းပဲ”

ကျင့်ချင်သည် ရယ်ရယ်မောမောပြောရင်းမှ တဖြည်းဖြည်း မျက်နှာတည်သွား၏။ တဖြည်းဖြည်း ခက်ထန်လာ၏၊

ဝမ်တုံမှာ ဟန်ကိုယ့်ဖို့ မာန်သူ့ဖို့ ပြောနေရသော်လည်း စိတ်ထဲမှာမူ ချောက်ချားနေ၏။ သူသည် ဂူခြေဆည်ထားသည်။ ရဲဘင်းကို တင်းကျပ်စွာဆုပ်ကိုင်ထားသည်။

“ငါမသေဘူးကွ၊ ငါက မန်ချူး ပက်ပါးစေတွေကိုသတ်ပြီးမှ သေမယ့်ကောင်ကွ၊ မင်းဟာ မန်ချူးလက်ပါးစေ၊ ငါက မင်းကိုသတ်ရဦးမယ်”

ဝမ်တုံသည် လေထဲသို့ခုနတက်လိုက်၏။ သူသည် ဉာဏ်နီဉာဏ်နက် များသူဖြစ်၏။ ယခုကဲ့သို့ အမြင့်ကိုခုန်တက်လိုက်သည့်ရည်ရွယ်ချက်မှာ ကျင့်ချင်၏လှံတံရှည်ကို ခတ်ထုတ်ပြီး ဦးခေါင်းကို ရဲတင်းဖြင့် ပိုင်းချနိုင်ရန်ဖြစ်သည်။



သို့သော် ကျင့်ချင်ကလည်း အားကျမခံ အမြင့်သို့ ခုန်တက်လိုက်သောအခါ နှစ်ဦးစလုံး လေထဲတွင် ထိပ်တိုက်ဆုံမိကြလေတော့၏။

ဝမ်တုံသည် လှံကို ခြေဖြင့်ခတ်ထုတ်မည်ဆိုသောအကြံကို မကြံနိုင်တော့ပေ။ သူသည် ရဲတင်းကြီးကို မြှောက်လိုက်၏။

ထိုစဉ် ကျင့်ချင်က လျှင်မြန်ဖျတ်လတ်စွာ လှံနှင့်ထိုးသွင်းလိုက်လေ၏။ ထိုလှံချက်ကို ဝမ်တုံသည် လုံးဝရှောင်တိမ်းနိုင်ခြင်း မရှိခဲ့ပေ။

“အား”

“ဝုန်း”

သူသည် နာကျင်စွာအော်ဟစ်ပြီး ကြမ်းပြင်ပေါ်သို့ ခြေကားရားလက်ကားရား ကျလာလေ၏။ ကြမ်းပြင်ပေါ်၌ စန့်စန့်ကြီးဖြစ်နေသည်။ လုံးဝမလှုပ်ရှားနိုင်တော့ပေ။

သွေးများကား မြင်မကောင်းအောင် စီးဆင်းနေ၏။ ဝမ်တုံကား တမလွန်စာဝသို့ ရောက်ရှိသွားပြီဖြစ်ပါသည်။

“ဟား....ဟား....ဟား”

ကျင့်ချင်၏ရယ်သံက ပတ်ဝန်းကျင်ကို ပဲ့လွင့်ထွက်သွား၏။ သူသည် ဝမ်တုံ၏အလောင်းကို ခြေဖြင့်ကန်လိုက်သည်။ ထို့နောက် အထုပ်နှစ်ထုပ်ကိုဆွဲ၍ နောက်ပေးပေါက်မှထွက်သွားတော့သည်။

ကျင့်ချင်သည် စားပွဲပေါ်မှအရက်အိုးကိုယူကာ ခွက်ထဲသို့ငှဲ့ထည့်လိုက်၏။ ထို့နောက် တစ်ရှိန်ထိုး မော့ချလိုက်သည်။

သူ့ရှေ့တွင် လူနှစ်ယောက်ရှိနေ၏။ ထိုလူနှစ်ယောက်ကား မျောက်ညိုနှောင်ဖြစ်သည့် ဖုထန်းနှင့်ဖုစံတို့ပင်တည်း။

လူသုံးယောက် အခန်းထဲတွင်ရှိသော်လည်း စကားမပြော ကြသဖြင့် တိတ်ဆိတ်ငြိမ်သက်နေ၏။ အတန်ကြာမှ ကျော့်ချင်က စကားစသည်။

"မင်းတို့ မြို့စားကြီးနဲ့ တွေ့ပြီးပြီ မဟုတ်လား"

ဖုထန်းက....

"ဟုတ်ကဲ့"

"သူက ဘာပြောသလဲ"

"သူဟာ လူကောင်းတစ်ဦးလို့ထင်တာပဲ၊ အခုကိစ္စမှာ သူ့ဘက်ကလဲ လှုပ်ရှားနေတယ်၊ သူ့စကားအရဆိုရင် သူ နည်း သူ့ဟန်နဲ့ မြို့စားကြီးကို ပြန်ကယ်ဖို့ ကြိုးစားနေတယ် လို့ ကျွန်တော်တို့ကို ပြောလိုက်သေးတယ်"

"မင်းတို့ သူ့တစ်ယောက်တည်းကို တွေ့တာလား"

"မဟုတ်ဘူး၊ တပ်မှူးကြီးချုပ်ဖုံးဆိုတာနဲ့ မြို့စားကြီးကို အတူတူတွေ့တာပါ၊ ဒါပေမယ့် ကျွန်တော်တို့ တပ်မှူးကြီး ချုပ်ဖုံးကိုတော့ သဘောမကျတာ အမှန်ပဲ"

ဖုထန်းက ရှင်းပြလေ၏။

"မင်းတို့က ဘယ်လိုမျှားထင်နေလို့ ချုပ်ဖုံးကို သဘော မကျကြတာလဲ"

"တပ်မှူးကြီးချုပ်ဖုံးဟာ မြို့စားကြီးကို ကြိုးကိုင်နေတယ် လို့ ထင်တယ်"

ကျော့်ချင်က ပြောသည်။



"ငါလဲ သက်သေသက္ကာယမပြနိုင်ပေမယ့် မြို့စားကြီး မ်းဟာ မရိုးသားဘူးလို့ထင်နေတယ်၊ မင်းတို့ပြောသလို ပ်မှူးကြီးချုပ်ဖုံး ခြယ်လှယ်တာလဲဖြစ်နိုင်တယ်၊ ဘာပဲပြော ပြော ဝူးလိမ်တစ်မြို့လုံး မန်ချူးသူလျှိုတွေ ခြေချင်းလိမ်နေ ယ်ဆိုတာတော့ မင်းတို့သိထားပါ၊ ငါတောင် အင်မတန် တိထားနေတဲ့ကြားက မင်းတို့လို ခံလိုက်ရသေးတယ်ဆိုတာ င်းတို့သိထားရင် မင်းတို့ဟာ အရင်ကလို ပေါ့မှာမဟုတ် တော့ဘူး"

"ဟုတ်လား၊ အစ်ကိုကြီးက ဘယ်လိုခံလိုက်ရတာလဲ"

"ဟာ....ခံလိုက်ရပြီလားကွာ"

ကျော့်ချင်သည် ညမွှေးပန်းစားသောက်ဆိုင်သို့ သူရောက်ရှိ ပုံ၊ အစားအစာနှင့် အရက်များကို ဝမ်တုံက စေတ်နာဗရပွ နှင့် ကျွေးမွေးပုံ၊ အဆိပ်မိပုံ၊ သူ့တပည့်နှစ်ယောက်က အိတ် ကြီးအတွင်းထည့်ပြီး ဝူးစူးချောင်းအတွင်း ဝစ်ချခဲ့ပုံတို့ကို ပြောပြသည်။

"အစ်ကိုကြီး ဘယ်လိုလွတ်လာတာလဲ"

"ကံကောင်းချင်တော့ ငါ့ကို လူငယ်လေးတစ်ယောက်က ကယ်ဆယ်လိုက်တာကွ၊ ကံကောင်းလို့ပေါ့ကွာ"

ကျော့်ချင်သည် သူ့စကားကို အဆုံးသတ်လိုက်၏။ ဖုစံက....

"ဒါနဲ့ ကျွန်တော်တို့ သခင်ကြီးဟာ ရန်သူ့လက်ထဲမှာ ရှိတယ်ဆိုတဲ့သတင်းက အမှန်ပဲလား အစ်ကိုကြီး"

ကျော့်ချင်က ခေါင်းညိတ်၏။

''အေး....ဟုတ်တယ်၊ ငါလဲ ဒီလိုပဲ ကြားထားတယ်၊ ဒါပေမယ့် သွားကယ်ဖို့ဆိုတာတော့ သိပ်မလွယ်ကူသေးဘူး၊ မန်ချူးတပ်တွေဟာ သခင်ကြီး ကျိမင်းကို အလွန် လုံခြုံတဲ့ နေရာမှာ ဝှက်ထားတယ်လို့ သတင်းရတယ်''

''သူတို့ သတ်တော့ မသတ်ပါဘူးနော်''

ဖုထန်းက စိုးရိမ်တကြီး ဝင်မေးသည်။

''အခုဟာက သတင်းကြားပဲ၊ သူတို့ သခင်ကြီးကို သတ်ချင်ရင် သတ်မှာပဲ၊ မသတ်ဘဲနဲ့လဲ ထားချင်ထားနိုင်တယ်...

''ငါပြောချင်တာက ဒါမဟုတ်ဘူး၊ မန်ချူးသူလျှိုတွေ၊ မန်ချူးအလိုတော်ရိတွေ၊ မန်ချူးလက်ပါးစေတွေဟာ ဒီမြို့ထဲမှာ ချောင်းလိမ်နေတယ်၊ အဲဒီကောင်တွေကို မင်းတို့အားလို တပူးပူးတတွဲတွဲ လုပ်နေရင်တော့ မန်ချူးသူလျှိုတွေက မင်းတို့ကို မျောက်ညီနောင်မှန်းရိပ်မိနိုင်တာပေါ့၊အဲဒီတော့ ရုပ်ဖျက်ပြီး တစ်ယောက်တကွဲစီနေကြ၊ အဲဒါဆိုရင် သူလျှိုတွေ မရိပ်မိတော့ဘူး''

ကျင့်ချင်က အကြံပေးစကား ပြောလိုက်သည်။ ဖုစံကမေးလိုက်၏။

''အစ်ကိုကြီးမှာကော တယ်လို အကြံအစည်များရှိသေးသလဲဟင်''

ကျင့်ချင်က ခေါင်းယမ်းလိုက်၏။

''လောလောဆယ်တော့ငါ့မှာအကြံအစည် မရှိသေးဘူး၊ တစ်နေ့အကောင်အထည်ပေါ်လာရင်တော့ တစ်နည်းနည်းနဲ့ ဆက်သွယ်ကြတာပေါ့''



ကျင့်ချင်သည် နှုတ်ခမ်းမွေးအတုကြီးနှင့် မျက်ခုံးမွေးအတုကို ပြန်လည်တပ်ဆင်လိုက်၏။ လုံးစကြာကျင့်ချင်၏ ရုပ်ရည်သည် လုံးဝပြောင်းလဲသွားလေ၏။

''ကဲ....တွေ့လား၊ မင်းတို့လဲ ဘေးအန္တရာယ်တွေ ကွင်းရှောင်ချင်ရင် အဲဒီလိုရုပ်ဖျက်ဖို့ဝန်မလေးကြနဲ့၊ ရုပ်မဖျက်လို့ကတော့ သေတွင်းတွေဆီ သွားနေပြီသာ မှတ်''

ကျင့်ချင်သည် ခမောက်ကြီးကို ခပ်ငိုက်ငိုက်ဆောင်းကာ ဖုထန်းနှင့် ဖုစံတို့အနီးမှ ထွက်ခွာသွားလေတော့၏။

★

# အခန်း (၂၈)

## သတင်းအစပျောက်သူ

ဖုထန်းနှင့်ဖုစံတို့သည် သူတို့အား ကျောခိုင်းထွက်ခွာခဲ့သည့် ကျင့်ချင်၏ ကျောပြင်ကြီးကို မျက်စိတစ်ဆုံး ငေးမောကြည့်နေမိတော့သည်။

"ဟင်း....အစ်ကိုကြီးကျင့်ချင်နဲ့သာမတွေ့ရင် တို့ညီအစ်ကို နှစ်ယောက်ရဲ့ ကံကြမ္မာဟာ တွေးဝံ့စရာတောင် မရှိဘူး"

ဖုထန်းက သက်ပြင်းချရင်း ပြောလိုက်လေသည်။ ဖုစံက....

"အစ်ကို ဘာလုပ်မယ်စိတ်ကူးသလဲ"



"အစ်ကိုကြီးကျင့်ချင် ပြောသွားတာ သိပ်မှန်တယ်ကွ၊ ငါတို့ လျှို့လျှို့ဝှက်ဝှက် နေနိုင်ရင်တော့ အသက်ရှည်မှာပဲ၊ အခုလို တပူးပူးတတွဲတွဲ သွားလာနေရင်တော့ အသေအချာ အသေစောမှာပဲ"

"အစ်ကိုက ဘယ်လိုစိတ်ကူးလဲ"

"ငါက စိတ်မကူးဘူး၊ ငါတို့လုပ်ရမယ့်အလုပ်ကို အစ်ကိုကြီးကျင့်ချင် ပြောသွားပြီလေကွာ ရုပ်ဖျက်ရမယ်၊ လူခွဲနေရမယ်၊ သူဌေးဝမ်တု သေသွားတာနဲ့ပတ်သက်ပြီး မန်ချူးတွေ တော်တော် ယောက်ယက်ခတ်သွားမှာ သေချာတယ်၊ ဝမ်တုံက မန်ချူးအလိုတော်ရိ မဟုတ်သလား၊ တို့ညီအစ်ကိုလဲ လူခွဲပြီး သင့်ရာမှာ နေကြရမယ်"

ဖုစံက....

"ဒီလိုဆိုရင် ကျွန်တော်က ဘွားဘွားကျင်လုံဆီကိုသွားမယ်"

ဘွားဘွားကျင်လုံမှာ မျောက်ညီနောင်တို့၏ ဖွားဘွားဖြစ်သည်။

ယခင်က ဆိုင်းလောကၨ လျှမ်းလျှမ်းတောက်ကျော်ကြားခဲ့သော်လည်း ယခုအခါ ဆိုင်းလောကၨ လှုပ်ရှားမှုမရှိဘဲ ဇာတ်မြှုပ်နေထိုင်နေသူဖြစ်သည်။

ဖုထန်းက....

"အေး....ကောင်းတယ်၊ ငါ့ညီအတွက် စိတ်အေးရတာပေါ့၊ ငါကတော့ ဟိုမျက်မမြင်မလေးကို မေးစားတယ်ဆိုတဲ့ အဘွားကြီးအဘိုးကြီးတွေကို သွားစုံစမ်းရဦးမယ်"

ညီအစ်ကိုနှစ်ယောက်သည် စိတ်တူသဘောတူ လမ်းခွဲ၍ သွားကြလေသည်။ တကယ်တော့ ဤညီအစ်ကိုနှစ်ယောက် ခွဲခွာရသည်မှာ မလွယ်လှချေ။ အဘယ်ကြောင့်ဆိုသော်သူတို့သည် မအေမွေးကတည်းက ညီအစ်ကိုနှစ်ဦးစလုံး ချစ်ချစ်ခင်ခင် အတူတကွ နေထိုင်လာခဲ့သောကြောင့်တည်း။

သူတို့ ခွဲရခြင်းမှာ အခြေအနေအရ ခွဲရခြင်းဖြစ်သည်ကို နားလည်သဘောပေါက်၍သာ ခံသာကြခြင်းဖြစ်၏။ သူတို့သည် မျိုးချစ်သိုင်းသမားများ ဖြစ်သည် မဟုတ်ပါလား။

ညီအစ်ကို နှစ်ဦး၏ ချစ်ခြင်းသည် အမျိုးကိုချစ်သည့် အချစ်စိတ်ဓာတ်လောက်မပြင်းထန်လှပါ။ ထို့ကြောင့် သူတို့ ခွဲခွာနိုင်ကြခြင်းဖြစ်ပါသည်။

သူတို့သည် မန်ချူးနယ်ချဲ့တို့ကို လုံးဝနှစ်မြို့ခြင်း မရှိခဲ့မှုမက နယ်စားကြီး ကျိမင်းအပေါ် လွန်စွာသစ္စာရှိခဲ့ကြပေ၏။ သို့သော် မျိုးချစ်သိုင်းသမားများကို မန်ချူးအလိုတော်ရိနှင့် မန်ချူးလက်ပါးစေများက လျှို့ဝှက်လုပ်ကြံလျက် ရှိကြသည်။

ဝူးလိမ်မြို့ကဲ့သို့ နယ်စွန်နယ်ဖျား ဒေသများက မန်ချူးလက်ပါးစေများ လွှမ်းမိုးချင်တိုင်း လွှမ်းမိုးနေသော နယ်များဖြစ်သည်။သူလျှိုဒလန်များ ခြေချင်းလိမ်နေသောမြို့ဖြစ်သည်။

ဤကဲ့သို့ အခြေအနေမျိုးတွင် ညီအစ်ကိုနှစ်ယောက်အဖို့ ခေတ္တခွဲခွာနေခြင်းသည်သာ အကောင်းဆုံး ကာကွယ်ရေး အစီအစဉ်သာ ဖြစ်တော့သည်။



သို့သော် အခွင့်အရေးပေးသည်နှင့် ညီအစ်ကိုနှစ်ယောက် ပြန်လည်လက်တွဲပြီး မန်ချူးတို့ကို တိုက်ခိုက်ရန် သန္နိဋ္ဌာန် ခိုင်ခိုင်မာမာ ချထားကြပေသည်။

ထို့ကြောင့် ညီအစ်ကိုနှစ်ယောက်ခွဲထွက်ကြရာတွင် အစ်ကိုဖြစ်သူ ဖုထန်းသည် မျက်မမြင်မလေးကို မွေးစားထားသည် ဆိုသော ရှင်ကျိုနှင့်အိဝါးဆိုသူ အတိုးအိုတို့ထံသို့ ထွက်လာခဲ့လေ၏။

အကယ်၍ ရှင်ကျိုနှင့်အိဝါးတို့ မွေးစားထားသော မျက်မမြင်မလေးသည် သူတို့၏ အရှင်သခင်မြို့စားကြီး၏ ရင်သွေးကလေးသာ ဖြစ်ခဲ့ပါက ပျောက်ဆုံးနေသော ဂေဟာမှူးကြီးဝမ်နှင့် မိုးကြိုးဓားနှစ်လက်၏သတင်းကိုပါ ရရှိလိမ့်မည်ဟု ဖုထန်း ယူဆထားသည်။

မိုးကြိုးဓားနှစ်လက်သည် ဂေဟာမှူးကြီးဝမ်ထံ၌ ရှိပါသေး၏လော။

ဂေဟာမှူးကြီးဝမ်သည်ပင်လျှင် ဤလောက၌ အသက်ရှင်လျက် ရှိမှရှိပါသေး၏လော။ အတိအကျ ခန့်မှန်းတွေးဆ၍ မရချေ။

ထိုသတင်း၏ အစအနသည် ရှင်ကျိုနှင့်အိဝါးတို့ပင် ဖြစ်လိမ့်မည်ဟု ဖုထန်း ယုံကြည်လေ၏။ ဖုထန်းသည် ရှင်ကျိုတို့ အကြောင်း သေချာမေးမြန်းခဲ့ရာ သူတို့ လုပ်ကိုင်စားသောက်နေသည့် တောတန်းကို သိရှိခဲ့ရသည်။ ထိုတောတန်းဆီသို့ ဦးတည်လာခဲ့ခြင်းဖြစ်သည်။

လမ်းတွင် လူငယ်နှစ်ဦးကိုတွေ့ရသည်။ ဖုထန်းက မြင်းပေါ်မှနေ၍ လူငယ်နှစ်ဦးကို လှမ်းမေးလိုက်၏။

"ဟေ့....မင်းတို့ ဒီရွာကလား"

တစ်ဦးက ခေါင်းညိတ်၏။

"ဟုတ်ပါတယ်"

"တောင်ယာလုပ်စားတဲ့ အဘိုးအို ရှင်ကျိုဆိုတာကို သိသလား၊ သူ့မိန်းမက အိဝါးလို့ခေါ်တယ်"

လူငယ်က ပြုံးရယ်ပြီးပြောလေ၏။

"ကျုပ်တို့ရွာက အိမ်ခြေနှစ်ဆယ်လောက်ပဲရှိတဲ့ ရွာပါ၊ ရွာသားတွေကို အချင်းချင်း မှတ်မိသလားလို့မမေးနဲ့၊ ကိုယ့်ဆွေမျိုးတွေကို မှတ်မိသလို မှတ်မိနေပါတယ်၊ ရှင်ကျိုဆိုတာ ရွာအစွန်က လယ်တဲကလေးနဲ့နေတဲ့ အဘိုးအိုပေါ့၊ ကျုပ်တို့က ဘိုးဘိုးရှင်ကျိုလို့ခေါ်ပါတယ်၊ ဟောဟို အစွန်ဆုံးယာတောဆီကိုသွားပါ"

"ကျေးဇူးပါပဲ"

ဖုထန်းသည် လူငယ်ကို ကျေးဇူးတင်စကားပြောပြီး ထွက်လာခဲ့၏။

တောတန်း၌ ရွာတည်နေခြင်းဖြစ်၍ ခြံဝင်းများနှင့်အလွန်ကျယ်ဝန်းသည်။

သီးပင်စားပင်များကိုလည်း ခြံဝင်းတိုင်း၌ စိုက်ပျိုးထား၏။ ဖုထန်းသည် အစွန်ဆုံးခြံဝင်းဆီသို့ မြင်းကို ခပ်သွက်သွက်ကလေး စီးလာသည်။



ခြံရှေ့ရောက်သောအခါ မြင်းပေါ်မှဆင်းလိုက်သည်။ တစ်အိမ်လုံး အသံမကြားဘဲ တိတ်ဆိတ်နေသည်။

"အဘရှင်ကျို"

ဖုထန်း အသံပေးလိုက်၏။

သို့သော် အိမ်တွင်းမှ မည်သူမျှထွက်မလာကြပေ။

"အဘရှင်ကျို.... အဘွားအိဝါး"

ဖုထန်းက ကျယ်ကျယ်ဂ လေး လှမ်းအော်လိုက်ပြန်သည်။ အိမ်ကလေးအတွင်းမှ မည်သည့်ထူးသံမျှ မကြားရချေ။ ဖုထန်းသည် ခြံစည်းရိုးတံခါးကို ကြည့်လိုက်၏။ ခြံစည်းရိုးတံခါးမှာ အခြေအနေမပျက်ချေ။

မည်သည့်ရှင်ကျို၊ မည်သည့်အိဝါးမှ ထွက်မလာချေ။ တိတ်ဆိတ်မှုသည် ကြီးစိုးနေ၏။

သို့သော် အခိုက်အတန့်ကလေးတွင် ထူးခြားသော အနံ့အသက်တစ်မျိုးကို သူ ရလိုက်၏။ သူသည် သိုင်းသမားမဟုတ်ပါလား။ တိုက်ခိုက်တိုင်း သည်အနံ့ကို သူ ရတတ်သည်။

အနံ့က အခြားအနံ့မဟုတ်။ သွေးနံ့။

ဖုထန်းသည် အားမျှစဉ်းစားမနေတော့ချေ။ ခြံစည်းရိုးကို ပြေးလွှားခုန်ကျော်လိုက်၏။ လူတစ်ရပ်မျှသာမြင့်သော ခြံစည်းရိုးကလေးမှာ သူ့လိုသိုင်းသမားအဖို့ ကြီးစွာသော အရာမဟုတ်ပါ။

သူသည် ခြံထဲရောက်သည်နှင့် တဲအိမ်ကလေးအတွင်းသို့ ပြေးဝင်သွားလေ၏။ တဲအိမ်အတွင်း၌ အနိဋ္ဌာရုံမြင်ကွင်းက သူ့အား ဆီးကြိုနေသည်။

သူထင်သည့်အတိုင်းပင် ဖြစ်နေ၏။ ကံဆိုးရှာသော ရှင်ကျိုတို့လင်မယားမှာ သွေးအိုင်ထဲတွင် ပိုးလိုးပက်လက် လဲကျသေဆုံးနေ၏။ နှစ်ဦးစလုံး ဓားဒဏ်ရာများဖြင့် သေဆုံးနေသည်။

"တောက်"

ဖုထန်းသည် နာကြည်းစွာ တောက်ခတ်လိုက်သည်။

"ဟင်....လုပ်လိုက်ကြဦးပေါ့ကွာ၊ မင်းတို့က လက်ဦးသွားပြီကိုး"

သူသည် အဘိုးအိုရှင်ကျိုတို့လင်မယားကို သတ်သွားသူများအား ကျိတ်၍ ကျိန်ဆဲလိုက်၏။ သူ့အဖို့ သတင်းအစအနပင် မရတော့။ သတင်းအစအနသည် အဘိုးအို၊ အဘွားအိုတို့နှင့် ပါသွားလေပြီ။

★

# အခန်း (၂၁)

## ချိုးချစ်ဆိုင်းဆရာကြီး

ဆယ်ရက်လုံးလုံး ပင်ပန်းကြီးစွာ ခရီးနှင်ခဲ့ရသော ကျင့်ချင်မှာ ရုတ်တရက် တွေ့မြင်လိုက်ရသော မြင်ကွင်းကြောင့် ကြက်သေ သေသွား၏။ ချက်ချင်းပင် ရင်ထဲဆို့သွားသည်။

အဘယ်မြင်ကွင်းက သူ့အား ရင်ထဲ ဆို့စေပါသနည်း။

ခမ်းနားထည်ဝါလှသည့် ကုန်းမြင့်ကြီးမှ အဆောက်အအုံကြီး သည် ဗုန်းဗုန်းလဲကျလျက် ရှိနေလေ၏။ တိုင်များသည်လည်း လဲကျလျက်ရှိ၏။ အဆောက်အအုံကြီးသည် မယုံကြည်နိုင်လောက်အောင် ပျက်စီးယိုယွင်းလျက်ရှိလေ၏။

ယခင်ကဆိုလျှင် ဤကုန်းမြင့်မှ အဆောက်အအုံသည် မြင်ရသူအပေါင်းအား မျက်စိပသာဒရှိစေသည်။ အလွန်သာယာ

လှပသော ခြံဝင်းနှင့် ဥယျာဉ်သဖွယ် သစ်ပင် ပန်းပင်များ များနှင့် လှေကားအဆင့်ဆင့်ရှိသော အဆောက်အအုံကြီး သည် အနားယူအပန်းဖြေရာ စခန်းကြီးနှင့်တူ၏။

"ကျောင်းကြီး ဘယ်ရောက်သွားပြီလဲ"

ကျင့်ချင် ရင်တွင်းမှ မေးမိလေ၏။ သူသိထားသော ထို အဆောက်အအုံကြီးမှာ ဤနယ်တစ်ဝိုက်၌ ကျော်ကြား ထင် ရှားသော သိုင်းပညာသင်ကြားပေးရာ ကျောင်းကြီးတည်း။

ထိုကျောင်းကြီး၏ ဆရာကြီးကို ဤနယ်တစ်ဝိုက်၌ မသိသူ မရှိပေ။

ဖုံးလူချွန်း....

ဆရာကြီးဖုံးလူချွန်းကို ဤနေရာ ဤဒေသ၌ မသိသူ မရှိပေ။

ကျင့်ချင်သည် ဤကျောင်း၌ ရှစ်နှစ်လုံးလုံး ပညာသင် ကြားခဲ့၏။ သူကဲ့သို့ သိုင်းပညာ တက်ရောက်သင်ကြားနေသူ တပည့် ငါးဆယ်ခန့် ရှိသည်။

ကျင့်ချင်သည် လက်နက်မျိုးစုံအနက် လှံကစားနည်းကို ပို၍ကျွမ်းကျင်သည်။ ဓားကို ဓားသမား ပိုင်ပိုင်နိုင်နိုင် ကိုင် နိုင်သလို ကျင့်ချင်ကလည်း လှံကို ကိုင်နိုင်သည်။ ထို့ကြောင့် လှံဖြင့် ထိုးနှက်တိုက်ခိုက်သောနည်းပေါင်းစုံကို ကျင့်ချင်အား သီးခြားသင်ပေးခဲ့သည်။

"လှံစကြာကျင့်ချင်"

ဤအမည်မှာ ဆရာကြီးဖုံးလူချွန်း တပ်ပေးထားသော ဘွဲ့ သညာဖြစ်၏။



သင်တန်းကာလ ပြီးဆုံးသွားသောအခါ ဆရာကြီး ဖုံးလူ ချွန်းသည် ကျင့်ချင်နှင့် စကားစမြည်ပြောဆိုလေ၏။

"ငါ့တပည့်....မင်း ဘာလုပ်မယ်စိတ်ကူးသလဲ"

"ဆရာကြီး....မြို့စားကြီးကျိမင်းဆီမှာ အမှုထမ်းမယ်လို့ စိတ်ကူးပါတယ်၊ သူဟာ ဆရာကြီးရဲ့ ကျောင်းထွက် တစ် ယောက်ကို နေရာမပေးမှာ မဟုတ်ပါဘူး"

"နေရာပေးတာပေါ့ကွ၊ သေသေချာချာကို နေရာပေး တာပေါ့၊ ငါသင်ပေးတဲ့ သိုင်းပညာဟာ ကိုယ့်အမျိုးသား အချင်းချင်း တိုက်ခိုက်ဖို့ သင်ပေးတဲ့သိုင်းပညာ မဟုတ်ဘူး နော်"

"ကျွန်တော် သဘောပေါက်ပါတယ် ဆရာကြီး"

"အေး....ကိုယ့်နယ်မြေကို ကျူးကျော်ဖို့ ပြင်ဆင်နေတဲ့ နယ်ချဲ့မန်ချူးတွေကို ဒီသိုင်းပညာနဲ့ တိုက်ခိုက် သတ်ဖြတ် တယ်ဆိုရင် ငါလက်ခံတယ်၊ နောက်ဆုံး ကိုယ့်ကို ထိပါး ကျူးကျော်လာတဲ့ ဘယ်ရန်သူမဆို ဒီသိုင်းပညာနဲ့ ခုခံ ကာ ကွယ်နိုင်တယ်၊ ဒီသိုင်းပညာနဲ့ သူတစ်ပါးကိုတော့ မစော် ကားရဘူး"

ဆရာကြီးသည် ဤသို့ပင် သူ့အား ဆုံးမစကား ပြော ကြားခဲ့လေ၏။

ကျင့်ချင်သည် မျိုးချစ်စိတ် ထက်သန်လှသော ဆရာကြီး ဖုံးလူချွန်းကို ကြည်ညိုစွာကြည့်လေ၏။ ဆရာကြီး၏ စကား များကို ကျင့်ချင် ကြားယောင်နေခဲ့သည်။

"ကိုယ့်လူမျိုး ကိုယ့်တိုင်းပြည်ကို စော်ကားတဲ့ရန်သူတွေကို တွန်းလှန်ထဲ့အခါမှာ အခက်တွေ့မယ်၊ အကူအညီတွေ လိုအပ်လာမယ်ဆိုရင် ငါ့ဆီကိုပြေးလာခဲ့ပေတော့၊ ငါ့တပည့်တွေ လိုအပ်တာတွေမှန်သမျှ ငါလုပ်ပေးမယ်"

ကျင့်ချစ်သည် မြို့စားကြီးကျိမင်းထံ၌ အမှုထမ်းနေစဉ် နှစ်ခေါက်တိတိ လာရောက်ဂါရဝပြုခဲ့သည်။ ထိုစဉ်အခါကလည်း ဆရာကြီးဖုံးလူချွန်းသည် ကျင့်ချင်အား ဆိုဆုံးမခဲ့သေးသည်။

"အေး....ကျိမင်းလို မျိုးချစ်စိတ်ရှိတဲ့ မြို့စားကြီးဆီမှာ အမှုထမ်းနေတဲ့အတွက်တော့ ငါကျေနပ်ပါတယ်၊ ဒါပေမယ့် တစ်နေ့တခြား ကြီးထွားလာတဲ့ မန်ချူးတို့ရဲ့ရန်ကလဲ တို့ကို တော်တော်ခြိမ်းခြောက်လာပြီနော်"

ထိုအခေါက် ရောက်ပြီးသည်နှင့် မြို့စားကြီးကျိမင်းနှင့် ကျင့်ချင်တို့သည် မန်ချူးသက်ပါးစေတို့၏ လုပ်ကြံခြင်းကို ခံလိုက်ရပြီး အားလုံး တကွဲတပြားစီ ဖြစ်သွား၏။ သူသည် မြို့စားကြီး၏သတင်းကို စုံစမ်းရင်း ပုန်းလျှိုးကွယ်လျှိုး နေခဲ့ရသည်။ ထိုသို့နေလျက်ကပင် ဝမ်တုံ၏လုပ်ကြံခြင်းကိုခံလိုက်ရသေးသည်။

သူသည် ဆရာကြီးဆီသို့ လုံးဝ ခြေဦးမလှည့်နိုင်တော့ပေ။

ဆရာကြီး၏ သင်တန်းကျောင်းကြီးသည် ယခင်ကဲ့သို့ပင် ရှိနေလိမ့်မည်ဟု သူ ထင်ခဲ့၏။ ဆရာကြီးသည်လည်း ကျန်းကျန်းမာမာပင် ရှိနေမည်ဟု ထင်ခဲ့၏။



ယခုတော့ ဆရာကြီးဖုံးလူချွန်း၏ သင်တန်းကျောင်းကြီးသည် မြေ၌ ပြားပြားဝပ်နေခဲ့လေပြီ။ သစ်ပင်ဝါးပင်တို့သည်လည်း ခြောက်သွေ့နေသည်။ သာယာစိုပြည်မှု လုံးဝ မရှိတော့ပေ။

ကုန်းမြင့်ရှိ ကျောင်းကြီးသို့တက်ရောက်ရာ လှေကားထစ်...းဘေးရှိ သစ်ပင်များသည်လည်း ခြောက်သွေ့ဆွေးမြည့်...လေပြီ။ ကျင့်ချင်သည် မျက်ရည်ဝဲသာလေ၏။

ကျင့်ချင်နောက်၌ လူနှစ်ယောက် ရပ်နေကြသည်။ သူတို့...ည့် ကျောက်သားကျောက်ရုပ်ပမာ မတ်မတ်ရပ်လျက် ငေး...နေသည်။ ကျင့်ချင်အား စကားတစ်ခွန်းမျှ မတကြချေ။ ...ုန်ကျန်းသည် ကျင့်ချင်၏ခံစားချက်ကို ရိပ်မိသဖြင့် စကား...ပြောခြင်းဖြစ်သည်။

ဝေ့လင်ယန်းမှာမူ မျက်စိကာသည်းမမြင် ပါလာသူ နှစ်...ကလည်း မည်သည့်စကားမျှ မပြောကြသဖြင့် သိနားလည်...တိတ်ဆိတ်နေခြင်းဖြစ်လေ၏။

ကျင့်ချင်သည် သူတို့နှစ်ဦးအား သူတို့ဆရာဆီသို့ပို့ဆောင်...ည်ဟုပြောပြီး ယခု သင်တန်းကျောင်းရှိရာသို့ ခေါ်လာ...င်းဖြစ်သည်။ သူတို့သည် ခရီးကြမ်းကြမ်းကို လျှောက်လှမ်း...ရသည်မှာ ဆယ်ရက်တိတိ ကြာမြင့်လာခဲ့လေပြီ။

ယခု ကျင့်ချင်သည် ကျောက်ရုပ်ကြီးတစ်ရုပ်သို့ ငူငူကြီး...ပ်နေသည်။

ဟုန်ကျန်းသည် စကားမပြောဝံ့ပေ။

ကျင့်ချင်ကိုသာ ငေးနေသည်။ ကျင့်ချင်ကလည်း အဆောက်အအုံကြီးကိုသာ ငေးမောကြည့်နေသည်။ အတော်ကြီးကြာသောအခါမှ ကျင့်ချင်သည် ဟုန်ကျန်းနှင့် ဝေ့လင်ယန်းတို့ကို လှည့်ကြည့်လေ၏။

"ဒါဟာ ငါ့ဆရာကြီးရဲ့ ဂေဟာလေ၊ ခုတော့ မင်းတို့မြင်ကြတဲ့ အတိုင်းပါပဲကွယ်"

သူ့စကားသံသည် ဆို့နစ်နေ၏။ သူသည် ချက်ချင်း ပြန်လှည့်သွားသည်။ တစ်လှမ်းချင်း လျှောက်သွားတော့သည်။ အဆောက်အအုံပျက်ဆီသို့ လျှောက်သွားခြင်းဖြစ်သည်။

ဟုန်ကျန်းမှာ ကျင့်ချင်၏ခံစားမှုကို နား လည်သွားသည့်အလျောက် ဝေ့လင်ယန်းအား တီးတိုးပြောပြလေ၏။

"ညီမလေး၊ ဦးလေးကျင့်ချင် စိတ်ထိခိုက်နေတယ်၊ စိတ်ထိခိုက်မှာပေါ့၊ သူ့ဆရာရဲ့ဂေဟာကြီးဟာ လုံးဝပျက်စီးနေပြီ၊ ညီမလေးစကားမပြောနဲ့၊ ခုအတိုင်း တိတ်တိတ်နေနော်"

"ဟုတ်ကဲ့ပါ အစ်ကိုရယ်"

ဝေ့လင်ယန်းကလည်း တီးတိုးပြောလေ၏။

ကျင့်ချင်သည် တောင်ကုန်းထက်သို့တက်နေရာမှ ခြံထောင့်တွင် တဲကလေးတစ်လုံးကို တွေ့လိုက်ရတော့သည်။

ကျင့်ချင်သည် ခေါင်းထောင်၍ ကြည့်ရှုလေ၏။

"ဦးလေး၊ ဘာတွေ့လို့လဲ"

ဟုန်ကျန်းက မေးလေ၏။

"ဟိုခြံထောင့်မှာ တဲတစ်လုံးတွေ့တယ်၊ လူတစ်ယောက်ယောက်တော့ ရှိရမယ်ကွ"



ကျင့်ချင်သည် အလောတကြီးပြောပြီး ပတ်ဝန်းကျင်ကို ကြည့်ရှုလေ၏။ ထိုစဉ် လူတစ်ယောက်သည် ထိုတဲကလေးဆီသို့ သွားနေလေ၏။

"လူတစ်ယောက် လာနေတယ်"

ကျင့်ချင်နှင့် ဟုန်ကျန်းတို့သည် ထိုလူကိုမမြင်ပေ။ ဝေ့လင်ယန်းက ခြေသံကြားပြီး ပြောလိုက်ခြင်းဖြစ်သည်။ ကျင့်ချင်သည် နားစွင့်လိုက်၏။

"ငါတော့ မကြားမိဘူး၊ မင်းကော ကြားလိုက်သလား"

ဟုန်ကျန်းက ခေါင်းခါ၏။

"ကျွန်တော် ဘာခြေသံမှ မကြားမိဘူး"

ဝေ့လင်ယန်းသည် နားစွင့်နေလေ၏။ ကျင့်ချင်သည် ဝေ့လင်ယန်းကြည့်သည့်ဘက်သို့ ကြည့်လိုက်သည်။ ထိုအခါ အဘိုးအိုတစ်ယောက် လာနေသည်ကို တွေ့မြင်လိုက်ရသည်။ ထိုအဘိုးအိုမှာ ဆံပင်ရော၊ နှုတ်ခမ်းမွေးရော၊ မုတ်ဆိတ်မွေးပါ အားလုံးဖြူနေသည်။

ထိုအဘိုးအိုသည် ပိန်းဥများကိုကိုင်၍ မလှုပ်တလှုပ် လာနေလေ၏။

ကျင့်ချင်သည် အဘိုးအိုကို ဂရုတစိုက် ကြည့်နေသည်။ ကြည့်ရင်း မျက်လုံးများ အရောင်တလက်လက် တောက်လာသည်။

"ဆရာကြီး"

ကျင့်ချင်သည် ရုတ်တရက် လှမ်းခေါ်ပြီး အဘိုးအိုထံ ပြေးသွားလေ၏။

"ဝုန်း"

သို့ရာတွင် ကျင့်ချင်ကိုယ်တိုင် ဘာဖြစ်၍ ဘာဖြစ်မှန်းမသိ ချေ။ သူသည် လွင့်မြောက်ထက်သွားပြီးနောက် မြေပြင်သို့ ပြန်ကျလာ၏။

အားအင်များ ကုန်ခမ်းနေပြီဟု ထင်ရသည့် အဘိုးအို တစ်ဦးသည် ကျင့်ချင်ကပြေးထွက်လာပြီး ပိန်းဥများကိုလှမ်း ယူစဉ် ကျင့်ချင်အား ကိုင်ပေါက်လိုက်ခြင်းဖြစ်လေ၏။

ကျင့်ချင်မှာ လေထဲ၌ လွင့်မြောက်သွားသည်။ အဘိုးအို၏ အင်အားမှာ ကြောက်မက်ဖွယ်ရာပင်။ ဟုန်ကျန်းမှာ လန့်၍ ပင် အော်မိသည်။ ဝေ့လင်ယန်းမှာ လန့်ဖျပ်၍ ဟုန်ကျန်း၏ လက်မောင်းကို ကိုင်ဆွဲမိသည်။

"အစ်ကို...အစ်ကို၊ ဘယ်လိုဖြစ်တာလဲဟင်"

"ဘာမှမဖြစ်ပါဘူး ညီမ၊ အသာကြည့်နေ"

အဘိုးအိုသည် ခုန်ပျံထွက်သွားပြီး လဲကျနေသည့်ကျင့်ချင် ထံသို့ ခုန်ဝင်သွားသည်။

"မင်း ဘယ်သူလဲ၊ ပြောစမ်း"

ကျင့်ချင် ထိတ်လန့်သွားသည်။ ခြေထောက်ကို လက် နှစ် ဖက်ဖြင့် ဆုပ်ကိုင်၍ လှမ်းပြောရလေ၏။

"ဆရာကြီး...ဆရာကြီး၊ ကျွန်တော်...ကျွန်တော် ကျင့်ချင် လို့ခေါ်ကြတဲ့ကျင့်ချင်ပါ"

မျှော်မှန်းလဲပြောသံကြောင့် အဘိုးအိုမှာ တွေဝေသွား သည်။

သူသည် ကျင့်ချင်ကို စဉ်းစားနေပုံရသည်။



အတန်ကြာမှ....

"ကြော်...မင်းကိုး"

အဘိုးအိုသည် သူ၏ခြေထောက်ကို ပြန်လည်ရုပ်သိမ်းလိုက် ၏။ သူသည် စိတ်ကိုလျှော့လိုက်သည်။ ထိုအခါကျမှ ကျင့် ချင်သည် စိတ်သက်သာရာရသွားလေ၏။

"ဟင်း"

သူသည် သက်ပြင်းချလိုက်မိသည်။

★

## အခန်း (၂၂)

### သစ္စာရှိသောတပည့်

လွန်ခဲ့သောလေးနှစ်....

မန်ချူးအရာရှိများသည် ဆရာကြီးဖုံးလူချွန်းထံသို့ ရောက်ရှိလာကြ၏။ တရုတ်နယ်စပ်မြို့များတွင် မန်ချူးအရာရှိများ ဤသို့ အဝင်အထွက်ရှိကြသည်။

သူတို့သည် ဆရာကြီးဖုံးလူချွန်းကို သူတို့ခြေကုပ်ယူထားသည့် ကျင်နန်နယ်သို့ ခေါ်ဆောင်သွားချင်ကြသည်။

ဤသို့ခေါ်ဆောင်ရာတွင် ဆရာကြီး ယခုခံစားနေရသည့် စည်းစိမ်ဥစ္စာများထက် ပိုမိုကောင်းမွန်သည့် စည်းစိမ်ဥစ္စာများကို ပေးမည်ဟု ကတိပြုကြသည်။



စင်စစ် သူတို့သည် ကျားနှုတ်ခမ်းမွေးကို သွားဆွဲကြခြင်းသာ ဖြစ်သည်။

ဆရာကြီးဖုံးလူချွန်းအကြောင်း မသိသေး၍သာ ဤမက်လုံး ပေးကြခြင်းဖြစ်သည်။ ဆရာကြီးဖုံးလူချွန်းက မေးလိုက်သည်။

"မင်းတို့က မန်ချူးအရာရှိတွေမှတ်တယ်"

"ဟုတ်ပါတယ် ဆရာကြီး"

"မန်ချူးတွေကိုတော့ ငါ လုံးဝမသင်ပေးဘူး၊ ငါ့ပညာဟာ မင်းတို့အတွက် မဟုတ်ဘူး မင်းတို့ဆီခေါ်လို့လဲ ငါ မလိုက်နိုင်ဘူး"

ဆရာကြီးဖုံးလူချွန်းက ငြင်းပယ်လိုက်သောအခါ မန်ချူးများသည် တစ်မျိုးတစ်ဖုံ ကြံစည်ကြပြန်သည်။

"ကျွန်တော်တို့ဆီ မလိုက်ချင်နေပါ ဆရာကြီး၊ ဆရာကြီးရဲ့ ကျောင်းမှာပဲ လာသင်ပါ့မယ်၊ နောက်ပြီး ပညာသင်မယ့်လူတွေက မန်ချူးတွေမဟုတ်ပါဘူး၊ တရုတ်အမျိုးသားတွေပါ၊ မယုံရင် ဆရာကြီး စစ်ဆေးနိုင်ပါတယ်"

ထိုအခါ ဆရာကြီးဖုံးလူချွန်းသည် ဒေါသထွက်သွားလေသည်။

"ဟေ့ကောင်တွေ....မင်းတို့ ထွက်သွားကြစမ်း၊ အခုလာသင်တဲ့ တရုတ်အမျိုးသားတွေက မင်းတို့လိုလားတဲ့ တရုတ်တွေ မဟုတ်လား"

ဆရာကြီးဖုံးလူချွန်းသည် မန်ချူးများကို အော်ဟစ် နှင်ထုတ်လိုက်၏။

မန်ချူးများသည် နယ်စပ်မြို့များ၌ စိမ့်ဝင်နေကြသည်မှာ မြို့တိုင်းလိုလို၌ မန်ချူးအလိုတော်ရိတွေသာ ဖြစ်နေသောကြောင့် သူတို့၏နှိမ့်ဇာတိရုပ်သည် မကြာမီ ပေါ်လာတော့၏။

တရုတ်သစ္စာဖောက် သိုင်းသမားများသည် ဆရာကြီးဖုံးလူချွန်း၏ ကျောင်းကြီးအား အလုံးအရင်းနှင့် ဝင်ရောက်တိုက်ခိုက်ကြတော့၏။ ကျောင်းကြီးအား ဖျက်ဆီးကြသည်။ မီးရှို့သည်။ သစ္စာဖောက်သိုင်းသမားများသည် ကျောင်းဝင်းကြီးတစ်ခုလုံးအား ဖျက်ဆီးပစ်လိုက်ကြ၏။

ဆရာကြီးဖုံးလူချွန်းကိုယ်တိုင် အပြင်းအထန် ဒဏ်ရာရရှိသည်။ ပြိုလဲကျလာသော တိုင်လုံးကြီး ပိသွားခဲ့သည်။ တိုင်အောက်၌ မလှုပ်မယှက် ငြိမ်သက်နေလေ၏။

မန်ချူးများသည် ဆရာကြီးအား သေချာစွာ စစ်ဆေးကြသည်။

ဆရာကြီးသည် အသက်မရှူတော့ပေ။ လူးလွန့်ခြင်းမရှိ၊ လှုပ်ရှားခြင်းမရှိ၊ ငြိမ်သက်နေသည်။ မန်ချူးအလိုတော်ရိများသည် ကျေနပ်သွားကြ၏။ တစ်ကျောင်းလုံးကို စိတ်ရှိလက်ရှိ ဖျက်ဆီးပြီးနောက် ပြန်လည် ထွက်ခွာသွားကြတော့သည်။

တကယ်စင်စစ် ဆရာကြီးဖုံးလူချွန်းမှာ မသေသေးပေ။ သူ ပြန်လည်သတိရသောအခါ ကျောင်းဝင်းထဲ၌ မန်ချူး အလိုတော်ရိ တစ်ယောက်မျှမရှိတော့ပေ။



သူနှင့် သူ့တပည့် လူသေကောင်များသာ ကျန်ရှိတော့သည်။ သူသည် လောကကြီးကို မည်သည့်အခါမျှ အရှုံးပေးမည့်သူ မဟုတ်ချေ။ အကျဉ်းအကျပ်ကျတိုင်း လွတ်မြောက်ရန် နည်းလမ်းရှာသည်။

ဓားတိုတစ်ချောင်းသည် သူ့လက်လှမ်းမီသည့် အရပ်တွင် ရှိသည်။ သူသည် ထိုဓားကို ဆွဲယူပြီး သူ့အောက်မှကြမ်းခင်းကို တူးဖောက်ထိုးဆွလေတော့၏။

ထိုအခါ ကျင်းဖြစ်လာသည်။ နောက်ဆုံး ဆရာကြီးဖုံးလူချွန်းသည် သေဘေးမှ လွတ်မြောက်သွားခဲ့လေတော့သည်။

ကျင့်ချင်သည်ဆရာကြီးပြောသမျှကို စိတ်သပ်ရပ်နားထောင်နေသည်။ ဆရာကြီးတို့ လုပ်ကြံခံရပုံကို ကြားရသောအခါ ရင်နာသည်။ ဆရာကြီးက ပြုံးလိုက်၏။

"မင်း မျက်ရည်ကျသလား"

ကျင့်ချင်သည် မျက်ရည်များကိုသုတ်လိုက်၏။

"ဟုတ်....ဟုတ်ကဲ့ ဆရာကြီး"

"မင်းမျက်ရည်ကျတော့ ငါ့တပည့်တွေ ပြန်ရှင်လာမှာလား၊ ငါ့ကျောင်းကြီး အကောင်းအတိုင်း ပြန်ဖြစ်လာမှာလား၊ ဘယ်သူ့အတွက် အကျိုးထူးမှာမို့လဲ"

ကျင့်ချင်က ခေါင်းယမ်းလိုက်၏။

★

## အခန်း (၂၃)

''ထူးတော့ မထူးပါဘူး''

''အေး...ဘာဖြစ်လို့ မျက်ရည်ကျရမှာလဲ၊ မကျနဲ့၊ မျက်ရည် ကျစရာမလိုဘူး၊ ဖြစ်ထိုက်လို့ဖြစ်သွားပြီးပြီ၊ ငါသေလူမြောပါးခံနေရတယ်၊ ဒါပေမယ့် ငါမျက်ရည်မကျဘူး၊ မင်းက ဘာဖြစ်လို့ မျက်ရည်ကျရမှာလဲ''

ဆရာကြီး ဖုံးလူချွန်းက, ခိုင်မာပြတ်သားစွာ ပြောလိုက်သည်။

ကျင့်ချင်မှာ ပါးစပ်ပိတ်သွားတော့၏။ မှန်သည်။ ဆရာကြီးသည် အလွန်စိတ်ခတ်ခိုင်ကျည်သူဖြစ်သည်။ ဆရာကြီး



သည် အသည်းမာ၏။ လောကဓံကို ကြံ့ကြံ့ခံနိုင်စွမ်းရှိသူဖြစ်သည်။

ဆရာကြီးသည် အတွင်းအားကောင်းသူဖြစ်၏။ ဤသို့ တဲကလေးနှင့် တစ်ကိုယ်တည်း နေထိုင်ရသည့်ကို သဘောမပေါက်ချေ။

''နောက်ပိုင်း ရန်သူတွေလာသေးသလား''

ဆရာကြီးက ပြုံးသည်။

''ဘာကိစ္စနဲ့လာရတော့မှာလဲ၊ ကျောင်းတစ်ကျောင်းလုံးလဲ ဖျက်ဆီးပြီးပြီ၊ ဖုံးလူချွန်းလဲ သေသွားပြီ၊ ငါ့ကိုမြင်ရင် သရဲခြောက်တယ်လို့ပဲ ထင်ကြမှာ၊ဟား....ဟား....ဟား''

ဆရာကြီးသည်ရယ်၏။ သူ့ရယ်သံက ရိုးရိုးရယ်သံမဟုတ်။ နာကြည်းချက်ရှိသူ၏ရယ်သံမျိုးဖြစ်သည်။

ဆရာကြီးသည် ဟုန်ကျန်းနှင့် ဝေ့လင်ယန်းတို့ကို ကြည့်လိုက်၏။ ဆရာကြီး၏အကြည့်က စူးရှသည်။ ဟုန်ကျန်းခေါင်းငုံ့သွားသည်။

ဆရာကြီးသည် ကျင့်ချင်ဘက်သို့လှည့်၍မေးလိုက်၏။

''မင်းအခု ဒီရောက်လာတဲ့ကိစ္စက ဘာလဲ''

ဆရာကြီး၏အဖြစ်ကို ကြားရပြီးကတည်းက ကျင့်ချင်သည် သူ့ကိစ္စကို ဖွင့်မပြောရန် ဆုံးဖြတ်ပြီးဖြစ်သည်။ ဆရာကြီး၏ အဖြစ်ကလည်း ဆိုးလှသည် မဟုတ်ပါလော။ ဆင်းရဲ

ပင်ပန်းစွာ လူ့လောကကြီး၌ အသက်ရှင်ရန် ကြိုးစားနေသော ဆရာကြီးအား သူခုကွဲ့မပေးရက်တော့ပါ။

'ဆရာကြီးကို သတိရလို့ပါ''

ကျွင့်ချင်က ခပ်ပေါ့ပေါ့သာ ပြောလိုက်မိပါသည်။

သို့သော် ဆရာကြီးကို သည်လိုပြော၍မရပါ။ ဆရာကြီးက အလွန်လျင်သည်။

''မင်းမညာနဲ့၊ ဒီကလေးနှစ်ယောက်ကိုဘာကြောင့်ခေါ်လာတာလဲ၊ သတိရရင် မင်းတစ်ယောက်တည်း လာပေါ့၊ အခု ကလေးနှစ်ယောက်ပါလာတယ်၊ ဘာကြောင့်လဲ''

ဆရာကြီးကို မည်သည့်အချိန်ကမျှ လိမ်၍မရကြောင်း ကျွင့်ချင် သိထားပါသည်။ ထို့ကြောင့်အဖြစ်မှန်ကိုပြောလိုက်ရသည်။

''မှန်ပါတယ်ဆရာကြီး၊ ခေါ်စဉ်ကတော့ သူတို့ နှစ်ယောက်ကို ဆရာကြီးဆီမှာ အပ်ဖို့ပါပဲ၊ ဒါပေမယ့်....''

''ဘာမှဆက်မပြောနဲ့တော့၊ သူတို့ကို မင်းတတ်ထားတဲ့ ပညာတွေ သင်ပေးလိုက်ပေါ့ကွာ''

ကျွင့်ချင်က....

''ကျွန်တော့်ပညာလောက်ဘတ်ရှုနဲ့ သူတို့ သိုင်းလောကထဲ ဘယ်ဝင်ဆံ့မလဲ ဆရာကြီး၊ တစ်ခုခက်တာက သိုင်းလောကမှာ ထူက်မြက်တဲ့ ပညာရှင်တွေ တစ်နေ့တခြားပေါ်လာတာပဲ၊ သူတို့ သိုင်းလောကထဲတိုးဝင်နိုင်ဖို့ ကျွန်တော် ရည်ရွယ်ထား၂ါတယ်ဆရာကြီး''



ဆရာကြီးဖုံးလူချွန်းသည် အနည်းငယ် တွေဝေသွား၏။

''မင်းပြောတာ မှန်တယ်၊ ငါလဲ မစွမ်းနိုင်တော့ဘူး၊ ထက်မြက်တဲ့သိုင်းကျမ်းတွေလဲ မြေကြီးထဲ ရောက်ကုန်ပြီ''

ကျွင့်ချင်သည် စိတ်ပျက်စွာ သက်ပြင်းချလိုက်မိလေ၏။

ကျွင့်ချင်သည် ဆရာကြီးထံမှ ထွက်ခွာသွားခြင်း မရှိပေ။ ဆရာကြီးက သူ့ကိုပြန်ခိုင်းသည်။ သို့သော် ကျွင့်ချင်က မပြန်ပေ။

သူသည် ဆရာကြီး၏တဲအိမ်အား ပြန်ပြင်ပေး၏။ ဝတ်ကြီးဝတ်ငယ်ပြုစု၏။ အစားအစာသောက်များ ချက်ကျွေး၏။ ပျက်ကျနေသော ကျောင်းကြီးမှအပျက်အစီးများကိုဟုန်ကျန်းနှင့် နှစ်ယောက် စုပုံကြသည်။

ကျွင့်ချင်နှင့်ဟုန်ကျန်းတို့နှစ်ယောက် အလုပ်လုပ်နေကြစဉ် ဝေ့လင်ယန်းက ဆရာကြီး၏ ဝတ်ကြီးဝတ်ငယ်ကို ပြုစု၏။ ရေနွေးအိုး တည်ပေး၏။

သူမသည် ပထမ၌ မျက်စိမမြင်ဖြစ်သောကြောင့် စမ်းတဝါးဝါး လုပ်ကိုင်နေရသော်လည်း လုပ်ဖန် များသောအခါ အသားကျလာ၏။ လူကောင်းပကတိကဲ့သို့ အလုပ်အကိုင် လုပ်နိုင်လာသည်။ နောက်ဆုံး ဟုန်ကျန်းတို့၊ ကျွင့်ချင်တို့ လုပ်ကိုင်နေကြသည့် သစ် သား တိုင် သယ်၊ အုတ်သယ်စသည့်အလုပ်များကိုပင် ဝင်ရောက်လုပ်ကိုင်ပေးသည်။

ဆရာကြီးဖုံးလူချွန်း သည် ကျွင့်ချင်၏စိတ်ဓာတ်ကို သိရှိထား၏။ ထို့အတူ ဖုံးလူချွန်း၏စိတ်ဓာတ်ကို ကျွင့်ချင်က

သိရှိထားသည်။ ကျွင့်ချင်အား မည်သို့နှင်ထုတ်နှင်ထုတ် ကျွင့်ချင် သွားတော့မည်မဟုတ်ကြောင်း ဆရာကြီးဖုံးလှူချွန်း သိထား၏။ ထို့ကြောင့် လုပ်ချင်ရာလုပ် ဟူသောသဘောဖြင့် ဆရာကြီးသည် ကြည့်နေလေ၏။

ဆယ့်ငါးရက်ခန့် ကြာသောအခါ ခြံဝင်းကြီးတစ်ခုလုံး သန့်သန့်ရှင်းရှင်းဖြစ်သွားသည်။ အဟောင်းအမြင်းများသည် သူ့နေရာနှင့်သူ ဖြစ်နေသည်။

★

## အခန်း (၂၄)

ကျွင့်ချင်သည် သူတို့သုံးဦးနေနိုင်ရန် ယာယီတဲတစ်လုံးကိုလည်း ဆောက်နိုင်ခဲ့သည်။ ဆရာကြီးဖုံးလှူချွန်းက တဲတစ်လုံး၊ သူတို့က တဲတစ်လုံး။

ဟုန်ကျန်းနှင့်ဝေ့လင်ယန်းတို့မှာ ပင်ပန်းကြီးစွာလုပ်ကိုင်ကြရသော်လည်း တစ်ချက်မှမညည်းကြချေ။

တစ်ချက်ကလေး မျက်နှာမပျက်ကြပေ။ ပြုံးပြုံးရွှင်ရွှင် လုပ်ကိုင်ပေးကြသည်။ ဝေ့လင်ယန်းသည် စမ်းချောင်းသို့ပင် ရေခပ်သွားနိုင်ခဲ့ပြီ ဖြစ်သည်။ အချက်အပြုတ် တာဝန်မှာ ဝေ့လင်ယန်းပင် ဖြစ်သည်။ ရုတ်တရက် ကြည့်မည်ဆိုလျှင် မျက်မမြင်ဟု ထင်စရာမရှိပေ။

ဆရာကြီးဖုံးလူချွန်းမှာ ကျင့်ချင်တို့လူစု၏ ဂရုတစိုက် ပြုစုစောင့်ရှောက်မှုကြောင့် သိုဆယ့်ငါးရက်အတွင်း သိသိသာသာကြီး ကျန်းမာသန့်စွမ်းလာသည်။ စိတ်ဓာတ်လည်း တက်လာသည်။

သူ့အခြေအနေတိုးတက်မှုကို ဆရာကြီးဖုံးလူချွန်း သိလေသည်။

သူ့တိုးတက်မှုများမှာ ကျင့်ချင်၊ဟုန်ကျန်းနှင့်ဝေလင်ယန်း တို့ကြောင့်ဖြစ်ကြောင်း သိရှိသည်။ ဖုံးလူချွန်းသည် ယခင်က အလွန်ခန့်ညား၏။ အရပ်မြင့်မြင့်၊ ခန္ဓာကိုယ်ထွားထွားကျိုင်း ကျိုင်း ဥပဓိရုပ်အလွန်ကောင်းသော ဖုံးလူချွန်းကို တော်ရုံ တန်ရုံလူသည် ဦးညွှတ်အရိုအသေမပေးဘဲ မနေဝံ့ချေ။

ညီညာသောသွားများ၊တောက်ပသောမျက်လုံးများလည်း ရှိသည်။

ဆရာကြီးသည် ကျင့်ချင်ကိုကြည့်၍ ခေါင်းတညိတ်ညိတ် ဖြစ်နေလေ၏၊ ဆရာသမားဒုက္ခရောက်နေစဉ် စိတ်ရော ကိုယ် ပါ အကူအညီ ပေးနေသည့် တပည့်သည် တပည့်ကောင်း မဟုတ်ပါလော။ ကျင့်ချင်ကို စိတ်ထဲမှ ကျိတ်၍ချီးကျူးမိလေ၏။ အပြင်နှုတ်ကတော့ ထုတ်ဖော်မချီးကျူးပေ။ သူသည် ကျင့်ချင်ကို မသိမသာ အကဲခတ်လေ၏။

ကျင့်ချင်သည် ငွေအိတ်ကိုထုတ်၍ ငွေတုံးများကို ရေတွက် နေလေ၏။ သူသည် ငွေများကိုကြည့်၍ မျက်မှောင်ကြုတ်နေ လေသည်။ သူ့အပြုအမူကို ဆရာကြီးဖုံးလူချွန်း မြင်နေရ၏။



ကျင့်ချင်သည် ငွေများကို ထပ်မံရေတွက်ပြန်သည်။ ထို့နောက် သက်ပြင်းချနေလေ၏။

ဖုံးလူချွန်းက တစေ့တစောင်း အကဲခတ်နေရာမှ ခေါ် လိုက်သည်။

“ကျင့်ချင်”

ရုတ်တရက် ခေါ်လိုက်သည့် ဆရာကြီး၏ အသံကြောင့် ကျင့်ချင် တုန်သွားသည်။ သူသည် သူ့ဆရာကြီးကို ဦးညွှတ် ဂါရဝပြုပြီး ရှေ့၌ ရိုသေစွာလာထိုင်သည်။

“ဘာများလဲ ဆရာကြီး”

“မင်း ဘာစဉ်းစားနေတာလဲ”

ကျင့်ချင်မှာ ဘာပြန်ပြောရမှန်းမသိဘဲ ဖြစ်သွား၏။

သူသည် ဆရာကြီးကဲ့သို့ စိတ်ထားရှိသူဖြစ်၏။ သူ လုပ် မည့်အလုပ်ကို မလုပ်မီ လူတကာကို အသိမပေးချင်ပေ။

“ဟို…ဟို…ငွေကို ရေတွက်ကြည့်နေတာပါ”

ဆရာကြီးက ပြုံးလိုက်သည်။

“မင်း ဘာဖြစ်လို့ ငွေကိုရေတွက်နေရတာလဲ”

“ဒါ…ဒါက ဒီလိုပါဆရာကြီး”

ဆရာကြီးက ပြုံး၍ပြောလိုက်၏။

“ငါ့တပည့်…မင်းစဉ်းစားဘာကို ငါသိတယ်ငါ့တပည့်”

“ဗျာ”

"မင်း အုံ့ဩသွားသလား"

"ကျွန်….ကျွန်….ကျွန်တော်…."

"ကျောင်းကြီးတစ်ဆောင် ပြန်ဆောက်ဖို့ စဉ်းစားနေတာ မဟုတ်လား"

ကျင့်ချင်သည် အလွန်အံ့ဩသွားလေ၏။

★

## အခန်း (၂၅)

ဆရာကြီးသည် အလွန်အကဲခတ်ကောင်းသည်။

ကျင့်ချင်သည် ခေါင်းညိတ်ရတော့သည်။

"ဟုတ်….ဟုတ်ပါတယ်ဆရာကြီး"

"ဘယ်သူနေဖို့လဲကွ"

"ဆရာ….ဆရာ….ဆရာကြီးအတွက်ပါ"

ဖိုးလူချွန်းသည် အားရပါးရ ရယ်လေ၏။

"ဖိုးလူချွန်းက သေပြီပဲကွ၊ သူ့အတွက် ကျောင်းမလိုတော့ပါဘူး"

ကျင့်ချင် ပါးစပ်ပိတ်သွားလေ၏။ ဘာပြန်ပြောရမှန်း မသိတော့ပေ။

ယခုမှ သူသိရသည်။ ဆရာကြီးသည် သူ့ကိုယ်သူ သေဆုံးသွားသူ လူတစ်ယောက်အဖြစ် ဇာတ်မြှုပ်ထားကြောင်း ယခုမှ သူသိရသည်။ ထို့ကြောင့် သေပြီးသူအတွက် အိမ်မထိုတော့ပေ။

ဆရာကြီးက...

"ကျောင်းကြီးကိုပြန်ဆောက်ပြီး ငါနေရင် ငါမသေမှန်းရန်သူက ရိပ်မိသွားမှာပေါ့ကွ၊ ဒီကောင်တွေကို ကြောက်လို့ ငါ ဒီစကားပြောနေတာ မဟုတ်ဘူး၊ သေရမှာကိုမကြောက်ဘူး၊ ဒါပေမယ့် ငါလူဆက်မသတ်ချင်တော့ဘူးကွာ"

ဆရာကြီး ဖုံးလူချွန်းက ယတိပြတ်လေသံဖြင့် ပြောလေသည်။ ကျင့်ချင်ငိုင်သွားသည်။ သူသည် ဆရာကြီး ဖုံးလူချွန်းအား ခေတ္တမျှစူးစိုက်ကြည့်မိသည်။ ဆရာကြီးသည် ယခင်က ထွားကျိုင်းကြံ့ခိုင်သော လူကြီးတစ်ဦးဖြစ်သည်။ ယခုတော့ ပိန်လှီနေပေသည်။

ယခင်က အလွန်ကြည့်ကောင်းသော လူကြီးတစ်ဦး ဖြစ်သည်။ ယခုတော့ ဆံပင်များဖြူနေပြီ။ နှုတ်ခမ်းမွေးနှင့် မုတ်ဆိတ်မွေးများလည်း ဖြူနေပြီ။ ခါးမကိုင်းရုံ တစ်မည်ရှိတော့သည်။ ယခုပုံစံအတိုင်းဆိုပါက ကျင့်ချင်မှလွဲ၍ ဆရာကြီး ဖုံးလူချွန်းပါဟု အတပ်သိနိုင်မည့်သူ မရှိတော့ပေ။ ဆရာကြီး ဖုံးလူချွန်းကို မှတ်မိနိုင်သူ မရှိတော့ပေ။ ဆရာကြီးသည် အကြီးအကျယ် ရုပ်ပြောင်းလဲနေပြီ။

ကျင့်ချင်သည် စိတ်ကူးတစ်ခုရရှိသွား၏။



"ဆရာကြီး....ဆရာကြီးဟာ မန်ချူးတွေလာရောက် ဖျက်ဆီးပြီးကတည်းက တစ်ခါမှ မှန်မကြည့်ခဲ့ဘူးလား"

"ဘာဖြစ်လို့မှန်ကြည့်ရမှာလဲ၊ ခုနစ်အိုးဆွေး ရှစ်အိုးဆွေးကြီးအဖို့ မှန်ကြည့်ဖို့ ဘာလိုတော့မလဲ"

ကျင့်ချင်သည် မှန်တစ်ချပ်ကိုယူ၍ ဆရာကြီးကို ထောင်ပြလိုက်သည်။

အနှစ်နှစ်အလလကြာသည့်တိုင် မှန်တစ်ခါမျှမကြည့်ခဲ့ဖူးသော ဆရာကြီးသည် သူ့ရုပ်ကိုသူ မှန်ထဲပြန်မြင်ရသောအခါ အကြီးအကျယ် ထိတ်လန့်အံ့ဩသွားလေ၏။

"ဆရာကြီးကို တစ်ခုလောက် တောင်းပန်ပါရစေ ဆရာကြီး"

"ဘာလဲကွ"

"ဆရာကြီး ဖုံးလူချွန်းဆိုတာ ဆရာကြီးပြောသလို မရှိတော့ပါဘူး၊ သေဆုံးသွားပါပြီ၊ ဒါပေမယ့် သင်တန်းကျောင်းကြီး ပြန်ဆောက်ပြီးတဲ့အခါ ဖုံးလူချွန်းရဲ့ အစ်ကိုကြီးတစ်ယောက် ဒီကျောင်းကြီးကို ပြန်အုပ်ချုပ်နေတယ်ဆိုရင် ဘယ်သူမယုံဘဲ ရှိပါ့မလဲ ဆရာကြီး"

ကျင့်ချင်၏စကားကို ကြားပြီး ဆရာကြီးဖုံးလူချွန်းသည် တဖြည်းဖြည်း ပြုံးလာ၏။

"မင်းမဆိုးဘူး"

"ကျွန်တော် ကျောင်းကိုပြန်ဆောက်ပါရစေ"

ဆရာကြီးသည် ထရပ်ရင်း စဉ်းစားနေတော့၏။

★

## အခန်း (၂၆)

### လူသစ်စိတ်သစ်

ဆရာကြီး ဖိုးလူချွန်းသည် ဖြည်းညင်းစွာ ကျင့်ချင်ဘက်သို့ ပြန်လှည့်လာလေ၏။

"မင်း ကျောင်းတစ်ဆောင်ပြန်ဆောက်မယ်လို့ စိတ်ကူးထားတယ်ဟုတ်လား"

"ဟုတ်...ဟုတ်ပါတယ် ဆရာကြီး"

"ငွေကော အပြည့်အစုံရှိလို့လား"

ကျင့်ချင်သည် နှုတ်ခမ်းကိုကိုက်လိုက်၏။

"ကျွန်တော် မဖြစ်ဖြစ်တဲ့နည်းနဲ့ ကျောင်းသစ်တစ်ဆောင်ကို ပြန်ဆောက်ပေးပါမယ် ဆရာကြီး"



"ဟား...ဟား...ဟား"

ဆရာကြီးသည် ခွက်ထိုးခွက်လန်ရယ်လေ၏။ ဆရာကြီး ဖိုးလူချွန်းသည် တူရွင်းတစ်ချောင်းကို သွားရှာပြီး ကျင့်ချင် ရှေ့၌ ပစ်ပိုက်လိုက်၏။ ကျင့်ချင်လန့်သွား၏။

ဆရာကြီးသည် ခြံဝင်းအတွင်းရှိ သစ်ပင်ကြီးတစ်ပင်ရှိရာ လက်ညှိုးထိုးပြလိုက်သည်။

"အဲဒီအပင်ရင်းမှာ သွားတူးစမ်း၊ မင်းလိုတဲ့ငွေတွေကို ရလိမ့်မယ်"

ဆရာကြီးက ဆက်ပြောလိုက်သည်။

"မင်းပြောတဲ့စကားဟာ ငါ့စိတ်သစ်လူသစ်နေချင်တာ နဲ့ အံကိုက်ဖြစ်နေတာပဲ၊ ငါ အသက်ရှင်နေချင်သေးတယ်၊ ဒါပေမယ့် ဖိုးလူချွန်းအနေနဲ့တော့ မဟုတ်ဘူး၊ အခုတော့ ဟန့်ကျပြီပေါ့ကွာ၊ သွားစမ်း...မင်းသွားစမ်း၊ အဲဒီသစ်ပင် ရင်းမှာတူး၊ နောက်ပြီး မင်းကြိုက်သလိုသုံး"

ဆရာကြီး ဖိုးလူချွန်းသည် ထိုစကားကိုပြောပြီးသည်နှင့် မျက်နှာလွှဲသွားလေ၏။ သူ၏တဲအိမ်ကလေးထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားလေ၏။

ကျင့်ချင်သည် ဆရာကြီးပြောသည့်သစ်ပင်ခြေရင်းသို့သွား သည်။ သူက ဟုန်ကျန်းကို ပြောသည်။

"ဆရာကြီး တစ်ခုခုတော့ မြုပ်ထားပြီနဲ့တူတယ်"

ဟုန်ကျန်းက....

"ဒါခပါ ဘာတစ်ခုမှ မရှိဘဲနဲ့ ဦးဖလားကို သူဘယ်တူး ခိုင်းပါ့မလဲ"

ကျွင့်ချင်သည် စကားမပြောတော့ပေ။

သံတူးရွင်းဖြင့် တူးလေတော့၏။ အတော်နက်နက်ကို တူးမိသောအခါ တဒုတ်ဒုတ် အသံမြည်လာလေ၏။

''ဒုတ်....ဒုတ်....ဒုတ်''

''ဟော....အောက်မှာ တစ်ခုခုရှိနေပြီ''

ကျွင့်ချင် ဆက်တူးသည့်အခါ ကြီးမားသည့် စဉ့်အိုးကြီး တစ်လုံးကို ရရှိလေ၏။ ကျွင့်ချင်သည် အိုးအဖုံးကိုဖယ်၍ ဖွင့်ကြည့်လိုက်သည်။ ကျွင့်ချင်နှင့် ဟုန်ကျန်းတို့၏ မျက်လုံးများသည် ဝိုင်းသွား၏။ အကြောင်းမှာ အိုးထဲ၌ ငွေတုံးအမြောက်အမြားနှင့် အဖိုးတန် ရတနာများကို တွေ့ရှိလိုက်ရသောကြောင့် ဖြစ်ပါသည်။

* * *

ထန်စီး တောင်တန်းနှင့် ငါးရက်ခရီးခန့်ဝေးပြီး ကွမ်မိန်းမြို့ကလေးနှင့် တစ်ရက်ခရီးမျှသာဝေးသည့် ကုန်းမြင့်ပေါ်တွင် သပ်ရပ်ခန့်ညားသည့် အဆောက်အအုံကြီး တစ်ခု ဘွားခနဲ ပေါ်လာလေ၏။

သူ့အလိုလို ပေါ်ထွက်လာသည့် အဆောက်အအုံကြီး မဟုတ်ပေ။ နတ်တို့ဖန်ဆင်း၍ပေါ်ထွက်လာသည့် အဆောက်အအုံကြီး မဟုတ်ပေ။ ကျွင့်ချင်၏ လုံ့လဥဿာဟကြောင့် ပေါ်လာသော အဆောက်အအုံကြီးဖြစ်လေသည်။



ကျွင့်ချင်သည် ကွမ်မိန်းမြို့သို့တက်၍ ဗိသုကာတစ်ဦးကို ငှားသည်။ ယင်းဗိသုကာသည် မြောက်မြားစွာသော တပည့်လက်သားတို့ကို ခေါ်၍ တစ်လအတွင်း အဆောက်အအုံကြီးကို အပြီးတည်ဆောက်လေ၏။

ထိုဗိသုကာကြီးနှင့် သူ၏တပည့်လက်သားများ သိရှိသွားသည့် အချက်မှာ သိုင်းပညာရှင်ကြီး ဖုံးလူချွန်း၏ အစ်ကိုဖြစ်သူသည် ပျက်စီးသေဆုံးသွားသော သူ့ညီ၏ မြေဝင်းထဲ၌ အဆောက်အအုံသစ် ဆောက်လုပ်၍ နေထိုင်ခြင်းဖြစ်သည်။

ဤသို့ဖြစ်စေရန် ကျွင့်ချင်က ပြောပြခဲ့ခြင်းဖြစ်သည်။

ထိုဗိသုကာကြီးနှင့် တပည့်တို့မှာ မယုံဘဲ အဘယ်မှာလျှင်ရှိပါအံ့နည်း။ ကျွင့်ချင်သည် မြေဝင်းအတွင်း အုတ်ဂူကြီးတစ်ခု ဖန်တီးထားခဲ့သည်။

ကြီးမားသည့် အုတ်ဂူကြီးမှာ မြေထောင့်တွင်တည်ရှိနေ၏။ ဆရာကြီးဖုံးလူချွန်း မည်သည့်နေ့ရက်တွင် ကွယ်လွန်သည်ဟုလည်း ရေးထိုးထားသည်။ ထိုနေ့ရက်မှာ မန်ချူးများနှင့် မန်ချူး၏ လက်ပါးစေများ လာရောက်တိုက်ခိုက်သည့်နေ့ ဖြစ်သည်။ ထိုသတင်းသည် ကွမ်မိန်းမြို့ကလေးသို့ ပျံ့နှံ့သွားလေ၏။

ကျွင့်ချင် ဖန်တီးဆောက်လုပ်လိုက်သည့် အဆောက်အအုံကြီးသည် နောင်တစ်ချိန်၌ မန်ချူးတို့အား တွန်းလှန်မည့်သူရဲကောင်းတို့ မွေးထုတ်ရာ ဌာနကြီးတစ်ခု ဖြစ်လာလိမ့်မည်ဟု မည်သူကမျှ ကြိုတင်ခန့်မှန်းနိုင်ခြင်းမရှိခဲ့ပါပေ။

ကျွင့်ချင်၏ တာဝန်သည် ပြီးဆုံးသွားခဲ့လေပြီ။ သူသည် ဆရာကြီးဖုံးလူချွန်းအား ခန့်ခန့်ညားညား နေနိုင်သည်အထိ သူသည် ဆောင်ရွက်ခဲ့သည်။ တပည့်ကောင်းတစ်ဦးပီသပေစွ။

ဖုံးရှင်းဂေဟာ....

ယခု မြင်ရသည့် အဆောက်အအုံကြီးသည် ဖုံးလူချွန်းဂေဟာ မဟုတ်တော့ပါ။

ဖုံးရှင်း၏ဂေဟာဖြစ်နေလေပြီ။ ဖုံးရှင်းဂေဟာ ဆိုသည့် စာတန်းကြီးသည်လည်း ရွှေ‌ဥကပ်ထား၏။

ကျွင့်ချင်သည် အစစအရာရာစီစဉ်ခဲ့သည်။ ဆရာကြီးအား ပြုစုရန် စွမ်းမေဆိုသည့် အမျိုးသမီးအား ငှားရမ်းခဲ့သည်။ စွမ်းမေသည် သူနှင့် ခင်မင်ရင်းနှီးဖူးသော အမျိုးသမီးကြီး တစ်ဦး ဖြစ်သည်။

ထိုပြင် ဖုံးရှင်းဂေဟာ၏ ခြံကြီးကို စောင့်ရှောက်ရန် တိရင်းလျှန်အမည်ရှိသော လူငယ်တစ်ဦးကိုလည်း ငှားရမ်းခဲ့သည်။ တိရင်းလျှန်သည် သိုင်းပညာတတ်သည့်အပြင် အားကောင်းမောင်းသန် လူငယ်ဖြစ်သည်။ ဖုံးရှင်း ဂေဟာသည် သူ၏ စောင့်ရှောက်မှုဖြင့် ကြီးပွားတိုးတက်လာရခြင်း ဖြစ်သည်။

ဆရာကြီးဖုံးလူချွန်းသည် ညည်းခန်းမကြီးထဲ၌ မလှုပ်မယှက် ထိုင်နေလေပြီ။

★

## အခန်း (၂၇)

ကျွင့်ချင်သည် ဆရာကြီးကိုဂါရဝပြုလေ၏။

''ကျွင့်ချင်''

ဆရာကြီး၏ ခေါ်သံကြောင့် ကျွင့်ချင်၏ ဦးခေါင်းသည် မော့လာလေ၏။ ဆရာကြီး၏ မျက်နှာသည် တည်တည်ကြည် ကြည်ပင် ရှိသည်။

''မင်း အခု ဘယ်သွားမလို့လဲ''

ဆရာကြီးဖုံးလူချွန်းက မေးလေ၏။

''ကျွန်တော် ကလေးနှစ်ယောက်ကို ခေါ်ပြီး လျှောက်သွားမယ်လို့ စိတ်ကူးပါတယ်ဆရာကြီး''

''ဘယ်ကို လျှောက်သွားမှာလဲကွ''

"အတိအကျတော့မသိသေးပါဘူး၊ ဒါပေမယ့် ဒီကလေးတွေ နှစ်ယောက်ကို ကြည့်ရှုစောင့်ရှောက်ရမယ်ဆိုတာတော့ ကျွန်တော်သိပါတယ်၊ ဒီကလေးတွေဟာ ကျွန်တော့် ကျေးဇူးရှင်တွေပါ ခင်ဗျာ"

"ဘာ....ကျေးဇူးရှင် ဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျာ၊ ဟုန်ကျန်းဟာ ကျွန်တော့်ရဲ့ အသက်သခင်ကျေးဇူးရှင်ပါ"

"ပြောစမ်းပါဦးကွာ"

ထိုအခါ ကျင့်ချင်သည် ဟုန်ကျန်းနှင့်တွေ့ခဲ့ရပုံကို အသေးစိတ် ပြန်လည်ပြောပြလေတော့သည်။ ဖုံးရှင်းဟု အမည်သစ်ခံယူထားသော ဆရာကြီးဖုံးလူချွန်းသည် သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်လေ၏။

"အင်း....မှန်တယ်၊ ဟုန်ကျန်းဟာ မင်းရဲ့ အသက်သခင်ကျေးဇူးရှင်ပဲ"

"မှန်ပါတယ် ဆရာကြီး၊ ဒါကြောင့်လဲ ကျွန်တော်ဟာ သူတို့ကလေးတွေရဲ့ ရှေ့ရေးတွေကို စဉ်းစားနေရတာပေါ့ ခင်ဗျာ"

ကျင့်ချင်က ဆက်ပြော၏။

"ပိုဆိုးတာက နှစ်ယောက်စလုံးဟာ အားကိုးရာမဲ့နေကြတာပါပဲ၊ ဒါပေမယ့် ဒီကလေးတွေဟာ မာနတော့ရှိတယ်၊ အလုပ်မလုပ်ဘဲနဲ့ ထမင်းဟင်းကို ဘယ်တော့မှ အလကားမစားဘူး၊ နောက်ဆုံး တောင်းရမ်းတောင်မစားဘူး၊ အစားအစာမရရင် ရေသောက် ဗိုက်မှောက်နေတယ်"



ဆရာကြီးဖုံးလူချွန်းက ခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။

"မင်းရဲ့စေတနာက မွန်မြတ်လှပါတယ်"

"ဟုတ်ကဲ့....သူ့ရဲ့ကျေးဇူးက ကျွန်တော့်အပေါ်မှာ ရှိနေတာကလဲ တစ်ကြောင်း၊ ကျွန်တော်ကလဲ သူ့ရဲ့စိတ်ဓာတ်ကလေးတွေကို ကြိုက်နှစ်သက်တာကလဲ တစ်ကြောင်း၊ အဲဒီအကြောင်းနှစ်ကြောင်းကြောင့် သူတို့ဘဝကို ကြည့်ရှုစောင့်ရှောက်ဖို့ တာဝန်ယူခဲ့ရတာပါ"

"ကောင်းတယ်....ကောင်းတယ်"

"ကျွန်တော်တို့ကို သွားခွင့်ပြုပါဆရာကြီး"

ကျင့်ချင်သည် အရိုအသေပြုပြီး ထွက်ခွာသွားရန် ဟန်ပြင်လိုက်၏။

"နေဦး....မသွားနဲ့ဦး"

ကျင့်ချင်သည် ဆရာကြီးကို မော့ကြည့်လိုက်၏။

ဆရာကြီးက....

"အဲဒီကလေးနှစ်ယောက်ဟာ သူတို့မိဘတွေ ဘယ်သူဘယ်ဝါမှန်း မသိဘူးဆိုတာ ဟုတ်သလား"

"သူတို့ကတော့ ကျွန်တော့်ကို ဒီအတိုင်းပဲ ပြောကြတာပဲ"

ဖုံးလူချွန်းသည် ကုလားထိုင်ပေါ်၌ ဆင်းကာ လက်ကိုနောက်ပစ်ပြီး ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လေတော့သည်။

ကျင့်ချင်က ဆရာကြီးကို ငြိမ်သက်စွာပင် ထိုင်ကြည့်နေလေ၏။

ဆရာကြီးသည် စက္ကူလျှောက်နေရာမှ ရုတ်တရက်ရပ်လိုက်ပြီး ကျင့်ချင်ကိုကြည့်လိုက်၏။

"မင်းက သူ့ထို့ တစ်တွေကို သိုင်းပညာ တတ်စေချင်သလား"

"ဟုန်ကျန်းဟာ အင်မတန်တက်ကြွတဲ့ကလေးပါ၊ နောက်ပြီး ကျွန်တော့်စိတ်ထဲမှာ လူတော်လူကောင်းကလေးတွေ ဖြစ်မယ်လို့ ယုံကြည်ပါတယ်ခင်ဗျာ"

"မင်းက ဘယ်လိုသိုင်းပညာမျိုး သင်ပေးချင်တာလဲ"

"ကျွန်တော် သင်ပေးစေချင်တဲ့ပညာကို ဆရာကြီးတစ်ဦးတည်း သင်ပေးနိုင်မှာပါ"

ဆရာကြီးက မျက်မှောင်ကြုတ်လိုက်၏။

"ဘယ်လိုပညာမျိုးလဲ"

"လျှပ်စစ်မိုးကြိုး ဓားသိုင်းပညာပါ"

ဆရာကြီး၏မျက်လုံးများသည် မြင့်တက်သွားလေ၏။ သူသည် ကျင့်ချင်ကို အံ့ဩစွာကြည့်လိုက်မိလေ၏။

★

# အခန်း (၂၈)

## သိုင်းပညာ သင်ကြားခြင်း

ဆရာကြီးဖုံးလူချွန်းသည် ကျင့်ချင် ပြင်ဆင်ပေးထားသည့် စာအုပ်ဗီရိုထဲမှ ကျမ်းစာအုပ်များကို တစ်အုပ်ချင်း မွှေနှောက်ရှာဖွေတော့သည်။

စာအုပ်အားလုံး ကုန်သောအခါမှ သူလိုချင်သည့်စာအုပ်ကို ရှာဖွေတွေ့သည်။ သေးငယ်သော စာအုပ်ကလေးကိုကိုင်ကာ ကျင့်ချင်ထံသို့ လျှောက်လာ၏။

"ဒီပညာက ရာဇဝင်ရှိတယ်ကွ"

ဆရာကြီး ရှာလာသည့်စာအုပ်မှာ လျှပ်စစ်မိုးကြိုး ဓားပညာနှင့် ပတ်သက်မည်ဟု ကျင့်ချင် ရိပ်စားမိသည်။

"အမိန့်ရှိပါ ဆရာကြီး"

"ဒီကျမ်းစာအုပ်ကိုပြုစုခဲ့တဲ့လူဟာ မိုးကြိုးဓားကို တီထွင်ခဲ့တဲ့သူပဲ၊ ဒီသိုင်းပညာက တော်တော်ထူးဆန်းတယ်၊ သိုင်းပညာတော့ သိုင်းပညာပဲ ဒါပေမယ့် မိုးကြိုးဓားကို မကိုင်ရင် သူ့သိုင်းပညာဟာ သာမန်သိုင်းပညာပဲဖြစ်သွားတယ်၊ မိုးကြိုးဓားကို ကိုင်လိုက်တာနဲ့ သူမတူတဲ့ သိုင်းပညာဖြစ်သွားပြန်ရော"

"ဟုတ်ကဲ့ ဆရာကြီး"

ဆရာကြီးဖုံးလှူချွန်းသည် မျက်စိမှိတ်စဉ်းစားနေ၏။

အတန်ကြာမှ....

"မိုးကြိုးဓားနှစ်ချောင်းကို မင်းတို့မြို့စားကြီး ကျော်မင်း ပိုင်ဆိုင်ခဲ့တာမဟုတ်လား"

ဆရာကြီးဖုံးလှူချွန်းက ရုတ်တရက်မေးလိုက်၏။ ကျင့်ချင်က ခေါင်းညိတ်သည်။

"ဟုတ်ပါတယ်"

"အဲဒီဓား အခု ဘယ်မှာလဲ"

"မြို့စားကြီးဂေဟာကို မန်ချူးလက်ပါးစေတွေ ဝင်ရောက်ပြီး တိုက်ကြတော့ ဂေဟာမှူးကြီးဝမ်နဲ့အတူ ပါသွားပါတယ်"

"အခု ဝမ်က ဘယ်မှာလဲ"

"ပျောက်ဆုံးနေတယ်"



"အဲဒီဓားသတင်းကော ဘာမှမကြားဘူးလား"

ကျင့်ချင်က ခေါင်းခါလိုက်သည်။

"ဟုတ်ကဲ့၊ ဘာမှမကြားလိုက်ပါဘူး"

ဆရာကြီးဖုံးလှူချွန်းသည် စာအုပ်ကို ဗီရိုထဲပြန်ထည့်လိုက်သည်။

"ခက်တာက ဒီပညာဟာ ဒီဓားနှစ်ချောင်းအပေါ် မူတည်နေတယ်ကွ၊ ဒီဓားနှစ်ချောင်းမရှိရင် ဒီသိုင်းပညာဟာ ဘာမှမစွမ်းပါဘူး၊ ဒီတော့ ဒီပညာကို မသင်ပါနဲ့တော့ကွာ"

ဆရာကြီး ဖုံးလှူချွန်းလည်း စိတ်ပျက်လက်ပျက်ဖြင့် ပြောလေ၏။

ကျင့်ချင်ကတော့ စိတ်မပျက်ချေ။ အားတက်သရောပင် ပြောလေ၏။

"ဆရာကြီးသာ အဲဒီပညာကို သင်ပေးပါ ဆရာကြီး၊ ကျွန်တော် အဲဒီဓားနှစ်ချောင်းကို ရအောင်စုံစမ်းပေးပါ့မယ် ဆရာကြီး"

ဆရာကြီးဖုံးလှူချွန်းက....

"ငါကဒီကလေးနှစ်ယောက်ကို ဒီဓားပညာကိုကြိုပြီးသင်ပေးထားရမယ်ဆိုပါတော့"

ကျင့်ချင်က ဆရာကြီးကို တောင်းတောင်းပန်ပန်ပြောလေသည်။

"ဖြစ်နိုင်မယ်ဆိုရင်တော့ ဆရာကြီး ကူညီစေချင်ပါတယ် ဆရာကြီးရယ်"

ဆရာကြီးသည် အတန်ကြာစဉ်းစားပြီးမှ....

"အေး....ဒီဓားမရရင်တော့ ဒီပညာဟာ သာမန်ပညာပဲကွ၊ ကဲ—ကဲ....မင်းသာ ဒီဓားကို ရအောင် ရှာပေတော့"

ကျင့်ချင်သည် ဆရာကြီးကို ဂါရဝပြုပြီး ထွက်ခွာသွားလေ၏။

★

## အခန်း (၂၉)

စွမ်းမေနှင့် တိရင်းလျှန်တို့သည် ဆရာကြီးကို ပြုစုစောင့်ရှောက်ရန်နှင့် ခြံဝင်းကြီး၏ လုံခြုံရေးကို စောင့်ရှောက်ရန် ဖြစ်သည်။ သူတို့နှစ်ယောက်ကို ကျင့်ချင်ကဌားလာသည် ဆိုသဖြင့် ကျင့်ချင်နှင့် မသိသော လူစိမ်းနှစ်ဦးဟု ထင်ရန် ရှိပေသည်။

တကယ်တော့ ဤသို့မဟုတ်ပေ။

စွမ်းမေ။

သူမသည် မုဆိုးမ တစ်ယောက်ဖြစ်၏။ သိုင်းပညာလည်း အသင့်အတင့် တတ်သည်။ သူမသည် လူဂျိုကြီးကျင့်ချင်ကို

တစ်ဖက်သတ်စွဲလမ်းနေသူ ဖြစ်၏။ ကျော့ချင်အတွက် အရာရာကို အနစ်နာခံနိုင်သူ ဖြစ်သည်။

ကျော့ချင်က တော့ ချစ်မှုရေးရာကို လုံးဝစိတ်မပါငင်စားပေ။ သူသည် စွမ်းမေကို လုံးဝ ဥပေက္ခာပြုထားလေ၏။

သို့သော် ဆရာကြီးအတွက် အိမ်ထောင်ထိန်းသိမ်းသည့် အမျိုးသမီးတစ်ယောက် လိုအပ်လာသောအခါ သူ့အပေါ် အစစအရာရာ အနစ်နာခံသော စွမ်းမေကိုသတိရလာသည်။

ထို့ကြောင့် ဆရာကြီးကို ကူညီစောင့်ရှောက်ပေးပါရန် စွမ်းမေအား အကူအညီ တောင်းရလေတော့သည်။

စွမ်းမေသည် ကျော့ချင်ကသာ ခိုင်းမည်ဆိုလျှင် ငရဲပြည်အထိ သွားမည့်သူ ဖြစ်၏။ အချို့မိန်းမသားများ၏အချစ်မှာ ကြောက်စရာကောင်းလှသည်။

ဤသို့ဖြင့် စွမ်းမေသည် ဆရာကြီး၏ ဂေဟာသို့ ရောက်ရှိလာလေ၏။

သူမသည် ဆရာကြီး၏ ဝေယျာဝစ္စများကို စိတ်ရှည်လက်ရှည် လုပ်ကိုင်ပေးသည်။ ဆရာကြီးမှာလည်း ဗာဟီရများသူ ဟုတ်သဖြင့် စွမ်းမေအဖို့ ဤမျှအလုပ်မများပေ။ ဆရာကြီးနှင့် စွမ်းမေမှာ အဆင်ပြေနေသည်။

စွမ်းမေသည် ဟုန်ကျန်းနှင့် ဝေ့လင်ယန်းတို့ကိုပါ သားသမီးများနှင့်မခြား ချစ်ခင်ကြင်နာသူဖြစ်သည်။ ဟုန်ကျန်း၏ စိတ်ဓာတ်ကို မကြာခင် သူမသိရှိသွားသဖြင့် ပို၍ချစ်ခင်မိသည်။ ဝေ့လင်ယန်းကိုလည်း ကြင်နာစွာ စောင့်ရှောက်သည်။



ဟုန်ကျန်းနှင့် ဝေ့လင်ယန်းတို့မှာလည်း စွမ်းမေကို မိခင်ပမာ ချစ်မြတ်နိုးကြသည်။ တိရင်းလျန်ကလည်းသဘောကောင်းသူ ဖြစ်သည်။ တစ်ချိန်က ကျော့ချင်သည် တိရင်းလျန်ကို လက်တိုလက်တောင်းစေခိုင်းခဲ့သူဖြစ်သည်။ ကျော့ချင်၏ တပည့်တစ်ဦး ဖြစ်သည်။

သူသည် ဟုန်ကျန်းကဲ့သို့ အပေါင်ပန်းဆင်းရဲစွာ အစားအသောက်တစ်လုတ်အတွက် အလုပ်အကိုင်ပင်ပင်ပန်းပန်း ရှာဖွေနေရသူ ဖြစ်သည်။ ယခုကျော့ချင်က သူ့အားလစာပေးပြီး အလုပ်ခန့်လိုက်သောအခါ ဤကမ္ဘာ၌ သူ့လောက်ပျော်သူ မရှိဘဲဖြစ်သွား၏။

သူသည် ဆရာကြီး ဖုံးလူချွန်းမှာ သူ့ဆရာ၏ ဆရာဖြစ်သဖြင့် အလွန်လေးစား ကြောက်ရွံ့၏။ ဖုံးလူချွန်းသည် သူ့ဆရာဘိုးဘိုးဖြစ်သည်။

သူသည် လူမှုရေးရာသိတတ်လှသော ဟုန်ကျန်း၊ ဝေ့လင်ယန်းတို့ကို ချစ်ခင်လေသည်။

သူ၏အလုပ်ချိန်များမှအပ အားလပ်သောအချိန်များတွင် ဟုန်ကျန်း၊ ဝေ့လင်ယန်းတို့နှင့် ရယ်စရာမောစရာများ ပြောဆိုတတ်သည်။

"ဒေါင်....ဒေါင်....ဒေါင်"

ခန်းမကြီးဆီမှ ခေါင်းလောင်းသံထွက်ပေါ်လာသည်။

"ဟော"

ဟုန်ကျန်းသည် လျှင်မြန်စွာ ထရပ်လိုက်၏။

"လာ....ညီမလေး"

သူသည် သူ့ညီမ ဝေ့လင်ယန်းကို လက်တွဲခေါ်ပြီးခန်းမကြီးဆီသို့ သွားတော့သည်။

သူတို့ ခန်းမကြီးဆီသို့ အလျင်အမြန်သွားရခြင်းမှာ သိုင်းပညာသင်ရန်အချက်ပေးခေါင်းလောင်းသံကြားလိုက်ရသောကြောင့်ဖြစ်ပါသည်။

ဆရာကြီးသည် ဟုန်ကျန်းတို့အား ခန်းမကြီးထဲ၌ သိုင်းပညာများကို အခြေခံစေ၍ သင်ကြားပေးလျက်ရှိနေလေပြီ၊ တပည့်ကောင်း တစ်ဦးက စောင့်ရှောက်ထားသောကလေးများဖြစ်၍ သူသည် ကလေးများကို ပို၍ဂရုစိုက်သည်။

သူဂရုစိုက်လေ ဟုန်ကျန်းနှင့်ဝေ့လင်ယန်းတို့မှာမချောင်လေဖြစ်နေရသည်။ ဤသို့ဖြင့် လေးလတိတိ ကုန်ဆုံးသွား၏။ ရက်အားဖြင့်တွက်လျှင် ရက်ပေါင်း တစ်ရာ့နှစ်ဆယ်တိတိ ကြာမြင့်ခဲ့လေပြီဖြစ်၏။

ထိုရက်များအတွင်း ဟုန်ကျန်းနှင့် ဝေ့လင်ယန်းတို့သည် တစ်ရက်ကလေးမျှ မနားခဲ့ရချေ။ ထို့ကြောင့် သူတို့၏ပညာသင်ယူမှု၊ ပေါက်မြောက်မှု အခြေအနေမှာ အကောင်းဆုံးဖြစ်လေသည်။

ဆရာကြီးသည် ယခင်က သိုင်းသင်တန်းကိုအုပ်ချုပ်ခဲ့လေရာ သင်ကြားရာ၌ စနစ်ရှိပြီး ဖြစ်သည်။ ဆရာကြီးသည် အခြားသင်တန်းသားများကို လက်မခံပေ။ သင့်တန်းသားနှစ်ဦးကိုသာ လက်ခံသည်။ ထိုသင်တန်းသားများမှာဟုန်ကျန်းနှင့် ဝေ့လင်ယန်းတို့ပင် ဖြစ်ကြသည်။



ထို သင်တန်းသားတို့အတွက် သင်ကန်းချိန် သုံးချိန် ခွဲခြား၍ သင်ကြားပေး၏။ ထိုအချိန်တို့မှအပတွင် အနားယူခြင်း၊ ပြန်လှန်လေ့ကျင့်ခြင်းတို့ကို ပြုလုပ်နိုင်၏။ ထိုအချိန်သုံးပိုင်းမှာ နံနက်ခင်း၊ နေ့လယ်ခင်းနှင့် ညနေခင်းတို့ ဖြစ်လေ၏။

နံနက်ခင်းတွင် အတွင်းအားကို အထောက်အကူဖြစ်စေသည့် လေ့ကျင့်ခန်းများကို လေ့ကျင့်ရလေ၏။ လေ့ကျင့်ချိန်သုံးနာရီမျှကြာ၏။ လေအဟူးဟူးတိုက်ခတ်နေသည့် တောင်ကုန်းထိပ်တွင် မလှုပ်မယှက်ရပ်ကာ အသက်ကို ပြင်းထန်စွာရှူရှိုက်ရ၏။ ထို လေ့ကျင့်ခန်းတို့ ပြီးစီးသွားသည့်အခါ နှစ်နာရီခန့် မနားတမ်းပြေးရလေ၏။

ဟုန်ကျန်း တစ်ယောက်သာ ခြံဝင်းနှင့် ဝေးရာ အရပ်သို့ ပြေးရခြင်းဖြစ်၏။ သူသည် ထိုခြံဝင်းမှ ဆယ့်ငါးမိုင်ခန့် ဝေးသည့် တောင်ကုန်းတစ်ခုဆီသို့ ပြေးရလေ၏။

ဝေ့လင်ယန်းမှာမူ ခြံဝင်းအတွင်း သတ်မှတ်ထားသည့်နေရာများ၌သာ ပြေးရ၏။ သူမသည်လည်း တိုးတက်၍လာနေ၏။

နေ့လယ်ပိုင်းတွင် ခန်းမထဲ၌ လက်တွေ့ လေ့ကျင့်ခန်းများ ပြုလုပ်ရ၏။ နေ့လယ်ပိုင်း လေ့ကျင့်ခန်းသာ အိမ်တွင်းလေ့ကျင့်မှု ဖြစ်၏။

ညနေပိုင်းတွင်မူ နှစ်ဦးစလုံး စမ်းချောင်းဆီသို့ သွားရပြီး ရင်ခေါင်းလောက်အထိနက်သည့် ရေထဲ၌ လေ့ကျင့် လှုပ်ရှားရ၏။

ဟုန်ကျန်းသည် ယခုမျှ ပင်ပန်းနွမ်းနယ်စေကာမူ နှုတ်မှ ညည်းညူလေ့မရှိပေ။ မလှုပ်နိုင်သည့်အခါ ယိုင်ကျသွား၏။ တစ်ခဏနားပြီးသည်နှင့် ပြန်လေ့ကျင့်တော့၏။

ဟုန်ကျန်း၏ ကြိုးစားမှုကို ကြည့်၍ ဆရာကြီး ဖုံးလူချွန်းသည် ခေါင်းတညိတ်ညိတ်ဖြစ်နေ၏။

''အင်း....ဒီကောင်လေးဟာ ထူးချွန်တဲ့ သိုင်းသမား ဖြစ်မှာ အမှန်ပဲ၊ ငါ့ခိုင်းသမျှကို မညည်းမညူလုပ်တာပဲ''

ဆရာကြီးစိတ်ထဲက မှတ်ချက်ချမိလေ၏။

★

## အခန်း (၃၀)

### အနာခံမှ အသာစံရ

ဝေလင်ယန်း၏ သင်ရိုးများမှာ ဟုန်ကျန်း၏ သင်ရိုးများနှင့်မတူပေ။ ဖုံးလူချွန်းသည် ဝေလင်ယန်းကို တစ်ဘာသာ သင်ကြားပေးသည်။ မျက်မြင်သိုင်းပညာနှင့် မျက်မမြင်သိုင်းပညာမှာ သင်ရိုးချင်း အလွန်ကွာခြားလှသည်။ ထို့ကြောင့် စမ်းချောင်းထဲ လေ့ကျင့်မှုမှတစ်ပါး ဟုန်ကျန်းနှင့် ဝေလင်ယန်းတို့မှာ တစ်သီးတခြားစီ လေ့ကျင့်ကြရသည်။

ဝေလင်ယန်းမှာ မျက်စိအမြင်အားကို မရသဖြင့် နားအကြားကို ပိုမိုအလေးထားရသည်။ လက်မှန်းဆ ကောင်းအောင် လေ့ကျင့်ရသည်။

ယခုအချိန်၌ ဝေ့လင်ယန်းသည် ထိုပညာ၌ အတော်ပင် ကျွမ်းကျင်နေလေပြီ။

ဝေ့လင်ယန်းကိုသင်ကြားရာ၌ ဟုန်ကျန်းသည် ဆရာကြီးကို ကူညီရသည်။

ပထမတွင် ဝေ့လင်ယန်းသည် ခဲအတုများကိုကိုင်ရ၏။ ခဲအတုများနှင့် ပစ်ပေါက်ရသည်။ ဆရာကြီးဖုံးလူချွန်းနှင့် ဟုန်ကျန်းတို့က ပြိုင်တူလက်ခုပ်တီးလိုက်လျှင် ဝေ့လင်ယန်း ခဲအတုများနှင့် လျှပ်တစ်ပြက် ပစ်ခတ်ရသည်။

ထိုခဲများသည် ပစ်မှတ်ဆီသို့ တန်းတန်းမတ်မတ်ရောက်သောအခါ တကယ့်ခဲအစစ်များကို ကိုင်ဆောင်ရသည်။

ဖုံးလူချွန်းနှင့် ဟုန်ကျန်းတို့သည် ငှက်ပျောတုံးများကို ကိုင်ကာ အသံပေးကြသည်။

"ဝှီး...ဝှီး"

ဝေ့လင်ယန်းပစ်သော ခဲများသည် ငှက်ပျောတုံးများကို လာစိုက်လေ၏။

ဖုံးလူချွန်းသည် ငှက်ပျောပင်များကို လျှောက်စိုက်သည်။ ဝေ့လင်ယန်းက အသံကြားသည့်နေရာတိုင်းသို့ ပစ်၏။ အပင်တိုင်းတွင် ခဲလာစိုက်သည်။

ဖုံးလူချွန်းသည် ကျေနပ်သွားပြီး ဟုန်ကျန်းကို မျက်နှာလွှဲသွားလေ၏။

ဟုန်ကျန်းနှင့်ဝေ့လင်ယန်းတို့သည် ဆက်လက် လေ့ကျင့်နေသည်။



ဟုန်ကျန်းသည် များပြားစွာရှိနေသည့် ငှက်ပျောပင်များကြားထဲမှ ငှက်ပျောပင်တစ်ပင်ကို ခေါက်ပြလိုက်၏။

"ဝှီး"

"ဒုတ်"

ဝေ့လင်ယန်းပစ်လိုက်သော ခဲသည် ငှက်ပျောပင်ကို လာစိုက်လေ၏။

ဝေ့လင်ယန်းသည် လက်မှန်းဆ ကောင်းရုံသာမက စိုက်ဝင်သည့်အရာကိုသည်း အသံကြားရုံနှင့် ခန့်မှန်းနိုင်နေပေပြီ။

သစ်ပင်စိုက်သည့်အသံ၊ သစ်ပင်ကို စိုက်သည့်အသံဆိုရာ၌ ငှက်ပျောပင်ကဲ့သို့ အပင်ပျော့နှင့် ကုက္ကို၊ သရက်ပင် စသည့် အပင်မာများကို စိုက်သည့်အသံကိုလည်း ခွဲခြားသိပေသည်။

မြေကြီးကို စိုက်ဝင်သည့်အသံ၊ လူကို စိုက်ဝင်သည့်အသံ စသည်တို့ကိုလည်း သူမ သိသည်။

ဝေ့လင်ယန်း၏လက်ထဲ၌ ခဲနှစ်လက်ကိုင်ထားသည်။

ဟုန်ကျန်းသည် သစ်ပင်နှစ်ပင်ကို ခဲနှင့် ပေါက်လိုက်လေသည်။

သစ်ပင်ကို ခဲမှန်လိုက်သည်နှင့် ဝေ့လင်ယန်း၏ ခဲ နှစ်လက်သည်လည်း ထိုသစ်ပင်၌ လာရောက်စိုက်နေပေပြီ။

"ဖြောင်း....ဖြောင်း....ဖြောင်း"

ဟုန်ကျန်းက လက်ခုပ်တီး၍ ဩဘာပေးလေ၏။

ဟုန်ကျန်း၏ ချီးမွမ်းသံကြောင့် ဝေ့လင်ယန်း ရှက်သွေးဖြာ ဖြစ်သွား၏။

"အစ်ကိုက မြောက်နေပြန်ပါပြီ၊ တကယ်တော်တာက အစ်ကိုပါ"

ဟုန်ကျန်းက ခေါင်းယမ်းလိုက်သည်။

"အစ်ကိုက ဘာမျှားတော်နေလို့လဲ ညီမရယ်"

"အမယ်....အစ်ကိုက ညာခံနေပြန်ပါပြီ"

"မညာပါဘူး ညီမလေးရယ်"

"ဒေါ်ဒေါ်စွမ်းနဲ့ အစ်ကိုကြီးတိရင်းလျန်တို့နှစ်ယောက်က အစ်ကို့ကို ဓားနဲ့ခုတ်ကြတယ်မဟုတ်လား၊ အစ်ကိုဟာ နှစ်ယောက်စလုံးရဲ့ ဓားချက်တွေကို ရှောင်နိုင်တယ် မဟုတ်လား"

"ဒါကတော့ ညီမလေးရယ်...သူတို့က အစ်ကို့ကို ညှာညှာတာတာ တိုက်ခိုက်လို့ပါ၊ သူတို့သာ တကယ်တိုက်ရင် အစ်ကို ခေါင်းပြတ်သွားမှာပေါ့"

"ဟင်း....ဟင်း....ဟင်း....အစ်ကိုက ပြောတော့မယ် ဆရာကြီးရှေ့မှာ သူတို့ ညှာပြီးတိုက်ရဲမလား၊ ဆရာကြီးက တကယ်တိုက်လို့ အမိန့်ပေးရင် ဒေါ်ဒေါ်စွမ်းတို့ မညှာရဲပါဘူး၊ နောက်ပြီး အဒေါ်စွမ်းနဲ့ အစ်ကိုကြီးတိရင်းလျန်တို့ရဲ့ ဓားချက်တွေဟာ တကယ်ပြင်းထန်တယ်၊ ဓားတွေရဲ့လေတိုးသံကို ညီမ ကြားနေရတယ်၊ ဓားနှစ်လက်ဟာ တဝှီးဝှီးနဲ့ တကယ်ပြင်းထန်ပါတယ်၊ နောက်ပြီး သူတို့နှစ်ယောက်စလုံး သိုင်းပညာ တတ်တဲ့လူတွေပါ"

ဟုန်ကျန်းသည် သူ့ချီးမွမ်းခန်းကို မြုပ်သွားစေရန် ဝေ့လင်ယန်းကို ချီးကျူးလိုက်၏။



"ဟာ....ကြည့်စမ်း၊ ဒါညီမက နားကြားသိပ်လျင်တာပဲ၊ အစ်ကိုတို့ တိုက်ခိုက်နေတာတွေကို ညီမ နားထောင်နေတယ်ပေါ့လေ"

"ဖြြော်....အစ်ကိုရယ်၊ သူများတကာလို မျက်စိမမြင်တော့လဲ နားကိုပဲ အသုံးချနေရတာပေါ့လေ"

ဟုန်ကျန်းသည် ဆွေးမြည့်စွာပြောလိုက်သည့် ဝေ့လင်ယန်း၏အသံကြောင့် စိတ်ထိခိုက်သွားမိသည်။ သူတို့သည် အတန်ကြာ စကားမပြောနိုင်ဘဲ တိတ်ဆိတ်ငြိမ်သက်သွားကြလေ၏။

"အစ်ကို"

ဝေ့လင်ယန်းသည် သစ်ပင်ခြေရင်း၌ ထိုင်နေသော ဟုန်ကျန်းရှိရာသို့ လျှောက်လာလေ၏။ ထို့နောက် သူ၏ နူးညံ့သော လက်ကလေးဖြင့် ဟုန်ကျန်း၏မျက်နှာကို စမ်းသပ်ကြည့်လေ၏။

ဟုန်ကျန်းမှာ ဝေ့လင်ယန်းကို ညီမလေးတစ်ယောက်သဖွယ် ချစ်နေမိသဖြင့် ငြိမ်သက်စွာပင် အစမ်းသပ်ခံနေလေသည်။

"အစ်ကို တကယ်ပိန်သွားတာပဲ"

"ညီမလေး စိတ်ထင်လို့ပါ"

"ညီမလေးကို ညာလို့မရပါဘူး အစ်ကို၊ အစ်ကို့ရဲ့ လက်မောင်းတွေ၊ လက်ဖျံတွေ ဘယ်လိုအနေအထား ရှိတယ်ဆိုတာ ညီမလေး သိတာပေါ့၊ အခု အစ်ကို့နားထင်တွေ ချိုင့်နေတယ်၊ နံရိုးတွေ ကားနေတယ်၊ လက်မောင်း လက်

ဖျကတော့ မာကျောလာတယ်၊ အစ်ကို အတော်ကို ပိန်သွားတာပဲ''

ဟုန်ကျန်းမှာ မိမိအား အလွန်ခင်တွယ်နေသော မျက်မမြင်မလေးအား ငေးမောကြည့်နေမိပါသည်။ မျက်စိသာမြင်လျှင် အဘယ်မျှကောင်းပါမည်နည်း။

ဟုန်ကျန်းသည် ဝေ့လင်ယန်း မျက်စိမြင်စေရန် ကျိတ်၍ဆုတောင်းမိလေ၏။

''အစ်ကို''

''ဟင်....ညီမလေး၊ ဘာပြောမလို့လဲ၊ ပြောလေ''

''တစ်နေ့ကျရင် အစ်ကို ညီမလေးကို ခွဲသွားမှာလားဟင်''

ဟုန်ကျန်းသည်ဝေ့လင်ယန်းကို အလန့်တကြားပြန်ကြည့်မိလေ၏။

''အစ်ကိုက ညီမလေးကို ဘာလို့ခွဲရမှာလဲကွယ်''

''ညီမလေးစိတ်ထဲမှာ တစ်နေ့ကျရင် အစ်ကို ခွဲသွားမယ်လို့ ထင်နေတယ် အစ်ကိုရယ်''

ဟုန်ကျန်းသည် သက်ပြင်းချလေ၏။

''ကြံကြံဖန်ဖန်ညီမလေးရယ်၊ အစ်ကို့တစ်သက်မှာ ညီမကို ခွဲသွားဖို့ဆိုတာ စိတ်ကူးထဲတောင် မထည့်မိပါဘူး ညီမရယ်''

ဝေ့လင်ယန်းသည် စီးကျလာသောမျက်ရည်များကို သုတ်လိုက်လေ၏။



''အစ်ကို တကယ်ပြောတာနော်''

ဟုန်ကျန်းသည် ရယ်လိုက်၏။

''အရူးမလေး....အစ်ကိုက ဘာဖြစ်လို့ ညာရမှာလဲ၊ ဒီလောကထဲမှာအစ်ကိုတစ်ယောက်ညီမတစ်ယောက်နှစ်ယောက်တည်းရှိတာ၊ ဘယ်လိုလုပ် ညီမလေးကို ခွဲသွားရမှာလဲ၊ ညီမလေးကသာ အစ်ကို့ကို ခွဲသွားချင် ခွဲသွားမှာ''

ဝေ့လင်ယန်းသည် တုန်တုန်ယင်ယင်ဖြင့် ဟုန်ကျန်း၏ပါးစပ်ကို လှမ်းပိတ်လေ၏။

''အစ်ကို....ဒီစကားကို ဆက်မပြောပါနဲ့တော့''

''အစ်ကိုက အခြေအနေမှန်ကိုပြောတာပါ၊ ညီမရဲ့ဆွေမျိုးတွေ၊ မိဘတွေက ညီမလေးကို တစ်နေ့ တွေ့မသွားဘူးလို့ ဘယ်ပြောနိုင်မှာလဲ၊ သူတို့ခေါ်သွားရင် ညီမလေး ပါသွားမှာပေါ့''

ဝေ့လင်ယန်း ခေါင်းကလေးကို ခါယမ်းလေတော့သည်။

''ခြော်....အစ်ကိုရယ်၊ ညီမ ပြောထားပြီးပြီပဲ၊ ညီမမှာ မိဘဆွေမျိုး မရှိပါဘူးလို့''

ဟုန်ကျန်းက ခေါင်းယမ်းလိုက်၏။

''ဘယ်လိုလုပ်ယုံရမှာလဲ ညီမရယ်''

''ဘာ့ဖြစ်လို့မယုံတာလဲ အစ်ကိုရယ်''

ဟုန်ကျန်းသည် ဝေ့လင်ယန်း၏မျက်နှာလေးကိုငေးကြည့်ပြီး သက်ပြင်းချလိုက်၏။

''ညီမလေးရယ်၊ ညီ့လေးက သူဌေးသူကြွယ်မျိုးရိုးက ဆင်းသက်လာချင် လာမယ်၊ ဒါမှမဟုတ် မင်းမျိုးမင်းနွယ်

ထဲက ဆင်းသက်လာချင် လာမယ်၊ ဘာဖြစ်လို့လဲဆိုတော့ ညီမလေးဟာ အင်မတန်ချောမွေ့နူးညံ့နေလို့ပဲ ဖြစ်ပါတယ်၊ သာမန်လူတန်းစားဟာ ဒီလိုအသားအရေမျိုး၊ ဒီလို နူးညံ့သိမ်မွေ့ပုံမျိုး ဘယ်လိုမှမရှိနိုင်ပါဘူး''

ဝေ့လင်ယန်းက လွင်လွင်ကလေး ရယ်မောလိုက်၏။

''အစ်ကိုက စာပေသမားလုပ်စားဖို့ကောင်းတယ်''

''ဘာဖြစ်လို့လဲ''

''အပြောကောင်းလို့''

''အင်းပေါ့လေ....တစ်နေ့နေ့တော့ အခဖြ ပေါလာမှာပေါ့ကွယ်''

ဝေ့လင်ယန်း၏မျက်နှာကလေးမှာ ညှိုးငယ်သွားသေ၏။ သူမသည် ဟုန်ကျန်း၏လက်မောင်းကို တင်းကျပ်စွာ ဆုပ်ကိုင်ထားလေ၏။

★

## အခန်း (၃၁)

''အစ်ကိုပြောသလို မဖြစ်နိုင်ပါဘူး၊ ညီမဟာ ဘယ်သူ့သမီးပဲဖြစ်ဖြစ် အစ်ကို့ကိုတော့ ဘယ်တော့မှ မခွဲဘူးဆိုတာ ယုံပါ အစ်ကို''

ထိုစဉ် ဝေ့လင်ယန်း၏မျက်ခုံးများ မြင့်တက်သွား၏။ သူသည် ဟုန်ကျန်းအား တီးတိုးပြောလေ၏။

''အစ်ကို....ညီမတို့အနားမှာ လူတစ်ယောက်ရှိနေတယ်''

ဟုန်ကျန်း အံ့ဩသွားသည်။ သူသည် ပတ်ဝန်းကျင်ကို ကြည့်လိုက်၏။

လူ့အရိပ်အယောင်ကို မမြင်ရချေ။ သူသည် ငှက်ပျောပင်များကြားကို ကြည့်လိုက်၏။ ငှက်ပျောပင်များကြား၌ လူတစ်ယောက် ရှိနေသည်။

ထိုလူက ဟုန်ကျန်းအား တိတ်တိတ်နေရန် အချက်ပြလိုက်၏။ လက်ထဲမှထင်းတစ်ချောင်းဖြင့် ဝေ့လင်ယန်းကို လှမ်းပစ်လိုက်သည်။

"ဝှီး"

ထင်းချောင်းသည် ဝေ့လင်ယန်းထံသို့ ပြေးဝင်သွားခဲ့လေသည်။

"ဖတ်"

ထင်းချောင်းကို ဝေ့လင်ယန်းက လျင်မြန်စွာ ဖမ်းမိလိုက်လေ၏။

ဝေ့လင်ယန်းက....

"အစ်ကိုကြီးတိရင်းလျန် မဟုတ်လား"

ငှက်ပျောပင်များရှိရာဘက် လှမ်းမေးသည်။

ဟုန်ကျန်းက ဘာမျှမပြောချေ။ ဆိတ်ဆိတ်သာ နေ၏။ ဝေ့လင်ယန်းသည် သစ်ကိုင်းခြောက်ကိုင်၍ ငြိမ်သက်စွာ စောင့်ဆိုင်းနေသည်။

တိရင်းလျန်သည် ငြိမ်သက်နေရာမှ ခြေအနေအထားကို ဘေးတိုက်ရွှေ့လိုက်၏။

"ချွတ်"

အသံထွက်ပေါ်လာသည်နှင့်တစ်ပြိုင်နက် ဝေ့လင်ယန်း၏ လက်ထဲမှ သစ်ကိုင်းခြောက်သည် လွင့်ထွက်သွားသည်။



"ဒုတ်"

"အား....နာသလိုက်တာ"

တိရင်းလျန်၏အသံသည် ပေါ်လာလေ၏။

"ကောင်းတယ်၊ ငါ့တူမလေးကို သွားစဦး၊ ငါ့တူမလေးက သိပ်တော်တာပဲ၊ ဒီကောင့်ကို မှန် အောင် ပေါက် နိုင်တယ်"

စွမ်းမေက လက်ခုပ်လက်ဝါးတီး၍ ပြောဆိုလိုက်ခြင်းဖြစ်သည်။

"မလွယ်ဘူးဟေ့....မလွယ်ဘူး၊ ဒီအတိုင်း ဆိုရင်တော့ ဝေ့လင်ယန်းကို ဘယ်သူမှ ကာပ်နိုင်မှာမဟုတ်ဘူး၊ သူက လက်သံပြောင်တာပဲ"

တိရင်းလျန်သည် သူ့ခေါင်းကိုပွတ်၍ ပြောလိုက်လေ၏။

ဟုန်ကျန်းမှာ တဟားဟားရယ်နေသည်။

"အစ်ကိုကြီးတိရင်းလျန် မကောင်းဘူးနော်၊ ကျွန်မတို ပစ်တုန်းက ဒီထက်အရှိန်ပြင်းတယ်၊ လေထဲမှာ ဝဲစေါ်သွားတာပဲ"

"အေး...ငါ ဘယ်လောက်အရှိန်နဲ့ပစ်ပစ် နင်က ဖမ်းနိုင်သေးတယ်၊ နင်ပစ်တာတော့ ငါမဖမ်းနိုင်တော့ဘူး"

"ထိတာတောင် နည်းသေးတယ်၊ နောက်တစ်ခါဆိုရင် ဒါထက်နာအောင်သာလုပ်လိုက် တူမရေ"

စွမ်းမေက သဘောကျစွာရယ်မောရင်း ပြောသည်။ ထိုအခါ တိရင်းလျန်က မဲ့မဲ့ရွဲ့ရွဲ့ဖြင့် ပြောသေ၏။

"အဒေါ်က အဒေါ့တူမကို ခြောက်ပေးနေ၊ နောက်တစ်ခါ အဒေါ့တူမ အရမ်းလုပ်လိုက်လို့ ကျွန်တော် သေနေရင် ဘယ်လိုလုပ်မလဲ"

"သေသေပေါ့၊ နင်က ကလေးကို ဘာဖြစ်လို့သွားစသလဲ၊ မစနဲ့ပေါ့၊ စရင်တော့ ချမှာပဲ"

"မဟုတ်ရပါဘူးဗျာ၊ ဆရာကြီးက သူ အမှတ်တမဲ့နေတဲ့အခါ သတိရှိမရှိ စမ်းသပ်ကြည့်ရမယ်၊ သူ စကားပြောနေတုန်း၊ တစ်ခုခုလုပ်နေတုန်း၊ အာရုံတစ်ခုခုကို စိုက်နေတုန်း စမ်းသပ်ရမယ်လို့ ကျွန်တော့်ကို ပြောထားလို့ပါ"

တိရင်းလျှန် လိမ်ပြောခြင်း မဟုတ်ပါ။ ဆရာကြီး ဖုံးလူချွန်းက တိရင်းလျှန်ကို ထိုသို့မှာကြားထားသည်မှာ အမှန်ပင် ဖြစ်ပါသည်။

· သိုင်းသမားမှန်လျှင် အမြဲတမ်း သတိရှိရမည်။

ဆရာကြီးဖုံးလူချွန်း၏ ဆောင်ပုဒ်ပင်ဖြစ်ပါသည်။ ထက်မြက်သော သိုင်းသမားတိုင်း အမြဲသတိရှိကြပါသည်။ လူဆိုသည်မှာ သူစိတ်ဝင်စားသောကိစ္စများ ရှိလာတတ်ပါသည်။ ထိုစိတ်ဝင်စားသော အရာများ၌ အာရုံစိုက်လိုက်သောအခါ သတိလက်လွှတ် ဖြစ်သွားတတ်ပါသည်။

ထိုအခါ မည်မျှသတိကောင်းသည့် လူဖြစ်စေ အလစ်ကို ထိခိုက်မိပြီး ဖြစ်သွားပါမည်။ ထိုသို့မဖြစ်ရန် အရေးကြီးသည်။ ထိုသို့မဖြစ်ရန် အစဉ်အမြဲ လေ့ကျင့်နေရမည်။



တိရင်းလျှန် ယခုကဲ့သို့ အလစ်တိုက်ခိုက်သည်ကို မပြောနှင့်၊ ဆရာကြီးကိုယ်တိုင်ပင် မပြောမဆို အလစ်တိုက်ခိုက်ခဲ့သည် မဟုတ်ပါလော။

ထိုစဉ် စွမ်းမေသည် တစ်စုံတစ်ခုကို သတိရလိုက်၏။

"ငါသတိရပြီ၊ အဲဒါကို မပြောလို့မဖြစ်ဘူး"

"ဘာလဲ....ဘာလဲ ဒေါ်ဒေါ်စွမ်း"

ဟုန်ကျွန်းက မေးလိုက်၏။

"ဒီမှာ သိုင်းပညာ သင်ပေးနေတယ် ဆိုတဲ့သတင်းကို လူစိမ်းတွေကို မသိစေချင်ဘူးလို့ ဆရာကြီးက မှာထားတယ်၊ အဲဒီတော့ မင်းတို့လေ့ကျင့်တဲ့အခါ လူမရှိ သူမရှိတဲ့ တောထဲကို အပြေးလေ့ကျင့်ကြပါ၊ လူစိမ်း သူစိမ်းတွေ မတွေ့အောင်လဲ သတိထားပါ"

တိရင်းလျှန်က ခေါင်းညိတ်သည်။

"ကျွန်တော့်လဲ ဆရာကြီးက မှာထားပါတယ်၊ ကျွန်တော် သတိုမမေ့ပါဘူး၊ နောက်ပြီး ဒီတောင်ကုန်းကဂေဟာထဲမှာ လေ့ကျင့်နေတာကို ဘယ်သူက လာမြင်မှာလဲ၊ ဘယ်သူမှ မမြင်နိုင်ပါဘူးဗျာ"

စွမ်းမေက....

"အေး....မမြင်လေ ကောင်းလေပဲ၊ ဆရာကြီးဟာ သူ့စကားကို အမြဲတမ်း လေးစားလိုက်နာမှ ကြိုက်တယ်လို့ ကျင့်ချင်က မှာထားခဲ့တယ်၊ တို့ အမြဲတမ်း သတိရှိထားရမယ်"

ဟုန်ကျွန်းက ညည်းညူလိုက်၏။

"ဦးလေးကျင့်ချယ် ခရီးထွက်သွားတာလဲ အတော်ကြာပြီ၊ အခုဆိုရင် လေးလတောင်ကျော်သွားပြီနော်၊ ဘယ်တော့မှ ပြန်လာမှာလဲ မသိဘူး"

စွမ်းမေက....

"အရေးကြီးတဲ့ကိစ္စနဲ့ သွားတာပဲကွာ၊ အချိန်တန်တော့ ပြန်လာလိမ့်မှာပေါ့"

တီရင်းလျှန်က ရယ်သွမ်းသွေး၍ ပြောလေ၏။

"အံမယ်...လွမ်းရမယ့်သူက မလွမ်းဘဲ မင်းကဘာဖြစ်လို့ လွမ်းရတာလဲ"

စွမ်းမေသည် ကျင့်ချင်ကို တစ်ဖက်သတ်မေတ္တာရှိနေသူ ဖြစ်ရာ သူ့အားစောင်းမြောင်းပြောမှန်းသိသဖြင့် တီရင်းလျှန်၏ ကျောပြင်အား တဝုန်းဝုန်း ပြေးထုလေတော့၏။

★

# အခန်း (၃၂)

## စုံစမ်းသူ

ထန်စီးမြို့၏ ဆင်ခြေဖုံးရပ်ကွက်တစ်ခု။

မြို့တွင်း၊ မြို့လယ်၌ အလွန်တရာ စည်ကားလှသော်လည်း အစွန်အဖျားကျသော ရပ်ကွက်များမှာ ခြောက်သွေ့လှသည်။ ထိုသို့ဖြစ်တတ်သည်မှာ သဘာဝပင်။

မည်သည့်မြို့မဆို မြို့လယ်ကောင်၌ စည်ကားပြီး အစွန်အဖျား၌ ခြောက်သွေ့သည်မှာ သဘာဝကျသည်။ သို့သော် ထိုရပ်ကွက်၌ ဘုရားရှိခိုးကျောင်းတစ်ကျောင်း ရှိနေသည်မှာ တော်ပေသေးသည်ဟု ဆိုရပေမည်။

မြို့ထဲမှ လူအတော် များများသည် ယင်း ဘုရားရှိခိုးကျောင်းသို့ မကြာခဏလာရောက်ကြသဖြင့် ထိုရပ်ကွက်မှာ လူအတော်အတန်စည်ကားနေပေသည်။ ဘုရားကျောင်းရှိသည်ကိုပင် ထိုရပ်ကွက်က ကျေးဇူးတင်နေရသေးသည်။

ထိုဘုရားကျောင်းနှင့် မလှမ်းမကမ်းတွင် ရှေးဆန်ဆန် ဆောက်လုပ်ထားသော အိမ်ကြီးတစ်လုံးရှိသည်။ ဤလို ဆင်ခြေဖုံး ရပ်ကွက်မျိုး၌ ဤလိုအိမ်ကြီးတစ်လုံး ရှိနေသည်မှာ အံ့သြစရာပင် ကောင်းလှသည်။ သို့သော် အိမ်ကြီး၏ ဝရန်တာကြီးမှာ ပြိုကျပျက်စီးနေပေပြီ။ ပြုပြင်မည့်သူလည်းရှိဟန် မတူပေ။

ထိုအိမ်ကြီးမှာ ခြံဝင်းနှင့်ဖြစ်လေရာ ခြံဝင်းကျယ်ကြီးကိုလည်း တွေ့ရှိရသည်။ သို့သော် ချုံနွယ်ပိတ်ပေါင်းများဖြင့် ပြည့်နှက်နေလေပြီ။ ပုံစံကိုကြည့်မည်ဆိုလျှင် လူသူ တစ်ဦးတစ်ယောက်မျှ နေထိုင်ပုံမရပေ။

မည်သို့ပင်ဖြစ်စေ မြင်းဖြူကြီးတစ်ကောင်သည် ခြံဝင်းကြီးထဲသို့ ခပ်မှန်မှန်ဝင်သွားသည်ကို တွေ့လိုက်ရတော့သည်။ လူမရှိဟုထင်ရသော အိမ်ကြီးထဲသို့ အဘယ်သူသည် ဝင်ရောက်သွားပါသနည်း။

ထိုမြင်းဖြူကြီးကို စီးလာသူကို လေ့လာကြည့်ပါက အဖိုးထိုက်အဖိုးတန် ဓားတစ်လက်ကို ချိတ်ဆွဲထားကြောင်း တွေ့ရှိရသည်။ ထိုဓားသည် ခြူးပန်း ခြူးနွယ်များဖြင့်



အလွန်လှပ၏။ အနုပညာ လက်ရာမြောက်လှ၏။ ထို့ပြင် ကျောက်မျက်ရတနာများလည်း စီခြယ်ထားသေးသည်။

ထိုသူသည် အရပ် ထောင်ထောင်မောင်းမောင်း၊ ထွားကျိုင်းကြံ့ခိုင်သော်လည်း အရုပ်ဆိုးလှသည်။ အရုပ်ဆိုးသည့်အထဲတွင် သူ့မျက်နှာမှာ တင်းမာခက်ထန်နေသဖြင့် ပို၍ အရုပ်ဆိုးသလို ဖြစ်နေသည်။ သူ့ပုံစံမှာ တစ်လောကလုံး မည်သူ့ကိုမျှ ဂရုမစိုက်သည့် ပုံစံမျိုးဖြစ်သည်။

သူ၏ စူးရှသော မျက်လုံးများသည် တစ်ဖက်လူ၏ရင်ထဲ ထိုးဖောက်သွားမတတ် စူးစူးရဲရဲရှိလှ၏။ ထိုသူကဲ့သို့ ရဲရင့်သောလူများမှတစ်ပါး အခြားသူများသည် သူ့အား ပြိုင်ကြည့်ဝံ့ကြမည် မဟုတ်ချေ။

သူသည် အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး ခေါင်းမှ ဆံပင်များကိုလည်း အသေအချာ စုစည်းထားသည်။ ဝတ်စုံ အဖြူ၊ မြင်းက အဖြူဖြစ်၍ လူအများသည် ထိုသူကို သတိပြုမိကြသည်သာ ဖြစ်၏။

မြင်းပေါ်မှလူသည် ချုံနွယ်များဖြင့်ပြည့်နေသော ခြံဝင်းထဲသို့ မြင်းကိုစီးဝင်သွားပြီး အိမ်ကြီးထဲသို့ အကဲခတ်နေသည်။

ထိုအခိုက် အဘိုးအိုတစ်ယောက်သည် ဟင်းသီးဟင်းရွက်များကို ကိုင်လျက် ခြံထဲမှထွက်လာသည်။ သူသည် ဝတ်စုံဖြူလူကို မြင်လိုက်သည်နှင့် သူ့လက်ထဲမှ ဟင်းသီးဟင်းရွက်များကို ချုံတစ်ခုပေါ်တင်ပြီး ပြေးထွက်လာ၏။

"မိတ်ဆွေ....ဘယ်သူ့ကို တွေ့ချင်လို့လဲ"

ဝတ်စုံဖြူနှင့်လူသည် အိမ်ကြီးကို လက်ညှိုးဆိုး ပြလိုက်သည်။

"ဒါဟာ သမားတော်ကြီး ဝူပိန်းရဲ့အိမ် မဟုတ်လား"

ဝတ်စုံဖြူနှင့်လူက အေးတိအေးစက် မေးလိုက်လေ၏။ အဘိုးအိုက ရိုသေစွာဖြေသည်။

"ဟုတ်ပါတယ်ခင်ဗျာ"

"ခင်ဗျားနဲ့ ဘာတော်သလဲ"

"တစ်ချိန်ကတော့ ကျုပ်ဟာ ဒီဂေဟာရဲ့ ဂေဟာမှူးပါ"

"သမားတော်ကြီး သေဆုံးသွားပြီလို့ ကြားတယ် ဒါ အမှန်ပဲလား"

ဝတ်စုံဖြူနှင့်လူသည် အဘိုးအိုကို စူးစိုက်ကြည့်ရင်းမေးလိုက်၏။ သူ့အကြည့်က မှန်တာပြောနော်၊ မပြောရင်သိမယ် ဟု ပြောနေသယောင်။

အဘိုးအိုက ခေါင်းညိတ်သည်။ အဘိုးအိုသည် အမေးမြန်း ထူနေသည့်ညှေ့သည်ကို ကြည့်လိုက်၏။ ဝတ်စုံဖြူနှင့် လူ၏အကြည့်မှာ စူးရှလေရာ အဘိုးအိုမျက်လုံးလွှဲသွားသည်။

ဝတ်စုံ ဖြူနှင့်လူက....

"ဒီမှာ အဘိုးကြီး၊ ကျုပ်မေးတာကို့သာ ဖြေစမ်းပါ၊ ခင်ဗျားက ကျုပ်ကို ဘာမှမေးနေစရာ မလိုပါဘူး"

အဘိုးအိုသည် ပျာပျာသလဲ ခေါင်းညိတ်ရလေ၏။



"ဟုတ်ကဲ့....ကောင်းပါပြီ မောင်ရယ်၊ တခြား ဘာများ သိချင်လို့ပါလဲ"

"သမားတော်ကြီးသေဆုံးတာ ဟန်ခိုမြို့မှာဆိုတာ အမှန်ပဲလား"

"ဟုတ်ပါတယ်၊ ကျုပ်တို့ ကြားကြရပါတယ်၊ သမားတော်ကြီး ရုတ်တရက် သေဆုံးတယ်ဆိုတဲ့သတင်းကို ကျုပ်တို့ ချက်ချင်းကြားတာ မဟုတ်ပါဘူး၊ အတော်ကြီးကြာမှ ကြားသိရတာပါ"

"အဲဒီ သမားတော်ကြီးမှာ မွေးစားထားတဲ့ ကလေး တစ်ယောက်ရှိတယ်လို့ ကြားထားတယ်၊ အဲဒီ သတင်းကော မှန်သလား"

ဝတ်စုံဖြူက ဆက်တိုက်ပင် မေးမြန်းလျက်ရှိသည်။ အဘိုးအိုကလည်း သူမေးတိုင်းပြန်ဖြေလျက်ရှိသည်။

"မှန်ပါတယ်"

"သမားတော်ကြီး သေသွားတော့ အဲဒီကလေးက ဘယ်လိုပျောက်သွားသလဲ၊ တစ်ယောက်ယောက်က မွေးစားထားဦးမှာပေါ့"

အဘိုးအိုက ခေါင်းကို ဖြည်းညင်းစွာ ယမ်းလိုက်၏။ သူသည် လေးပင်စွာဆက်ပြော၏။

"အဲဒီကလေးကို သူသွားလေရာ အမြဲ ခေါ်သွားတာပဲ၊ ဈေးဆိုဈေးမို့၊ လူနာလာပင့်ရင် လူနာလာပင့်မို့၊ အမြဲ တမ်းပါတာပဲ၊ သူသာသေသွားရော ကလေးလဲ ဘယ်ရောက်

သွားမှန်းလဲမသိ၊ ခက်တာက ကလေးကို အိမ်မှာ မထားခဲ့တာပဲ၊ အခုလို သဘင်းမကြားဘာမကြားနဲ့ သေသွားတော့ ကလေးလဲ လက်စပျောက်သွားတော့တာပေါ့၊ ခုထိလဲ ဘယ်လိုမှ စုံစမ်းလို့မရပါဘူး''

မြင်းပေါ်မှ ဝတ်စုံဖြူသည် အတန်ကြာသည်အထိ ငေးငိုင်သွား၏။

သူသည် အဘိုးအိုကို ဆက်မေး၏။

''သမားတော်ကြီး သေဆုံးသွားတဲ့ အချိန်မှာ ကလေးဟာ ဘယ်နှစ်နှစ်လောက်ရှိမှာလဲ''

အဘိုးအိုက ပြန်စဉ်းစား၏။

''အင်း...ကိုးနှစ်၊ ဆယ်နှစ်လောက်ပဲ ရှိဦးမယ် ထင်တယ်''

''ဒါဖြင့် သမားတော်ကြီးသေဆုံးတာလဲ ရှစ်နှစ်လောက်ရှိပြီဆိုတော့ ဒီကလေးဟာ အခုဆိုရင် ဆယ့်ရှစ်နှစ်လောက်ရှိရောပေါ့၊ အင်း....အတော် အရွယ်ရောက်နေပြီပဲ''

''ဟုတ်ပါတယ်၊ ဆယ့်ရှစ်နှစ်လောက်ရှိနေပါပြီ''

''သမားတော်ကြီး ဝူပိန်းဟာ အဲဒီကလေးကို ဘယ်သူ့ဆီက မွေးစားတယ်ဆိုတာကော ခင်ဗျားသိသလား''

''ကျုပ် သေသေချာချာတော့ မသိပါဘူးဗျာ ဒါပေမယ့် ပြောသံကြားရတာတော့ ဝူးလိမ်မြို့က ကချေသည်အမျိုးသမီးကလေး တစ်ဦးဆီကလို့ သိရတာပါပဲ''

ဝတ်စုံဖြူလူသည် ကျေနပ်သွားလေ၏။



''အင်း....မဆိုးပါဘူး၊ ခင်ဗျားကို ကျုပ် ကျေးဇူးတင်ပါတယ်''

အဘိုးအိုက....

''ခင်ဗျား သိချင်တာတွေ မေးလို့ကုန်ပြီလား''

ဝတ်စုံဖြူသည် အဘိုးအိုကို စူးစိုက်ကြည့်လေ၏။

''ဘာဖြစ်လို့ ဒီမေးခွန်းမေးတာလဲ''

''ဩော်....ကျုပ် ဟင်းသီးဟင်းရွက်ကလေးတွေ ယူပြီး ပြန်မလို့ပါ''

''ဒါက ဘာများအရေးကြီးလို့လဲ''

သူသည် မြင်းကြီးကို ပြန်ကွေ့လိုက်၏။ အဘိုးကြီးကို တစ်ချက်ပြုံးကြည့်ပြီး ခြံထဲမှ ထွက်ခွာသွားလေတော့၏။ မြင်းဖြူကြီး သည် ခြံဝသို့ ခြေလှမ်းမှန်မှန်နှင့် ထွက်သွား၏။ အဘိုးအို က နောက်မှလိုက်သွား၏။

ဤသို့ဖြင့် ဝတ်စုံဖြူ လူသည် ခြံဝသို့ ရောက်ရှိသွား၏။ သူသည် ရုတ်တရက် သမင်လည်ပြန် လှည့်ကြည့်လိုက်၏။ အဘိုးအိုသည် တန့်ခနဲရပ်သွားလေ၏။ အဘိုးအိုသည် ဝတ်စုံဖြူလူကို မော့ကြည့်လိုက်၏။

ဝတ်စုံဖြူနှင့်လူက....

''နေပါဦး သမားတော်ကြီးဝူပိန်းကတော့ သေသွားလို့ ဘာမှအရေးမကြီးတော့ပါဘူး၊ ဒါပေမယ့် ကလေးရဲ့ နာမည်ကိုတော့ သိချင်သေးတယ်၊ ကလေးအမည်က ဘယ်လိုခေါ်သလဲ''

အဘိုးအိုနှင့် သူသည် အနည်းငယ် ကွာလှမ်းနေသော်လည်း ပီသစွာကြားရ၏။ အဘိုးအိုက ပြန်အော်၍ပြောလိုက်သည်။

"ဟုန်ကျွန်း"

မြင်းဖြူကြီးသည် ပြေးထွက်သွားလေတော့၏။

ပထမပိုင်းပြီး၏။

(ဒုတိယပိုင်း ဆက်လက်ဖတ်ရှုရန်)

တက္ကသိုလ် နေလင်းအောင်